
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးနှင့်အတွင်းပန်းချီ** - ပန်းချီသိန်းရွှေကြည်

**အတွင်းကာ** - သက်ဆွေ

**ထုတ်ဝေသူ** - ပါမောက္ခဒေါက်တာရဲမြင့်ကျော်၊
Professional Publishing House၊
အမှတ်(၁၀)၊ မဥ္စူလမ်း၊ ပါရမီ၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၁၃၆၁၊
၀၉ ၅၁ ၅၄၅၂၀၊ ၀၉ ၈၆ ၁၈၈၀၃

**ပုံနှိပ်ခြင်း** - တတိယအကြိမ်၊ ဇူလိုင်၊ ၂၀၁၂။
အုပ်ရေ - ၁၀၀၀

**မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ** - ဒေါ်ခင်စီ (မြ-၀၁၄၈၀)
အမှတ်-၉၈၊ ဒေါ်ဖွားရှင်လမ်း၊
ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊
ရန်ကုန်မြို့

**ဖလင်** - Sunn

**စာအုပ်ချုပ်** - ဒိုမိဂါ

**တန်ဖိုး** - ၂၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၉၅· ၈၃

လက်ရှည်ကျော်
ဒေါက်တာရွှေသွေးနှင့်မပန်းမှုံ / လက်ရှည်ကျော်၊ ရန်ကုန်။
Professional Publishing House။ တတိယအကြိမ်၊ ၂၀၁၂။
၁၇၂ - စာ။ ၁၃ x ၂၀ စင်တီမီတာ။
(၁) ဒေါက်တာရွှေသွေးနှင့်မပန်းမှုံ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ

ရွှေသွေး နှင့်

မပန်းရုံ

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခ ရဲမြင့်ကျော်ဖြစ်သည်။

၁၉၈၁ မှ ၁၉၈၅ အတွင်း ဆေးတက္ကသိုလ်(၁) ရန်ကုန် နှစ်ပတ်လည်မဂ္ဂဇင်းများတွင် လက်ာရည်ကျော်အမည်ဖြင့် ဝတ္ထု၊ ကဗျာများ စတင်ရေးသားဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ကလေးအထူးကု ဘွဲ့လွန်သင်တန်းများ စဉ်ဆက်မပြတ် တက်ရောက်နေရသဖြင့် အနှစ် နှစ်ဆယ်ခန့် စာပေနယ်ပယ်နှင့် ဝေးကွာနေခဲ့သည်။

၂၀၀၄ ခုနှစ်တွင် လက်ာရည်ကျော်အမည်ဖြင့် ဝတ္ထုတိုများ ပြန်လည်ရေးသားခဲ့ပြီး ယနေ့အထိ မဂ္ဂဇင်းပေါင်းစုံတွင် ဝတ္ထုတို(၇၀) ကျော် ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော ဆရာ၏ ပထမဦးဆုံး ဝတ္ထုရှည်၊ "ကြိုးကြာတောင်ပံခတ်သံ" မှာ အမျိုးသားစာပေဆု(လူငယ်စာပေ) ချီးမြှင့်ခံခဲ့ရသည်။

ဆရာ၏ ဒုတိယမြောက်ဖြစ်သော ယခုဝတ္ထုရှည် "ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ" ကိုလည်း ၂၀၀၉ ခုနှစ်က ပထမအကြိမ်ထုတ်ခဲ့စဉ်က အမျိုးသားစာပေဆု(ဝတ္ထုရှည်) ချီးမြှင့်ခံခဲ့ရသည်။

ဆရာသည် ဒေါက်တာရဲ(ကလေးအထူးကုဆရာဝန်) ကလောင်ခွဲဖြင့်လည်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကလေးကျန်းမာရေးနှင့် လူငယ်ပညာပေးဆောင်းပါးများ ရေးသားနေဆဲဖြစ်ပြီး ဆောင်းပါးပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။

ယခုအခါ ဆရာသည် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ကလေးကျန်းမာရေးပညာရှင်၊ ပါမောက္ခ/ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်းက သုတ၊ ရသ၊ စာပေများ စဉ်ဆက်မပြတ် ရေးသားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယအကြိမ်ပုံနှိပ်ခြင်းအတွက်
## အမှာစာ

၂၀၁၀ ခုနှစ် ဆောင်းဦးကာလ။

ကျွန်တော်က မကွေးမြို့မှာ နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် စာမေးပွဲစစ်နေသည်။ စာမေးပွဲက လူနာနှင့် စမ်းသပ်ရသည့် စာမေးပွဲမို့ နယ်ပေါင်းစုံက ကလေးအထူးကုဆရာဝန် ၂၆ ဦးကို မကွေးသို့ စာစစ်ဆရာအဖြစ် ဖိတ်ခေါ်ထားရသည်။ အဲသည်ထဲကမှ မကွေးမှာ ကျွန်တော့်အရင် ဌာနမှူးလုပ်သွားသည့် ပါမောက္ခ ဒေါက်တာစောဝင်း (ယခု ဆေးတက္ကသိုလ်(၁)၊ ဌာနမှူး) မန္တလေးက ကျွန်တော့်ဆရာတစ်ဦးဖြစ်သူ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မြင့် (ယခု အငြိမ်းစား)၊ တောင်ကြီးက ဒေါက်တာသန်းထိုက် (ယခု ရန်ကုန်ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီး)၊ မင်းဘူးက ဒေါက်တာအောင်မြင့်လွင် (ယခု ရန်ကင်းကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး)တို့နှင့် ကျွန်တော် ညစာထွက်စားဖြစ်သည်။

အဲသည် တနင်္လာနေ့မနက် စာမေးပွဲ စ စစ်စစ်ချင်းမှာပင် ကျွန်တော့်မကွေးမှ ဆေးကျောင်းသူ အေးမြထွန်း "ကလေးကျန်းမာပညာ"ဂျာနယ်ထူးထွက်သွားသည်။ ကလေးက သူ့ဟာသူတော်၍ ထွက်တာဖြစ်သော်လည်း ဌာနမှူး ကျွန်တော်က ဂုဏ်ယူစွာဖြင့် မိတ်ဆွေတွေ၊ ဆရာတွေကို လိုက်ကြွေးတာဖြစ်သည်။

စားနေတုန်းမှာပဲ ကျွန်တော်နှင့်အတူနေသည့် တပည့်ကျော်မောင်အောင်ဆန်းလင်း ဆိုင်ကယ်နှင့် လိုက်လာသည်။ ယခုပဲ မြန်မာ့ရုပ်မြင်သံကြားက ကြေညာသွားသတဲ့။ ကျွန်တော့် ဒုတိယမြောက်ဝတ္ထုရှည် "ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ" ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆု(ဝတ္ထုရှည်) ချီးမြှင့်ခံရသတဲ့။

ပထမဝတ္ထုရှည် "ကြိုးကြာတောင်ပံခတ်သံ"က ၂၀၀၇ ခုနှစ်အတွက် အမျိုးသား စာပေဆု (လူငယ်စာပေ) ရထားပြီးတာ မကြာသေးသမို့ ဖြစ်တောင်ဖြစ်ခဲ့ ယုံရဲစရာ မင်္ဂလာသတင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတွေ၊ မိတ်ဆွေတွေဆီက ဂုဏ်ပြုသံတွေ ဆူညံသွားသည်။ နောက်တစ်နေ့မနက် စာမေးပွဲမစခင်မှာ ကျွန်တော် စာစစ် ကလေးအထူးကုဆရာဝန်ကြီးများကို စကားထ ပြောသည်။

"စာမေးပွဲလာစစ်ပေးကြတဲ့ ဆရာတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ မနေ့က အင်မတန် မင်္ဂလာရှိပါတယ်။ စာမေးပွဲ ပထမဦးဆုံးနေ့မှာပဲ ကျွန်တော့်ကျောင်းက ဂုဏ်ထူး တစ်ယောက် ထွက်ပါတယ်။ ဌာနမှူးလည်း အမျိုးသားစာပေဆု ထပ်ရပါတယ်"

လက်ခုပ်သံတွေ တဖြောင်းဖြောင်း။

ကလေးအထူးကုဆရာဝန်တွေ၏ ဘဝကို သရုပ်ဖော်ရင်း အောင်မြင်ခဲ့တာဆိုတော့ ကလေးအထူးကုဆရာဝန်တွေ ပိုဂုဏ်ယူကြပေလိမ့်မည်ဟု တွေးမိသည်။

(၂)

အဖေဆရာ ပါမောက္ခ ဦးအေးမောင်ဟန်က ဥက္ကဋ္ဌအဖြစ် ဦးစီးသော မြန်မာနိုင်ငံ ကလေးအထူးကုဆရာဝန်များအသင်း နှစ်ပတ်လည်ညီလာခံတွင် ကျွန်တော့်ကို ဂုဏ်ပြုသည့် အစီအစဉ်ကလေး ထည့်ပေးသည်။ တစ်နှစ်က ဆုရတုန်းကလည်း သည်လိုပဲ ဂုဏ်ပြုခဲ့ကြသည်။

သည်နှစ် ထူးခြားတာက နှစ်ခု။

တစ်ခုက သည်စာအုပ်ကလေးက ကလေးအထူးကုဆရာဝန်တွေအကြောင်း ရေးရင်း ဆု ရတာဖြစ်တော့ အဲသည် ညစာစားပွဲကျင်းပရာ Chatrium Hotel ရေကူးကန်ဘေး ကွင်းပြင်မှာ စာအုပ်ထဲက ဇာတ်ကောင်တွေ အားလုံးရောက်ရှိနေကြတာ ဖြစ်သည်။ နောက်တစ်ခုက တစ်ပြိုင်နက်တည်းမှာပင် နေပြည်တော်မှာ အကယ်ဒမီဆုပေးပွဲ ကျင်းပနေရာ "ကြိုးကြာတောင်ပံခတ်သံ"၏ မူရင်း စာရေးဆရာအဖြစ် ကျွန်တော် ဖိတ်ကြားခံရသော်လည်း မတက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဖေဆရာက "မပန်းမှုံဆိုတာ ဘယ်သူလဲ"··· ဟု မိုက်တစ်လုံးနှင့် အင်တာဗျူး မေးသလို မေးသည်။ ကျွန်တော်က "ဒေါက်တာရွှေသွေးနဲ့ မပန်းမှုံဝတ္ထုထဲမှာ တကယ် အပြင်မှာ မရှိတဲ့ ဇာတ်ကောင်နှစ်ဦးပဲ ပါပါတယ်။ အဲဒါက ဒေါက်တာရွှေသွေးနဲ့ မပန်းမှုံပါပဲ" ဟု ဖြေတော့ ပရိသတ်က မကျေနပ်ကြ။

အဲသည်အချိန် တစ်ပြိုင်နက်တည်းမှာပဲ နေပြည်တော်က သတင်းဝင်လာသည်။ "ကြိုးကြာတောင်ပံခတ်သံ" အကောင်းဆုံးဇာတ်ကားဆုနှင့် ဇာတ်ညွှန်းဆု အကယ်ဒမီနှစ်ခု ရတာကို သူငယ်ချင်း ပါမောက္ခ ဒေါက်တာကျော်ဇင်ဝေက ဖြတ်ပြေးလာလိုက်မှ

www.burmeseclassic.com

www.burmeseclassic.com

လက်ခုပ်တွေတီးရင်း အာရုံပြောင်းသွားကြသည်။

ကျွန်တော်က ခွင့်မတောင်းဘဲ ဇာတ်လမ်းထဲထည့်ရေးထားမိသည့် ဆရာဖြစ်သူ ကလေး အထူးကုဆရာဝန်ကြီးများကို စင်မြင့်ပေါ်က ကန်တော့ တောင်းပန်သည်။

မတောင်းပန်ဖြစ်လိုက်သည့် ဆရာက သည်ဇာတ်လမ်းထဲမှာ အခန်းအများဆုံး ပါသွားသည်ကိုလည်း သတိရမိသည်။

ဒေါက်တာ ဘာကလေပါ။

မကြာသေးမီကပင် ကွယ်လွန်ရှာပါပြီ။

(၃)

"Human Resource ရဲ့ အရေးပါပုံကို ဆရာက စကားလုံးနဲ့ မပြောဘဲ ဇာတ်လမ်းနဲ့ ပြလိုက်တာ အခြေအနေအချိန်အခါနဲ့ ကွက်တိပဲ"ဟု ပြန်ကြားရေးဝန်ကြီးက ကျွန်တော်တို့ အမျိုးသားစာပေဆုရရှိသူများ တည်းခိုရာ ဧည့်ရိပ်သာတွင် လာနှုတ်ဆက်ရင်း ချီးကျူးစကား ဆိုသည်။

အဲသည်အချိန်မှာ ကျွန်တော် သွားသတိရမိတာက "ဒေါက်တာရွှေသွေး" ဝယ်မရ တော့ဘူးဟု စာဖတ်ပရိသတ်တွေ တောင်းဆိုလွန်းသဖြင့် စာအုပ်ရိုက် လက်နေးတတ် လွန်းသော Family စာအုပ်တိုက်ကို ဒုတိယအကြိမ်ထုတ်အတွက် မျက်နှာဖုံးအရောင် ကလေး အနည်းငယ်မျှပြောင်းပြီး ပြန်ရိုက်ခိုင်းထားတာ ပြီးခါနီးနေပြီ ဆိုတာပါ။

ကမန်းကတန်း ဆရာဂျယ်ရီ (ဒေါက်တာဂျယ်ရီအံ့ခိုင်) ကို ဖုန်းဆက်၍ စာပေဆုရတာ ကလေးအဖုံးမှာ ထည့်ရိုက်ဖို့ သတိပေးရသည်။ ဒါကျတော့ ထည့်ရိုက်လိုက်ပြီတဲ့။ အမြန် သား။

(၄)

ကုန်တာကြာပေမင့် အမြဲ နှစ်နှစ်တစ်ခါသာ ပြန်ရိုက်ဖြစ်သော "ဒေါက်တာရွှေသွေးနှင့် မပန်းမွှံ"၊ သည်တစ်ခါတော့ ညီမလို ခင်နေပြီဖြစ်သော မသက်(ခင်သက်ဦး)ကိုသာ တာဝန် ပေးရတော့သည်။

တတိယအကြိမ်ထုတ်ပေါ့။

သည်စာအုပ်ကလေးမှာလည်း အမှတ်ရစရာတွေ တော်တော်များခဲ့ပါသည်။

ဆန္ဒမွန်ဖြင့်
သက်ရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com

# ၂

## ကန်ရေပြင်လို မျက်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ

နှင့်

မပန်းမွှံ

ကန်ရေပြင်လိုမျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



# ကန်ရေပြင်လို မျက်ဝန်း

(၁)

သွေးတွေ၊ သွေးတွေ။

ဘုရား၊ ဘုရား၊ သွေးတွေ မနည်းပါလား။ နောက်ဆုံးနှစ် အပိုင်း(က)ကျောင်းသူဖြစ်ပါလျက် ကိုယ့်အဘွားအရင်း၏ ခေါင်းမှ သွေးများကိုမြင်တော့ "ပန်းမှုံ"တစ်ယောက် ထိတ်လန့်ချောက်ချားစွာ မိုက်ခနဲဖြစ်ချင်နေသည်။

လက်ထောက်ဆရာဝန် မမက အမျိုးသား သူနာပြုအကူ ကိုင်ထားပေးသော ဘွားဘွား၏ ခေါင်းမှ လန်ထွက်နေသော ဦးရေပြား အဖတ်ကြီးအောက်ရှိ သွေးယိုထွက်နေသည့်နေရာများကို လိုက်ဖိ၊ လိုက်ချုပ်လုပ်နေသည်။ နာလွန်းနေ၍လား၊ သတိမကောင်းတော့၍ပဲလားတော့မသိ။ ဘွားဘွားကတော့ ညည်းရှဲသာ ညည်းသည်။

"အသက် ၈၀ ကျော် အဘွား နောက်ဖေးလှေကားကဆင်းတော့ ဘယ်သူမှ လိုက်မပို့ကြဘူးလား။ ညည်းတို့က တယ်ပေါ့တာပဲ၊ ဒီမှာ အဘွားလည်း မသက်သာ၊ ငါတို့တစ်တွေလည်း ဒီတောဆေးရုံကလေးမှာ ညဆို တစ်ယောက်ပဲရှိတာ၊ ဆေးကုသဆောင်က ခေါ်လိုက်၊ ခွဲစိတ်ဆောင်က ခေါ်လိုက်၊ ကလေးမွေးတဲ့နေရာက ခေါ်လိုက်၊ ဒါတောင် ကလေးဆောင်က အေးနေလို့ တော်တော့တယ်"

သွေးထွက်ရာနေရာများကို မနိုင့်တနိုင်ဖမ်းနေရင်းက လက်ထောက်ဆရာဝန် မမက

www.burmeseclassic.com



တစ်ယောက် အရက်မူးပြီး လာသောင်းကျန်းနေလို့ ခင်ဗျားတို့ကို ခေါ်လိုက်တာ၊ အဲဒီသာ တန်သွားလိုက်"

"ရောက်ခဲ့ပါပြီဆရာ၊ ဒီမှာ ဖမ်းထားပြီးပါပြီ"

လှည့်ကြည့်လိုက်မိမှ ပန်းမှုပင် ထိတ်ခနဲ ဖြစ်သွားရသည်။ မျက်လုံးများနီရဲ၍ အရက်နံ့ ဟောင်နေသူ ယောက်ျားကြီးတစ်ဦး။ လက်ထိတ်ခတ်ခံရလျက်သား ပါလာပါလား။

"အင်း. . . ခေါ်သွားလေ"

"ဆရာရယ် မလုပ်ပါနဲ့၊ ကျွန်မယောက်ျားကို မဖမ်းကြပါနဲ့။ သူ ကျွန်မကိုရိုက်တာ ကျွန်မ ခံနိုင်ပါတယ်။ အမှုမဖွင့်ပါဘူး။ ကျွန်မယောက်ျားကို လွှတ်ပေးကြပါနော်"

ဘုရားရေ. . . မျက်နှာတစ်ခုလုံး ဖူးရောင်နေအောင် အရိုက်ခံထားရသော သူ့မိန်းမကလည်း ဘေးမှာပါလာပါလား။ ပန်းမှုသာမက ဆရာမကလေးများပင် သည်ရှုခင်းကို ကြည့်၍ အထိတ်တလန့်ဖြစ်နေကြသည်။ ဒေါက်တာရွှေသွေးကတော့ အေးအေးပင်။

"ခင်ဗျားကိုရိုက်တာ ခင်ဗျား ကျေအေးလို့ရမရ ကျွန်တော်မသိဘူး၊ အများပြည်သူ နာမကျန်းဖြစ်နေတဲ့ လူတွေရှိတဲ့ ဆေးရုံအလယ်ကောင်မှာ မူးပြီး လာသောင်းကျန်းတာ ဆေးရုံက ကျေအေးလို့မရဘူး။ ဒီတော့ ဒီညတော့ ချုပ်ထားပါစေ၊ ခင်ဗျားလည်း ကလေးနဲ့ ဆေးရုံမှာပဲနေ၊ နက်ဖြန် ကလေးလည်းသက်သာလာ၊ ခင်ဗျားယောက်ျားလည်း အမူးပြေ သလောက်ရှိမှ ဒီကိစ္စကို မြို့နယ်ဆရာဝန်ကြီးနဲ့ စခန်းမှူးကြီး စကားပြောပြီး ဆက်ရှင်းမယ်၊ ဟုတ်ပြီ လား။ ကဲ. . . ဆရာတို့ ခေါ်သွားကြတော့"

ဘုရားရေ . . . အလွန်နူးညံ့သိမ်မွေ့ဟန်ပေါက်နေသည့် ဆရာဝန်သည်စည်းကမ်း နှင့်ပတ်သက်လာသောအခါသည်မျှပင်ပြတ်သားနိုင်သတဲ့လား။လက်ထိတ်ခတ်တရားခံကို ရဲအဖွဲ့ က ခေါ်သွားခဲ့ပါသည်။

(၅)

"ဟဲ့ . . . နောက်တော့ကော"

သိချင်စိတ်ဖြင့် မရိုးမရွဖြစ်နေသည့် သူငယ်ချင်း ဆေးကျောင်းသူကလေးသုံးဦး အလုအယက် ဝိုင်းမေးကြသည်။

"နောက်တော့ မကောဘူး။ ပြီးရော ဇာတ်လမ်းက"

"ဟယ်. . ."

မချင့်မရဲလေသံဖြင့် ဝိုင်းရိုက်ကြသည်။ ပန်းမှုက ရယ်၍ "ဟုတ်တယ်လေဟာ၊ ဘွားဘွားလည်း နောက်တစ်နေ့ ဆင်းရတာပဲ၊ နောက်တစ်နေ့ "နိုက်"ထွက်ရက်နားတော့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခဲ့ရဘူး ပေါ့"ဟု ဖြေသည်။

"နင် ထပ်သွားမရှာဘူးလား"

"ဘာလို့ရှာရမှာလဲ"

"ပန်းမှုံ့ အပိုတွေပြောမနေနဲ့ ညည်း ရင်တွေတအားခုန်လာလို့ ဒီလောက် အသေးစိတ်တိုင်ကို ပြန်ပြောနေတာ၊ နင် ကျောင်းဖွင့် ရန်ကုန်ပြန်မလာခင် တစ်ခေါက် သွားရှာကို ရှာရမယ်၊ အမှန်အတိုင်းပြော"

ပန်းမှုံ့က မခို့တရိ ပြုံး၍ "ရှာရင် ငါက မိန်းမနောက်ပိုး ဖြစ်နေမှာပေါ့"ဟု ဖြေသည်။

"မရှာဘူးပေါ့"

"ရှာတာတော့လည်း မဟုတ်ဘူးလေ၊ ကျေးဇူးတင်ကြောင်းကလေးတော့ ပြောဖို့သွားရတာပေါ့"

"ကဲ . . .လျှို့ထားတာ၊ လျှို့ထားဦး၊ လျှို့ထားဦး"ဟုဆိုကာ လွှယ်အိတ်များနှင့် ဝိုင်းရိုက်ကြပြန်သည်။

"လျှို့တာမဟုတ်ပါဘူးဟယ်၊ ဇာတ်လမ်းက တကယ့်ကို ပြီးတာပါ။ တစ်ပတ်လောက်ကြာလို့ ငါလည်းသတိရတာနဲ့"

"သတိရတာတော့ ဝန်ခံတယ်ပေါ့"

"ဟယ် . . . မစနဲ့ဟာ၊ ပန်းမှုံ့ ဆက်ပြော"

"အေးလေ . . . ရတယ်လေ၊ ဘာဖြစ်လဲ၊ အဲဒါနဲ့ စားစရာကလေး ဘာလေး လက်ဆောင်ပေးမယ်ဆိုပြီး ဝယ်သွားတာ၊ ဆေးရုံရောက်တော့ မရှိတော့တာနဲ့ ဆရာမတွေပဲ ကျွေးခဲ့ရတယ်"

အားလုံး စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

"ဘာလို့မရှိတော့တာလဲ"

"သူက အစကတည်းက ကလေးအထူးကု ဘွဲ့လွန်သင်တန်းဝင်ခွင့် အောင်ထားပြီးသားတဲ့၊ ကျောင်းမဖွင့်သေးလို့ စောင့်နေတာတဲ့၊ အခု ကျောင်းဖွင့်လို့ အဲဒီမြို့ကနေ အပြီးထွက်သွားပြီတဲ့"

အားလုံး မှင်တက်သွားကြသည်။ ခဏနေမှ တစ်ဦးက သတိရဟန်ဖြင့် "ဟဲ့ . . . ဆေး(၁)မှာ မဟုတ်ဘူးလား။ သူ ဘွဲ့လွန်တက်တာ"ဟု မေးသည်။ ပန်းမှုံ့က "ကလေး ဘွဲ့လွန်က လောလောဆယ် ဆေး(၁)ပဲ ရှိတာပဲ"ဟု ဖြေသည်။

"ကလေးဆေးရုံကြီးမှာပေါ့"

"ဟုတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟုတ်မှာပေါ့လဲ၊ တို့လည်း အခုကျောင်းဖွင့်ရင် ကလေးဆေးရုံက စခင်းရမှာ၊ မြန်တွေ့မှာပေါ့"

"ထင်တာပဲလေ"

"ဘာထင်တာပဲလဲ၊ နင် တွက်ထားပြီးသားမဟုတ်လား"

အားလုံးက မနာအောင် ဝိုင်းရိုက်ကြပြန်သည်။ ပန်းမှုံကတော့ ရယ်မောရှိသာ နေပါတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ၂

## ပထမဦးဆုံးသောည

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပထမဦးဆုံးသော ည

(၁)

ဖြောင့်စင်း၍ ရှည်လျားသော မျက်တောင်တို့၏အောက်တွင် မည်းနက်လှသော မျက်ဝန်းတစ်စုံရှိသည်။ ထိုမျက်ဝန်းတစ်စုံတွင် ဆောင်းတွင်းအခါ ပြတင်းမှ အေးစိမ့်သော လေစိမ်းများ တိုက်ခတ်နေစဉ် ပြတင်းတံခါးကို ပိတ်လိုက်ချိန်၌ ခံစားရသော နွေးထွေးမှုမျိုး ရှိသည်။

တော်တော်ရင်းရင်းနှီးနှီး နွေးထွေးမှုမျိုးပါ။

ခက်သည်က မျက်ဝန်းတစ်စုံရှိနေသည့် မျက်နှာလှလှကလေးကို ဘယ်မှာမြင်ဖူးမှန်း ဒေါက်တာယဉ်သွေး စဉ်းစား၍မရ။

ဘုရား ··· ဘုရား ··· သည်လိုမျိုး တစ်ခါညက ဒုက္ခရောက်ခဲ့ပြီးပြီ။ မိန်းမပျိုကလေး တို့၏ မျက်ဝန်းများကို မှတ်မိရန် သူဦးနှောက်က ဘာကြောင့် သည်မျှခက်ခဲရပါသနည်း။

"ဟဲ့··· မောင်ယဉ်လေး။ ညက ဘာဖြစ်တာလဲ၊ ဆို"

လက်ထောက်ကထိက ကလေးအထူးကုဆရာဝန်မမက စိတ်မရှည်သံနှင့် ခပ် ဆတ်ဆတ် မေးသည်။ ညက တစ်ရေးမျှ မအိပ်ရသေးသဖြင့် ကြောင်အမ်းအမ်းဖြစ်နေသော ဒေါက်တာယဉ်သွေး၏ မျက်လုံးများ သည်တော့မှ မမဘက် ပြန်ရောက်သွားသည်။

ဟုတ်ပါရဲ့။ မမက လူနာဆောင်တွင် Round လှည့်နေရင်းက ဧဒေကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများကို စာသင်နေရင်းတန်းလန်း သူ လူနာဆောင်ထဲ ဝင်လာတာတွေ့၍ လှမ်းခေါ်မေးနေခြင်း ဖြစ်သည်။

အိပ်ချင်မူးတူးအာရုံက မမ ဘာမေးလိုက်သလဲ ကောင်းကောင်း မသဲကွဲလိုက်သော်လည်း သူ့မျက်လုံးက မမ စာသင်နေသော အုပ်စုထဲက ဆေးကျောင်းသူ လုလုကလေး တစ်ဦး၏ ရင်းနီးနွေးထွေးစွာ ကြည့်နေသော အကြည့်တစ်စုံဆီ အမှတ်တမဲ့ ရောက်သွားရခြင်းပါ။

"ပရော်ဖက်ဆာခေါ်လို့သာ လာရတာ မမရယ်၊ ညက ဘာအမှားလုပ်မိမှန်းလည်း သတိမရပါဘူး"

လက်ထောက်ကထိက မမက ရယ်မောနေသည်။

"ပထမဦးဆုံး ကလေးဆေးရုံမှာ ဆင်းရတဲ့ညဆိုတော့ ဒီလိုပဲရှိမှာပေါ့ ငါမောင်ရယ်၊ တို့တုန်းကလည်း ဒီလိုပါပဲ၊ နို့နင်က "ဒီဂေါက်ဆင်"ကို မနက် ၁၀ နာရီမှာ တစ်ကြိမ်ထပ် ထိုးဖို့ တွက်ပြီးခိုင်းခဲ့တယ်ဆို"

"ဟုတ်တယ် မမ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဟဲ့... မနက် ၈ နာရီကတည်းက ငါတို့အကြီးတွေ ရောက်နေမှာလေ၊ ၁၀ နာရီ တစ်ခေါက်ကို ထိုးရမှာလား၊ တိုက်ပဲတိုက်ရမှာလား၊ ဖြတ်ပစ်ရမှာလား၊ ငါတို့က ကလေးကို ပြန်စမ်းပြီး ဆုံးဖြတ်မှာပေါ့။ နင်လုပ်ပုံက မနက်လာမယ့်လူတွေ နားမလည်မှာစိုးလို့ မှာခဲ့သလို ဖြစ်နေတာပေါ့"

ဒေါက်တာယဉ်သွေး ကိုယ့်နဖူးကိုယ် လက်ဝါးနှင့် ရိုက်မိသည်။

"ဟုတ်ပါ့ မမရယ်၊ ခုမှ ဘွဲ့လွန်တက်တုန်းလူက အောင်ပြီးသားလူကြီးတွေကို ပြန်ဆရာလုပ်သလို ဖြစ်နေရောပေါ့။ ကျွန်တော်က တောကအကျင့်တွေပါလာတာ၊ ဟိုမှာက နောက်တစ်နေ့ဝင်တဲ့လူက တစ်ဆေးရုံလုံး ကြည့်ရမှာဆိုတော့ လွတ်မှာစိုးပြီး ကြိုလုပ်တာ အကျင့်ပါနေတာ"

"ပရော်ဖက်ဆာလည်း အဲသလိုထင်တယ်လို့ပဲ ပြောပါတယ်ဟယ်၊ စိတ်မပူပါနဲ့၊ ဒါပေမဲ့ လူကြီးကတော့ သတိပေးတာ ခေါ်တော့မေးမှာပေါ့။ ကဲ... ကဲ... သွားတော့ လိုက်ဦး။ အေးဆေးပါ မောင်လေးရယ်၊ နင့်ကို ပရော်ဖက်ဆာက ဒီကောင်ကလေး နေ့ခင်းပိုင်း ဝါ့ဒ်ထဲမှာလည်း အတော်အလုပ်လုပ်တာပဲ၊ စေတနာနဲ့ မှားတဲ့ အမှားဖြစ်မှာပါလို့ ပြောပါတယ်"

"ကျေးဇူး မမ"

လက်ထောက်ကထိက မမကို နှုတ်ဆက်၍ လှည့်အထွက်တွင် ထိုနွေးထွေးသော



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရှင် မိန်းမလှကလေးက ပြုံးပြသဖြင့် ယောင်အအဖြင့် ပြန်ပြုံးပြမိခဲ့သေးသည်။

ငါနဲ့ ဘယ်မှာဆုံဖူးလို့ပါလိမ့်။

ယဉ်သွေး။ ယဉ်သွေး။ ဒီမှတ်မိမှုနဲ့ပဲ ညကလည်း နာပြီးပြီ။

(၂)

ပြောရလျှင်တော့ ဇာတ်လမ်းက လွန်ခဲ့သည့် ငါးနှစ်က စမည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်က မန္တလေးဆေးတက္ကသိုလ်မှ ဆေးကျောင်းသားကလေး မောင်ယဉ်သွေးတွင် ချစ်သူတစ်ဦး ရှိခဲ့ဖူးသည်။ ပထမဦးဆုံးသော အချစ်တော့လည်း မဟုတ်သလို နောက်ဆုံးသောချစ်သူလည်း မဟုတ်ပြန်။

မောင်ယဉ်သွေးသည် လူရုပ်လူပွေတစ်ဦးဟုတော့ သူ့ချစ်သူဖြစ်ဖူးသူ မိန်းကလေးများရော သူငယ်ချင်းအပေါင်းအသင်းများကပါ တစ်ခါမှ မသတ်မှတ်ခဲ့ကြ။ မိဘမပြည့်စုံဘဲ ကိုယ်တိုင်က ပညာထူးချွန်သူ လူငယ်တို့၏ဘာဝ ခပ်အေးအေးပင် နေတတ်ခဲ့သည်။

ရုပ်ရည်သန့်ပြန့်ခြင်း၊ ပညာထူးချွန်ခြင်း၊ အပြောအဆိုရည်မွန်ခြင်း၊ မည်သူ့ကိုမဆို စိမ်းစိမ်းကျက်ကျက်ကူညီရန်ဝန်မလေးခြင်း၊အပေါင်းအသင်းများကြားတွင်အများအတွက် အနစ်နာခံတတ်ခြင်းနှင့် အများနှင့်ဆက်ဆံတိုင်း အားနာစိတ်အပြည့်ဖြင့် ဆက်ဆံ တတ်ခြင်းတို့ကြောင့်အပေါင်းအသင်းများကြားတွင်ရောမိန်းကလေးများကြားတွင်ပါရေပန်း စားခဲ့ရသည်ကတော့ အမှန်၊ သည်လိုနှင့်ပင် တမင်လိုက်၍ ပွေနေရှုပ်နေသည် မဟုတ် သော်လည်း မောင်ယဉ်သွေးမှာ ချစ်သူတစ်ဦး ရှိရှိသွားတတ်သည်။

ထိုရှိလာသော ချစ်သူသည်လည်း များမကြာမီတွင် မောင်ယဉ်သွေး၏ ဘဝတွင် မိမိက အဓိကနေရာကမပါဝင်ကြောင်း ရိပ်မိလာလျှင် မောင်ယဉ်သွေးကို စိတ်ကုန်ကုန်လာ တတ်ကြသည်။ နောက်ပိုင်း နောက်ထပ် မိန်းကလေးတစ်ယောက်ကိစ္စတွေကို လိုက်ကူညီ ဆောင်ရွက်နေပြန်ပြီဟု ကြားရသည့်အခါမျိုးများတွင် ခွာပြသွားတတ်ကြသည်။

ထို နောက်ထပ်မိန်းကလေးသည်သော်လည်းကောင်း၊ ဘာမှမဆိုင်သော နောက် မိန်းကလေး တစ်ဦးသည်သော်လည်းကောင်း မောင်ယဉ်သွေး၏ချစ်သူ ဖြစ်လာတတ် ပြန်သည်။

ခပ်ဝေးဝေးက လေ့လာမိသူများကတော့ မောင်ယဉ်သွေးကို လူရှုပ်လူပွေတစ်ဦးဟု မြင်တတ်ကြသော်လည်း အနီးကပ်ပေါင်းသင်းမိသည့် သူငယ်ချင်းများကတော့ ဘယ် မိန်းကလေးနှင့်တွဲနေနေ၊နောက်ဆုံးဘယ်မိန်းကလေးနှင့်မှမတွဲဘဲနေနေမောင်ယဉ်သွေး၏ တစ်နေ့တာအချိန်ဇယားနှင့် လှုပ်ရှားမှုမှာ အပြောင်းအလဲ ဘာမှမရှိသည်ကို တွေ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



နေရ၍ မောင်ယဉ်သွေးမှာ ချစ်သူရှိနေသည်လား။ ရှိမနေသည်လား။ မောင်ယဉ်သွေးလက်ရှိ တွဲနေသော မိန်းကလေးမှာ ချစ်သူအဆင့်လား။ သူငယ်ချင်းအဆင့်မျှပဲလား ဆိုတာတောင် ခွဲခြားရခက်မှန်း သိကြသည်။

ထိုမျှ အခွင့်အရေးမယူတတ်သူတစ်ဦးကို လူရှုပ်လူပွေတစ်ဦးဟု စွပ်စွဲရမှာလည်း ခက်ခဲလှသည်။ ပြီးတော့ သူနှင့် လမ်းခွဲခဲ့ကြသည့် ချစ်သူတွေအားလုံးကလည်း အခင်အမင်မပျက်ဘဲ သူငယ်ချင်းများပင် ဆက်ဖြစ်နေကြပြန်သည်။

ထားပါတော့လေ။

လွန်ခဲ့သည့် ငါးနှစ်က မောင်ယဉ်သွေး ချစ်သူဖြစ်ဖူးသော မိန်းကလေးတွင်တော့ ထူးခြားချက်တစ်ခုရှိသည်။

သိပ်လှပ၍ အမြဲတမ်း အားငယ်ရိပ်လွှမ်းနေသော မျက်ဝန်းကလေးတစ်စုံပါ။ ထို့ကြောင့်လည်း လမ်းခွဲခဲ့တာ ကြာခဲ့သည့်တိုင်အောင် ထိုမျက်ဝန်းကလေးတစ်စုံကို မောင်ယဉ်သွေး အမှတ်ရရနေမိသည်။

ယခုတော့လည်း မောင်ယဉ်သွေးတွင် ချစ်သူဆို၍ ဘွဲ့လွန်သင်တန်း နှစ်နှစ်ကာလ အတွင်း ပြီးအောင်ဖတ်ရမည့် စာအုပ်ပုံကြီးတစ်ပုံသာ ရှိပါသည်။

(၃)

"စောစောက အက်စ်ဘီ ဘယ်လောက်ရလဲ"

"၂၆ ပါဆရာ"

"ဘုရားရေ. . . သွေးလဲရတော့မှာပေါ့၊ သွေးရော ရပြီလား"

"လူနာပြီးသား အဆင်သင့်ရှိပါတယ်ဆရာ၊ ပြင်လိုက်ရတော့မလား"

"အေး. . . အေး"

ဒေါက်တာယဉ်သွေး စိတ်လေးစွာဖြင့် တယ်လီဖုန်းကို ချသည်။ အပေါ်ထပ် မွေးကင်းစ အဆောင်သွား၍ သွေးလဲရတော့မည်။ ဒေါက်တာက မွေးကင်းစကလေး သွေးလဲတာကို သူ တစ်ခါမျှ မလုပ်ဖူး။ ကလေးအထူးကုဆရာဝန်မရှိသော နယ်ဆေးရုံများတွင်သာ တာဝန် ကျဖူးခဲ့သူမို့ သည်အတွေ့အကြုံ သူမှာ ချို့တဲ့နေလေသည်။

ကလေးဆေးရုံကြီးမှာ ဘွဲ့လွန်ကျောင်းသားတို့က ညပိုင်းတွင် ကလေးကြီးဆောင် နှစ်ဆောင်နှင့် မွေးကင်းစအခန်းကို တာဝန်ယူရသည်မို့ သူကလွှဲလျှင် လဲမည့်သူသည်း မရှိ။ ယနေ့ ဆေးရုံတက်အဆောင် (Admission Ward) တွင် တာဝန်ကျနေသော လက်ထောက်ဆရာဝန်ကတော့ အလုပ်စဝင်ကတည်းက သည်ဆေးရုံတွင် သုံး၊ လေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



နေလာသူမို့ အတွေ့ အကြုံရှိနိုင်သည်။

"မမ နည်းနည်းလိုက်ကြည့်ပေးမလား"

မရဲတရဲသွား၍ ချဉ်းကပ်ကြည့်မိသေးသည်။

"ယူတို့က တတ်ပြီးသားတွေပဲ၊ အိုင် ဒီမှာ ဆေးရုံတက်လူနာတွေ တအားများနေတယ်" ဟု ပြတ်ပြတ်သာ ပြောသည်။

ပြီးခဲ့သည့် ဘွဲ့လွန်တက်ခွင့် စာမေးပွဲတွင် သူနှင့်ယှဉ်၍ ဖြေဆိုခဲ့ပြီး ရွေးချယ်ခြင်းမခံရသူမို့ အငေါ်တူးတာဟုဆိုသော စွပ်စွဲ၍မရ၊ သူမရှေ့တွင်လည်း တကယ့်ကို လူနာတွေပုံနေသည်။

ပထမလက်ထောက်အရာရှိကူ ဆရာဝန်မမကို ဖုန်းဆက်ကြည့်တော့လည်း "ပထမဦးဆုံးအကြိမ်ဆိုတာ လူစိုးရိမ်မှာပေါ့။ နင် နည်းသိပြီးသားပဲ၊ ထည့်ကြည့်၊ မဝင်ရင်ထပ်ဆက်၊ ငါ လာခဲ့မယ်"ဟု ဆိုသည်။ သူမလာမှာက အင်းစိန်ကလာမှာ၊ ပြီးတော့ အချိန်က ညရှစ်နာရီ။

ကဲ··· မထူးပါဘူးလေ။

အကူသွေးလဲပေးမယ့် သူနာပြုဆရာမကလေးကတော့ လဲဖူးမှာပါဟု တွေး၍ မွေးကင်းစဆောင်သို့ တက်ခဲ့သည်။ ကလေး သွေးလဲလှယ်ခန်းထဲတွင် ကလေးရော၊ သွေးရော၊ အလုပ်ဝင်ဆရာဝန်ရော၊ သူနာပြုဆရာမကလေးရော၊ သွေးပုလင်းပြင်ဆင်ပေးမည့် သူနာပြုအကူအမျိုးသမီးပါ အဆင်သင့်စောင့်နေကြသည်။

ခွဲခန်းဝတ်စုံ အပြည့်အစုံဝတ်၊ ခေါင်းစွပ်ဆောင်းပြီး မျက်နှာဖုံးစွပ်ထားသဖြင့် သူနာပြုဆရာမကလေး၏ မျက်လုံးတစ်စုံကိုသာ မြင်ရသည်။

ထိုမျက်လုံးကလေးများမှာ အလွန်ပင် လှပလေသည်။

(၄)

"ကျွန်တော်တော့ တစ်ခါမှ မလုပ်ဖူးဘူး ဆရာမရော"

ရုတ်တရက် စကားပြန်မပြောဘဲ ထိုမျက်လုံးလှလှကလေးများနှင့် ကြောင်တက်တက်ပြန်ကြည့်နေလေသည်။

ဘာဖြစ်လို့ ဒီမျက်လုံးကလေးတွေမှာ အားငယ်ရိပ် လွှမ်းနေရပါသနည်း။

"တစ်ခါတော့ ဝင်ဖူးပါတယ် ဆရာ"

မျက်နှာဖုံးစွပ်အောက်က ဗလုံးဗထွေးသံနှင့် ပြောသည်။

"တစ်ခါဆိုရင်ပဲ ကျွန်တော့်ထက်သာနေပြီ၊ ကဲ ··· ကျွန်တော့်ကိုသာ ပြပေးပေတော့"

"ဟုတ်ကဲ့ပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာက ဖြတ်၊ သည်နေရာက ချုပ်၊ ဆရာမကလေးက အသေးစိတ်ပြပေးသဖြင့် နှစ်နာရီကြာမြင့်သော သွေးလဲလှယ်မှု အောင်မြင်စွာ ပြီးဆုံးသွားလေသည်။ သွေးလဲလှယ်နေစဉ်အတွင်းတွင် သူ တာဝန်ယူထားရသော အဆောင်တစ်ခုမှ ကလေးတစ်ဦး မောနေ၍ လာကြည့်ပေးပါဟု ဖုန်းနှင့်ခေါ်သေးသည်။

သွေးလဲလှယ်ရင်း တန်းလန်းဖြစ်နေ၍ လက်ထောက်ဆရာဝန် မမကို ပြထားနှင့်ပါဟု မှာလိုက်ရသည်။

ခဏနေတော့ ဖုန်းပြန်လာသည်။ လက်ထောက်ဆရာဝန်မမက လာကြည့်ပေးသော်လည်း သွေးလဲပြီးလျှင် တစ်ခေါက်ထပ်ကြည့်ရန် မှာသွားကြောင်း။

အိုကေလေ··· သွားတာပေါ့။

"ကျေးဇူးပဲ ဆရာမရေ၊ ပထမအကြိမ် သွေးလဲတာ အောင်အောင်မြင်မြင်ဖြစ်သွားတာ ဆရာမပြပေးပေလို့ပဲ၊ အောက်ထပ် ဆင်းလိုက်ဦးမယ်"

"ကော်ဖီဖျော်ထားပါတယ် ဆရာ"

"မသောက်တော့ဘူးဗျာ၊ ဟို ကလေးဆင်းကြည့်ပြီး အဲဒီမှာပဲ အိပ်တော့မယ်။ ညီလေးရေ "ဟာဒ်ရိပ်"ကလေး "မိုးရိုး"ကလေး စမ်းစမ်းကြည့်၊ တစ်ခုခုဆိုရင် ဆေးကုသဆောင်သုံးမှာ အစ်ကိုရှိတယ်"

အလုပ်သင်ဆရာဝန်ကလေးကိုမှာ၊ သူနာပြုအကူလက်ထဲသို့ မိမိချွတ်လိုက်သော အပေါ်ရုံ ခွဲစိတ်ဝတ်စုံကို ကမ်းပေးပြီး ထွက်ခဲ့သည်။ သူနာပြုဆရာမကလေး၏ မျက်လုံးလှလှကလေးတစ်စုံကတော့တစ်ခုခုပြောရန်ဟန်ပြင်နေသည့်အမူအရာနှင့်ကျန်ခဲ့ပါသည်။

(၅)

"ဘယ်ရှိ ဘယ်ရှိပါပဲ ဆရာ၊ ဘီဝမ်းတစ်လုံးထိုးပြီး ဟာစိဟာစိဖြစ်နေသေးလို့ ဆရာ့ကိုခေါ်တာ၊ စောစောက အမ်ဝမ်းက အေအက်စ်လာကြည့်ပြီး နောက်တစ်လုံး ထပ်ထိုးနိုင်းတာ အခုတော့ ကောင်းသွားပါပြီ"

တော်သေးတာပေါ့။

မီခင်နို့တိုက်နေသော အမေကို အိမ်နီးချင်း ဆေးပညာမတတ်ဘဲ ဆရာလုပ်တာ ဝါသနာပါသော အဒေါ်ကြီးများက အသီးအရွက် မစားရဘူး၊ ကလေး လေနာတတ်တယ်ဟု ဝိုင်းပြော၍ အစားရှောင်ရာမှ မိခင်နို့တွင် ကလေးနှလုံးခုန်ရန် အရေးပါသော ဗီတာမင်ဘီဝမ်း ခတ်ပါသဖြင့် ကလေးအသက် နှစ်လ၊ သုံးလခန့်တွင် ရုတ်တရက် နှလုံးအမောဖောက်ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com



ကမ္ဘာ့အဆင်းရဲဆုံးသောနိုင်ငံများတွင်ပင်လျှင်သည်ပြဿနာတော်တော်နည်းသွားပြီ ဖြစ်သော်လည်း သည်မှာတော့ ကျန်းမာရေးအသိဉာဏ် ချို့တဲ့သူ၊ ဆင်းခြင်တုံတရားနည်းပါးသူတို့က သူများကို ဆရာလုပ်တာကတော့ ဝဲသနာပါနေဆဲဖြစ်သဖြင့် နေ့ရှိသရွေ့ သည်ပြဿနာနှင့် ကြုံနေရဆဲ၊ အဖိတ်အစဉ်လည်း မနည်းလှ။

သူ သွေးလဲပြီးသည့်အထိသာ စောင့်ရလျှင် သည်ကလေး ရှင်စရာအကြောင်းမမြင်၊ သည်တော့လည်းလေ လက်ထောက်ဆရာဝန် (အေအက်စ်) အစ်မကြီးကို ကျေးဇူးတင်ရမြန်သည်။ အပေါက်ဆိုးပေမယ့် စိတ်ရင်းကောင်းဟန်တူရဲ့။

"ဒါနဲ့ ဆရာက ဒေါက်တာယဉ်သွေး မဟုတ်လားဟင်"

ကိုယ် တစ်ခါမှမမြင်ဖူးသော သူနာပြုဆရာမကလေးက စူးစမ်းဟန်ဖြင့် မေးလာသည်။ ဒေါက်တာယဉ်သွေး အနည်းငယ်တော့ အံ့ဩသွားသည်။

"ဟုတ်ပါတယ်၊ ဆရာမနဲ့ ကျွန်တော် ဆုံဖူးလို့လား"

ဆရာမကလေးက လျှို့ဝှက်သိပ်သည်းမှုပါသော အပြုံးကို ဆောင်သည်။

"မဆုံဖူးပါဘူး၊ ဒါပေမဲ့ လင်းလင်းရဲ့ သူငယ်ချင်းပါ၊ အဆောင်မှာ အတူတူပဲလေ၊ လင်းလင်းစားပွဲပေါ်မှာ ဆရာ့ဓာတ်ပုံက အမြဲထောင်ထားတာ သိတာပေါ့"

ဘုရားရေ။

လွန်ခဲ့သည့် ငါးနှစ်တုန်းက မျက်လုံးလုလုကလေးနှင့် ချစ်သူပေါင်း။

အေးပေါ့၊ အဲဒီတုန်းက သူနာပြုသင်တန်းသူဆိုတော့ အခု သူနာပြုဆရာမကလေး ဖြစ်နေရောပေါ့။

အိုးတိုးအမ်းတမ်းဖြင့် ရယ်ပြရသည်။

"ဟုတ်လား၊ ဒါထက် နာမည်က . . ."

"ကယ်ရီလင်းလို့ ခေါ်နိုင်ပါတယ် ဆရာ"

"အေးဗျာ တွေ့ရတာ ဝမ်းသာပါတယ်။ လင်းလင်းနဲ့ရော ဆုံသေးလား၊ သူ ဘယ်ရောက်နေသလဲ"

ကယ်ရီလင်းမျက်နှာက အံ့ဩရိပ်ပေါ်သွားသည်။

"လင်းလင်းနဲ့ ဆရာ မတွေ့ဘူးလား"

"မတွေ့တာတော့ ကြာပြီ၊ ဟိုလေ ကျွန်တော်တို့က . . ."

ကယ်ရီလင်းက ရယ်မောရင်း လက်ကာပြသည်။

"ကွဲသွားကြတာ ကြာပြီဆိုတာ ကျွန်မသိပါတယ်။ ကျွန်မတို့က အချစ်ဆုံးသူငယ်ချင်းတွေပါ။ ကျွန်မပြောတာက အပေါ်မှာ မတွေ့ခဲ့ဘူးလားလို့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အပေါ်မှာ"

"ဆရာ အခုသွေးလဲပြီး ဆင်းလာတာမဟုတ်လား၊ လင်းလင်းက အခု ဒီဆေးရုံကို ကျွန်မနဲ့အတူတူကျတာလေ၊ ဒီနေ့လည်း ညဂျူတီ အတူတူကျတာ၊ သူက မွေးကင်းစမှာ၊ ကျွန်မက စောစော ထမင်းအတူစားရအောင် လှမ်းခေါ်တော့ သွေးလဲခန်းထဲ ဝင်နေတယ်တဲ့၊ အဲဒါ ဆရာနဲ့ မဟုတ်ဘူးလား"

ဘုရားရေ။

ဒါကြောင့် သည်အားငယ်ရိပ် လွှမ်းနေသည့် မျက်ဝန်းလုလုကလေးများကိုမြင်ဖူးသည်ဟု ထင်နေရခြင်းပေကိုး။

ချစ်သူဟောင်းကိုပင် ခွဲစိတ်ခန်းသုံး မျက်နှာဖုံးတပ်ရုံဖြင့် မမှတ်မိတတ်သော သူ့ကိုတော့ သည်ဆရာမကလေးတွေ အဆောင်မှာစု၍ ရယ်ပွဲဖွဲ့ကြဦးမည်မှာ သေချာလှ၏။ ရယ်ကျဲကျဲ လုပ်၍သာ "ပထမဦးဆုံးသွေးလဲတာဆိုတော့ စိတ်လှုပ်ရှားပြီး သူ့မျက်နှာ သေသေချာချာ မကြည့်လိုက်မိဘူးဗျာ။ မျက်နှာဖုံးကလည်း စွပ်ထားတော့၊ ကဲ . . . ကျွန်တော် အမ်တူးဘက် သွားကြည့်လိုက်ဦးမယ်"ဟု ကမန်းကတန်း နှုတ်ဆက်စကားဆိုမိသည်။

"သွားလေဆရာ၊ ကျွန်မလည်း လင်းလင်းခေါ်ပြီး ထမင်းစားလိုက်ဦးမယ်။ ဩော် . . . ဒါနဲ့ . . . "

လှည့်ထွက်ရန် ပြင်နေသည့် ခြေလှမ်းများ တုံ့၍ လှည့်ကြည့်ရသည်။ ကယ်ရီလင်းက မချိုမချဉ်ပြုံးသည်။

"ကျွန်မပြောပြတယ်လို့တော့ မပြောနဲ့ပေါ့ဆရာ၊ ဆရာ့ဓာတ်ပုံက ဒီအဆောင် ရောက်တော့လည်း လင်းလင်းစားပွဲမှာ ထောင်ထားတုန်းပါပဲ"

ဘာပြန်ပြောရမှန်းမသိသဖြင့် အူကြောင်ကြောင်နှင့် . . .

"ဩော် . . . ဟုတ်ကဲ့"ဟု ဆိုကာ ထွက်လာရသည်။

ကလေးအထူးကုဆရာဝန် ဖြစ်ချင်လွန်း၍ နယ်တွင် "ဒေါက်တာရွှေသွေး"ဟု နာမည်ရခဲ့သော ဒေါက်တာယဉ်သွေး၏ ကလေးအထူးကု ဆရာဝန်လောင်းအဖြစ် ပထမဦးဆုံးတာဝန်ကျသော ညတစ်ညကတော့ တစ်ရေးမျှ မအိပ်လိုက်ရသည့်အပြင် ယောင်ချာချာဖြစ်ရပ်များနှင့် ပြည့်နက်နေခဲ့သည်။

သည်ကြားထဲ မျက်လုံးကလေးတစ်စုံကို မမှတ်မိလိုက်သည့် ဇာတ်ထုပ်က ရှာစရာ လိုလို၊ အားနာစရာလိုလို၊ သနားစရာလိုလို။

ထိုညအဖို့ ဒေါက်တာယဉ်သွေး မွေးကင်းစဆောင်ကိုရော ဆေးကုသဆောင်(၃)



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ခြေဦးမလှည့်ဝံ့တော့။

ဆေးကုသဆောင်(၁)တွင် အခြေပြုနေရင်းက ကလေးလူနာတစ်ဦးကို ဒီဂေါက်ဆင်ထိုးခိုင်းပြီး မနက် ၁၀ နာရီတွင် တစ်ချိန်ထပ်ထိုးရန် လူနာမှတ်တမ်းပေါ်တွင် ညွှန်ကြားခဲ့မိသည်။

သည်အမှားကြောင့် ပါမောက္ခကြီးဆီ "မုန့်ဟင်းခါးစား" ရောက်ခဲ့ရသည်။ သည်မှာပဲ ဟိုဆေးကျောင်းသူကလေး၏ ရင်းနီးဟန်ပါသော မျက်ဝန်းလှလှကလေးတစ်စုံနှင့် ထပ်ပက်ပင်းတိုးမိရပြန်သည်။

သည်တစ်ခါတော့ ဘယ်လိုမှ စဉ်းစားလို့မရ။

အင်းလေ၊ ငါ အိပ်ရေးပျက်ပြီး ဒီဂျားမူးဝင်နေတာ ဖြစ်မှာပါ။ တကယ်တော့ ကောင်မလေးက သူ့ဟာသူ ပြုံးနေတာနေမှာ။

(၆)

"ဟို ဘွဲ့လွန်ကျောင်းသား ဆရာက အမိုက်စားပဲနော်"

ကလေးဆေးရုံကြီးဝင်း စားသောက်ဆိုင်တွင် ဝင်ထိုင်ထိုင်ချင်း သူငယ်ချင်းတစ်ဦးက မအောင့်နိုင်မအည်းနိုင် မှတ်ချက်ချသည်။ ပန်းမှုံက မသိချင်ယောင်ဆောင်၍ "ဘယ်တစ်ယောက်လဲ"ဟု မေးသည်။

"ဟဲ့ မမနဲ့ တို့ စာသင်နေတုန်း ဝင်လာတာလေ၊ မမက မောင်ယဉ်လေးလို့ခေါ်တာ၊ ရင်ဘတ်မှာတော့ ထိုးထားတာ ဒေါက်တာယဉ်သွေးတဲ့"

"ဩြော် . . . အေး . . . မဆိုးပါဘူး"

"ဘာမဆိုးပါဘူးလဲ၊ ဒီလောက်ချောတာ ပြောစမ်း၊ ကဲ . . . နင့်ဒေါက်တာရွှေသွေးနဲ့ ဘယ်သူပိုချောလဲ"

ပန်းမှုံက ရယ်၍ "အတူတူပါပဲဟာ"ဟု ဆိုသည်။

"မဖြစ်နိုင်တာဟာ၊ နင်ပြောတဲ့လူလည်း အခုလောက်ဆို ဒီမှာပဲရှိမှာ၊ ဒီဆေးရုံတစ်ခုထဲမှာ ဘွဲ့လွန်တက်နေတဲ့ ယောက်ျားကလေးဆရာဝန် ငယ်ငယ်ချောချောနှစ်ယောက်တောင် ရှိနေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

ပန်းမှုံ အားရပါးရ ရယ်သည်။

"မိန်းမရယ်၊ ဘယ်သူက နှစ်ယောက်ရှိတယ် ပြောလို့လဲ၊ အတူတူပဲဆိုတာ အဲဒီလို ပြောတာ၊ ဒေါက်တာရွှေသွေးဆိုတာက နာမည်ပြောင်၊ ဒေါက်တာယဉ်သွေးဆိုတာ သူ့နာမည်အရင်း။ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများ ပါးစပ် ဆွဲ့အသွားကြတော့သည်။

"နို သူက နင့်ကို ဘာလို့နှုတ်မဆက်တာလဲ"

"မသိဘူးဟာ၊ မမရှိနေလို့ ဟန့်နေတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ငါ့ကို မမှတ်မိတာလည်း ဖြစ်ချင်ဖြစ်မယ်"

"အောင်မာ . . . ပန်းမုံက "ပတ်(တ်)ဝမ်းကွင်း"ဥစ္စာ၊ ဒါတောင် မမှတ်မိဘူး ဆိုရင်တော့ တော်တော်ကြီးကျယ်တဲ့ လူပျိုကြီးပဲ"

"အေး . . . မမှတ်မိတာလား။ မနှုတ်ဆက်ရဲတာလား။ သိချင်ရင် အဖြေက အဆင်သင့်ပါပဲဟာ"

သူငယ်ချင်းတစ်ယောက်က ဝင်ပြောသည်။ တစ်ယောက်တစ်ပေါက် ဆူညံနေသော သူငယ်ချင်းအားလုံး အသံရပ်၍ ထိုသူငယ်ချင်းကို လှည့်ကြည့်ကြသည်။

"ဘာအဆင်သင့်လဲ"

"ဟိုမှာလေ"

ကင်တင်းအပေါက်ဝသို့ လက်ညှိုးထိုးပြသည်။

သူ့ထက်အသက်အနည်းငယ်ကြီးမည့်ပုံပေါ်သောအမျိုးသားဆရာဝန်တစ်ဦးနှင့်အတူ ထမင်းဘူးကိုယ်စီကိုင်၍ ကင်တင်းထဲသို့ဝင်လာသော ဒေါက်တာယဉ်သွေးကို လှမ်း၍ တွေ့ရလေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com



# ၃

## အလုပ်သင်ဆရာ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အလုပ်သင် ဆရာ

## (၁)

ဆေးရုံ လက်ဖက်ရည်ဆိုင်ကလေးမှာ ခြေတံမြင့် သစ်သားအိမ်ကလေးဖြစ်ပြီး ကျယ်ဝန်းသော်လည်း တံခါးပေါက်နည်းသဖြင့် အထဲတွင် ထိုင်နေသူများကို အပြင်က သိပ်မမြင်ရပါ။

"ဆရာကျော်··· ဟိုမှာ ဆရာမကြီးတစ်ယောက်တည်း သောက်နေတယ်"

ဒေါက်တာယဉ်သွေးသာမက သူနှင့်အတူပါလာသော ကလေးအထူးကု မဟာသိပ္ပံ ရပြီးခါစ အစ်ကိုအရွယ်ကလေးအထူးကုဆရာဝန်ပေါက်စ "ဆရာကျော်"ပင်လျှင်မျက်ခုံးပင့် သွားသည်။

ကလေးဆေးရုံကြီး၏ အထပ်တစ်ထပ် အပြည့်စာဖြစ်သော ဆေးကုသဆောင်တစ်ခု၏ တာဝန်ခံဆရာမကြီး၊ ပြီးတော့ ကလေးကျန်းမာရေး ပညာဌာနတွင် ဒုတိယအကြီးဆုံး အဆင့်လည်းဖြစ်သူကို လက်ဖက်ရည်ဆိုင်ထဲတွင် လက်ဖက်ရည်ထိုင်သောက်လိမ့်မည်ဟု သူတို့ မျှော်လင့်မထားမိပါ။

"လာ··· ကိုယဉ်သွေးတို့၊ ဆရာကျော်တို့ထိုင်ကြ"

ဆရာမကြီးက စခေါ်၍ သူတို့ ယို့ယို့ကလေး ဝင်ထိုင်မိသည်။

"ဆရာကျော်··· အမှုစစ်မယ့်လူတွေ နက်ဖြန်လာမှာနော်၊ ဘာကြောင့်လဲ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီလား"

ဆရာမကြီးက မေးတော့ ဆရာကျော်က မချိုပြုံး ပြုံးသည်။

"ရှစ်လတောင် ကြာပြီဆိုတော့ သိပ်တောင် မမှတ်မိတော့ပါဘူး မမရယ်။ မှတ်မိသလောက်တော့ အမှန်အတိုင်းပဲ ဖြေရမှာပေါ့။ ကလေးကို ကုသတဲ့အပိုင်းကတော့ပေါ့ပေါ့တန်တန် ဘာမှမလုပ်ခဲ့မိတာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက မမဝဒ်မှာ ကျွန်တော်တို့ နိုက်ဂျူတီဆင်းတဲ့ ဆရာဝန်က နှစ်ယောက်၊ ကျွန်တော်နဲ့ ဟိုတစ်ယောက်နဲ့ က သုံးရက်တစ်ခါ သူ မနက်ဆို ကိုယ် ည။ နောက်တစ်နေ့လည်း ကျွန်တော်က စာသင်ရတော့ မပြန်ဖြစ်။ လူနာက မနက် ၁၀၀၊ ည ၁၀၀ လာနေတာပဲ၊ ပင်ပန်းပြီး စိတ်တိုနေမှာတော့ သေချာတယ်။ ဒီကြားထဲ အဲဒီကလေးက ကျွန်တော်မှတ်မိသလောက်တော့ မွေးပြီးကတည်းက အမေက ရေးရိုးအယူအဆအများတွေနဲ့ အခန်းထဲကမထွက်ဘဲ မီးအောင်းတာ၊ ကလေးကိုလည်း သန့်သန့်ရှင်းရှင်းမထား။ အမေက နနွင်းတွေလူး။ မှိုင်းတိုက်နဲ့ တစ်ကိုယ်လုံး ပြည်ဝတ်တွေထွက်၊ အဲဒါကို မြန်မာအယူအရ တစ်လမပြည့်ဘဲ အခန်းထဲကမထုတ်ရဘူးဆိုပြီး တစ်လပြည့်မှ လာပြတော့ ပြည်ဝတ်တွေက ပိုးက သွေးဆိပ်တက်နေပြီ။ ချမ်းသာတဲ့ရပ်ကွက်က လာရက်သားနဲ့ ကလေးမှာ ဒီလောက်ဖြစ်အောင် အယူအဆတွေ ခေတ်နောက်ကျရသလားဆိုပြီး ပြောမိဆိုမိခဲ့မှာတော့ သေချာတယ်။ သူတို့တွေတိုင်သလို ဆက်ဆံရေးမကောင်းဘူးဆိုတာ အမှန်ပဲဖြစ်မှာ၊ အပြစ်ပေးလည်း ခံရမှာပဲ"

ဘုရားရေ . . . ဆရာကျော်လိုလူတောင် ဗြာနဆိုင်ရာ အရေးယူစစ်ဆေးခြင်းခံရသတဲ့လား။

ဒေါက်တာယဉ်သွေး စိမ့်ခနဲခံစားလိုက်ရသည်။

ဆရာမကြီးက ပြုံးသည်။

"အဲဒါကတော့ အပြစ်ပေးလည်း အလွန်ဆုံး နောက်ကို သတိထားပါပဲပြောမှာပါ။ ကုသတဲ့အပိုင်းကတော့ ဆရာကျော်ပေးထားတာတွေ လူနာမှတ်တမ်းထဲမှာ အခိုင်အမာရှိနေတာပဲ။ သီးသန့်ဆောင်နေချင်တယ်ပြောတာကို သီးသန့်ဆောင်မှာ ဆရာဝန်တစ်ယောက်သပ်သပ်တာဝန်မချနိုင်သေးလို့ အရေးကြီးတဲ့လူနာမထားရဘူးလို့ မှုရှိတယ်ဆိုပြီး ငြင်းတာကလည်း အဲဒီမှုကို ကျွန်မတို့ကပဲ ချတာပဲဆိုတော့ ဆရာကျော် လွတ်ပါတယ်။ တကယ်တော့ သူတို့ ဆရာကျော် ဂျူတီထွက်ပြီးမှ လက်မှတ်ထိုးဆင်းပြီး အပြင်ဆေးရုံသွားတက်လို့ ကြိုးစား။ ပြီးမှ နောက်ဆေးရုံတက်၊ ဒီကြားထဲမှာ ဆေးထိုးပြတ်သွားတဲ့ကိစ္စက အဓိက ပြဿနာလို့ ကျွန်မထင်တာပဲ။ ကလေး သနားစရာပေါ့လေ။ ဒါတွေက ဒီလိုပဲ ကြုံရတာပါပဲ ဆရာတို့ရယ်။ ကိုယ့်ဘက်က စေတနာမှန်ရင် တုန်လှုပ်မနေပါနဲ့၊ မေးတာသာ အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်။ ကိစ္စပြီးတော့ မေ့ပစ်လိုက်ပါ။ နက်ဖြန် ကျောင်းသားစာသင်ဖို့တွေပဲ ဘယ်လိုစီစဉ်ခဲ့မလဲ"

"နက်ဖြန်က "ကိုဝေ"က ပတ်(တ်)တူး။ ကျွန်တော်က ပတ်(တ်)ဝမ်း။ အဲ . . . အိတ်ချ်အေအုပ်စုလည်း သင်ရမယ်။ ကျွန်တော် စောစောလာရောင်း။ အိတ်ချ်အေသင်ပြီးရင် "ဒီအီး" စစ်တဲ့ဆီ သွားရမယ်။ မမကလည်း ဆေးကျောင်းသွားရမှာဆိုတော့ ပတ်(တ်)ဝမ်းကို ကိုယဉ်သွေး တစ်ချိန်လောက် သင်ခိုင်းလိုက်ရမလား မမ"

"ကိုယဉ်သွေးက အတန်းတက်ဖို့ရှိလား"

"ညနေမှပါ မမ"

"အိုကေလေ သင်ခိုင်းပေါ့၊ သင်တန်းသား စာမသင်ရဘူးလို့ မှုမှမရှိတာ။ ပြီးတော့ ဘွဲ့ကြိုဆေးကျောင်းသား စာသင်တယ်ဆိုတာ သူတို့ လုပ်ကိုလုပ်ရမယ့် လက်တွေ့လေ့ကျင့်ခန်းပဲ။ သင်ပေါ့"

ဆရာမကြီးကနေရာမှထသည်။ဆရာကျော်ကလက်ဖက်ရည်ဖိုးလုရှင်းမည်ပြင်တော့ လက်ကာပြသည်။ "ကျွန်မက လက်ဖက်ရည်ကြိုက်လွန်းလို့သာ ဆင်းသောက်တာ၊ အမြဲ အလုပ်ရှုပ်အလျင်လိုနေတာ ဆရာတို့သိလျက်သားနဲ့၊ စထိုင်ကတည်းက ရှင်းပြီးမှ သောက်နေတာ၊ ကဲ . . . သွားပြီ၊ ပြီးမှ ကိုယ့်ဘာသာကိုယ်ရှင်းကြ"ဟု ပြော၍ သုတ်သုတ်ထွက်ခွာသွားသည်။

(၂)

အဝေးတစ်နေရာသို့ ငေးမောကြည့်နေသော ဆရာကျော်ကိုကြည့်၍ ဒေါက်တာယဉ်သွေး သက်ပြင်းချသည်။

"ဆရာရယ် ညစ်မနေပါနဲ့၊ အိုကေမှာပါပဲ၊ ကဲ့ရဲ့ခြင်းကင်းတဲ့လူတော့ လောကကြီးမှာ ဘယ်ရှိပါ့မလဲ"

ဆရာကျော်က ဒေါက်တာယဉ်သွေးကို လှည့်ကြည့်၍ ရယ်သည်။

"ငါက အစကတော့ ညစ်နေတာ၊ ဆရာမကြီးနဲ့တွေ့တော့ စိတ်က အေးသွားပါပြီ။ အခု ညစ်နေတာ မဟုတ်ဘူး။ ဟိုစားပွဲဝိုင်းက ဆေးကျောင်းသူလေးကို ကြည့်နေတာ"

ဒေါက်တာယဉ်သွေး ယောင်၍ လှည့်ကြည့်မိသည်။ အလို . . . ဟိုမျက်ဝန်း လှလှကလေးတစ်စုံပါပဲလား။ လူကိုတော့ မြင်ဖူးသလိုရှိသည်ဟုသာ ထင်သည်။ သည်မျက်လုံး လှလှကလေးတွေကိုတော့ ဟိုတစ်နေ့က လက်ထောက်ကထိက ဆေးဘောတွင် တွေ့ရကတည်းကစပြီး မှတ်မှတ်ရရ ရှိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကျော်နော်မိန်းကလေးလှလှကလေးတွေလိုက်ကြည့်နေတာနယ်မှာကျန်ခဲ့တဲ့ မိန်းမနဲ့ တိုင်လိုက်ရမလား"

ဆရာကျော်က လူပျိုမဟုတ်၊ ဘွဲ့လွန်သင်တန်းများ တက်ကတည်းက စီးပွားရေး လူမှုရေးအခြေအနေများအရ ဇနီးနှင့် တစ်မြို့စီနေရသူသာ ဖြစ်သည်။ ဆရာကျော်ကရယ်၍ "ဘုရားပေးပေး၊ ကျမ်းပေးပေး၊ ရိုးရိုးသားသားပါကွာ၊ အဲဒီကောင်မလေးက တို့ဆိုင်ထဲကို ဝင်လာကတည်းက ဆီးပြီး ပြုံးပြတယ်၊ ငါ့လူပျိုကြီးနဲ့များ ပတ်သက်နေလားလို့စဉ်းစားနေတာပါ" ဟု ပြောသည်။

"ကြံကြံဖန်ဖန် ဆရာရယ်၊ ကျွန်တော်က စာသင်နေတဲ့ဆရာမှ မဟုတ်တာ၊ ကျွန်တော်ကို ဘယ်သိမလဲ၊ ဆရာ့ကို နှုတ်ဆက်တာနေမှာပေါ့"

"သူက အပေါ်ထပ်က ပတ်(တ်)ဝမ်းကျောင်းသူကွ၊ ငါ စာမသင်ရဘူး"

ဒေါက်တာယဉ်သွေးက မျက်လုံးကို ပြူးပြသည်။

"မသင်ရတာတောင် အထပ်ရော၊ အတန်းရော ဆရာက ဘယ်လိုသိ"

ဆရာကျော်က ရယ်သည်။

"သူက နာမည်ကြီးကွ၊ ရုပ်လှတာရော၊ စာတော်တာရော၊ လိမ္မာယဉ်ကျေးတာရော၊ သူတို့အတန်းမှာ "စတား" ဆိုပါတော့ကွာ၊ ပြီးတော့ နာမည်ကလည်း ဆန်းတော့ မှတ်ရလွယ်တာပေါ့"

"ဘယ်လို ဆန်းလို့လဲ"

"မပန်းမွှံတဲ့၊ တော်တော် စိတ်ကူးကောင်းတဲ့ မိဘတွေ၊ သမီးသုံးယောက်မွေးထားတာ၊ ပန်းမွှံ၊ ပန်းငုံ၊ ပန်းရုံတဲ့၊ အငယ်မကလေးတွေလည်း အောက်တန်းတွေမှာ စတားပဲ"

"မပန်းမွှံ"

ဒေါက်တာယဉ်သွေးက တိုးတိုးကလေး ရွတ်ကြည့်သည်။ ပြီးမှ အလန့်တကြားနှင့် "ဟာ . . . သွားပြီ" ဟုဆိုသည်။ ဆရာကျော်က "ဘာလဲ မင်းက" ဟုမေးသည်။

"ဟုတ်တယ်၊ အဲဒါ ကျွန်တော်နယ်မှာ တစ်ခါဆုံခဲ့ဖူးတဲ့ ဆေးကျောင်းသူကလေး၊ မမှတ်မိဘူးဖြစ်နေတာ"

ဆရာကျော်က လှည့်ကြည့်၍ "မရှိတော့ဘူးကွ၊ သွားကုန်ကြပြီ၊ သူ့ခိုးပြေးမှုထိုးကွင်းထ မနေနဲ့" ဟု ရယ်၍ ဆိုသည်။

"တကယ်ပါပဲ၊ ဒါကြောင့် ဟိုနေ့က အပေါ်ထပ်မှာ သူက ပြုံးပြတာကိုး၊ ကျွန်တော်ကလည်း ယောင်တီးယောင်အနဲ့ ပြန်တော့ပြုံးပြခဲ့သား"

"ခွေးကောင်ကလေး . . . ငယ်ငယ်ကထားခဲ့တဲ့ ရည်းစားတစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လားလို့ တွေးနေတာမဟုတ်လား"

"မဟုတ်ရပါဘူး ဆရာကျော်ရယ်"

"ငြင်းမနေနဲ့၊ မင်း ငယ်ငယ်က ရည်းစားများတာ မင်းအတန်းထဲက ကောင်မလေးတွေ မင်းမလာခင်ကတည်းက ဆေးရုံတစ်ခုလုံးပတ်ပြီး အတင်းပြောထားပြီးသား"

ဒေါက်တာယဉ်သွေးက ရယ်သည်။

"ငယ်ငယ်ကများမိတာဟုတ်ပါတယ်ဆရာရယ်၊ ခုတော့တစ်ယောက်တည်းအေးအေးဆေးဆေးပါ။ ပြီးတော့ မှားရအောင် ကျွန်တော့်ရည်းစားဟောင်းတွေက ဒီအရွယ်လေးတွေမှ မရှိတော့တာ"

ပြောရင်းကပင် ဖျတ်ခနဲ "လင်းလင်း" ၏ အားငယ်ရိပ်လွှမ်းနေသော မျက်ဝန်းကလေးများကို ပြေးသတိရမိသည်။ ဟင်း ··· ဟုတ်ပါရဲ့၊ လင်းလင်းကတော့ ငယ်သေးတာပဲ။ သည်ကောင်မကလေးတွေနှင့် မတိမ်းမယိမ်းသာ ရှိမည်ထင်သည်။

(၃)

စာ စသင်တုန်းကတော့ မဝံ့ရဲ။

တစ်ခါမှလည်း စာက မသင်ခဲ့ဖူး။ ပြီးတော့ နောက်ဆုံးနှစ် အပိုင်း(က) အတန်းတင် စာမေးပွဲတွင် "ကလေး" ဘာသာရပ်ကိုမမေးတော့ သည်အတန်း ကျောင်းသူ၊ ကျောင်းသားတွေက စာသင်လျှင် စိတ်ဝင်စားမှု နည်းသည်ဟုလည်း ကြားဖူးသည်။ တကယ်တော့ မထင်မှတ်ဘဲ လေးလေးစားစား လိုက်နားထောင်ကြတာတွေ့ရ၍ အနည်းငယ် အားရှိသွားသည်။ တစ်ခုပဲရှိသည်။

ဆေးကျောင်းသူတွေထဲမှာ သံချိုင်းထောက်နှင့် ပိုလီယိုရောဂါသည် ကလေးမကလေး တစ်ဦးပါနေသည်။ သူသင်ရသည့်သင်ခန်းစာကလည်း ပိုလီယိုအကြောင်း။ အားနာနာနှင့်ပင် အသေးစိတ် ဆက်ပြောရသည်။ တကယ်တမ်းကျတော့လည်း ထိုမိန်းကလေးနှင့် သူမ၏ ဘေးတွင် ကပ်လျက်ထိုင်နေသော အသားညိုညို၊ မျက်လုံးဝိုင်းဝိုင်း မိန်းကလေးတို့က စာသင်ပြီးတာတောင် ချက်ချင်းထမပြန်သွားဘဲ မေးခွန်းတွေ ဆက်မေးနေကြသည်။

ဒါဆို ပိုလီယိုက ဆေးထိုးမှားရင်ဖြစ်တယ်ဆိုပြီး ရပ်ကွက်ထဲမှာ လူတွေပြောနေကြတာ မဟုတ်ဘူးပေါ့နော် ဆရာ။

"အင်း ···တိုက်ရိုက်တော့ မဆိုင်ဘူးလို့ပြောနိုင်တယ်။ ပိုလီယိုပိုးဝင်ရင် အများတော့ အများစုက ရိုးရိုးတုပ်ကွေးမိသလိုပဲ ဖျားကြတာ၊ အသားဆေးထိုးလိုက်ရင် ကြွက်သားတို့ နာအောင်သွားလုပ်လိုက်တော့ ဗိုင်းရပ်စ်က အကြောတွေ သယောင်လုပ်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com



အားပေးသလိုတော့ ဖြစ်သွားတာပေါ့လေ၊ အမှန်တော့ ပိုးက ဝင်ပြီးသား"

"သမီး မိဘတွေလည်း သမီးကို ငယ်ငယ်က ဆေးထိုးမှားလို့လို့ပဲ ပြောပြောနေကြတာ၊ ဒီနေ့ ဆရာရှင်းပြမှ သဘောပေါက်တော့တာ"

ချိုင်းထောက်နှင့် ကျောင်းသူကလေးက ဝင်ပြောသည်။ စောစောက မေးနေသည့် မျက်လုံးဝိုင်းဝိုင်းနှင့် ကျောင်းသူကလေးက တစ်ခုခုဆက်မေးမည်ကြံစဉ် နောက်က ကျောင်းသားတစ်ယောက် လှမ်းနှောက်သည်။

"ဟဲ့ ··· ထား။ နင့်ခော်ဒါတွေ အပြင်မှာ လာစောင့်နေပြီ၊ ဆရာရေ ဒီကောင်မလေး မေးတိုင်း မဖြေနဲ့၊ သူ့ဝတ္ထုထဲ ထည့်ရေးဖို့ ကုန်ကြမ်းစုနေတာ"

"ထား"ဟု အခေါ်ခံရသည့်ကျောင်းသူက ရယ်၍ "ရေးမှာ၊ ရေးမှာ၊ ငါက ဆရာပြောတာ နားထောင်ရင်း ဇာတ်လမ်းတောင် စီထားပြီးပြီ"ဟု ဖြေသည်။ ချိုင်းထောက်နှင့် ကျောင်းသူကလေးကပါ ရယ်၍ "ငါ့တော့ ထည့်မရေးနဲ့နော်"ဟု ဆိုသည်။ ဒေါက်တာယဉ်သွေးက "သမီးက စာရေးဆရာလား"ဟု မေးတော့ သူ့ကလောင်နာမည်ကို ပြောပြသည်။ ဟုတ်သားပဲ။ ဒီနာမည် တော်တော်တောင် အောင်မြင်စပြုနေပါပေါ့။ စာရေးဆရာကြီး ဆရာအောင်သင်း လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကတည်းက နောင်ဆိုလျှင် ဆရာဝန်တွေထဲက စာရေးဆရာတွေ အများကြီး ထွက်လာမည်ဟု ဟောခဲ့တာ မှန်နေပါပေါ့လားဟု တွေးမိသည်။ သူတို့ကလေးတွေနှင့် တရင်းတနှီး ရယ်မောပြောဆိုရင်းက စာသင်ခန်းထဲက အတူထွက်ခဲ့သည်။ ထုံးစံအတိုင်း အခြားအထပ်များမှ စာသင်ပြီး၍ သူငယ်ချင်းများကို လာစောင့်နေကြသည့် ဆေးကျောင်းသူ ကျောင်းသားအုပ်ကြီးနှင့် တိုးသည်။

"ပန်းမှုံပါလား"

ပန်းမှုံက ကြည်လင်စွာ ပြုံးသည်။

"ဆရာက မှတ်မိသားပဲ"

ဒေါက်တာယဉ်သွေးက မလုံမလဲပြုံး၍ လက်ညှိုးတစ်ချောင်းထောင်ပြပြီး "ဆရာလို့ မခေါ်ဖို့လည်း ပြောထားတယ်လေ"ဟု ဆိုသည်။

"ဆရာဖြစ်နေပြီပဲဟာ"

"မဖြစ်ပါဘူး။ ဆရာတစ်ယောက် မအားလို့ အစားသင်ပေးတာပါ။ အလုပ်သင်ဆရာလို့ ခေါ်ရမလားဘဲ"

"ဆရာကလည်း ပေါက်ပေါက်ရှာရှာ၊ အလုပ်သင်ဆရာဝန်ပဲ ကြားဖူးပါတယ်"

ရယ်သံကလေးများ ဝေစည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ငါကတော့ အဲသည်လောက်ကြီးတော့ မဖြစ်သင့်ဘူးလို့ ထင်တယ်"

သူငယ်ချင်းမကလေးက နှာခေါင်းရှုံ့၍ ဆိုသည်။ ပန်းမှူက ဘတ်စ်ကားမှတ်တိုင် အမိုးအောက်မှ နေပူထဲသို့ ခေါင်းပြူထွက်ကြည့်၍ "တနင်္ဂနွေဆို ကားက ဒီလောက်တော့ ပြတ်နေကျပဲ မဟုတ်လား။ နင်က အထူးအဆန်းလုပ်လို့"ဟု ပြောတော့ သူငယ်ချင်းမကလေးက ရယ်သည်။

"ကားပြောတာ မဟုတ်ဘူးဟေ့၊ နင့်ကိုပြောတာ"

"ငါ... ငါက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ဟိုဆရာ နင့်ကို မှတ်မိပါတယ်ဆိုပြီး နှုတ်ဆက်တဲ့နေ့ကစပြီး နင့် မျက်နှာက အားအားနေ ပြုံးနေတာ၊ ငါမှတ်ထားတာ လေးရက်တိတိရှိပြီ"

သူငယ်ချင်း လေးဦးစလုံး ဝိုင်းရယ်ကြတော့ ပန်းမှူ ရက်ကိုးရက်ကန်းဖြစ်သွားသည်။

"နင်ကလည်း စာမေးပွဲတွေက ဝေးနေတုန်း စာတွေမပိခင် နင်တို့နဲ့ ရုပ်ရှင်သွားကြည့် မလို့ ထွက်လာတာ၊ ငါက ပြုံးမနေလို့ ငိုနေရမှာလား"

"အပိုတွေ ပြောမနေနဲ့၊ ရုပ်ရှင်ပြီးရင် အအေး နင် ဒကာခံ"

"ခံရင်လည်း နင်တို့က ပြောဦးမယ်"

"မပြောဘူး... မပြောဘူး ကတိ"

"ဟယ်... ဟိုမှာ တို့ တီချယ်ဟေ့"

သူငယ်ချင်းတစ်ယောက်က ကားဂိတ်နှင့် မလှမ်းမကမ်းတွင် ထီးကလေးဆောင်း၍ ရပ်နေသော အသက် ၂၅၊ ၃၀ အရွယ် သပ်ရပ် ဣန္ဒြေရစွာ ဝတ်စားထားသည့် မိန်းမပျိုကို လှမ်းလက်ညှိုးထိုးပြသည်။ ဟုတ်ပါရဲ့၊ တီချယ် ဒေါ်ဖြူဖြူထွေးပါလား။ အထက်တန်း ကျောင်းသူဘဝက ပန်းမှူတို့ သူငယ်ချင်းလေးဦးကို အိမ်မှာ အင်္ဂလိပ်စာသင်ပေးဖူးသည့် ဆရာမကလေးပါ။ သဘောကလည်း ကောင်း၊ ရုပ်ကလေးကလည်း လှ၊ အရွယ်ကလည်း သူတို့ထက် အနည်းငယ်သာကြီး၊ အပျိုကလည်း အပျိုမို့ သူတို့သူငယ်ချင်းလေးယောက် ဒေါ်ဖြူဖြူထွေးကို အလွန်ချစ်ခဲ့ကြသည်။ နောက်တော့ ဆေးတက္ကသိုလ်တက်ရင်း တီချယ်နှင့် အတန်ငယ် အဆက်အသွယ်ပြတ်သွားကြသည်။ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လက်ထောက်ကထိကဖြစ်နေပြီဟုတော့ ကြားသည်။

"ခေါ်လိုက်လေ၊ သွားပြီး နှုတ်ဆက်ရအောင်"

"အေး..."

ပန်းမှူက လက်ပြဟန် ပြင်လိုက်ပြီးမှ ဒေါ်ဖြူဖြူထွေးဘေးတွင် အမျိုးသားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသေးကြောင်း တစ်စွန်းတစ်စ မြင်လိုက်သည်။

"ဟဲ့… ဟိုမှာ ယောက်ျားတစ်ယောက်နဲ့ဟ၊ သူ့အမျိုးသားလား မသိ"

"အေးနော်… ဒါပေမဲ့ တီချယ် အိမ်ထောင်ပြုတယ် မကြားမိပါဘူး"

"ယောက်ျားဆို ဘာအရေးလဲဟ၊ ရည်းစားဖြစ်နေရင် တပည့်တွေနှုတ်ဆက်ရင် ရှက်သွားဦးမယ်"

"ဒါလည်း ဟုတ်တာပဲ"

ဘတ်စ်ကားတစ်စီး ဝင်လာသည်။ နံပါတ်က ပန်းမှုံ့တို့စီးမည့်ကား မဟုတ်သဖြင့် ဆက်ရပ်နေကြသည်။ ဒေါ်ဖြူဖြူထွေးနှင့် အဖော်အမျိုးသားတို့က ကားဆီ အပြေးအလွှား ချဉ်းကပ်သွားကြသည်။

"ဟယ် …"

ပန်းမှုံ့ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူငယ်ချင်းများလည်းကြက်သေသေသွားကြသည်။

"ဆရာ ဒေါက်တာယဉ်သွေးပါလား"

ဒေါက်တာယဉ်သွေးနှင့် မဖြူဖြူထွေးတို့ကတော့ ထွက်သွားသော ဘတ်စ်ကားနှင့် ပါသွားကြသည်။

❒

www.burmeseclassic.com

www.burmeseclassic.com



# ၄

## ဘဝဆုံးတိုင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ၂

## ဘဝဆုံးတိုင်

(၁)

"အမေက အပေါ်ထပ်မှာ"

ဖြူဖြူထွေးက ဒေါက်တာယဉ်သွေးကိုလှည့်၍ တိုးတိုးပြောသည်။ ဒေါက်တာယဉ်သွေးက ခေါင်းညိတ်၍ "အဲဒီမှာ တာဝန်ကျနေတဲ့ ဘွဲ့လွန်ကျောင်းသား သူငယ်ချင်းရှိတယ်" ဟု ဖြေတော့ ဖြူဖြူထွေးက ယဲ့ယဲ့ပြုံးသည်။

"ဒေါက်တာမင်းဦးကို ပြောတာ မဟုတ်လား"

ဒေါက်တာယဉ်သွေး အံ့ဩသွားသည်။

"ဘယ်လိုသိတာလဲ"

"တွေ့ပြီးပြီလေ"

မင်းဦးနှင့် ဖြူဖြူထွေးကို ဖြူဖြူထွေး သူချစ်သူဖြစ်ခဲ့စဉ်က တစ်ခါမှ ဒေါက်တာယဉ်သွေး မိတ်ဆက်မပေးဖူးခဲ့ပါ။ ဖြူဖြူထွေးဓာတ်ပုံကိုတော့ မင်းဦးကို ပြဖူးသည်။ ဘုရား ··· ဘုရား ဒီ မင်းဦးဆိုတဲ့ခွေးကောင် ဘာတွေသွားပြောလိုက်ပြီလဲ မသိဘူး။

"ဟာ ··· ရွှေသွေးကြီး လာပေါ့"

လှေကားထိပ်မှလှုပ်သလောက်အသံဩအောင်သောမင်းဦး၏အသံဝါကြီးပေါ်ထွက်လာပါသည်။

www.burmeseclassic.com



(၂)

"မဖြူဖြူထွေး အမေက တော်တော်စိတ်ချနေရပါပြီ။ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ကိုလည်း ယဉ်သွေးလိုပဲ အစ်ကိုတွေလို သဘောထား အားကိုးပါ။ လိုတာရှိရင် ဘာမှ အားမနာပါနဲ့"စသည်ဖြင့် အပြောကောင်း နှုတ်သွက်သော ခွဲစိတ်ကုဆရာဝန်လောင်း ဒေါက်တာမင်းဦး၏ အားပေးစကားများအကြားတွင် ဖြူဖြူထွေးအပြုံးတို့ ဝေးချမ်းသွားသည်။

"ဒီကောင်ကြီး ခဏခေါ်သွားမယ်နော်၊ ကော်ဖီတိုက်ချင်လို့"

"အို··· ကျွန်မ ဒီမှာ ဖျော်လိုက်ပါ့မယ် ဆရာရဲ့"

"မဟုတ်ဘူး။ ကျွန်တော့်ရုံးခန်းထဲမှာ ဓာတ်ဘူးနဲ့ ဖျော်ပြီးသားရှိနေလို့ မဖြူဖြူထွေး အမေနဲ့သာ စကားပြောနေ၊ ကျွန်တော်တို့ ပြန်လာခဲ့မယ်"

ဒေါက်တာမင်းဦးက မျက်ရိပ်ပြခေါ်သဖြင့် ဒေါက်တာယဉ်သွေး မသိမသာပြုံးရင်း ဒေါက်တာမင်းဦး၏ ရုံးခန်းထဲ လိုက်ခဲ့လိုက်သည်။

"ဘယ်မှာလဲ မင်းကော်ဖီ"

"ကော်ဖီမပြောနဲ့ ဓာတ်ဘူးတောင် မရှိဘူး။ မင်းကို စစ်ဆေးစရာရှိလို့ ခေါ်လာတာ"

"ငါထင်သားပဲ"

"ထင်သားပဲ လုပ်မနေနဲ့၊ မင်းနဲ့ ဖြူဖြူထွေးဇာတ်လမ်းက ပြီးပြီဆို"

"အေးလေ··· လေးနှစ်လောက်တောင်ရှိပြီ"

"ဒါဆို ဘယ်လိုလုပ် မင်းက ပါလာရတာလဲ"

ဒေါက်တာယဉ်သွေးက ရယ်သည်။

"မင်းဦးရယ် ··· မင်းလည်း ငါ့အကြောင်းသိရက်သားနဲ့၊ ငါနဲ့ ရည်းစားဟောင်းတွေနဲ့က မခေါ်မပြောမှ မဟုတ်တာ၊ သူရောက်လာပြီး သူ့အမေက အူအတက်ရောင်လို့ ခွဲရတယ်တဲ့၊ အဲဒီက ဆရာကြီးတွေနဲ့ခင်ရင် လိုက်အပ်ပေးပါလို့ ပြောလို့ လိုက်လာတာ"

ဒေါက်တာမင်းဦးက ရယ်သည်။

"ဟား··· ဟား··· ငါပေါ့"

"မင်းက ခွဲလို့လား"

"ခွဲတာက ငါ့ဆရာကွ၊ ငါက ကူရတာပေါ့၊ အောင်မာ ··· အူအတက်တော့ ငါလည်း ခွဲတတ်ပါတယ်။ လူနာ နည်းနည်းအသက်ကြီးလို့ ငါ့ဆရာက ကိုယ်တိုင်ခွဲတာ။ ဒါနဲ့ မင်းကို သူလာတွေ့တာ ဘယ်နေ့ကလဲ"

"ကြာသပတေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး··· ငါနဲ့က သောကြာတွေ့တာ၊ ဒါကြောင့် သူ မပြောတာ"

ရုတ်တရက် ဒေါက်တာယဉ်သွေး သတိရသွားသည်။

"အေး··· ဟုတ်ပါရဲ့၊ မင်းကို သူက ဘယ်လိုလုပ် ငါ့သူငယ်ချင်းမှန်း သိသွားတာလဲ၊ မင်းတို့ကို ငါ မိတ်ဆက်မှ မပေးဖူးတာ"

ဒေါက်တာမင်းဦးက မလုံမလဲ ရယ်သည်။

"ငါ့အပြစ်ဆိုပါတော့ကွာ၊ သူက သူ့အမေကိစ္စမေးချင်လို့ဆိုပြီး လူနာမှတ်တမ်းကလေး ကိုင်ပြီး ငါတို့ရုံးခန်းထဲ ဝင်လာတယ်။ ငါက စာရေးနေရာက မော့ကြည့်ပြီး ဩော် မဖြူဖြူ ထွေးပါလားလို့ ရုတ်တရက် ပြောလိုက်တယ်"

"ခွေးကောင် လုပ်ချလိုက်ပြီ"

"ဘယ်တတ်နိုင်မလဲကွ၊ ငါ့ပါးစပ်က အဲ့သလိုပဲ အမှတ်တမဲ့ပဲဟာ၊ အဲဒါ သူလည်း တော်တော်အံ့သြသွားတယ်။ ဆရာက ကျွန်မကိုသိလို့လားလို့မေးတယ်။ ငါလည်း ဘာဆက် ပြောရမလဲ မသိတာနဲ့ ကဲ··· ကဲ··· ထိုင်ပါဦး မဖြူဖြူထွေးရယ်၊ ဘာညာပေါ့"

"တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ"

"နားထောင်ဦး။ အဲဒါနဲ့ ပြောရတာပေါ့၊ ဒီလိုပါ ကျွန်တော်က ယဉ်သွေးနဲ့ သူငယ်ချင်း ပါပေါ့"

"ဟေ့ကောင်"

"နားထောင်ပါဦးဆို၊ အဲဒါ ယဉ်သွေးတို့ ဒေသကောလိပ်တုန်းက ရိုက်ထားတဲ့ အုပ်စု လိုက် ဓာတ်ပုံ ကျွန်တော် တွေ့ဖူးတယ်ပေါ့။ အဲဒီမှာ ခင်ဗျားက ရပ်နေတဲ့မိန်းကလေးတွေထဲ မှာ အလှဆုံးဆိုတော့ ကျွန်တော်ကလည်း မေးမိတာပေါ့။ ဒါ ဘယ်သူလဲလို့၊ အဲဒီတော့ သူကဖြူဖြူထွေးငါ့သူငယ်ချင်းလို့ပြောပြဖူးတာ၊ကျွန်တော်ကလည်းလူတွေ၊နာမည်တွေကို သိပ်မှတ်မိတတ်တာ၊ ခင်ဗျားကလည်း ၁၀ နှစ်လောက်အတွင်းတောင် ရုပ်က သိပ်မပြောင်း လို့ မှတ်မိနေတာပါပေါ့"

"တော်သေးတာပေါ့၊ မင်းကို အုပ်စုလိုက်ဓာတ်ပုံပါ ပြဖူးထားလို့"

"မင်းသူငယ်ချင်း ဒီလောက်မညံ့ပါဘူးကွ၊ ဒါနဲ့ သူကတောင် ထပ်မေးသေးတယ်။ ဒါဆို ကိုယဉ်သွေးက ဆရာ့ကို ကျွန်မအကြောင်း အဲသလောက်ပဲ ပြောပြဖူးတာပေါ့ ဟုတ်လားတဲ့"

"အဲဒီတော့ မင်းက ဘာပြောလိုက်သလဲ"

"ဟာ··· ဟုတ်ပါတယ်၊ အဲသည်လောက်ပါပဲ၊ တခြား ဘာကိုမှ မပြောပြထား ပါဘူးလို့ ပျာပျာသလဲ ဖြေလိုက်တာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



မြည်တွန်တောက်တီးနေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဘွားဘွား၏ဒဏ်ရာ သွေးတိတ်အောင် သူကြိုးစားနေသည်မှာ နာရီဝက်ခန့်ရှိနေပြီ။ ထိုနာရီဝက်ခန့်အတွင်းတွင် လူနာဆောင်ပေါင်းစုံမှ လာပြောနေသော ပြဿနာများကို ပါးစပ်ဖြင့် ညွှန်ကြားသောနည်းဖြင့်သာ သူ ဖြေရှင်းနေရသည်။

"သမီးတို့ မသိလိုက်လို့ပါ မမရယ်၊ ဘွားဘွားက သူငယ်ပြန်နေလို့ သူ့ဟာသူ ဆင်းသွားတာပါ။ သမီးလည်း ပတ်(တ်)ဝမ်းအောင်ထားတဲ့ ကျောင်းသူပါ။ မမကို ကူလို့ရရင် ကူပေးချင်ပါတယ်"

လက်ထောက်ဆရာဝန်မမက မျက်နှာအနည်းငယ် ပြေသွားသည်။

"ဪ... ကျောင်းပိတ်ထားလို့ အိမ်ပြန်လာတာလား"

"ဟုတ်ပါတယ်"

"ကြည့်ရတာ ညီမလေး မပြောနဲ့ မမတောင် မကူနိုင်တော့ဘူးထင်တယ်၊ ဒါမျိုးကို မမ မကျွမ်းဘူး။ ဟဲ့... အလုပ်သမား"

အလုပ်သမားတစ်ဦးက "ဟုတ်ကဲ့ ဒေါက်တာ"ဟု ထူး၍ ပြေးလာသည်။

"ဒေါက်တာရွှေသွေး သွားခေါ်စမ်း။ သူ ၈ နာရီဝင်ရမှာ၊ အခု ၇ နာရီပဲ ရှိသေးတယ်၊ ငါက အကူအညီလိုလို့ပါလို့ပြော၊ သူ လိုက်လာမှာပဲ"

အလုပ်သမားက"ဟုတ်ကဲ့"ဟုဆိုကာ ပြေးထွက်သွားသည်။ ဆရာဝန်မမက ပန်းမှုံ့ဘက်လှည့်၍ "သူက ချုပ်တာ သိပ်တော်တယ်၊ ဂျူတီစောဝင်ရတာတို့ သူများဂျူတီ ဝင်ပေးရတာ မျိုးတို့လည်း မျက်နှာတစ်ချက်မပျက်ဘူး။ သိပ်စိတ်ကောင်းရှိတာ"ဟု ဆိုသည်။

"ဒေါက်တာရွှေသွေး ဟုတ်လား"

ဆရာဝန်မမ ဖိထားသည့် ဂွမ်းစအောက်မှ စိမ့်ထွက်နေဆဲ ဘွားဘွား၏သွေးများကို ငေးကြည့်နေရင်းက ပန်းမှုံ တိုးတိုးကလေး ရေရွတ်မိသည်။ ဆရာဝန်မမက ရယ်သည်။

"သူ့နာမည်က ဒေါက်တာယဉ်သွေးပါ။ ကလေးအထူးကု ဘွဲ့လွန်ဝင်ခွင့်ဖြေမယ်ဆိုပြီး ကလေးဆောင်မှာပဲ အမြဲနေ၊ ကလေးတွေကို ခင်ခင်မင်မင်နေ၊ ကလေးတွေက သူ့ကို ချစ်ကြလွန်းလို့ "ဒေါက်တာရွှေသွေး"လို့ ဆေးရုံတစ်ခုလုံးက ခေါ်ကြတာ"

"ဒေါက်တာရေ လုပ်ပါဦး"

အမျိုးသမီး သူနာပြုအကူတစ်ဦး ပြေးဝင်လာပြန်သည်။

"ဘာဖြစ်ပြန်ပြီလဲ၊ ကလေးဆောင် အခုပဲ ချီးမွမ်းနေတုန်းရှိသေး"

ဆရာမကလေးက မေးခါသည်။

"ဒီတစ်ခါ တကယ်မလွယ်တာ ဒေါက်တာရေ၊ ကလေးတွေက ဘာမှမဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com


"ခွေးကောင် သေစမ်းကွာ"

ဒေါက်တာယဉ်သွေးက စားပွဲပေါ်မှ ကောက်ပေါက်စရာပစ္စည်း ရှာနေစဉ် ဒေါက်တာမင်းဦးက ရယ်မော၍ အခန်းအပြင် ပြေးထွက်သွားပါတော့၏။

(၃)

"ရည်းစားများတယ်တဲ့ဟ"

သူငယ်ချင်းဖြစ်သူက စာအတူကျက်နေရင်း ခေါင်းမော့မကြည့်ဘဲ တိုးတိုးပြောသည်။ မပန်းမှုံက ဆတ်ခနဲ မော့ကြည့်သည်။

"နင် ဘယ်သူ့ကို ပြောတာလဲ"

"နင့်ရွှေသွေးကြီးကို ပြောတာလေ၊ ငါ စုံစမ်းကြည့်ပြီးပြီ၊ ငါ့အစ်ကိုထက် တစ်တန်းကြီးက တက်သွားတာ၊ ကျောင်းတုန်းက စာတော်တာရော၊ သူများကို ကူညီတတ်တာရော၊ ရည်းစားများတာရော နာမည်ကြီးတဲ့"

မပန်းမှုံက မသိမသာဝေ့လာသော မျက်ရည်စများကို သူငယ်ချင်းများမမြင်အောင် ခေါင်းပြန်ငုံ့လိုက်ရင်း "စိတ်မဝင်စားပါဘူးဟာ၊ နင့် ဘယ်သူက စုံစမ်းခိုင်းလို့လဲ"ဟု အငေါ်တူးလိုက်သည်။

"စိတ်ဘယ်ဝင်စားမလဲ၊ ပန်းမှုံက စိုင်းထီးဆိုင်သီချင်း ဆိုချင်နေတာ"

တခြားသူငယ်ချင်းတစ်ယောက်က ဝင်စသည်။ "ဘာလဲ"ဟု တစ်ယောက်က ထောက်ပေးသည်။

"ကိုယ်ဟာ မင်းရဲ့ ပထမဆုံးမဖြစ်တောင်မှ ကိုယ်ဟာ မင်းရဲ့နောက်ဆုံးလူတော့ တကယ် ဖြစ်ပါရစေကွယ်"

"ကဲ ... ဖြစ်ဦး ... ဖြစ်ဦး"ဟု ဆိုကာ ပန်းမှုံက လက်ထဲကစာအုပ်နှင့် လှမ်းရိုက်တော့ အားလုံးဝိုင်းရယ်ကြသည်။

"တီချယ် သနားပါတယ်ဟယ်"

တစ်ယောက်က အဆက်အစပ်မရှိ ညည်းတွားသည်။ မပန်းမှုံ ပြန်၍ ငေးငိုင်သွားမိပြန်သည်။

(၄)

ညက ၁၂ နာရီ။

ဆရာကျော်ရှေ့တွင် ဆေးရုံတက် ကလေးလူနာငါးယောက် စမ်းသပ်ပြီး တန်းစီစောင့်


www.burmeseclassic.com

www.burmeseclassic.com



နေဆဲ၊ ဆရာကျော်ရော သူပါ ညစာမစားရသေး။ တဗွီဗွီမြည်နေသော ဗိုက်ကို မသိမသာ သတိထားမိရင်းက ဒေါက်တာယဉ်သွေး ဆရာကျော့်အနား မရဲတရဲ ချဉ်းကပ်သွားသည်။

"ဘာလဲဟ ကောင်လေး"

"ဆရာ ကလေးတစ်ယောက်လောက် ကြည့်ပေးမလား"

"ပြော··· ဘာဖြစ်လို့လဲ"

"ကိုရင်လေး ဆရာ၊ အသက် ရှစ်နှစ်ပဲရှိသေးတယ်။ ဘာမှမဖြစ်ဘဲ ရုတ်တရက် မျက်စိနှစ်ဖက်စလုံး ကွယ်သွားတာတဲ့၊ ကျွန်တော်လည်း အဲဒါမျိုး တစ်ခါမှမမြင်ဖူးဘူး"

ဆရာကျော်က ရေးလက်စ လူနာမှတ်တမ်းကိုချ၍ မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

"ငါလည်း မမြင်ဖူးဘူး၊ လက်တွေ ခြေတွေရော"

"အကောင်းပဲဆရာ၊ ကျွန်တော် ခေါက်ခဲ့လည်း ခေါက်ကြည့်ပြီးပြီ၊ သတိလည်း ကောင်းကောင်းရတယ်"

"မျက်စိထဲရော ကြည့်ပြီးပြီလား"

"ဖန်းဒပ်စ်လည်း နော်မယ်ပဲဆရာ၊ ပြူပယ်လ်လည်း နော်မယ်ပဲ"

"မင်း ဘာပြောလိုက်တယ်"

"ပြူပယ်လ် နော်မယ်လို့"

"ဒါဆို ပြဿနာက ကောတက်စ်(ဦးနှောက်)မှာကွ၊ ရုတ်တရက်ဖြစ်တာဆိုတော့ ဗက်စကျူလာ(သွေးကြော)ပဲ ဖြစ်ရမယ်။ မင်း သွေးပေါင်ချိန်ပြီးပြီလား"

"ဟာ··· အဲဒါ ကျန်သွားတယ်"

"ခွေးကောင်လေး··· သွားချိန်ချေ"

သွေးပေါင်သွားချိန်တော့ ကိုရင်ကလေး၏ သွေးပေါင်က ၁၇၀/၁၀၀၊ ဟုတ်ပါရဲ့၊ ခြေထောက်မှာလည်း အနာရွတ်ဗရပွနဲ့။ မျက်ခွံက မို့မို့ကလေးဖြစ်နေသည်။

ကျောက်ကပ်ရောင် သွေးတိုးရောက မျက်စိကွယ်သွားခြင်း။ သွေးပေါင်ကျစေရန် သောက်ဆေးများပေး၍ ဗိအားချ အကြောဆေးသွင်းလိုက်သည်။ တစ်နာရီအတွင်းမှာ မျက်လှည့်ပြလိုက်သလိုပင် ကိုရင်ကလေး မျက်စိပြန်မြင်သွားသည်။ ဝမ်းသာလုံးဆို့နေကြသော မိဘများက လက်ဖက်ရည်နှင့် မုန့်များ လာပေးသည်။ ဆရာကျော်က ရယ်သည်။

"ထမင်းစားဖို့လည်း အားတော့မယ်မထင်ဘူးကွာ၊ ဒါတွေနဲ့ပဲ တို့နှစ်ယောက် ညဘက် သွတ်စားကြစို့"

ထိုညက သူတို့နှစ်ယောက် အိပ်လည်း မအိပ်လိုက်ရပါ။ ကဝဘက်မှ ပီကော့ပီနံ့ညသုပ်



www.burmeseclassic.com

www.burmeseclassic.com



စာရေက အဆိပ်သင့်ပြီး မိသားတစ်စုအတွင်းမှ ကလေးလေးယောက် ဖြိုင်တူရောက်လာ၍ တစ်ညလုံး အစာအိမ်ဆေးနေကြရသည်။

ထိုကလေးလေးယောက်၏ အသက်ကို သူတို့ ကယ်လိုက်နိုင်သော်လည်း ကဝတွင် ကလေးကြီးတစ်ယောက် ဆုံးခဲ့ပြီးကြောင်း သိတော့ စိတ်မကောင်းဖြစ်ရပြန်သည်။ မနက် ၇ နာရီထိုးတော့ ဆရာကျော်က လူနာအစီရင်ခံစာ ရေးနေရာမှ စာအုပ်ကိုသိမ်း၍ ထသည်။

"လာ . . . ကောင်လေး။ ကင်တင်းသွားမယ်။ တို့ ညစာလွတ်ပြီးပြီ၊ မနက်စာ ထပ်လွတ်လို့ မဖြစ်ဘူး။ မင်းရော ငါရော ဒီမနက် ပြန်ရမှာမှမဟုတ်တာ"

"ဆရာကျော် သွားလေ၊ ကျွန်တော် ဒီပီလောပီနံ့အုပ်စု စိတ်မချလို့ စောင့်ကြည့်လိုက်ဦးမယ်။ သူတို့မှာ တစ်ယောက်ကလည်း ဆုံးထားတော့"

ဆရာကျော်က ရယ်သည်။

"ဟောက်စ်ဆာဂျင်နဲ့ ထားခဲ့စမ်းပါကွာ၊ မင်းကလေးတွေ ဘာမှမဖြစ်တော့ဘူး။ ငါ ဇက်ဖြတ်ကြေးတောင် လောင်းရဲတယ်"

"ဘာလို့လဲ ဆရာရဲ့"

"ဟကောင်ရ . . . ပီလောပီနံ့ဆိုတာ ဆိုင်ယာနိုက်အဆိပ်လေ၊ မင်း မေ့နေပြီလား။ သေစရာရှိ ချက်ချင်းသေတာ၊ ဟိုကဝမှာ သေတဲ့တစ်ယောက်က အဲဒါကြောင့် သေတာ၊ ဒီ ကလေးလေးယောက်က တစ်ညရှင်ပြီးပြီ။ သေစရာအကြောင်းမရှိတော့ဘူး"

"ဟုတ်သားပဲ၊ အေးဗျာ . . . အစကတည်းက မစားကြရင် ပြီးရော"

ဒေါက်တာယဉ်သွေးလည်း ပစ္စည်းသိမ်း၍ အလုပ်သင်ဆရာဝန်ကို မှာကြားပြီး ဆရာကျော်နှင့် အောက်ထပ်သို့ အတူဆင်းခဲ့ကြသည်။

"ဆရာကျော့်အမှုက ပြီးသွားပြီလား"

"ထင်ပါရဲ့ကွာ၊ ဘာမှမလာတော့ဘူး။ အပြစ်ရှိတယ်ဆုံးဖြတ်ရင် အနည်းဆုံး ပြင်းထန်စွာ သတိပေးလိုက်သည်တော့ လာမှာပေါ့"

"တော်သေးတာပေါ့၊ ဆရာကျော့်လို တက်ကြွတဲ့ဆရာတစ်ယောက် စိတ်ဓာတ်ကျစရာ ဖြစ်ရင် လူနာတွေနဲ့ ကျောင်းသားတွေပဲ နစ်နာမှာ"

ဆရာကျော်က ရယ်၍ "ငါ့စိတ်ဓာတ်ကလည်း ကျကိုမကျတတ်တာကွ" ဟု ပြောသည်။

"ဒါနဲ့ ဆရာကျော်က ဘာလို့ မပြန်တာလဲ၊ ဒီနေ့ စာသင်ချိန်တွေ ဖျက်ထားတယ်ဆို၊ ဟို တရုတ်ပြည်က ဗုဒ္ဓမြတ်စွယ်တော်ရောက်နေတာ သွားဖူးဖို့ ဆေးကျောင်းက ဘေးတွေ စီစဉ်ထားတယ်ဆို"

ဆရာကျော်က ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် မပြန်တာပေါ့ကွ၊ ငါလည်း သွားဖူးမလို့၊ ကိုယ့်ဟာကိုယ်သွားရင် ညအိပ်ပါ တန်းစီရတာ။ အခု ဆေးကျောင်းအစီအစဉ်နဲ့ကျတော့ ခဏပဲ စီရမှာ၊ မင်းပါ လိုက်ခဲ့"

"ရလို့လား ဆရာကျော်ရဲ့၊ ကျွန်တော်က ဆရာအစစ်မှ မဟုတ်တာ"

"ငါလည်း ဆရာအစစ်မဟုတ်ပါဘူးကွာ"

"နေ့တိုင်းသင်နေတာ ဆရာအစစ်မဟုတ်လို့"

ဆရာကျော်က ရယ်၍ "ငါ မေးပြီးပြီကွ၊ အစီအစဉ်က ကျောင်းသူကျောင်းသား တွေရယ်၊ ဆေးတက္ကသိုလ်(၁)က လခထုတ်တဲ့ ဆရာ၊ ဆရာမတွေရယ်ပဲ ပါတယ်တဲ့၊ ကလေးဆေးရုံကြီးကနေ လခထုတ်ပြီးစာတော့သင်ပေးရတဲ့ဆရာတွေလိုက်ခဲ့လို့မရဘူးတဲ့၊ လူဦးရေ ကန့်သတ်ထားတယ်တဲ့"ဟု ပြောသည်။

"ဒါဆို"

"ကျောင်းသားလိုက်လုပ်မလို့ကွ။ ငါ့တပည့်တွေက ဆေးတက္ကသိုလ်(၁) ဗုဒ္ဓဘာသာ အသင်းက ဖဲပြားတံဆိပ်တွေ ငါ့ပေးထားတယ်။ အဲဒါ ဆရာကားနဲ့ လိုက်မသွားဘဲ ကျောင်းသူကျောင်းသားကားနဲ့ ရောလိုက်သွားမလို့၊ ငါ ၃၃ နှစ်တောင် ကျောင်းသားဂိုက်ဖမ်း လို့ရရင် မင်း ၂၉ နှစ်က ရတာပေါ့။ အဲဒါ ငါနဲ့လိုက်ခဲ့၊ ကလေးတွေက မင်းနဲ့လည်း ခင်ပြီးသားပဲ၊ အတန်းမရှိဘူး မဟုတ်လား"

ဒေါက်တာယဉ်သွေး ခေါင်းညိတ်၍ "အင်းလေ . . . ကျွန်တော်တို့ကို သင်မယ့် ဆရာတွေလည်း ပါသွားမှာဆိုတော့"ဟု ဖြေသည်။

(၅)

"အစ်ကိုက ကလေးဆေးရုံကလား"

ဆေးတက္ကသိုလ်က စီစဉ်ထားသော ဟီးနိုးကားကြီးပေါ်တွင် ကျောင်းသား၊ ကျောင်းသူ များအကြား ဆရာကျော်နှင့် ဘေးချင်းယှဉ်ထိုင်နေစဉ် တစ်ခါမှ မမြင်ဖူးသော ကျောင်းသူ ကလေးတစ်ယောက်က လာမေးသည်။ ဆရာကျော်က ပြတင်းပေါက်ဘက်လှည့်၍ တိုးတိုး ကြိတ်ရယ်သည်။

"ဟုတ်ပါတယ်"

"ပတ်(တ်)တူးတွေ ညနေ လက်ချာရှိလားဟင်"

"အဲဒါတော့ သေသေချာချာ မသိဘူး"

"ဟင် . . . အစ်ကိုက ပတ်(တ်)တူးက မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာယဉ်သွေး ဘာပြန်ဖြေရမှန်းမသိခင်တွင် သူ့နောက်တည့်တည့်ခုံမှ မိန်းကလေးသံတစ်သံ ပေါ်လာသည်။

"ဟဲ့ . . . မိစိုး ဒါ တို့ဆရာဟဲ့။ တို့နဲ့အတူ စွယ်တော်ဖူးချင်လို့ လိုက်လာတာ၊ ကျောင်းသားမဟုတ်ဘူး"

လှည့်ကြည့်တော့ ရင်းနှီးပြီးသား မျက်ဝန်းကလေးတစ်စုံကို တွေ့ရသည်။

"ဩော် . . . ပန်းမှူ"

ရှေ့တည့်တည့်က မိစိုးဆိုသည့် ကျောင်းသူကလေးကတော့ လက်အုပ်ကလေးချီ၍ "ကန်တော့နော် ဆရာ၊ ကန်တော့၊ ဆရာ့ကို ငယ်တယ်ထင်နေလို့"ဟု အားတုံ့အားနာ ဆိုသည်။

"ရပါတယ်၊ တို့ကလည်း ကျောင်းသားယောင်ဆောင် လာတာပဲဥစ္စာ"ဟု ဖြေလိုက်သည်။

"ကဲ . . . နစ်ယောက်တစ်တွဲ ဆင်းကြပါတဲ့၊ နစ်ယောက်တစ်တွဲ တန်းစီဝင်ပြီး ဖူးရမယ်တဲ့၊ ဆရာကျော်နဲ့ ငါနဲ့ တွဲမယ်၊ ဆရာသွေးနဲ့ ဘယ်သူတွဲမလဲ"

ဗုဒ္ဓဘာသာအသင်းဝင် အမှုဆောင်ကျောင်းသားက လောဆော်သည်။ ယောင်ချာချာနှင့် နောက်ပြန်လှည့်ကြည့်တော့ မပန်းမှူက ပြုံး၍ ခေါင်းညိတ်ပြသည်။

(၆)

"သင်ကြားရေးတွင်ရော ကုသရေးတွင်ပါ ထူးချွန်၍ အများအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သော ကလေးအထူးကုဆရာဝန်ကြီးတစ်ဦး ဖြစ်ရပါလို၏ဘုရား"

ညိုမောင်းမောင်းရောင်ခြည်တော်ရှိသည့်ဗုဒ္ဓမြတ်စွယ်တော်ကိုဦးခိုက်ရင်းဒေါက်တာယဉ်သွေး ဆုတောင်းလိုက်သည်။

လောကီရေးရာဆုမို့ တောင်းကောင်း၏။ မတောင်းကောင်း၏တော့ သေသေချာချာ မသိ၊ ဘေးလှည့်ကြည့်တော့ မပန်းမှူဆိုသည့် ဆေးကျောင်းသူလုလုကလေးသည် မျက်လုံးနစ်ဖက်မှိတ် လက်အုပ်ချီလျက်က ငြိမ်သက်စွာ ဆုတောင်းနေပါသည်။

(၇)

"ပန်းမှူ ပြောဆိုဟာ"

သူငယ်ချင်းမက စိတ်မရှည်ဟန်ဖြင့် ဆောင့်သည်။

မပန်းမှူက ရယ်၍ "ငါ့ဆုတောင်းက ငါ့လျှို့ဝှက်ချက်ပဲ၊ ငါပြောချင်မှ ပြောမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုသည်။

"နှင်နဲ့ ငါတို့ကြားမှာ လျှို့ဝှက်စရာ ရှိလို့လား။ နှင် သိပ်မရှေးမကိုင်နဲ့၊ ပြောချင်ပြော မပြောချင်နေ"

နောက်သူငယ်ချင်းတစ်ဦးက အတည်ပေါက်နှင့် ဝင်ပောက်သည်။ ပန်းမှုံ မျက်နှာကလေး မချိုမချဉ် လုပ်ပြလိုက်သည်။

"ငါပြောပြရင် ဒီသုံးယောက်ကလွဲပြီး ဘယ်သူမှ မသိကြေး"

"စိတ်ချ"

"ငါ့ကိုလည်း မဆူရဘူး"

"ဘာဖြစ်၊ အေး... ရတယ်၊ မဆူဘူး"

ပန်းမှုံ မျက်နှာကလေးတည်သွားသည်။ လှပသော မျက်ဝန်းတစ်စုံမှာ ဆွေးမြည့်ရိပ် ပေါ်လာသည်။

"ငါလေ အခု အတူတူဖူးနေတဲ့သူနဲ့ တန်ခိုးကြီးဘုရားပေါင်းများစွာကို တစ်ဘဝလုံး မကြာခဏ အတူတူဖူးခွင့်ရပါလို၏လို့ ဆုတောင်းလိုက်တာဟ"

သူငယ်ချင်းများအားလုံး ကြက်သေသေသွားသည်။ အတော်ကြာအောင် စကားမဆို နိုင်ကြ။

ပထမဦးဆုံး စ၍ သက်ဝင်လှုပ်ရှားလာသူက မပန်းမှုံ၏ ပခုံးကလေးကို ဖွဖွဖက်လိုက် သည်။ မျက်တောင်ဖျားတွင် တွယ်ကပ်စပြုလာသော မျက်ရည်စကလေးကို တစ်ရှူးကလေး နှင့် ဖွဖွသုတ်ပေးသည်။

"ပန်းမှုံရယ်... နှင် တကယ်ပဲပေါ့နော်၊ ငါတို့အားလုံးက နှင် ရယ်စရာ မောစရာ ပြောနေတယ်မှတ်နေကြတာ၊ ခုတော့ဟယ်"

မပန်းမှုံ ဘာမှပြန်မဖြေပါ။

❒

www.burmeseclassic.com

www.burmeseclassic.com



# ၅

## ရင်တွေခုန်နေသည်

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ
# ရွှေစေသွေးနှင့်
မပန်းမှုံ

ရင် တွေ ခုန် နေ သည်



ပန်း ၊ ရှိသိန်း • ရွှေကြည် 2012

www.burmeseclassic.com

www.burmeseclassic.com



# ရင်တွေခုန်နေသည်

(၁)

"ရန်အောင်"

"ရှိပါတယ်"

"ရဲအောင်"

"ရှိပါတယ်"

"မိုးမိုးမြင့်အောင်"

"ရှိပါတယ်"

"ပြေငြိမ်း"

"ရှိပါတယ်"

"မော မောရစ်"

ဒေါက်တာယဉ်သွေး မိမိမျက်စိကို မိမိ မယုံနိုင်သလို ကလေးနာမည်စာရင်းကို တစ် ခေါက် ပြန်ဖတ်မိသည်။ မြစ်ဝကျွန်းပေါ်မြို့ကလေးတစ်မြို့ ၏ ဆင်ခြေဖုံးရှိ ရွာကလေး တစ်ရွာတွင် ဒေါက်တာယဉ်သွေး ရောက်ရှိနေတာပါ။ ကိစ္စကတော့ သူ့ဆေးပညာမဟာဘွဲ့ (ကလေးကျန်းမာရေးပညာ) ဘွဲ့ လွှန်ကျမ်းငယ်အတွက် ကွင်းဆင်း သုတေသနပြုနေတာပါ။

ပညာတတ် မိဘမရှိသလောက် နည်းပါးသောရွာမို့ ကလေးတွေကို နာမည်မှည့်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးအဖေတစ်ယောက် အရက်မူးဝင်လာပြီး လူနာစောင့်နေတဲ့ သူမိန်းမကို လိုမ့်ရိုက်နေလို့"

ပန်းမှုံ သူ့ရင်ဘတ်ကို သူ ဖိမိသည်။ ဘုရားရေ ဒါ ငါ နောက်နှစ်နှစ်ကြာရင် ရင်ဆိုင်ရမယ့် ပြဿနာတွေတဲ့လား။ ဆရာဝန်လုပ်ချင်မိတာ မှားပြီနဲ့တူတယ်။

"ဘာဖြစ်လို့တဲ့လဲ"

"သူပြန်လာတာကို ထမင်းအဆင်သင့်ခူးမထားလို့တဲ့၊ အိမ်နီးချင်းတွေမေးကြည့်တော့ ကလေးနေမကောင်းလို့ဆေးရုံသွားတက်နေတယ်လို့ ပြောတော့ လိုက်လာတာတဲ့၊ အမေကို ရိုက်နက်ပြီး အခု အိမ်ပြန်လိုက်ခဲ့လို့ ပြောနေတယ်"

"အမေကရော"

"ငြိမ်ခံနေတယ်၊ ယောက်ျားတော်တော်ကြောက်ရပုံပဲ၊ ကလေးက ဝမ်းသွားတာ သိပ်မကောင်းသေးဘူး။ အကြောဆေးကြီးတန်းလန်းနဲ့"

"ဘယ်တတ်နိုင်မလဲ၊ သူတို့ပြဿနာ ဆေးရုံကတော့ ရှင်းမပေးနိုင်ဘူး။ လက်မှတ်ထိုးခိုင်းပြီးပေးပြန်လိုက်"

ဆရာဝန်မပြောတာမှန်ပေမယ့် ဝမ်းပျက်ဝမ်းလျှော မသက်သာသေးတဲ့ ကလေးငယ်ကို မြင်ယောင်ကြည့်ရင်းက ပန်းမှုံစိတ်ထဲတွင် ထင့်သွားမိသည်။

"ဒေါက်တာ လူကြီးဆောင်က တစ်ယောက်ကလည်း လက်မှတ်ထိုးဆင်းချင်လို့တဲ့"

နောက်ဆရာမတစ်ဦးက ဝင်လာပြောသည်။

"ဖြစ်ရပြန်ပြီ၊ ဘာဖြစ်လို့လဲ"

"ဝမ်းသွားတာ နှစ်ရက်ရှိပြီ၊ မသက်သာလို့ အပြင်မှာပဲ သွားကုတော့မယ်တဲ့"

"အောင်မယ်... လူပါးကဝကြပြန်ပြီ၊ ပြန်ပါစေ၊ လက်မှတ်သာ ထိုးခိုင်းလိုက်"

"ဟုတ်ကဲ့"

ဆရာဝန်မမ ပခုံးတွန့်၍ သက်ပြင်းချသည်။ ပန်းမှုံလည်း လိုက်သက်ပြင်းချမိသည်။ ဘုရား... ဘုရား။ လက်တွေ့ဘဝက ဆရာဝန်တွေကျင်လည်နေရသည်မှာ ရုပ်ရှင်ဝတ္ထုတွေထဲက ဆရာဝန်တွေနှင့် တခြားစီပါလား။

"ဘာတွေဖြစ်နေကြတာလဲ အစ်မရဲ့"

တည်ငြိမ်အေးဆေးသော ယောက်ျားသံတစ်သံ အနီးမှ ပေါ်လာသဖြင့် ပန်းမှုံ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ငြိမ်သက်ကြည်လင်နေသော ကန်ရေပြင်နှင့်တူသည့် မျက်ဝန်းတစ်စုံကို မက်ပင်းတိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဦးနှောက်ခြောက်ခံ စဉ်းစားမနေဘဲ ကြည့်ဖူးရာ မြန်မာရုပ်ရှင်ဇာတ်ကားတို့မှ မင်းသား၊ မင်းသမီးနာမည်များကို အလွယ်ပေးတတ်ကြောင်း မနေ့ကရောက်ခဲ့သော ရွာကတည်းက သိပြီးပြီ ရန်အောင်၊ ရဲအောင်၊ မိုးမိုးမြင့်အောင်၊ ပြေငြိမ်း။ သည်နာမည်များကို သူ့အတွက် အံ့ဩစရာမဟုတ်ခဲ့ပေမဲ့ သည်နာမည်တစ်ခုက တော်တော်ထူးဆန်းနေသည်။

"မောရစ်ကောလစ်"

"ရှိပါတယ်"

နှမ်းနှမ်းပါးပါးပုံစံ ကလေးအမေတစ်ဦးက ဖြေသည်။ သူ့ရင်ခွင်ထဲမှာ အင်္ကျီမပါဘဲ ဆောင်းဘီကြေးလက်လေးသစ်နှင့် ခွေဝင်အိပ်ရင်းက အမေ့နို့ကို စို့နေသော ခေါင်းတုံးနှင့် သည်တစ်နှစ်ကျော်ကျော်အရွယ် ကလေးငယ်သည် "နေမဝင်ဘုရင်များ"အမည်ရှိ ကမ္ဘာကျော်စာအုပ်ကို ရေးခဲ့သည့် စာရေးဆရာမောရစ်ကောလစ်တော့ မဖြစ်နိုင်တာ သေချာလှသည်။

"အသက်က တစ်နှစ်ခွဲနော်"

"ကျော်ပြီပေါ့၊ တစ်နှစ်၊ တစ်နှစ်ခွဲပဲ ရေးလိုက်လေ"

"မွေးနေ့ မမှတ်မိဘူးလား"

"ကျွန်မက စာမတတ်ဘူး။ သူ့အဖေပဲ မှတ်ထားတာ၊ သူ့အဖေလာမှ မေး"

"သူ့အဖေက လာမှာလား"

"အိမ်တော့ ပြန်လာမှာပေါ့"

"မဟုတ်ဘူးလေ၊ ဒီကိုပြောတာ"

သူတို့တစ်တွေ ရွာမူလတန်းကျောင်းကလေးတွင် စုဝေးနေကြခြင်း ဖြစ်သည်။

"ဒီ... ဒီတော့ ဘယ်လာမလဲ"

"ဘယ်သွားလို့လဲ"

"တံငါပဲ၊ ရေထဲသွားတာပေါ့"

ဒေါက်တာယဉ်သွေးနှင့် ကလေးအမေ အမေးအဖြေလုပ်နေကြသည်ကို နားထောင်၍ ဆေးသုတေသနဦးစီးဌာနမှ ပါလာသော ကွင်းဆင်းဓာတ်ခွဲကျွမ်းကျင် ယောက်ျားလေး တစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ ဟန်မဆောင်နိုင်ဘဲ အသံထွက် ရယ်မောနေကြပါသည်။

"မောရစ်ကောလစ်ဆိုတဲ့ နာမည် သူ့အဖေ ပေးတာလား"

"ဟုတ်တယ်"

"ဘာလူမျိုးလဲ"

"မြန်မာပါပဲ၊ ကျွန်မတောင် ပြောသေးတယ်။ ရှင့်ဟာကြီးက ဘာကြီးမှန်းလည်းမသိဘူးလို့၊



www.burmeseclassic.com

www.burmeseclassic.com



သူက သူသိပ်ကြိုက်တဲ့ စာရေးဆရာလို့ ပြောတာပဲ"

"သူက ပညာ ဘယ်လောက်တတ်သလဲ"

"ကျောင်းကြီးတော့ တက်တယ်ပြောတာပဲ၊ အတန်းတော့ ကျွန်မလည်း မသိ"

ရှာခံ အရန်သားဖွားဆရာမကလေးက ရယ်မောနေရာက မနေနိုင်တော့ဘဲ "ကိုအေးသောင်းက စာပေးစာယူနဲ့ ဘွဲ့ရပြီးသား။ စာတော့ သိပ်ဖတ်တာ၊ အိမ်မှာ သူစုထားတဲ့ စာအုပ်ဟောင်းတွေဆို အများကြီးပဲ၊ သမီးတို့တောင် သွားသွားငှားဖတ်သေးတယ်။ ဒီကလေးက သမီးပဲ မွေးပေးထားတာ၊ ကလေးမွေးနေ့ သမီးစာအုပ်ထဲမှာ မှတ်ထားတာ ရှိပါတယ်"ဟု ဝင်အဖြေပေးသည်။

"ဟူး. . . တော်သေးတာပေါ့"

ဆေးသုတေသနဦးစီးဌာနမှ ပါလာသော ခါတ်ခွဲကျွမ်းကျင် ယောက်ျားကလေး တစ်ဦးက ရယ်မောနေရာက "ဆရာသွေး နက်ဖြန်ဆိုရင်တော့ သက်သာပါပြီ။ အစာကြေ ရင်ချောင်တောင် ဖြစ်သွားဦးမယ်"

"ဘာလို့လဲ"

"ဟာ. . . ဆရာ မသိသေးဘူးလား။ ဆေး(၁)က နောက်ဆုံးနှစ် အပိုင်း(က) ကျောင်းသား၊ ကျောင်းသူတွေ ကွင်းဆင်းရောက်လာမယ်လေ။ မြို့နယ်ဆရာဝန်ကြီးက မနက်ဖြန်တော့ ကျွန်တော်တို့နဲ့ ထည့်ပေးလိုက်မယ်တဲ့၊ ဆရာသွေး စာရင်းကောက်တာ တွေလည်း သူတို့ ကူလုပ်ရင်းက ရွာက ကျေးလက်ကျန်းမာရေးဌာန လုပ်ငန်းတွေလည်း လေ့လာပါစေတဲ့။ နက်ဖြန် ကျွန်တော်တို့က "ကျုံဒါး"ကူးမှာဆိုတော့ "ကျုံဒါး"က သွားစောင့်၊ ဆရာသွေးတော့ အဖော်လည်းရ၊ ဆေးကျောင်းသူလှလှလေးတွေပါရင် ရင်လည်းချောင်၊ မကောင်းဘူးလား"

ဓာတ်ခွဲကျွမ်းကျင် မိန်းကလေးက မျက်စောင်းထိုး၍ "ပြောတော့ ဆရာသွေး ပြီးတော့ သူပဲ ငမ်းနေမှာ"ဟု ဆိုသည်။

နောက်ဆုံးနှစ် အပိုင်း(က)။

မျက်ဝန်းလှလှကလေးတစ်စုံကို ဒေါက်တာယဉ်သွေး ပြေးသတိရမိသည်။ နာမည် လည်း လှလှကလေးပါ။ ဘာတဲ့ မပန်းမွှံ၊ ဟုတ်တယ်။ သူတို့အုပ်စု ဆေးရုံပြောင်းသွား ကတည်းက မဆုံဖြစ်တာ နှစ်လလောက်တော့ ရှိပြီထင်သည်။ နောင်နှစ်ဆန်းအထိလည်း ဆုံစရာအကြောင်း မရှိတော့။ ဒါတောင် သည်မျက်ဝန်းကလေးတွေကို တစ်ချက်တစ်ချက် သတိရနေမိသေးသည်။ အဓိကကတော့ သည်မျက်ဝန်းကလေးတွေထဲက သိပ် ထူးဆန်းသည့် ရင်းနှီးနွေးထွေးမှုကိုပါ။



www.burmeseclassic.com

www.burmeseclassic.com

တော် . . . တော် . . . ယဉ်သွေး၊ မင်း မငယ်တော့ဘူး။ ငယ်ငယ်တုန်းကလို မိန်းမလှကလေးတစ်ယောက် အနားမှာရှိတာကို သာယာနေတတ်တဲ့ စိတ်တွေ ပျောက်တော့။

သူကလေးကလည်း ကြည့်ရတာ အတော်ဖြူစင်ပုံရသည်။ အို . . . ဒါကလည်း ငါနဲ့ ဘာဆိုင်လို့လဲ။ ခုအချိန်မှာ ဘွဲ့လွန်ရပြီး ကလေးအထူးကုဆရာဝန်ဖြစ်ဖို့က အဓိက၊ အဝလက်တွဲဖော်ဆိုတာက ရေစက်ပါတဲ့ မိန်းကလေး သူ့ဟာသူ အကြောင်းမျိုးစုံ တိုက်ဆိုင်ပြီး အနားကိုရောက်လာတတ်တာမျိုး၊ ငယ်ငယ်ကလို တွေ့သမျှ မိန်းမလှ ကလေးတွေနဲ့ ရင်းနှီးခင်မင်ပစ်တတ်တဲ့ အလေ့အထတော့ ပျောက်တော့မှ။

"မောင်ရေချမ်း"

"ရှိပါတယ်"

ရေစက်အကြောင်း စဉ်းစားမိန်းမောနေရာက စောစော ခုတ်ခွဲကျွမ်းကျင်ယောက်ျား ကလေး ကုန်းအော်လိုက်သောအသံကြောင့် ဒေါက်တာယဉ်သွေး လန့်၍တုန်တက် သွားသည်။ ပြီးမှ အရက်ပြေ "ဒါကျတော့ မင်းသား နာမည်၊ စာရေးဆရာ နာမည် မဟုတ်ပါလား"ဟု ပြောရသည်။

(၂)

သင်္ဘောငယ်က လှုပ်သွားသဖြင့် ရေလှိုင်းများက ကျောက်ကမ်းပါးယံကို ပြေးရိုက် သည်။ ရေစက်ကလေးများ လွင့်စဉ်လာတော့ သင်္ဘောငယ်ပေါ်မှဆင်းဖို့ ထိပ်ဆုံးက ရပ်စောင့်နေသည့် မပန်းမွှံကို ပြေးစင်သည်။

"ဟဲ့ . . . ပန်းမွှံ၊ သတိထား"

ဟုတ်ပါရဲ့။

သင်္ဘောကလည်း နာမည်ကသာ သင်္ဘော၊ အရွယ်အစားက ပဲ့ချိတ်သာသာရှိသည်။ သင်္ဘောပေါ်မှ ကမ်းပါးယံဆီသွားရမည့်လမ်းက ဝါးလုံးသုံးလုံးကို မညီမညာ ကချော်ကချွတ် တန်းထားသော တံတားကလေး။ ဘေးတွင်တော့ ဝါးလုံးရှည်တစ်လုံးကို လက်ရန်း သဘော မျိုး တန်းပေးထားပါရဲ့။ လေက တဟူးဟူးတိုက်နေပြီး အောက် ရေပြင်နှင့်ဝါးလုံးက အဝေးကြီးမို့ ကြည့်ရတာနှင့် အသည်းထိတ်စရာ၊ အောက်က ရေကတော့ နက်၊ မနက် မသိ။ ကလေးငယ်များကတော့ ဖင်အပြောင်သားနှင့် ရွှံ့ရောင်ပေါက်နေသည့် ရေထဲတွင် ကူးခတ်နေကြသည်။ "လူကြီးတွေတော့ မပါလောက်ပါဘူးနော်၊ ငါကထဘီနဲ့ သူတို့အပေါ်က လျှောက်ရဦးမှာ"ဟုလည်း မလုံမလဲ တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမှုံ့ ဦးထုပ်မှာ မေးကြိုးရှိသလား"

နောက်က "သတိုး" လှမ်းမေးသံကို ကြားရ၍ လှည့်ကြည့်ပြီး ခေါင်းခါပြမိသည်။ မပန်းမှုံက နေပူဒဏ်ခံနိုင်ရန် နီးဦးထုပ်ဖြူ ဆောင်းထားပါသည်။

"ကြိုးမပါရင် လေတိုက်ရင် လွင့်တတ်တယ်။ လွင့်ရင် ယောင်ပြီး လှမ်းမဆွဲနဲ့နော်၊ လွင့်ပါစေ။ တော်ကြာ အရှိန်လွန်ပြီး အောက်ကျမှာစိုးလို့"

"ဟဲ့ ··· သတိုး။ ငါ့နှာမည် နှယ်နီနော်၊ ငါ့ဦးထုပ်မှာလည်း မေးကြိုးမပါဘူး။ သိလား"

မပန်းမှုံ့နောက်က ကပ်လျက်ရပ်နေသော သူငယ်ချင်းမကလေးက လှည့်၍ အငေါ်တူး တော့ သူငယ်ချင်းရှစ်ယောက်စလုံး သံပြိုင်ရယ်မိကြသည်။ မပန်းမှုံကတော့ ရှက်ပြုံးကလေး ပြုံးရင်း သည်ခရီးမထွက်မီက နှယ်နီပြောခဲ့သော စကားကို ဖျတ်ခနဲ ပြေးသတိရမိသည်။

"ပန်းမှုံ··· နင် ဘာမှ အူကြောင်ကြောင်လုပ်မနေနဲ့၊ ပီအက်စ်အမ်ဌာနက တို့ကို မိန်းကလေးရှစ်ယောက်အဖွဲ့ ပေးဖွဲ့မှာလည်း မဟုတ်ဘူး။ ဟိုကောင် သတိုးက သူ့ဟာသူ သူ့ကို ဝိုင်းခေါ်တဲ့အဖွဲ့တွေ ရှိပြီးသား။ နင် အုပ်စုဖွဲ့တာက ယောကျ်ားလေးမပါလို့ ပြဿနာ ဖြစ်နေမယ်မှန်းသိလို့ နင့်မျက်နှာနဲ့ လာပေါင်းတာ၊ နင်ကပဲ အင်တင်တင်လုပ်ရသေးတယ်"

"ဟဲ့··· မပြေလည်တာတော့ မပြေလည်ဘူးပေါ့။ ဒါပေမဲ့ ကိုယ့်ကို ရည်းစားစကား ပြောထားပြီး ကိုယ်ငြင်းထားတဲ့လူက ကိုယ်နဲ့ အဖွဲ့ဖွဲ့ ချင်ပါတယ်ပြောတာ လက်ခံလိုက်ရင် ဒီကွင်းဆင်းတဲ့ကိစ္စလည်း သမီးရည်းစားအတွဲတွေ ထွက်လွန်းလို့ ဌာနမှူးကိုတောင် ဖူးစာရေးနတ်ကြီးလို့ ခေါ်ခေါ်နေကြတာ၊ ငါက သိသိကြီးနဲ့ လက်ခံလိုက်တော့ သူ့ကို ဆက် လိုက်ခွင့် ပေးလိုက်သလို မနေဘူးလား"

"နေပေါ့··· ဘာဖြစ်လဲ၊ နင် အဖြေပေးသေးတာမှ မဟုတ်တာ၊ လိုက်ပါစေ၊ ငါတို့ လည်းပါတာပဲ။ သတိုးကလည်း နင့်ကို ဒီလောက်ကြွေတာ၊ ဒီလောက် တန်ဖိုးထားတာ နင် ဣန္ဒြေပျက်မယ့်ကိစ္စ ဘာလုပ်မှာတဲ့လဲ"

"နင့်ပုံစံကလည်း သတိုးကိုပဲ ငါနဲ့ သဘောတူနေသလိုပဲ"

"တူတယ်ဟေ့ · · · တူတယ်။ နင့်ရွှေဒေသွကြီးက အသက်ကလည်း ကြီးသေး ရည်းစားလည်း များသေး။ နင့်ကိုလည်း ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်၊ အခုပဲ မတွေ့တာ နှစ်လလောက်ရှိနေပြီ။ ဝေးလက်စနဲ့မေ့ပစ်လိုက်တော့၊ ငါတို့ကတော့ သတိုးပဲ သဘောကျတယ်"

"အေး··· အဲဒါဆို နင်ယူလိုက်"

ယခုလည်း သတိုးက လေးသောအထုပ်အပိုးများ သွားသယ်နေခိုက် မပန်းမှုံ့အမှတ် တမဲ့ ထွက်လာခဲ့ဖြစ်၍ ရှေ့ဆုံး ရောက်သွားခြင်းပါ။ အဲဒါကို စိတ်ပူ၍ နောက်က လိုက်

www.burmeseclassic.com



သတိပေးနေပြန်သဖြင့် နွယ်နီက စခြင်းဖြစ်သည်။

တံတားလေးပေါ် စလျှောက်လိုက်တော့ သုံးလုံးတည်းသော ဝါးလုံးတို့က ကျိုးကျိုးကျည် ကျည်မြည်၍ ဘေးဘယ်ညာသို့ လိမ်မျှောနေကြတော့ မပန်းမှုံ ဟန်ချက်က မနိုင်ချင်၊ လေကလည်း ထဘီကလေး တဖျပ်ဖျပ်ခါအောင် တဟူးဟူးတိုက်သည်။ သတိုး သတိပေးစကားကို အမှတ်ရစွာဖြင့် ခေါင်းက တဖျပ်ဖျပ်ခါနေသော ဦးထုပ်ကို မသိချင် ဟန်ဆောင်၍ ဆက်လျှောက်ခဲ့သည်။ တံတားအလယ်လောက်အရောက်တွင်တော့ သတိုးခန့်မှန်းသလိုပင် ဦးထုပ်က လေထဲတွင် ပါသွားသည်။ ရေထဲပြုတ်ကျသွားသော ဦးထုပ်ကို တပေါးပေါးအော်၍ ကလေးများ ဝိုင်းလုကြသည်။

"ပန်းမှုံ သတိထား··· ရှေ့ကိုပဲ ကြည့်"

သတိုးက လှမ်းအော်နေသည်။ မပန်းမှုံ ရှေ့ကိုလှမ်းကြည့်တော့ ကျောက်ကမ်းပါးယံဆီ ခုန်ကူးနိုင်လောက်အောင် မနီးသေး၊ ဝါးလုံးသုံးလုံးနှင့် တံတားပင် အလယ်မှာ တစ်ကွေးစာ ကွေးနေသေးသည်။ ဒူးတုန်တုန်နှင့်ပင် ရှေ့ဆက်လျှောက်ခဲ့သည်။ ကမ်းပါးစွန်းကို မြင်သည့် အချိန်ကျတော့ မအောင့်နိုင်တော့ဘဲ လက်လွှတ်ခြေလွှတ် ခုန်တက်လိုက်သည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားပြီးမှ မြဲမြံသော လက်တစ်ဖက်က မိမိလက်ဖျံကို ဖမ်းဆွဲဆုပ်ကိုင်ပေးထား ပြီးသား ကမ်းပါးစွန်းတွင် ရပ်နေမိသည်ကို တွေ့ရသည်။ မိမိလက်ကို ဖမ်းဆွဲပေးသူကို ကျေးဇူးတင်စွာဖြင့် မော့ကြည့်လိုက်သည်။ တည်ငြိမ်၍ ကြည်လင်သော ကန်ရေပြင်နှင့် တူသည့် မျက်လုံးတစ်စုံနှင့် ပက်ပင်းတိုးမိသည်။

"ဆရာ"

ပါးစပ်က သည်လိုခေါ်လိုက်မိသည် ထင်၏။ အသံတော့ ထွက်မလာ။

(၃)

ပြုတ်ကျလုဆဲဆဲဖြစ်တာကို လန့်၍ခုန်သည့်ရင်ပင်ပေပဲလား။ ဘယ်လိုမှ မမျှော်လင့် ထားသည့်နေရာ၊ ဘယ်လိုမှ မမျှော်လင့်ထားသည့်အချိန်တွင် အမြဲတမ်း တွေ့ချင် နေခဲ့သည့်သူကို ရုတ်တရက်တွေ့လိုက်ရ၍ ကြည်နူးရွှင်လန်းစွာခုန်သည့်ရင်ပေပဲလားတော့ မသိ။

ကျေးလက်ကျန်းမာရေးဌာနတွင် သူငယ်ချင်းအားလုံးရော၊ ဒေါက်တာယဉ်သွေးနှင့် ဆေးသုတေသနအဖွဲ့ဝင်အားလုံးပါ ထိုင်မိသည့်အချိန်အထိ မပန်းမှုံ ရင်တွေ တဒိုင်းဒိုင်း ခုန်နေဆဲ၊ နွယ်နီကပင် မပန်းမှုံနား တိုးတိုးကပ်၍ "မိန်းမရယ် ငါ ဖျက်ဆီးလို့သည်း ဖျက်တော့မှာမဟုတ် ဘူးနဲ့တူတယ်။ နင်တို့ရေစက်က ဆုံဆုံနိုင်လွန်းတယ်" ဟု ပြောသည်။

www.burmeseclassic.com



ဒေါက်တာယဉ်သွေးက ရေနွေးကြမ်းကရားကိုကိုင်၍ ပန်းကန်လုံးကလေးများထဲသို့ တစ်လုံးစီထည့်ပေးရင်တစ်ယောက်ချင်းကမ်းပေးနေသည်။ဂနာမငြိမ်သောရင်ကိုသက်ပြင်း တစ်ချက်ဖြင့် တည်ငြိမ်အောင်ကြိုးစားရင်း မပန်းမွှ နေရာမှထ၍ ဒေါက်တာယဉ်သွေးနား ဝင်ထိုင်ပြီး ရေနွေးကြမ်းပန်းကန်ကို လှမ်းယူလိုက်သည်။

"ဆရာက ပန်းမွှကို တံတားပေါ်မှာကတည်းက မှတ်မိနေတာလား"

ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဝီအက်စ်အမ်ယူနီဖောင်းဂျာကင်ကြီးလည်းဝတ်ထား။ဦးထုပ်ကြီးလည်းဆောင်းထား။ ဖရိုဖရဲနဲ့ ဆရာ ဘယ်လိုလုပ်မှတ်မိလဲ"

ဒေါက်တာယဉ်သွေးက တိုးတိုးရယ်သည်။

"ပြောရင်တော့ ယုံပါ့မလားမသိဘူး။ ကွင်းဆင်းတဲ့ ဆေးကျောင်းသား၊ ကျောင်းသူတွေ လာမယ်ဆိုကတည်းက မပန်းမွှတို့များ ဖြစ်မလားတော့ မသိဘူးလို့ တွေးနေမိတာ၊ အဲဒါနဲ့ သွားကြိုမယ့်အဖွဲ့ကို "နေဦး··· ငါပါလိုက်မယ်"ဆိုပြီး လိုက်လာကြည့်တာ၊ ရှေ့ဆုံးက မပန်းမွှဆင်းလာတော့ တန်းသိတာပေါ့။ ကျမလို··· ကျမလို ဖြစ်နေတာလည်းတွေ့ရော စိတ်ပူပြီး တံတားစပ်က ဆင်းစောင့်နေတာ၊ ခုန်တက်လိုက်တော့ တစ်ခါတည်း ဖမ်းဆွဲ လိုက်တာ"

မပန်းမွှ မျက်လုံးလှန်ကြည့်သည်။

ဒေါက်တာယဉ်သွေးက မပန်းမွှကြည့်လိုက်သည်ကို သတိမမူမိဟန်မတူဘဲ ရှေ့က စာရွက်ပုံတစ်ပုံကိုအပေါ်အောက်စီနေသည်။ဆရာအခုပြောလိုက်တဲ့စကားတစ်ခွန်းတည်း နဲ့တင် တစ်မနက်လုံး နေပူထဲမှာ သဘော်စီးခဲ့ရတဲ့ ဒုက္ခတွေအားလုံး မေ့သွားရ လောက်အောင် ရင်ထဲကို အေးမြစေတယ်ဆိုတာ သိရဲ့လား ဆရာ၊ သိပုံမပေါ်ပါ။ နွယ်နီ ဘက်ကို လှည့်ကြည့်တော့ နွယ်နီက မပန်းမွှကို မျက်စောင်းထိုးပြပါသည်။

(၄)

တစစ်စစ်ကိုက်သော ခေါင်းမှဝေဒနာကြောင့် မပန်းမွှ အိပ်ပျော်နေရာမှ လန့်နိုး လာသည်။ တစ်ကိုယ်လုံးလည်း ရှိန်းရှိန်းဖိန်းဖိန်းဖြစ်နေသည်။ အာခေါင်တွေလည်း ပူ၍ နာနေသည်။ခေါင်းအုံးအောက်တွင်ထားထားသောလက်နှိပ်ဓာတ်မီးကိုယူ၍ဖွင့်ကြည့်တော့ နှစ်ယောက် အိပ်ခြင်ထောင်တစ်ခုထဲမှာ သူ့ကိုကျောပေး၍ အိပ်နေသော နွယ်နီကို တွေ့ရသည်။

"နွယ်နီ··· နွယ်နီ···"



www.burmeseclassic.com

www.burmeseclassic.com


အသာအယာ လှုပ်နိုးလိုက်တော့ အအိပ်ဆတ်သော နှယ်နီက ချက်ချင်းနိုးလာသည်။

"ဘာလဲဟင် ပန်းမှုံ" ဟု မေးသည်။

"ငါ ဖျားနေသလား မသိဘူး"

နှယ်နီက မပန်းမှုံနဖူးကို စမ်းကြည့်၍ "အေးဟာ··· ပူခြစ်နေတာပဲ"ဟု ဆိုကာ အတူအိပ်နေသော မိန်းကလေးနှစ်ဦးကိုပါနိုးလိုက်ကာ "နင်တို့ဘာဆေးပါလဲ"ဟုမေးသည်။

"ပါရာစီတမောလောက်တော့ ပါတာပေါ့ဟာ၊ ဒါပေမဲ့ နင်က ပူခြစ်နေတာပဲ၊ အင်တီဘိုင်အောတစ်(ပိုးသတ်ဆေး)လိုမယ်ထင်တယ်။ ငါတို့ မြို့နယ်ဆရာဝန်ကြီး သွားခေါ်လိုက်ရမလား"

"ဆရာကြီး ရှိမှာမဟုတ်ဘူး။ ပုသိမ် အစည်းအဝေးသွားမယ်လို့ ပြောသံကြားတယ်။ ကျောင်းကျန်းမာရေးက ဆရာဝန်မမကို လွှဲသွားတာ"

"ဒုက္ခပဲ၊ အဲဒီမမက မြို့ထဲမှာနေတာ"

"ရပါတယ်၊ ငါ့ကို ပါရာစီတမောပဲပေး"

နှယ်နီက စိတ်ပူပန်မျက်နှာဖြင့် အံကြိတ် စဉ်းစားနေသည်။ နောက်တော့မှ သတိရဟန်ဖြင့် "ဟဲ့ ··· နင့်ရွှေသွေးကြီး ရှိတယ်လေ၊ ဟိုဘက် သတိုးတို့တည်းတဲ့ အဆောင်မှာပဲ၊ ငါ ပြေးခေါ်လိုက်မယ်"ဟု ပြောသည်။ မပန်းမှုံက ခေါင်းခါပြသည်။

"နေပါစေဟာ··· သူက ကွင်းဆင်း စာရင်းလာကောက်တာ ဆေးတွေဘာတွေ ဘယ်ပါမလဲ။ ပြီးတော့ ကလေးအထူးကုဆရာဝန်ဥစ္စာ"

"ဟဲ့··· ကလေးအထူးကုဆရာဝန်ဆိုတာ လူကြီးမကုတတ်တာမှ မဟုတ်တာ၊ အထွေထွေလောက်တော့ တတ်တာပေါ့။ ပြီးတော့ ကလေးတွေစမ်းရင်းနဲ့လိုရင် ဆေးတွေ ထုတ်ပေးနေတာ တွေ့သားပဲ၊ အသာနေ ငါ သွားခေါ်ခဲ့မယ်"

နှယ်နီ မိန်းကလေးအဖော်တစ်ဦးကိုခေါ်၍ လစ်ခနဲ ထွက်ခွာသွားသည်။ ခဏနေတော့ စိတ်ပူပန်မျက်နှာနှင့် ဒေါက်တာယဉ်သွေးအပြင် စိတ်အလွန်ပူနေဟန် မျက်နှာပေါက်နေသော သတိုးနှင့် သူငယ်ချင်းများပါ ပါလာကြသည်။

သူတို့ မလာခင်တွင်ပင် ပါရာစီတမောနှစ်လုံး ကြိုသောက်ထားသော မပန်းမှုံက ဒေါက်တာယဉ်သွေး အားတုံ့အားနာဟန်ဖြင့် တီရှပ်ပေါ်မှ နားကြပ်ထောက်၍ စမ်းသပ်နေစဉ်ပင် ချွေးတွေ စပြန်လာသည်။ ရင်ကတော့ တဒိုင်းဒိုင်း ခုန်နေတုန်း။ အဖျားသွေး ကြောင့်ပဲ ခုန်သလား၊ ကိုယ် တစ်ဖက်သတ်ချစ်နေရသူက ကြင်နာစွာ စမ်းသပ်ကုသ ပေးနေသည်ကို ကြည်နူးစိတ်ဖြင့်ပင် ခုန်လေသလားတော့ မသိ၊ ဒေါက်တာယဉ်သွေး မရိပ်မိပါစေနှင့်ဟုသာ ဆုတောင်းရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ရင်ကျိုင်းတစ် (အာခေါင်နံ့ရှံရောင်ခြင်း)ပဲ တွေ့တာပဲ၊ တို့မှာ အမောက်စီစလင် တွေတော့ ပါတယ်။ အဲဒါ စသောက်ထားလေ၊ ည တစ်ခုခုဆိုလည်း အားမနာနဲ့ ခေါ်နိုင်းလိုက်သိလား။ စောင့်တောင်စောင့်ပေးချင်ပါတယ်။ မိန်းကလေးဆောင်ဆိုတော့ မကောင်းလို့"

"ရပါပြီ ဆရာရယ်၊ သိပ်ကျေးဇူးတင်ပါတယ်"

နွယ်နီက စိတ်ပူပာန်မျက်နှာဖြင့် "ငှက်ဖျားတော့ မဟုတ်ပါဘူးနော် ဆရာ" ဟု ဝင်မေးသည်။ ဒေါက်တာယဉ်သွေးက ပြုံး၍ "ငှက်ဖျားက ခြင်ကိုက်ပြီး အနည်းဆုံး တစ်ပတ်ကြာမှ စဉ်းစားရတာ။ ညီမတို့က ဒီငှက်ဖျားဒေသရောက်တာ နှစ်ရက်ပဲ ရှိသေးတာ၊ ဘယ်ဖြစ်နိုင်မှာလဲ"ဟု ဖြေသည်။

သူငယ်ချင်းတစ်ယောက်ကတော့ . . .

"လန့်ဖျားတာနေမှာ၊ မနက်က သူ ပြုတ်ကျမလိုဖြစ်တော့ လန့်သွားသေးတယ်လေ" ဟု ဝင်ပြောသည်။

"နောက်တစ်နှစ်ခွဲ၊ နှစ်နှစ်ဆိုရင် ဆရာဝန်ဖြစ်မယ့်သူတွေက လန့်ဖျားဆိုတာ ယုံရသလား။ ကျောင်းမှာ လန့်ဖျားသင်လို့လား"

မပန်းမှုံပင် ဖျားနေသည်ကိုမေ့ပြီး ပေါ့ပါးစွာ ရယ်မောမိသည်။

ဟုတ်ပါရဲ့။ ပြောတတ်လိုက်တာ။

❐

www.burmeseclassic.com

www.burmeseclassic.com



# ၆

## ညွတ်ပျောင်း တွယ်ငင်ရန်မသင့်ဟု

www.burmeseclassic.com

www.burmeseclassic.com



(၂)

"လှွတ်လိုက် အစ်မ၊ ရတယ်"

"ဟဲ့ . . . လှွတ်ရင် သွေးတွေအများကြီး ထွက်ထွက်လာတယ်"

"ရပါတယ်၊ အစ်မ လှွတ်သာလှွတ်လိုက်။ ပြီးရင် အစ်မ လက်ဆေးတော့၊ ဒါ ကျွန်တော်ပဲ ဆက်ကိုင်လိုက်မယ်"

လက်အိတ်စွပ်ရင်းက လေအေးလေးနှင့်ပြောနေသော အသက် ၂၈ နှစ်အရွယ် ယောက်ျားပျို၏ တည်ငြိမ်၍ ယုံကြည်ချက်အပြည့်ရှိသောဟန်ပန်ကို ကြည့်ရင်းက ပန်းမှုံရင်ထဲသို့တည်ငြိမ်အေးချမ်းမှုများစီးဝင်လာသယောင်ခံစားရသည်။ဘွားဘွားအတွက် စိတ်ပူရမှုတွေပင် အနည်းငယ်လျော့သွားသည်။

"ဟဲ့ . . . ယဉ်သွေး၊ နင် တစ်ချက်ချင်း မဖမ်းတော့ဘူးလား"

"မလိုဘူး အစ်မ၊ ဒီ ဖလက်ပ်တစ်ခုလုံး တင်းတင်းဆွဲချုပ်လိုက်ရင် အောက်ကထွက်တဲ့ နေရာတွေက ပရက်ရှာနဲ့ ပိတ်သွားလိမ့်မယ်၊ ရောင်နေတော့ အစ်မ တစ်ချက်ချင်းဖမ်းလည်း ထွက်နေမှာပဲ"

မျက်စိတစ်မှိတ်အတွင်းမှာပင် ဘွားဘွားဦးခေါင်းမှ လန်ထွက်နေသော အရေပြား အဖတ်ကြီး နေရာတကျချုပ်ပြီးသွားသည်။ ပိုးသတ်ဆေးရည်ဖြင့် ဆေးချလိုက်သောအခါ ဘာသွေးထွက်ရာမှုလည်း မရှိတော့။

"တော်လိုက်တာ ငါ့မောင်ရယ်၊ ဒါကြောင့်လည်း ဒေါက်တာရွှေသွေး။ ဒေါက်တာ ရွှေသွေးနဲ့ နာမည်ကြီးနေတာကိုး"

"မြှောက်မနိုင်းလည်း လုပ်ပေးပါတယ် အစ်မရယ်"

ဒေါက်တာယဉ်သွေးက လက်အိတ်ချွတ်ရင်းက ရယ်၍ပြောသည်။

"နင် ထမင်းရော စားပြီးပြီလား"

"ပြီးပြီ ချိုင့်ဆွဲစားတဲ့ဆိုင်က အစောကြီးလာပို့တာနဲ့ စားထားလိုက်တယ်။ အစ်မ ပြန်ချင်ပြန်တော့လေ"

ချိုင့်ဆွဲစားသတဲ့။

ဟန်ပန်တည်ငြိမ်သလောက် မျက်နှာနုပျို ချောမောသော ဆရာဝန်ကလေး၏ မျက်နှာကို ငေးကြည့်နေရင်းက "လူပျိုနဲ့တူတယ်"ဟု အပျိုကလေးပီပီ စပ်စပ်စုစု တွေးနေမိသည်။

ဆရာဝန်မမက ရုတ်တရက် ပန်းမှုံကို သတိရသွားသည်။

"ဒါ လူနာ့မြေးလေး၊ ပတ်(တ်)ဝမ်းကျောင်းသူတဲ့၊ ညီမ နာမည်က"

"ပန်းမှုံပါ မမ"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ညွှတ်ပျောင်းတွယ်ငင်ရန် မသင့်ဟု

(၁)

ရန်ကုန်ပြန်ရောက်သည်နှင့် မပန်းမှုံ ဆေးရုံတက်ရသည်။

အဖျားမကျတာကလေးသာရှိပြီး လူက လန်းလန်းဆန်းဆန်းမို့ ဆေးရုံမတက်ချင်ဟု မပန်းမှုံ ငြင်းမိသေးသည်။ အထက်တန်းကျောင်းသူ ဘဝကတည်းက မပန်းမှုံကိုချစ်၍ အမြဲစမ်းသပ်ခမယူဘဲ ကုသပေးခဲ့ရာမှ ဆေးကျောင်းသူဖြစ်လာတော့ပါ ဆက်စောင့်ရှောက် ပေးနေ၍ အဒေါ်အရင်းသဖွယ် ဖြစ်နေပြီဖြစ်သော ပထမ လက်ထောက်သမားတော်က "အဖျားမကျတာသာ မဟုတ်ဘူး သမီး၊ သမီးကြည့်ရတာ သိပ် "တောက်စစ်" (ညှိုးနွမ်း ချောက်ချား) ဖြစ်လွန်းတယ်။ အန်တီ အိမ်မှာထားရမှာ စိတ်မချဘူး" ဟုဆိုကာ အတင်း ဆေးရုံတင်သည်။

တက်ရတော့ ကြည့်ဦး။

မပန်းမှုံ ဆေးလက်တွေ့ဆင်းနေရသည့် ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး တွင်ပင် ဖြစ်သည်။ မကြာသေးခင်ကမှ သည်လူနာတွေကြားထဲမှာ ဖြတ်လျှောက်စမ်းသပ် နေခဲ့ပြီး ယခု သူတို့ကြားထဲမှာ လူနာအဖြစ် သွားလဲလျောင်းနေရမည်မှာ စိတ်ထဲ၌ ရှက်စရာလိုလို။

သည်ကြားထဲမှာ ဒေါက်တာယဉ်သွေးက သတင်းလာမေးသေးသည်။ မပန်းမှုံက



www.burmeseclassic.com

www.burmeseclassic.com



လှေနှာခုတင်ပေါ်တွင် ပက်လက်လဲလျောင်းနေရစဉ် ဒေါက်တာယဉ်သွေးက ဘေးမှ သစ်သားခုံကလေးနှင့် ထိုင်၍ စကားပြောနေသည်ကို နားထောင်ရသည်မှာ မပန်းမွှံစိတ်ထဲတွင် မလုံမလဲ၊ လုံချည်အောက်နားစ ခြေသလုံးအထိ လိပ်တက်နေသည်ကိုပဲ အောက်နည်းနည်း ဆွဲချချ မလိုလို၊ ခါးတွင် ထဘီ မသပ်မရပ်ဖြစ်နေသည်ကိုပဲ ပြင်ဝတ်ရမလိုလို၊ ဘလောက်စ်အင်္ကျီအပေါ်ဆုံး ကြယ်သီးပြုတ်နေသည်ကိုပဲ ကမန်းကတန်း ပြန်တပ်ရမှာလိုလို။

ဘာပဲဖြစ်ဖြစ် ဒေါက်တာယဉ်သွေးက အစ်ကိုကြီး အကြီးဆုံးက အသက်သိပ်ကွာသော ညီမကလေး အထွေးဆုံးကလေးကို ချစ်ခင်စွာ ပြုံးပြသော အပြုံးမျိုးနှင့် "ပုတင်းတော့ စားလို့ရတယ် မဟုတ်လား။ တို့နားကဆိုင် ကောင်းတယ်ဆိုလို့ဝယ်လာခဲ့တာ" ဟုပြောတော့ ၁၀၁ ဒီဂရီဖာရင်ဟိုက်ရှိနေသော အဖျားက ကြက်ပျောက်ငှက်ပျောက် ပျောက်သလိုဖြစ်ပြီး ချွေးတွေ ပြန်လာပြန်သည်။

"သိပ်ကြည်နူးမနေနဲ့ သူငယ်ချင်း။ ငါကြားဖူးတာက နင့် ကိုရွှေသွေးကြီးက သူနဲ့သိတဲ့ မိန်းကလေးတစ်ယောက်ယောက် ဆေးရုံတက်ရပြီဆိုတာ ကြားတာနဲ့ သူသွားသတင်း မမေးဖူးတာ တစ်ခါမှမရှိဘူးတဲ့"

ဒေါက်တာယဉ်သွေး ပြန်ပြီးနောက် အတူလာအိပ်စောင့်သော သူငယ်ချင်းက ခနဲ့စကားဆိုတော့ မပန်းမွှံက မျက်စောင်းထိုးသည်။

"ကြည်နူးလက်စကလေးနဲ့ ဆက်ကြည်နူးပါရစေဟာ၊ နင်က ဘာတွေ ဝင်မနာလို ဖြစ်နေရတာလဲ"

"မနာလိုဖြစ်နေတာ မဟုတ်ဘူးဟေ့၊ ငါ့သူငယ်ချင်းအရင်းကြီး ကံဆိုးသွားမှာစိုးလို့ လိုက်သတိပေးနေရတာ"

"ဘယ်လို ကံဆိုးသွားရမှာလဲ"

"ဟဲ့ . . . သူ့ချစ်သူပေါင်းတွေလိုလေဟာ၊ နင် သူ့ကို ချစ်နေတာသာ သူသိ၊ သူချစ်သူ ဖြစ်မသွားဘဲမနေဘူး။ ပြီးတော့ တစ်နေ့ကျရင် အရင်မိန်းကလေးတွေလိုပဲ သူ့စွန့်ပစ်ခံတွေ စာရင်းထဲ ပါသွားဦးမှာပဲ၊ ငါတို့က ငါတို့သူငယ်ချင်းကို ပညာလည်းတော်၊ ရုပ်လည်းလှ၊ ထက်ထက်မြက်မြက်ကလည်းရှိတော့ ဒီဘဝမျိုးတော့ အရောက်မခံနိုင်ပါဘူး"

မပန်းမွှံ မျက်နှာကလေး ငေးငေးငိုင်ငိုင်ဖြစ်သွားသည်။

"သူ့ချစ်သူပေါင်းတွေက ငါ့ထက်စာရင် ကံကောင်းပါတယ်ဟာ"

သူငယ်ချင်းမကလေးက မျက်လုံးပြူး၍ ရင်ဘတ်ကို လက်နှင့်ဖိရင်း "ဘုရားရေ" ဟု မြည်တမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟ၊ အနည်းဆုံး သူတို့က ချစ်ချစ်နေတာကို သူသိအောင်ဖွင့်ပြောခွင့် ရလိုက်ကြသေးတယ်၊ သူချစ်သူ့ဘဝလည်း ရစ်ကြဖူးသေးတယ်၊ ငါ့မှာသာ အဲသလို ဘဝမျိုးကို ခဏဖြစ်ဖြစ် ရဖူးဖို့ရာ မျှော်လင့်ချက် မရှိသလောက်ဖြစ်နေတာ"

သူငယ်ချင်းမကလေးက စိတ်ပျက်လက်ပျက် ခေါင်းခါရင်း...

"သွားပြီ ပန်းမှုံရယ်၊ နင်တကယ်ရူးနေပြီ၊ သွက်သွက်ခါအောင်ကို ရူးနေတာ" ဟု ညည်းတွားလေသည်။

(၂)

မျက်နှာကလေးကလည်း အနှီးလို့။

ဘယ်ဘက်ရင်ဘတ်ကလည်း ဖောင်းဖောင်းလေး။ အသည်းကတော့ တော်တော် ကြီးသည်။

ဒေါက်တာယဉ်သွေး နှလုံးခုန်မြန်လာသည်။ ဟုတ်နေပြီနှင့် တူပါရဲ့။ စာထဲမှာသာ ဖတ်ဖူးပြီး အပြင်တွင်တစ်ခါမှ ကိုယ်တိုင်မမြင် မတွေ့ဖူးသေးသည့် ရောဂါတစ်ခုကို ဖော်ထုတ်ခွင့် ရတော့မည်ဟူသည့် အတွေးဖြင့် စိတ်လှုပ်ရှားလာသည်။ တစ်ဖက်ကလည်း အသက်ကို ဖုတ်လိုက်ဖုတ်လိုက် မနားတမ်း အားစိုက်ရှူနေရသည့် အသက်ရှစ်နှစ်အရွယ် ကလေးငယ်၏ မျက်နှာနှင့် အလွန်စိုးရိမ်နေကြသော မိဘနှစ်ယောက်၏ မျက်နှာကို ကြည့်ရင်း သနားမိ၍ သူထင်တာ မမှန်ဘဲ လွဲပါစေဟုလည်း ဆုတောင်းချင်ချင်။

"ပီအီးအမ်(အာဟာရချို့တဲ့လွန်း၍ ဖောခြင်း)လားဟေ့ မောင်ယဉ်လေး"

နောက်က ဆရာကျော့်အသံကြား၍ လှည့်ကြည့်တော့ ထမင်းဘူးကိုင်၍ ရပ်နေသော ဆရာကျော်ကို မြင်ရသည်။ လက်ကနာရီကို ငဲ့ကြည့်တော့ ညနေစောင်း ၈ နာရီ။

ဟုတ်သားပဲ၊ ယခုမှပဲ ဗိုက်အနည်းငယ်ဆာနေပြီဆိုတာကို သတိရမိသည်။

"မောနေတယ် ဆရာကျော်ရဲ့၊ ပီအီးအမ် မထင်ဘူး။ ပယ်ရီကားဒီးယဲအီဖျူရှင်း (နှလုံးဖုံးအမြှေးအတွင်း ရေဝင်ခြင်း)လားလို့"

ဆရာကျော်က ထမင်းဘူးကို ဒေါက်တာယဉ်သွေး၏ စားပွဲတွင်ချ၍ ကလေးကို ခုတင်ဆီ ချီလာခဲ့စေပြီး ခြေဆုံးခေါင်းဆုံး စမ်းသပ်သည်။ ပြီးတော့ ဒေါက်တာယဉ်သွေးကို လှည့်၍ လက်မထောင်ပြသည်။

"တော်တယ်ဟေ့ညီ၊ မင်း ဓာတ်မှန်အားချင်းတောင်းထား။ ငါခွဲစိတ် ၁ သွားခေါ်မ ဆရာကြီး သူ့အဆောင်က လူနာလာကြည့်ရင်း ရောက်နေတယ်ပြောတယ်။ သူဟာက ချက်ချင်းဖောက်မှ ကလေးအသက်ကို ကယ်နိုင်မှာ၊ ငါလည်းမဖောက်ဖူးသေး မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com


ဖောက်မှုမှာ မဟုတ်ဘူး၊ ဆရာကြီးကို ငါ ရအောင်ခေါ်ခဲ့မယ်"

ဆရာကျော်လုံချည်ခပ်တိုတိုပြင်ဝတ်ပြီး လှူနာဆောင်ထဲမှ အပြေးတစ်ပိုင်းထွက်သွားပါသည်။

(၃)

ကလေးနလုံးဖုံးမြေးကို ဖောက်ချလိုက်ချိန်တွင်တော့ သူတို့ထင်သလို အရည်မျှသာမကဘဲ ပြည်များပါ ထွက်လာပါသည်။ ဆရာကြီးက တည်ငြိမ်အေးဆေးသော အသံနှင့် "ဆက်စုပ်၊ ရသလောက်ကုန်အောင်စုပ်"ဟု ပြောသည်။ ဆရာကျော်က ပြည်များကို ကျောက်ကပ်ပုံသဏ္ဌာန်ရှိသံမဏိခွက်ကလေးထဲ သွန်ချလိုက်ပြီး ထပ်စုပ်သည်။ ဒေါက်တာယဉ်သွေးက ကလေးကို သူနာပြုဆရာမကလေးနှင့် တစ်ဖက်စီ ကိုင်ပေးထားရင်းက ချွေးပြန်နေသည်။

ပြည်များကုန်သလောက်ရှိချိန်တွင်တော့ ဆရာကြီးက နလုံးဖုံးမြေးအတွင်းသို့ လေပြန်ထိုးထည့်စေသည်။

"ဒါမှ နက်ဖြန် "အက်ကိုး"(နလုံးပုံရိပ်စက်)ရိုက်ရင် အမျှင်တွေ ဘယ်လောက်များမလဲ မြင်ရမယ်၊ အဲဒါတွေက ဆရာတို့ခွဲခန်းထဲမှာ ရှင်းပေးမယ်၊ မင်းတို့လှူနာ ဒီညတော့ မသေနိုင် တော့ပါဘူး။ နက်ဖြန်သာ အက်ကိုးတောင်းလိုက်"

ဟုတ်ပါရဲ့။ ကလေးက ငိုတာ အသံတောင် တော်တော်ပြန်ထွက်နေပြီ။

"တီဘီဆေးရော စရတော့မလား ဆရာကြီး"

ဆရာကြီးက ပခုံးတွန့်ပြ၍ . . .

"တီဘီကြောင့်ဆိုတာတော့ သေချာပေါက်ကြီးပဲ၊ ဒါပေမဲ့ ကိုးလတိုက်ရမယ့် ဆေး ည ၁၀ နာရီမှာ အလောတကြီးစလို့ နက်ဖြန် သက်သာမှာမှ မဟုတ်တာ၊ မနက်ဖြန် ဒီအဆောင်က ဆရာဝန်ကြီးတွေလာမှပဲ စလည်း အတူတူပဲဟာ"ဟု ဆိုသည်။

သူတို့နှစ်ယောက်စလုံး ခွဲစိတ်ပါမောက္ခကြီးကို ကျေးဇူးတင်လေးစားစွာဖြင့် အဆောင် ပေါက်ဝအထိ လိုက်ပို့ကြသည်။

"နေပါဦး . . . မင်းတို့က တစ်ယောက်က ဘွဲ့လွန်ရပြီးသား၊ တစ်ယောက်က တစ်ဝက်ကျိုးနေပြီ၊ ဘာလို့မဖောက်ရဲကြတာလဲ၊ ဘယ်လိုဖောက်မှာလဲ၊ ငါမေးတုန်းကလည်း ဖြေကြတာ မှန်နေရက်သားနဲ့"

"ကျွန်တော်တို့က အပြင်မှာ တစ်ခါမှ မကြုံဖူးလို့ပါ ဆရာကြီး"

"ဟုတ်ပြီလေ၊ ဆရာမေးတာကလည်း ဘယ်နေရာကို အပ်နဲ့ ဘယ်လိုထိုးမှာလဲလို့

www.burmeseclassic.com

www.burmeseclassic.com



မေးတာ၊ အတိအကျ သိနေကြရက်သားနဲ့ တကယ်တမ်း ထိုးရမှာကျတော့ ဘာကို ကြောက်တာလဲလို့ မေးတာ"

ဆရာကျော်က ဒေါက်တာယဉ်ဒွေးနှင့် မျက်နှာချင်းဆိုင်၊ မျက်လုံးနှင့် တိုင်ပင်ပြီးမှ "လက်လွှန်ပြီး နလုံးကို အပ်ထိုးမိမှာ ကြောက်တာပါ ဆရာကြီး"ဟု ဖြေသည်။ ဆရာကြီးက ပြုံးသည်။

"မင်းတို့ နလုံးထဲ ဆေးမထိုးထည့်ဖူးဘူးလား"

"ထိုးဖူးပါတယ် ဆရာကြီး"

"ဒီနေရာကပဲ ဒီလိုပဲ ထိုးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းအပ်ပြန်ထုတ်တော့နလုံးကအပ်ပေါက်ရာကနေသွေးတွေထွက်ကျလာသလား"

"မကျပါဘူး ဆရာကြီး။ ကြွက်သားနဲ့ ပိတ်သွားတာပါ"

"ဒါပေါ့ကွ . . . မင်းတို့ အခုဖောက်ရင်းနဲ့ လက်လွှန်သွားရင် အဲသလိုပဲ ပြန် နုတ်လိုက်ရင် အဲသလိုပဲ ပိတ်သွားမှာပေါ့"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ "ဟုတ်သားပဲ"ဟု သံပြိုင် ရေရွတ်မိကြသည်။

ခွဲစိတ်ပါမောက္ခကြီး လှေကားက ဆင်းအသွားတွင်တော့ လှေကားမှ အလောတကြီး ပြေးတက်လာသော မိန်းကလေးနှစ်ဦးကို တွေ့ရသည်။

ဟင် . . . ဒါ ပန်းမှုံရဲ့ သူငယ်ချင်းတွေပါလား။

"ဟယ် . . . ဟိုမှာ ဆရာဒွေး အတော်ပဲ"

တစ်ဦးက သူ့ကို လက်ညှိုးလှမ်းထိုးရင်း နှစ်ဦးစလုံး သူ့ဘက်လှည့်လာကြသည်။

"ဘာဖြစ်လို့လဲ ညီမ"

"ဆရာလိုက်ခဲ့ပါ။ ဟိုမှာအနောက်ပိုင်းဆေးရုံမှာပန်းမှုံရယ်တက်လည်းတက်နေတယ်။ သတိလည်း မရတစ်ချက် ရတစ်ချက်နဲ့"

ဘုရား . . . ဘုရား . . . ။

ချွေးစေးတွေ ပြန်နေသည့်ကြားက အားတင်း၍ သူ့ကို ပြုံးပြနေရသည့် မျက်နှာလုလု ကလေးကို ဖျတ်ခနဲ မြင်ယောင်မိတော့ ရင်ထဲက နင့်ခနဲ ခံစားရသည်။

"မနေ့ကတင် ရယ်လို့မောလို့ စကားပြောနေသေးတယ်၊ ဘယ်လိုဖြစ်တာလဲ၊ မမသက် ရော မခေါ်ဘူးလား။ မမသက်က ဆေးရုံထဲမှာတင်နေတာ"

"အန်တီရောက်နေပြီ အန်တီကိုယ်တိုင် ဒိုင်ယာဇီပန်ထိုးပေးပြီးမှ တက်တာ



www.burmeseclassic.com

www.burmeseclassic.com



ထူးသွားတာ၊ အခု အန်တီက ဆရာ့ကို ခေါ်နိုင်းတာ"

"မမသက်က"

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ ပထမလက်ထောက်သမားတော်ကြီးက သူ့ကို သိသည်ဟုပင် ထင်မထားသော ဒေါက်တာယဉ်သွေးတစ်ယောက် ခေါ်နိုင်းလိုက်သည် ဆိုသည့် စကားကြောင့် အံ့ဩသွားသည်။

"နောက်မှမေးပါ ဆရာရယ်၊ လိုက်ခဲ့ပါ။ ပန်းမွှံက တက်လိုက်၊ သတိပြန်လည်လာလိုက် ဖြစ်တုန်းက သတိရတိုင်း ဆရာ့ကို မေးနေလို့ အန်တီက အဲဒါ ဘယ်သူလဲလို့ မေးပြီး ခေါ်နိုင်းတာ"

မျက်နှာတို့ ထူပူသွားသလို နလုံးသားသည်လည်း မီးထိသော ချိပ်ပမာ ပျောင်းညွတ် ပျော်ကျသွားသည်။

ဆရာကျော်က ဒေါက်တာယဉ်သွေးပခုံးကို ပုတ်သည်။

"သွား... သွား... မောင်ယဉ်လေး။ ဒီည ကိုယ်တစ်ယောက်တည်း ထိန်းထား လိုက်မယ်၊ မောင်ရင် ပြန်မလာနဲ့တော့ ဟိုမှာပဲ နေလိုက်"

"ကျေး... ကျေးဇူးပဲ ဆရာကျော်"

(၄)

ချွေးစေးတွေပြန်နေရင်းကပင် အသက်မှန်မှန်ရှု၍ အိပ်ပျော်နေသော မပန်းမွှံ၏ မျက်နှာနွမ်းနွမ်းလျလျကို ရင်နင့်စွာ ငေးမောကြည့်နေရင်းက ဒေါက်တာယဉ်သွေး၏ နလုံးသားတစ်ခုသည် လှိုင်းပုတ်ဒဏ် အဆက်မပြတ် ခံနေရသည့် ဗေဒါပန်းနယ် လှုးလှိမ့် လှုပ်ရှားလျက်ရှိနေသည်။ မပန်းမွှံ၏ မိဘနှစ်ဦးတို့သည်လည်း ဒေါက်တာယဉ်သွေးကို ကွက်ကျားကွက်ကျား လှည့်ကြည့်လိုက်၊ သမီးငယ်၏မျက်နှာကို ပူပန်သောကရောက်စွာ ကြည့်လိုက် ဖြစ်နေသည်။

အသည်းအသန် လူနာခန်း၏ အပြင်ဘက်တွင်လည်း သတိုးအပါအဝင် ဆေးကျောင်း သားကျောင်းသူတို့ မနည်းလှ။

"ဆယ်ရီဘရယ်မလေးရီးယား(ဦးနှောက်ထဲသို့ငှက်ဖျားပိုးဝင်ခြင်း)များလား မမရယ်"

မမ လက်ထောက်သမားတော် ခေါင်းခါပြသည်။

"ငှက်ဖျားက ဆရာတွက်သလိုပဲ အချိန်က လိုနေတယ်၊ စစ်လည်း စစ်ပြီးပြီ၊ မတွေ့ဘူး၊ တွေ့ထားတာက တိုက်ဖွိုက်ပဲဆိုတော့ အဲဒါနဲ့ပဲ ဆိုင်မယ်ထင်တယ်"

"တက်သွားသေးတယ်ဆို၊ သတိလည်း ရတစ်ချက် မရတစ်ချက်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"တက်တယ်၊ မမပဲ ဆေးထိုးချလိုက်တာ။ ဒါက တိုက်ဖွိုက်မှာလည်း ပိုးဆိပ်တက်ရင် ဖြစ်နိုင်တာပဲ၊ ပြီးတော့ ကလေးက ခရီးပန်းတာရော၊ အိမ်က မခွဲစဖူး ခွဲသွားရတုန်းဖျားလို့ အားငယ်တာ ရောရောပြီး ကယောင်ချောက်ချား ဖြစ်ခဲ့ဟန်တူတယ်၊ ဟိုမှာ ဆရာကလည်း ဂရုစိုက်ပြုစုခဲ့တော့ သူ့စိတ်ထဲမှာ ဆရာ့ကိုလည်း တော်တော်အားကိုး ခင်တွယ်နေဟန်တူတယ်။ အဖျားလည်း ၁၀၄၊ ၁၀၅ ဆိုတော့ ကယောင်ချောက်ချားနဲ့ သူ့ကိုယ်သူ ရန်ကုန်ပြန်ရောက်နေတာလည်း မေ့သွားလားမသိဘူး။ ဆရာ ဆရာ ပန်းမှုံကို ကယ်ပါဦး ဆရာရယ်နဲ့ "တ"နေတာ၊ အဲဒါနဲ့ မမလည်း အကျိုးအကြောင်း မေးကြည့်တော့ ဆရာလို့ ပြောပြကြတာနဲ့ လိုက်ရှာခေါ်ခိုင်းလိုက်တာ"

ရင်နင့်ရသည့်ကြားက ရှက်ရွံ့စွာ သက်ပြင်းချမိသည်။

"ကျေးဇူးပါပဲ မမရယ်၊ ဒီကလေးနဲ့က ဟိုးနယ်မှာ သူ့အဘွားနေမကောင်းတာ ကုပေးဖူးကတည်းက ခင်နေတာပါ"

မပန်းမှုံ၏ မိခင်ကြီးလည်း လှုပ်လှုပ်ရှားရှားဖြစ်လာပြီး "ဆရာ့အကြောင်းတွေတော့ သမီးပြောပြဖူးပါတယ် ဆရာရယ်၊ လူသာ ခုမှမြင်ဖူးတာ၊ ကျွန်မသမီးလေးကို ဒီညတော့ စောင့်ကြည့်ပေးပါဦးနော်"ဟု ပြောသည်။ ဖခင်ဖြစ်သူကတော့ မနေတတ် မထိုင်တတ် ဟန်ဖြင့်"မင်းကကွာ၊ သူက ကလေးအထူးကုဆရာဝန်ဥစ္စာ၊ ဂျူတီလည်း တန်းလန်းကြီးနဲ့၊ ဒီမှာလည်း မမသက်ကိုယ်တိုင် စောင့်ကြည့်ပေးနေတာ"ဟု ဝင်ပြောသည်။

"ရပါတယ်ခင်ဗျာ၊ ကျွန်တော် ခွင့်တိုင်ခဲ့ပါပြီ၊ ဒီညတော့ ကျွန်တော် ဒီကညီလေး၊ ညီမလေးတွေနဲ့အတူ စောင့်ပေးပါ့မယ်၊ မမသက်လည်း ကျွန်တော့်ကို ခိုင်းပါနော်"

"ခိုင်းစရာတော့ မရှိပါဘူး၊ ကလေးက သတိရလာရင် အင်းလေ··· နိုးလာရင်ပေါ့ ဆရာရှိနေတာ ပိုကောင်းတာပေါ့"

"စိတ်ချပါ မမ၊ ကျွန်တော် ရှိပါမယ်"

(၅)

မနက်လေးနာရီလောက်တွင် မပန်းမှုံ နိုးလာသည်။ ထိုးထားသော ဆေးများကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခဲ့သဖြင့် ညက သူ ဘာဖြစ်ခဲ့သည်ကို လုံးဝသတိမရ။ အဖျားကလည်း ကျသွားသဖြင့် ခေါင်းက ကြည်လင်နေသည်။

သူ နားမလည်နိုင်သည်က ဒေါက်တာယဉ်သွေး ဘာကြောင့် အခန်းထောင့်တစ်နေရာတွင် တစ်ညလုံး အိပ်ထားရဟန်မတူသေးသော မျက်လုံးတစ်စုံနှင့် သူ့အား ကြင်နာစွာ စိုက်ကြည့်နေသည်ကိုပင်။

www.burmeseclassic.com



မပန်းမှုံကို ကိုယ်လက်သန့်စင် အဝတ်လဲပေးရန် မိဘများနှင့် ဒေါက်တာယဉ်သွေး တို့ကို အပြင်ထွက်စေတော့မှ သူငယ်ချင်းမကလေးနှစ်ဦးက ဇာတ်စုံခင်းပြတော့ မပန်းမှုံ ရှက်သွေးဖြာရတော့သည်။

"ဒုက္ခပါပဲဟယ်၊ သူ ရိပ်မိသွားပြီလား မသိဘူး"

"အောင်မယ်··· နင်ပဲ ဖွင့်ပြောခွင့်ရချင်တယ်ဆိုပြီး"

သူငယ်ချင်းမကလေးက မျက်စောင်းထိုးရင်းပြောတော့ မပန်းမှုံ မျက်ရည်ဝဲလာသည်။

"ဒီပုံစံကြီးတော့ ငါ ရှက်တယ်ဟယ်၊ အားလည်း ပိုငယ်မိတယ်"

အခြားသူငယ်ချင်းမကလေးက မျက်ရိပ်ပြ၍ မပန်းမှုံ၏ ပခုံးကလေးကို ကြင်နာစွာ ပွေ့ဖက်ပြီး "အလကားစတာပါဟာ၊ အန်တီက ဆရာသွေးကို နင်က နယ်မှာတုန်းက ကူပေးခဲ့တာကို စိတ်စွဲပြီး နင့်ကိုယ်နင် ရန်ကုန်ရောက်နေတာ မေ့သွားလို့ တတာနေမှာလို့ ရှင်းပြပြီးသား။ ပြီးတော့လေ နင့်ရွှေသွေးကြီးက နင့်ကို ဂရုတော့ အစိုက်သားဟ၊ တစ်ညလုံး အဲဒီ ထောင့်ကနေ ငေးကြည့်နေတာ၊ မျက်တောင်တောင် မခတ်ဘူး"

ဟု ဖြေပြောပြောသည်။

"အားနာလိုက်တာဟာ၊ ငါ သူ့ကို ကျေးဇူးတင်ကြောင်း ပြောမှထင်တယ်"

"အေး··· ငါတို့ ခေါ်ပေးမယ်"

(၆)

နောက်တစ်ပတ်ခန့်အကြာတွင်တော့ မပန်းမှုံ ဆေးရုံဆင်းရသည်။ နောက်ထပ် တစ်ပတ်ခန့်အကြာတွင်တော့ ကျောင်းပြန်တက်နိုင်သည်။ ကျောင်းပြန်တက်ခါစက သိပ် မရင်းနှီးသဖြင့် မပန်းမှုံဖြစ်တာကို သေသေချာချာ မသိလိုက်သော တစ်တန်းတည်း သားများက "မပန်းမှုံ" နေကောင်းရဲ့လား။ သတိလစ်သွားတယ်ဆို"ဟု မသက်ာလေသံ တစ်ဝက်နှင့် မေးကြသည့်အခါ ရင်ထဲတွင် မခံချင်စိတ်ဖြစ်မိပေမယ့် ဆေးရုံပေါ်တွင်ရော၊ အိမ်တွင်ပါ နေ့တိုင်းနီးနီးလောက် ဒေါက်တာယဉ်သွေး သတင်းမေးရောက်ခဲ့သည်ကို တွေးမိ တိုင်းတော့ ရင်တစ်ခုလုံး နွေးထွေးသွားလောက်အောင် ကြည်နူးမိရပြန်သည်။

(၇)

"ကောင်လေး ဘယ်လိုလဲ အခြေအနေ"

လက်ထောက်ဆရာဝန်များ နားနေခန်းအတွင်းသို့ ဝင်လာရင်း ဆရာကျော် မေးလိုက် သည့် စကားကြောင့် ဆေးစာအုပ်တစ်အုပ် သဲကြီးမဲကြီး ငုံ့ဖတ်နေရာက ဒေါက်တာယဉ်သွေး

www.burmeseclassic.com



မော့ကြည့်သည်။

"စာတွေကတော့ မရဘူး ဆရာကျော်ရယ်၊ ဒီ ပထမနှစ်စာမေးပွဲက အမှတ်မယူလို့သာ တော်တော့တယ်၊ ကျတော့ကျမှာပဲထင်တယ်"

"ခွေးကောင်လေး··· စကားမလွှဲနဲ့၊ ငါ မပန်းမှုံအကြောင်း မေးတယ်ဆိုတာ မင်း သိတယ်"

"ဩော်··· "ဟု ရေရွတ်ကာ ဒေါက်တာယဉ်သွေး ရယ်သည်။

"ဘာမှမဟုတ်တာ ဆရာကျော်ရယ်၊ ဘာကိုဖြေရမှာလဲ"

ဆရာကျော်က ကော်ဖီနှစ်ခွက်စာ ဖျော်နေရင်းက "ကောင်မလေးက မင်းအပေါ် သံယောဇဉ်ဖြစ်ချင်နေတာတော့ အသိသာကြီးပဲ၊ လုကလည်းလှ၊ မင်း ရင်မခုန်ဘဲတော့ မနေလောက်ပါဘူး"ဟု ပြောသည်။

"ငယ်သေးတော့လည်း အထင်ကြီးမိတာ၊ အားကိုးမိတာနဲ့ သံယောဇဉ်တွယ်တာ၊ အဲဒီစိတ်တွေ ဘယ်ခွဲခြားတတ်ဦးမလဲ ဆရာကျော်ရယ်၊ ပြီးတော့လည်း ပြီးသွားမှာပါ"

"အောင်မာ··· ဒီလောက်လွယ်လွယ် သဘောထားစရာလားကွ၊ မင်းလည်း ရင်ခုန်နေလို့ နေ့တိုင်းသွားကြည့်နေတာ မဟုတ်ဘူးလား"

ကော်ဖီတစ်ခွက်ကို လှမ်းပေးရင်းက ကြိမ်းသည်။ ဒေါက်တာယဉ်သွေး လှမ်းယူရင်းက "သွားကြည့်တာက သနားလို့ပါဗျာ၊ ရင်က အင်းလေ··· ခုန်တော့ ခုန်ပါတယ်၊ ဒါပေမဲ့ ဒီရင်က ငယ်ငယ်တုန်းကတည်းက ခဏခဏခုန်တတ်တော့ ကိုယ့်ရင်ခုန်သံလည်း ကိုယ် မယုံတော့ဘူး။ သူများသားသမီး အညွှန့်တလူလူနဲ့ဥစ္စာကို ဒုက္ခပေးမိသလိုမျိုးလည်း အဖြစ် မခံတော့ဘူးလို့ ဆုံးဖြတ်ချက်ချထားပြီးသားပါ"ဟု ဖြေသည်။

"ဘာလဲကွ· သူက အညွှန့်တလူလူဆိုတော့ မင်းကရော"

ဒေါက်တာယဉ်သွေး ဖြည်းညင်းစွာ ခေါင်းခါပြသည်။

"အသက်က နည်းနည်းကွာပြီး လျှောက်ကြမယ့်လမ်းက များများကွာနေတယ် ဆရာကျော်ရဲ့၊ သူ့အမေနဲ့ စကားလက်ဆုံကျပြီးပြီ။ မပန်းမှုံအစ်ကိုတွေ၊ အစ်မတွေက ယူကေ မှာတဲ့၊ အခြေကျနေကြပြီ၊ မပန်းမှုံကိုလည်း ကျောင်းပြီးရင် ဟိုကိုပို့မှာပဲတဲ့၊ ကျွန်တော်က ဒီမှာပဲ ဘယ်ကိုတာဝန်ချချ သွားမယ့်လူ၊ မပန်းမှုံက ရေကြည်ရာ မြက်နုရာမှာပဲ နေမယ့်သူ ကျွန်တော့်ကြောင့် သူ့လမ်းကြောင်းကို သူ ပြောင်းလိုက်မယ်ဆိုရင်လည်း တစ်နေ့ကျရင် သူ နောင်တရလာတဲ့အခါ၊ သူ့အသက်အရွယ်အရ ခံစားချက်တွေ ပြောင်းလာတဲ့အခါ ပျော်မှာမဟုတ်ဘူး။ တကယ်ပဲသူ့ခံစားချက်ကစစ်မှန်တယ်၊ မပြောင်းလဲနိုင်ဘူးဆိုရင်တောင် သူ ယုံကြည်အားထားရမယ့် ကျွန်တော်ကိုယ်တိုင် ကိုကလည်း ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ··· လှလိုက်တဲ့ နာမည်လေး၊ လူကလေးကလည်း ဖြူဖြူလှလှကလေး ဆိုတော့ လိုက်နေရော၊ ဟဲ့··· လှပျိုကြီး၊ နင်ပဲ ရှင်းပြလိုက်တော့"

စားပွဲတွင်ထိုင်နေသော ဆရာမတစ်ယောက်က "ကြော်ငြာဝင်ပြန်ပြီ" ဟု လှမ်းနောက်သည်။ ဒေါက်တာယဉ်သွေးက ပြုံးရုံသာ ပြုံးနေသော်လည်း ပန်းမှုံက ရက်ကိုးရက်ကန်းဖြစ်သွားသည်။

"သွေးကတိတ်သွားပေမယ့်ခေါင်းထိထားတာဆိုတော့ ၂၄ နာရီတော့စောင့်ကြည့်ရမှာပဲ ညီမရဲ့၊ ဆေးရုံတင်ထားရအောင်၊ ဘယ်သူစောင့်ပေးမလဲ"

"ပန်းမှုံပဲ စောင့်ပါ့မယ်ဆရာ"

ဒေါက်တာယဉ်သွေးက လက်တစ်ချောင်းထောင်ပြသည်။

"ဟော့ ဆရာ မခေါ်နဲ့လေ၊ တို့က ပန်းမှုံကို စာလည်းမသင်ပေးဖူးဘူး၊ ဆရာအခေါ်ခံရလောက်အောင်လည်း ဝါမရင့်သေးဘူး"

ဆရာဝန်မမက ရယ်၍ "အစ်ကိုခေါ်တာ ခံချင်နေပြန်ပြီ၊ ခေါ်လိုက်စမ်းပါ ညီမရယ်" ဟု ဝင်စသည်။

"အစ်မကော ပြန်လေ"

"ပြန်မှာ၊ ငါ လက်မှတ်ထိုးပြန်မယ့်နှစ်ယောက် ခေါ်တွေ့ရဦးမယ်"

"ကလေးဆောင်က အဖေသောင်းကျန်းနေတဲ့တစ်ယောက်နဲ့ လူကြီးဆောင်က ဝမ်းလျှောမသက်သာတဲ့တစ်ယောက် မဟုတ်လား၊ ကျွန်တော်ရှင်းလိုက်မယ်၊ အစ်မပြန်နားတော့"

"နင် ဒီလောက် ချစ်စရာကောင်းတာတောင် ဘာလို့မစွံသေးရလဲ၊ ငါ စဉ်းစားလို့ကို မရဘူး"

ဆရာဝန်မမက ရယ်၍ ထွက်ခွာသွားသည်။

(၃)

ဘွားဘွားကို အိမ်မှ အဖော်လိုက်လာကြသော အိမ်ဖော်မကလေးနှစ်ဦးက သီးသန့်ခန်းတွင် ပြင်ဆင်နေရာချထားပေးနေကြစဉ် ပန်းမှုံတစ်ယောက် ဆရာဝန်၊ ဆရာမများ စုဝေးထိုင်ကြရာ ဂျူတီစားပွဲတွင် ဝင်ထိုင်စောင့်နေမိသည်။ အဓိကအကြောင်းကတော့ ဒေါက်တာယဉ် သွေးနှင့်ဆရာမများ အမောပြေသောက်ရန် လက်ဖက်ရည်သွားဝယ်နေသော မောင်ဝမ်းကွဲကလေးကို စောင့်နေခြင်းဖြစ်သည်။ ဒေါက်တာယဉ်သွေးကတော့ လက်ဆေးပြီးသည်နှင့် ရှိသမျှ လူနာမှတ်တမ်းစာရွက်များကို ရေ့တွင်ပုံ၍ လေ့လာနေသည်။ ပန်းမှုံ

www.burmeseclassic.com

www.burmeseclassic.com



ဘာခံစားချက် ရှိမယ်ဆိုတာ မယုံမကြည်ဖြစ်နေတဲ့သူဆိုတော့ ဒီဇာတ်လမ်းကို တိုတိုနဲ့ ဖြတ်ပစ်တာပဲ ကောင်းလိမ့်မယ်၊ မီးဝေးချိပ်မှာပဲ နေလိုက်တော့ဖို့ ဆုံးဖြတ်ပြီးပြီ ဆရာကျော်ရဲ့"

ဆရာကျော် ပါးစပ်အပေါင်းသားနှင့် သူ့ကို လက်ညှိုးထိုးသည်။

"ယဉ်သွေး… ယဉ်သွေး။ ဒါလေးတောင် မင်း မရိပ်မိတာ ငါ အံ့ဩပါရဲ့၊ မင်းရည်းစားတွေ သောင်းခြောက်ထောင်ထားခဲ့တာ ဘယ်ရည်းစားကိုများ အဲသလောက် ထောင့်စေ့အောင် စဉ်းစားပြီး ငဲ့ညှာခဲ့ဖူးလို့လဲ၊ မေတ္တာစစ်၊ မေတ္တာမှန်ဆိုတာ အဲဒါဟာ တော့်၊ရ၊ မင်း ပန်းမှုံကို ချစ်နေပြီ"

ဒေါက်တာယဉ်သွေးကတော့ ခေါင်းခါ၍ "ထားလိုက်ပါတော့ ဆရာကျော်ရယ်၊ ထားလိုက်တော့မယ်လို့ကျွန်တော် ဆုံးဖြတ်ပြီးနေပြီ" ဟု ဆိုကာ ဖတ်လက်စ ဆေးစာအုပ်ကို ပြန်လှန်သည်။

ဆရာကျော်ကတော့ သက်ပြင်းချ၍ ခေါင်းကို ဖြည်းညင်းစွာ ခါနေပါတော့၏။

❐

•

www.burmeseclassic.com

www.burmeseclassic.com




# ၇

## ငှက်ကလေးနှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ငှက်ကလေး နှစ်ကောင်

(၁)

နှစ်နှစ်ခွဲမျှကြာသော ကာလတစ်ခုကို စာအုပ်ပုံကြီးတစ်ပုံ၊ နားကြပ်၊ မျက်လုံးအတွင်းပိုင်းကြည့်ကိရိယာ "ဖန်ဒိုစကုပ်"၊ မအိပ်ရသော ညများစွာနှင့် ကလေးလူနာပေါင်းများစွာတို့က လျင်မြန်စွာ ကိုက်ဝါးပစ်လိုက်ကြသည်။ ဒေါက်တာယဉ်သွေး ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာရေးပညာ)ဘွဲ့ရရှိပြီးကလေးအထူးကုဆရာဝန်တစ်ဦးဖြစ်လာခဲ့လေပြီ။

ဆေးခန်းတော့ မထိုင်နိုင်သေး။ စာမေးပွဲအောင်ပြီး မကြာခင်မှာပင် "တော်ဝင်သမားတော်ဘွဲ့ စာမေးပွဲအပိုင်း(က)"အတွက် လူရွေးချယ်သည့်အရည်အချင်းစစ် စာမေးပွဲကို ဝင်ဖြေဖြစ်ခဲ့သည်။ ကံအားလျော်စွာ အောင်လည်းအောင်မြင်ခဲ့သည်။ သည်တော့ ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် သုံးလသင်တန်း သွား၍တက်ရသည်။ နေ့မီးညမီးနှင့် စာကျက်ရပြန်သည်။ သုံးလပြည့်လျှင် ဗြိတိန်နိုင်ငံမှ စာစစ်အဖွဲ့က မြန်မာနိုင်ငံသို့ လာရောက်၍ "တော်ဝင်သမား တော်ဘွဲ့အပိုင်း(က)"စာမေးပွဲ လာစစ်မည်။ အောင်မြင်လျှင် ဗြိတိန်နိုင်ငံသို့ ပညာတော်သင် နှစ်နှစ်ကာလ သွားရောက်၍ အပိုင်း(ခ) စာမေးပွဲဖြေဆိုရမည်။ အောင်ချက်ကတော့ တစ်ကမ္ဘာလုံး ၃၃·၃၃ ရာခိုင်နှုန်းသာ ရှိသည်။ ကျောင်းကိုတော့ ကလည်း သည်အခွင့်အရေးမျိုး သူ့တစ်သက်တွင် နောက်တစ်ခေါက် ပြန်ပေးဆပ်ဖို့ဆိုတာ

www.burmeseclassic.com



မတွေးရဲတော့။

"ငါ့အသက်အရွယ်မှာမှ အောင်တဲ့ စာမေးပွဲ၊ မင်းက သုံးနှစ်ငယ်ပြီး အောင်တာချည်းပဲ တွေးပြီး ပီတိဖြစ်မနေနဲ့ဦး ငါ့ညီ၊ ငါ နိုင်ငံခြားသွားမယ့်အချိန်မှာ ကလေးနှစ်ယောက်ရှိနေပြီး မင်းက မိန်းမ မယူရသေးတာလည်း တွက်ဦး၊ ဒီကိစ္စက ဆွဲထားလေ နောက်ကျလေဖြစ်မှာ၊ ကောင်မလေးကလည်း သနားစရာ"

သင်တန်းတစ်ခုတည်း အတူတူတက်နေရပြီမို့သူငယ်ချင်းသဖွယ် ဖြစ်နေပြီဖြစ်သော ဆရာကျော်က သင်တန်းနားချိန် ထမင်းအတူစားရင်း ဆိုသည်။

"ဆရာကလည်း ကျွန်တော်တို့နှစ်ယောက်က ဘာမှမဟုတ်တာ"

"ဘာမှမဟုတ်တာက မင်းက မဟုတ်ချင်လို့တမင်မဟုတ်ဘဲ ထားထားတယ်ဆိုတာ ငါမသိတာကျလို့၊ ကောင်မကလေးပတ်(တ်)တူးတစ်နှစ်လုံးရှောပေါက်စ်ဆာဂျင်တစ်နှစ်လုံးရော လာခေါ်လိုက်၊ မင်းက ပါသွားလိုက်နဲ့၊ မင်းကတော့ တစ်ခါမှ မသွား၊ မိန်းကလေး သိက္ခာလည်း ငဲ့ဦးလေကွာ"

ဒေါက်တာယဉ်သွေး သက်ပြင်းချသည်။

"အဲဒါ တွေးမိတိုင်း ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဆရာကျော်ရယ်၊ ဒါပေမဲ့ သူကသွားမှာ၊ သူသွားရင် ဟိုမှာတွေ့ရတဲ့ ပတ်ဝန်းကျင်ကလူတွေက "ယဉ်သွေး"ဆိုတာ ကြားတောင် ကြားဖူးကြတော့မှာမဟုတ်ဘူး။ သူလည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာ သေချာတယ်၊ မသွားခင်အချိန်မှာတော့ သူ့ကို "နီး"ဆိုတဲ့ စကား ဘာမှမပြောချင်ဘူး ဆရာရယ်၊ အင်း... "ရက်စ်"ဆိုတဲ့ စကားကလည်း ပြောလို့မှဖြစ်၊ သူလည်း ရိုပ်မိ ပါတယ်။ ဒါကြောင့် ကျွန်တော့်ကို လာခေါ်၊ ဟိုဟိုဒီဒီ အတူသွားပေမယ့် ရိုးရိုးသားသား ခင်မင်တဲ့လူတွေ ပြောကြတဲ့ စကားတွေပဲ အမြဲပြောကြတာ၊ သူလည်း စိတ်ထဲမှာ ဘာလုပ်ရမယ်၊ ဘာမဖြစ်နိုင်ဘူးဆိုတာ ကြိုဖြတ်ထားပြီးသားနေမှာပါ"

ဆရာကျော်က မျက်လုံးပြူးပြသည်။

"သူက ဖြတ်ထားတာ မဟုတ်ဘူးကွ၊ မင်းဖြတ်မှာကို စောင့်နေတာ၊ မိန်းကလေးက စောင့်တာအပြင် ဘာတတ်နိုင်လို့လဲ၊ မင်းက မသွားပါနဲ့လို့ တစ်ခွန်းပြောလိုက်ရင် ပွဲက သိမ်းပြီ"

ဒေါက်တာယဉ်သွေး ခေါင်းခါသည်။

"ဘဝမှာ ဒီလောက်အရေးပါတဲ့ ဆုံးဖြတ်ချက်မျိုး ကိုယ့်ဟာကိုယ်ပဲ ချစေချင်တယ် ဆရာ ကျော်ရယ်၊ ကျွန်တော့်မှာက ကျွန်တော့်အစီအစဉ်တွေနဲ့ ကျွန်တော် ရန်းကန်နေရမှာ တွေကလည်း အများကြီးကျန်သေးတယ်၊ သူတို့က အခုသွားရင်သွား၊ မသွားရင်ရွှေ့တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ဆိုရင် အလုပ်မဝင်မနေရ စည်းမျဉ်းလာပြီ၊ ထွက်ရတော့မှာ မဟုတ်ဘူး။ ကျွန်တော့်ကြောင့်တစ်ခုခုဆုံးဖြတ်ရပြီးကာမှသူ့ဘဝမလှမပဖြစ်ရင်သူ့မိဘတွေလည်းစိတ်ကောင်းမှာမဟုတ်ဘူး၊ ကျွန်တော်လည်း စိတ်ကောင်းမှာမဟုတ်ဘူး။ သူလည်း နောင်တရချင်ရလိမ့်မယ်"

"အေး… နောက်တော့ နောင်တရ မရ မသိဘူး။ ခုထက်ထိတော့ နောင်တမရသေးတာ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"ဟိုမှာလေ… နောက်မှာ လာနေပြီ၊ ကဲ… လိုက်သွားပေတော့"

ဒေါက်တာယဉ်သွေး နောက်ပြန်လှည့်ကြည့်တော့ ဆေးတက္ကသိုလ်(၁)စကြံလမ်းအတိုင်း လျှောက်လာနေသော ဒေါက်တာမပန်းမှုံကို တွေ့ရလေသည်။

(၂)

"အစ်ကို ပန်းမှုံ သွားတော့မယ်"ဟူသောစကားအတွက် အဖြေသည် "ဟုတ်လား… ဘယ်တော့လဲ"ဟူသော စကားတော့ ဘယ်လိုမှမဖြစ်သင့်၊ သည်စကားကို ပြောမိသည့်အတွက် ကိုယ့်ပါးစပ်ကို ကိုယ် ကျိန်ဆဲချင်လောက်အောင် ဒေါသဖြစ်မိသည်။

မပန်းမှုံကလည်း သည်စကားကို ဘယ်လိုမှ မျှော်လင့်ထားဟန်မတူ၊ ပါးစပ်ကလေးအဟောင်းသားဖြစ်သွားသည်။ မျက်ရည်ကလေးပင် မသိမသာ ဝေ့ဝဲလာသည်။ ခဏကလေးမသိမသာကလေး။ ချက်ချင်း ဣန္ဒြေဆည်၍ မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။

"ရှေ့အပတ် အင်္ဂါနေ့ အစ်ကို၊ ဟိုက အစ်ကိုတစ်ယောက် ရောက်နေတယ်၊ သူ့အပြန်တစ်ခါတည်း လိုက်သွားမှာ"

သည်စကားအတွက် အဖြေသည်လည်း "ဩော်… ဩော်… ဆိုသည့် အာမေဋိတ်မျှသာ မဖြစ်သင့်ပါပေ။

(၃)

လေယာဉ်ဘီး မြေမှကြွသည်နှင့် မပန်းမှုံ ချုံးပွဲချငိုသည်။ အတူယှဉ်ထိုင်လျက်ပါလာသော အစ်ကိုဖြစ်သူက တစ်ရှူးစတစ်စကို လှမ်းပေးရင်းက အပြစ်တင်လေသည်။

"နှင် ကလေးလား ပန်းမှုံ၊ နိုင်ငံခြားသွားပြီး ရှန်းကန်ရမယ့် မိန်းကလေး အတူသ…ဆရာဝန်မဟာ စိတ်ဓာတ်ခိုင်မာရတယ်၊ နှင် ဒီလောက်စိတ်ပျော့ရင် လူမျိုးခြားတော…ဘယ်လိုလုပ် ရင်ကော့ပြီး နေနိုင်မှာလဲ၊ ဖေဖေတို့ မေမေတို့ကလည်း မကြာ…သာလည်

www.burmeseclassic.com



မယ်လို့ ပြောပြီးသား မဟုတ်လား"

ကိုကိုလေး မသိဘူးနော်၊ လာမလည်မယ့်လူတစ်ယောက်ရှိတယ်ဟူသော စကားကိုတော့ မပန်းမှုံ ရင်ထဲသို့ ပြန်မျိုချလိုက်ရသည်။

(၄)

"စိတ်စာတ်နိုင်မာတာနဲ့ အသည်းနှလုံးမရှိတာ တခြားစီပဲ"

ဆရာကျော်က မဲ့ရွဲ့၍ ရွတ်ချတော့ ဒေါက်တာယဉ်သွေး မချိုမပြုံးသာ ပြုံးပြနိုင်သည်။

"ထားလိုက်ပါတော့ ဆရာကျော်ရယ်၊ ပြီးပြီးသားကိစ္စတွေ ဒီမှာ အစမ်းစာမေးပွဲတွေ တစ်ခုမှ မအောင်လို့ စိတ်ညစ်ရတဲ့ကြားထဲ"ဟု ပြန်ပြောလိုက်သည်။

"အစမ်းစာမေးပွဲတွေက ငါလည်း မအောင်ပါဘူး။ ဒါတွေက ဆရာတွေက ငါတို့ကို တမင်မောင်းချင်၊ တင်ချင်လို့ ပိုခက်အောင် စစ်ထားတာတွေပဲ၊ အင်္ဂလိပ်လာစစ်လို့ အောင်ဖို့က အဓိက၊ မင်းကတော့ အဲဒါလည်း အောင်မှာပဲ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"အင်္ဂလိပ်က အသည်းနှလုံးမရှိတဲ့ ဆရာဝန်တွေမှ သဘောကျတာကွ"

ရယ်မောရင်းသာ "တော်ပါတော့ ဆရာကျော်ရယ်"ဟု ပြောရသည်။

(၅)

Congratulation.

"ဂုဏ်ယူပါတယ်"ဟု အဓိပ္ပာယ်ရသော စာတန်းကလေးနှင့် ပန်းခြင်းကလေး ပွေ့ပိုက်ထားသော ဝက်ဝံရုပ်ကလေးကလွဲလျှင် ဘာမှ အပိုစကားတစ်ခွန်းမပါသော ကတ်ပြားကလေးကို ကြည့်၍ ဒေါက်တာယဉ်သွေး ကြည်နူးရမလိုလို၊ စိတ်မကောင်းဖြစ်ရမလိုလို ဖြစ်နေသည်။

ကျောဘက်ကို လှန်ကြည့်တော့ Dr. P.Hmone, SHO (Paediatrics), Monkland Hospital, Monkland, Lanarkshire, Scotland, U.K ဟု ညီညာလှပသော လက်ရေးကလေးများနှင့် ရေးထားသည်ကို တွေ့ရသည်။

ဩော် ··· သူ့ စကားတလန်မှာကိုး။ ကလေးကုသဆောင်မှာတောင် အလုပ်ရသွားပြီဆိုတော့ ကလေးအထူးကုဆရာဝန်ဖြစ်ဖို့ ရည်မှန်းထားဟန်တူသည်။ ရည်မှန်းချက်ချင်း သွားတူနေသည်ကိုပင် ဝမ်းသာရမှာလိုလို၊ ဝမ်းနည်းရမှာလိုလို။ မိမိကတော့ ဘာမှမသေချာသေး။ တောင်ဝင်သမားတော်ဘွဲ့ အပိုင်း(က)စာမေးပွဲ အောင်မြင်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း တော်ဝင် ကောလိပ်မှ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ နားထောင် စာမေးပွဲ IELTS ကိုပါ အပိုင်းတိုင်း အပိုင်းတိုင်း အနည်းဆုံး အဆင့် "၇" ရမှ လာပါဟုအကြောင်းကြားထားသည်။ သည့်လိုရသည့် ရာခိုင်နှုန်းကလည်း ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသည်ဟု သိရသည်။ လောလောဆယ်တွင်တော့ နိုင်ငံခြားဘာသာသိပ္ပံတွင် တစ်လ သင်တန်းတက်ရဦးမည်။ ပြီးလျှင် ဗြိတိသျှကောင်စီတွင် သင်တန်း ထပ်တက်ရ၊ စာမေးပွဲ ဖြေရဦးမည်။ ဒေါက်တာယဉ်သွေး ကတ်ပြားကလေး ကို စာအုပ်တစ်အုပ်ကြား အသာညှပ်လိုက်ပါသည်။

(၆)

ဆရာကြီးခေါ်သည် ဆိုကတည်းက ကျောတော့ နည်းနည်းစိမ့်သည်။ ဆရာကြီးက ရာထူးကြီး၊ ပညာကြီးသော်လည်း ဟိတ်ဟန်နှင့် မနေတတ်။ ရိုးရိုးပြောစရာတစ်ခုရှိလျှင် ခေါ်မပြောဘဲ လက်ထောက်ဆရာဝန်များ နားနေခန်းထဲ ဝင်လာပြောတတ်သည်။ တစ်ခါတလေများ တမေ့တမောတောင် ထိုင်စကားပြောနေတတ်သေးသည်။ ဆရာကြီးနှင့် ဆရာကျော် တစ်ခါတလေ ထိုင်စကားပြောနေကြလျှင် ညနေ ၅ နာရီထိုးချင်ထိုးသည်။ ပြန်ချင်နေကြသည့် ဆရာဝန်မများ ခြင်းကလေးတွေ တကိုင်ကိုင်နှင့်၊ ဆရာကြီးကိုလည်း ဖြတ်မပြန်ရဲသဖြင့် ပေထိုင်နေကြရတတ်သည်။ ယခု သူ့အခန်းသို့ ခေါ်သည်ဆိုကတည်းက ဆူဖို့ကလွဲလျှင် ကျန်တာ သိပ်တော့မဖြစ်နိုင်၊ စင်သွားတော့လည်း ဒေါက်တာယဉ်သွေးထက် ဘွဲ့လွန်တစ်တန်းကြီးပြီး ဆရာဝန်ဖြစ်တာ ရှစ်နှစ်ကြီးသည့် အဆင့်တူ ဆရာဝန်အစ်မကြီး ဆရာကြီးစားပွဲရှေ့ခုံမှာ ထိုင်နေသည်ကို တွေ့ရသည်။ မျက်နှာကြီးကလည်း ရှစ်ခေါက်ချိုး ဖြစ်နေသည်။ သေချာပါပြီ။ ငါတော့ အတိုင်ခံထားရပြီ၊ ဆရာကြီးရှေ့ စားပွဲပေါ်တွင် ဆရာကျော်နှင့် မိမိတင်ထားသော လုပ်သက်ခွင့်စာရွက်တွေကို တွေ့ရသည်။ ဆရာကြီးက "ယဉ်သွေး ထိုင်"ဟု ပြော၍ ထိုင်ရသည်။

"ဒီမှာ မင်းတို့အစ်မက လာပြောနေတယ်။ မင်းတို့နှစ်ယောက် သုံးလသင်တန်း သွားတော့လည်း လူစားမရလို့ သူတို့ နိုက်ဂျူတီတွေ ပိုဆင်းရတယ်တဲ့၊ နိုင်ငံခြားဘာသာ သိပ္ပံတက်တုန်းကလည်း မင်းတို့က ညပဲ ဂျူတီလာဆင်းတော့ နေ့ကို သူတို့ချည်းပဲ လုပ်ရတယ်တဲ့၊ အခု မင်းတို့က အင်္ဂလိပ်စာ စာမေးပွဲဖြေမယ်ဆိုပြီး တစ်ယောက်တစ်လစီ ခွင့်ယူကြဦးမယ်ဆိုရင်တော့ သူတို့ ဒီပုံအတိုင်း ပိုဆင်းမပေးနိုင်တော့ဘူးတဲ့၊ ခုတလော လူနာတွေကလည်း အရမ်းများလို့ သူတို့ သိပ်ပင်ပန်းတယ်ဆိုတာ မင်းတို့လည်းသိပဲ အမ်အာရ်စီပီ ဝင်ခွင့်စာမေးပွဲဆိုတာ ဖြေတုန်းက မင်းတို့နဲ့ ဒီအစ်မကြီးတွေ အတူတူပဲ မင်းတို့က ကံကောင်းပြီး အောင်သွားပြီး သူတို့က ကျကျန်ခဲ့ကြတော့လည်း မင်းတို့

www.burmeseclassic.com



သွားနေရတဲ့အတွက် သူတို့ ပိုဆင်းပေးရတဲ့ဟာတွေ ပိုဆင်းပေးခဲ့ကြပြီးပြီပဲ၊ ဆရာ့အထင်တော့ မင်းတို့လည်း သူတို့ကိုအားနာပြီး ဂျူတီဆင်းသင့် ကြပြီထင်တယ်"

မျက်နှာပူစွာဖြင့် ခေါင်းညိတ်ပြမိသည်။

"ကျွန်တော်နဲ့ဆရာကျော်လည်း အဲဒါကို ရိပ်မိလို့ အားနာပြီး တိုင်ပင်ကြပါသေးတယ်၊ အခုက အင်္ဂလိပ်စာမအောင်ရင် မလာနဲ့လို့ ပြောထားတော့ အင်္ဂလိပ်စာကလည်း "၇" ရတာက ၁၀ ယောက်မှ တစ်ယောက်လောက်ဖြစ်နေတော့ ကြောက်ပြီး IELTS ကျူရှင်တက်ချင် ကြတာပါ။ ကျူရှင်ကလည်း နေ့ပိုင်းပဲရတာဆိုတော့ ဆရာကျော်နဲ့ ကျွန်တော်တိုင်ပင်ပြီး သူက တစ်လယူ၊ စာမေးပွဲဖြေ၊ သူအောင်အောင်ကျကျ ကျွန်တော်က တစ်လယူ၊ စာမေးပွဲဖြေ၊ သူက အလုပ်ပြန်ဆင်း အဲသည်လို ညှိကြတာပါ။ ကျွန်တော်တို့ တစ်ယောက်စီတော့ ဆက်ရှိနေမှာပါ"

"တစ်ယောက်စီရှိလို့မရဘူး။ ယူတို့နှစ်ယောက်စလုံး ရှိရမယ်၊ ဒီမှာ ဒိုင်တို့ သေတော့မယ်"

အစ်မကြီးက လေသံမာနှင့် ဝင်ပြောတော့ ဆရာကြီးက လက်ကာပြသည်။

"ဆရာ့သဘောကတော့ အင်္ဂလိပ်စာ စာမေးပွဲဆိုတာ ကျူရှင်တက်တိုင်းလည်း အောင်တာမဟုတ်ဘူး။ တစ်သက်လုံး ကိုယ်လေ့လာထားရတာတွေနဲ့ပဲ ဖြေရတာ၊ ဆရာလည်း မင်းတို့ကို "ဝဒ်ရောင်း"မှာ အင်္ဂလိပ်လိုပဲ ပြောရမယ်ဆိုပြီး လေ့ကျင့်ပေးနေတာပဲမဟုတ်လား။ ပြီးတော့ မင်းတို့ရှေ့ကသွားတဲ့ လူတွေတုန်းက အဲဒါ ဖြေစရာမလိုဘူးဆိုပေမယ့် နောက်ဆုံးမှသွားတဲ့တစ်ယောက် အဲဒီမှုနဲ့ ငြိသွားလို့ ဖြေလိုက်ရသေးတယ်၊ တစ်ခါတည်းလည်း အောင်သွားတယ်၊ အဲဒါ မင်းတို့သိတယ်မဟုတ်လား"

"ဟုတ်ကဲ့··· သိပါတယ်"

"အဲဒီကောင် မင်းတို့လို ကျူရှင်တက်ဖို့ ခွင့်ယူဖို့မပြောနဲ့၊ ချင်းတောင်ကပြန်လာပြီး ဖြေရတာ၊ သူတောင် အောင်သေးတာပဲ၊ မင်းတို့လည်း ဒီအတိုင်းပဲ သွားဖြေကြ၊ ဆရာ ခွင့်မပေးတော့ဘူး။ လလည်း ခြားမနေနဲ့၊ ဒီလပဲ နှစ်ယောက်စလုံး သွားဖြေကြ၊ ကျတဲ့လူကို ပြန်ဖြေဖို့ ဆရာခွင့်ပေးမယ် ဟုတ်ပြီလား"

ဆရာကြီးပြောသည့် တစ်ယောက်က နာမည်ကြီး အင်္ဂလိပ်စာ အလွန်တော်သည့် အစ်ကိုကြီးတစ်ဦးပါ။ အင်္ဂလိပ်စာပါမောက္ခနှင့် ကထိက က မွေးထားသည့်သားပါ။ သူ တစ်ခါတည်းအောင်တာနှင့် မိမိတို့မည်သို့မျှတော့ဆက်စပ်၍မရ၊ဘာပဲဖြစ်ဖြစ် ဆရာကြီးကို ဆက်မငြင်းရဲသဖြင့် ခေါင်းညိတ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

မထင်မှတ်ဘဲ ရွာချလိုက်သောမိုးသည် ရန်ကုန်မြို့ပေါ်ရှိ ကားလမ်းအားလုံးကို ချောင်းငယ်များအသွင်သို့ ပြောင်းလိုက်ရုံသာမက ဗြိတိသျှကောင်စီမှထွက်၍ ဘတ်စ်ကား စောင့်နေသောဒေါက်တာယဉ်သွေးနှင့်ဆရာကျော်ကိုကြွက်စုတ်များလိုစိုရွှဲသွားစေခဲ့သည်။

"ပေါက္ခရဝဿမိုးဆိုတာမျိုး ထင်တယ် ဆရာကျော်ရဲ့"

အှုံမြှုံးနေသော ဒေါက်တာယဉ်သွေးက ပြောတော့ ဆရာကျော်က ရယ်၍ "မိုးကြီး ပစ်မယ် ခွေးကောင်လေး"ဟု ပြောသည်။

"အိမ်ပြန်ပြီး အဝတ်လဲကြဦးမလား"

"ထားလိုက်ပါကွာ၊ ငါ့ဆရာကို ပြောချင်လှပြီ၊ ဆေးရုံပဲပြန်မယ်"

ဆေးရုံရောက်တော့ ဆရာကြီး စာသင်နေသည်ပြော၍ အောက်ထပ် စာသင် ခန်းမဆောင်သို့ လိုက်သွားကြသည်။ စာသင်ခန်းမပေါက်ဝတွင် ရေမွှန်းနေသည့်ကြွက်စုတ် များအသွင်နှင့် ရပ်နေကြသော သူတို့နှစ်ယောက်ကို စာသင်ခန်းထဲတွင် ထိုင်နေသော ကျောင်းသူကျောင်းသားတစ်ရာနီးနီးက မြင်သော်လည်း ကျောခိုင်း၍ စာသင်နေသော ဆရာကြီးက မမြင်။

သူတို့နှစ်ဦးစလုံး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းနှီးကြသူများဖြစ်၍ တချို့ကျောင်းသူကျောင်းသားများက ပါးစပ်လှုပ်ရုံမျှလေသံဖြင့် "ဆရာ အောင်လား"ဟု လှမ်းမေးကြသည်။

တစ်ယောက်ချင်းကတော့ လေသံမျှဖြစ်ပေမယ့် လူပေါင်းများစွာ လှမ်းလှမ်းမေး နေတော့ တရွှတ်ရွှတ်သံတွေ ဆူညံလာသဖြင့် ဆရာကြီး ရိပ်မိသွားပြီး လှည့်ကြည့်တော့ သူတို့နှစ်ဦးကို မြင်သည်။

"ဘာလဲဟေ့ . . . ဟေ့ကောင်တွေ၊ အောင်လာတာလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်က "၈"၊ ယဉ်သွေးက "၇"၊ "၇"ကတော့ အားလုံးကျော် တယ်"

ဆရာကြီးက ဝမ်းသာအားရ သူတို့နှစ်ယောက်စလုံး၏ ပခုံးကို လက်နှစ်ဖက်နှင့် ဖြိုင်တူရိုက်၍ "ငါပြောသားပဲ၊ မင်းတို့ သွားသာဖြေလိုက်ပါလို့၊ စောင့်နေရင် အလကား ဒီတစ်ခေါက် အလုပ်ခန့်တာ ဟိုမှာ မမီဘဲနေဦးမယ်။ ကဲ . . . အိမ်မြန်မြန်ပြန် အဝတ် လဲကြ၊ ငါ ဘယ်မှာလိုက်စားမယ်ဆိုတာ နက်ဖြန်မှ မင်းတို့ကို ပြောမယ်"ဟု ပြောသည်။

"ဆရာ သမီးတို့လည်း လိုက်စားမယ်၊ ကျွန်တော်တို့လည်း လိုက်စားမယ်"ဟူသော တစ်ယောက်တစ်ပေါက်အသံများ ကျောင်းသား၊ ကျောင်းသူများထဲမှ ရှည်စွာ ထွက်ပေါ်

www.burmeseclassic.com



ရှိနေသည်ကိုပင် သတိပြုမိဟန်မရှိ။ ဟုတ်ပါရဲ့။ ရုပ်ရည် သည်မျှသန့်ပြန့်ချောမောပြီး အလွန်နွေးထွေးသော အပြုံးပိုင်ရှင် သည်ဆရာဝန်ကလေး ယခုအရွယ်အထိ ချစ်သူမရှိ၊ တစ်ဦးတည်း နေနေရသည်ကတော့ အံ့ဩစရာ။

"ဆရာ ဝမ်းလျှောတဲ့လူကြီးခေါင်က ပြန်ချင်တဲ့လူနာရဲ့ သားတွေ"

ဆရာဝန်ကလေးက စာရွက်တစ်ထပ်ကို ဒေါက်တာယဉ်သွေးရှေ့ချပေးရင်းက မေးငေါ့ပြသည်။ အနည်းငယ် စိတ်တိုနေဟန်ရှိပြီး အဝတ်အစား မသပ်ရပ်၊ ချွေးတလုံးလုံးနှင့် ယောက်ျားကြီးသုံးဦး ချဉ်းကပ်လာကြသည်။

"ကဲ··· ပြောပြပါဦး။ ခင်ဗျားတို့က ဘာလို့ ဆင်းချင်ရတာလဲ"

"လက်မှတ်ထိုးမှာပဲ ဆရာ၊ မရဘူးလား"

စွပ်ကျယ်အင်္ကျီနှင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားသူတစ်ဦးက လေသံမာနှင့် ပြောသည်။ ရုပ်အင်္ကျီကော်လာ လည်ကတုံးလည်ပင်းသားများဖွာ၍ ဝါကြန့်ကြန့်အရောင်ပေါက်နေသည်ကို ဝတ်ဆင်ထားသူက လက်ကာပြသည်။ ဒေါက်တာယဉ်သွေးကတော့ အေးအေးပင်။

"ရပါတယ်၊ အရပ်ဆေးရုံပဲ၊ လူနာရှင်သဘောပါ။ ဒါပေမဲ့ ကျွန်တော်က ဒီမှာ ခင်ဗျားတို့အဖေရဲ့ လူနာမှတ်တမ်းကို ကြည့်နေတာ၊ ဝမ်းကိုက်တယ်ဆိုပြီး ဝမ်းစစ်ထားတာ ဝမ်းကိုက်ပိုးလည်း တွေ့တယ်၊ ဒါနဲ့ပတ်သက်တဲ့ ဝမ်းကိုက်ပိုးသေတဲ့ဆေးလည်း ပေးထားတယ်။ ဆေးက ခုနစ်ရက်ပေးရမှာ၊ အခု နှစ်ရက်ပဲရှိသေးတယ်။ အဲဒါ ပြန်မယ်ဆိုတော့ အိမ်မှာတော့ ဆက်သောက်လို့ရတာပေါ့လေ။ ဒါပေမဲ့ လူနာက အသက်ကကြီးတော့ အနီးကပ်စောင့်ကြည့်ဖို့တော့ လိုတာပေါ့၊ မပြန်ရင် လူနာအတွက် ပိုကောင်းမလားလို့ပါ"

လူနာရှင်များ၏ မျက်နှာမှာ တွေဝေသွားသည်။

"ကျွန်တော်တို့က ဒီမှာကုနေတာ မသက်သာလို့"

"ထုံးစံကတော့လည်း သုံး၊ လေးရက်နေမှ သိသာတတ်တာပါပဲ၊ မြန်မြန်သက်သာအောင် ဆိုပြီး ဝမ်းပိတ်ဆေးတွေတိုက်ပစ်လိုက်ရင်လည်း ဝမ်းကိုက်ပိုးကိုပိုပြီးပွားလာအောင် အားပေးသလိုဖြစ်တတ်တာပေါ့။ အကြောဆေးတို့၊ ထိုးဆေးတို့ကလည်း တကယ်မလို အပ်ဘဲပေးရင် အထူးသဖြင့် အသက်ကြီးတဲ့လူတွေမှာ အန္တရာယ်မကင်းဘူးလေ"

လူနာရှင်သုံးဦးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ပြီးမှအားတုံ့အားနာ ဟန်ဖြင့် ဆိုသည်။

"ဒီလိုပါဆရာ၊ ကျွန်တော်တို့က အဖေ့ကို ဘယ်သူမှလည်း လာမကြည့်ကြဘူး။ ဒီမှာ ကုတာ ဘာမှလည်း သက်သာမလာဘူးဆိုပြီး အပြင်မှာ သွားကုကြမလို့ပါ။ အခု



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

တသင်ကောင်း၏ ကျောင်းသူ၊ ကျောင်းသားများချစ်ကြသော ဆရာနှစ်ဦး၏ အောင်မြင်မှုအပေါ် အားလုံးက မျှဝေပီတိဖြစ်နေကြပုံပင်။

(၈)

ဆရာကြီးက စားပွဲပေါ်မှ စာအုပ်ထုပ်ကြီး နှစ်ထုပ်ကို တစ်ထုပ်စီ ဖွင့်ဖောက်ဖတ်အပြီး သဘောကျစွာ ရယ်မောသည်။

"ဒါများ ဗြိတိန်သွားမလို့တဲ့ကွာ၊ ဒါ မင်းတို့ကို အလုပ်ခန့်တဲ့စာတွေကွ၊ သူတို့ အလုပ်ခန့်တဲ့စာက အဲသလိုပဲ၊ စာချုပ်တွေ၊ ကန်ထရိုက်တွေ၊ စည်းမျဉ်းစာအုပ်တွေနဲ့ ပို့နေကျ။ ထုံးစံကတော့ ဟိုရောက်မှပေးတာ၊ အခုက မင်းတို့ရှေ့က သွားခဲ့တဲ့လူတွေက အရမ်းကြိုးစားပြခဲ့ တော့ ဆေးရုံက ဒါရိုက်တာက မြန်မာဆို အရမ်းအထင်ကြီး၊ အရမ်းချစ်ပြီး မြန်မာလူမျိုးစာမေးပွဲလာဖြေမယ့်လူတွေထဲကအင်္ဂလိပ်စာအောင်တဲ့လူဘယ်နယောက်ရှိရှိ ခန့်မယ်လို့ ပရော်ဖက်ဆာကပ်တင်းကို အကြောင်းကြားထားတာ၊ ကပ်တင်းကြီးက မင်းတို့ နာမည်ပို့လိုက် တော့ တန်းပြီး ခန့်စာပို့တာ၊ မင်းတို့ပြည်ပထွက်ခွာခွင့်တင်ဖို့ စလုပ်ကြတော့။ ဒီ ဖေဖော်ဝါရီမတိုင်ခင် ရောက်ရမှာ"

ဆရာကျော်နှင့် ဒေါက်တာယဉ်သွေး ဝမ်းသာအားရ တစ်ယောက်ပခုံး တစ်ယောက် ဖက်လိုက်ကြသည်။

"ဆရာ ကျွန်တော်တို့ကို တစ်ယောက်တည်းက ခန့်တာဆိုပြီး ဘာလို့ ဆေးရုံက မတူရတာလဲ"

"အဲဒီ Lanarkshire က တစ်မျိုးဖြစ်နေတယ်၊ ငါလည်း ဟိုကောင်တွေ လုပ်ခဲ့တဲ့ နေရာမို့သိတာ၊ မောင်ကျော်လုပ်မယ့် Bellshill က Bellshill ဆိုတဲ့ ရွာမှာရှိတာ၊ ရွာ ဆိုပေမယ့် တို့ဆီက မြို့ငယ်လောက်ရှိတာပေါ့ကွာ၊ သူက စကော့တလန်မှာ အကြီးဆုံး မီးယပ်သားဖွား ဆေးရုံကြီးပဲ၊ ကလေးနဲ့ပတ်သက်လို့ကတော့ မွေးကင်းစဆောင်ပဲ ရှိတယ်၊ မောင်ကျော်က အဲဒီမှာ ၆ လလုပ်ပြီးရင် ကလေးကြီးဆောင် ဆင်းဖို့အတွက် အခု ယဉ်သွေးအလုပ်ရတဲ့ Law Hospital ကို ရွှေ့ရမှာ၊ ယဉ်သွေးက Bellshill ကို ရွှေ့ရမှာ၊ တစ်နှစ်ပြီးရင်တော့ မင်းတို့ကြိုက်ရာ ရွှေ့ချင်ရွှေ့၊ ဆက်လုပ်ချင်လုပ်ပေါ့။ အဲဒီဆေးရုံနှစ်ရုံက မိုင် ၂၀ ကျော်ကျော်ဝေး တယ်။ မိုင်နှစ်ဆယ်ဆိုတာကတော့ ဟိုမှာတော့ ဘာမှမရှိတာ။ အဲဒီတော့ ဆရာဝန်ကြီးတွေက အဲဒီဆေးရုံနှစ်ရုံရော၊ Monkland ဆိုတာ နောက်ထပ် မိုင် ၂၀ လောက်ဝေးတဲ့ ဆေးရုံတစ်ရုံပေါ့။ သုံးရုံတွဲပြီး လှည့်ကြည့်

www.burmeseclassic.com



နေကြတာ"

Monkland.

ဒေါက်တာယဉ်ဒေသွးဇဝေဇဝါဖြစ်သွားသည်။သည်နှာမည်ငါ့ဘာဖယ်မှာများကြားဖူးနေခဲ့တာပါလိမ့်။

❐

www.burmeseclassic.com

www.burmeseclassic.com



# ၈

## ပြည်တော်ဝင်နှလုံးခုန်သံ

www.burmeseclassic.com

www.burmeseclassic.com

# ပြည်တော်ဝင်နှလုံးခုန်သံ

ဒေါက်တာ

**ရွှေသွေး** နှင့်

**မပန်းမှုံ**



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တော်ဝင် နှလုံးခုန်သံ

(၁)

"မောက်ကာလန်"ဆေးရုံကင်တင်းရှိ စားပွဲကလေးတစ်လုံးတွင် တစ်ယောက်တည်း ထိုင်ရင်းက မပန်းမှုံ ငေါင်စင်းစင်းဖြစ်နေသည်။ ပတ်ဝန်းကျင်တွင် ပျားပန်းခတ်မျှ ရှေ့လျားသွားလာနေကြသည့် စကော့လူမျိုးအများစု ပါဝင်သော ဆရာဝန်၊ ဆရာမများကို မမြင်မိ၊ သူတို့ပြောနေသော စကော့သံ အလွန်ဝဲသည့် စကားသံများကိုလည်း နားကအာရုံ မရောက်၊ မလေးရှားနိုင်ငံဖွား တရုတ်မကလေး "ယဉ်မေ"သူ့အနား ရောက်လာသည်ကိုပင် သတိမမူမိ၊ ယဉ်မေက သူ့ပခုံးကို ဖုန်းခနဲ ပုတ်လိုက်တော့မှ လန့်၍ လှည့်ကြည့်ပြီး ပြုံးပြရသည်။

"ပန်း မင်း ဝဒ်ရောင်းမှာကတည်းက ငေါင်စင်းစင်းနဲ့၊ ဘာလဲ ညက မင်းကျွတ် တော်တော်ရှုပ်သလား၊ မအိပ်ရဘူးလား"

ယဉ်မေက မက်ကရိုနီနှင့် ပဲသီးချို၊ ခရမ်းချဉ်သီးဟင်းရည် ရောထားသော ပန်းကန်ကို ချ၍ မပန်းမှုံရှေ့တွင် ဝင်ထိုင်သည်။ မပန်းမှုံရှေ့တွင် ချထားသော ဆလတ်ရွက်နှင့် ဆယ်လ်မွန်ငါးပြုတ်ကိုကြည့်ပြီး နှာခေါင်းရှုံ့ပြသည်။

"မအိပ်ရရင်လည်း နည်းနည်းဗိုက်ဝတာ စားမှပေါ့ ပန်းရယ်၊ မင်းက ဒီအောက်လာနေ ပြီးသား၊ ဘာထပ်လျှော့နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မပန်းမှုံက ရယ်သည်။

"စားချင်စိတ်မရှိတာပါ ယဉ်မေရယ်၊ ငါက အိပ်ရေးပျက်ရင် အစားပါ ပျက်သွားရော"

"ဝဒ်ထဲလည်း ဘာအရေးကြီးလူနာမှ မတွေ့ခဲ့ပါဘူး ပန်းရယ်။ ညက ဘာလို့မအိပ်ရတာလဲ"

မပန်းမှုံက နှာခေါင်းရှုံ့ပြသည်။

"ထုံးစံအတိုင်းပေါ့ဟာ၊ အကြွေစေ့မျိုချလိုက်တဲ့ ကလေးတစ်ယောက် ရောက်တယ်။ အရေးပေါ်ဆရာဝန်က ဗိုက်ဓာတ်မှန်ရိုက်တယ်။ အကြွေစေ့က အစာအိမ်လောက်မှာ ရောက်နေတာတွေ့တယ်၊ ငါ့ကို ခေါ်ပြတယ်၊ ငါက ဘာမှလုပ်စရာမလိုဘူး။ နောက် ဝမ်းသွားရင်း ထွက်သွားလိမ့်မယ်လို့ ပြောတော့ မယုံဘူး။ ပိတ်သွားရင် ဘယ်လိုလုပ်မလဲတဲ့။ ငါက အကြွေစေ့ဆိုတာ ဗိုက်ထဲရောက်အောင် မျိုချလို့ရောက်သွားပြီးရင် စအိုက မထွက်နိုင်တာ၊ ပိတ်တာ မရှိဘူး။ နောက်ပိုင်း အဲဒီထက်ကျယ်တဲ့နေရာချည်းပဲ ပြောတော့ လက်မခံဘူး။သိတဲ့အတိုင်းပဲဟာ၊အာရုတိုက်သားမှန်းသိနေတော့သိပ်အထင်မကြီးဘူးပေါ့"

ယဉ်မေက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"နောက်တော့ ဘယ်လိုပြေလည်သွားလဲ"

"ငါ့ကို မရဘူး၊ ဒေါက်တာဘာကလေ ခေါ်ပေးရမယ် ပြောတာပေါ့။ ဒေါက်တာဘာကလေက သဘောကောင်းတော့ ငါက ဖုန်းဆက်ရမှာ ဝန်မလေးပါဘူး။ ဒါပေမဲ့ အဲဒီအချိန်က ည ၁၂ နာရီ၊ ဒေါက်တာဘာကလေက မိုင်အစိတ်လောက်ဝေးတဲ့ နေရာကနေ ကားမောင်းပြီးလာရမှာ၊ ခြေတစ်ဖက်ကလည်း သန်တာမဟုတ်ဘူး။ လူနာက တကယ်အရေးကြီးရင်လည်း ထားတော့၊ ငါပြောတာကို သူ မယုံတာလေးနဲ့ဆိုတော့ မတန်ဘူးပေါ့"

"မင်းက ဆက်မပေးလိုက်ဘူးလား"

"ဆက်ရတာပေါ့၊ ဒီမှာ ငြင်းမိရင် သူက လူနာကို အရေးကြီးတယ်၊ ဘာညာက ရှင်းပြုပြီးသားဟာ၊ ငါက အရေးမကြီးပါဘူးပြောတော့ လူနာက အဖြူချင်းတူတဲ့ သူ့ပဲယုံပြီး ငါ့ ပြဿနာရှာမှာပေါ့။ ဒေါက်တာဘာကလေက ဖုန်းထဲမှာ နားထောင်ပြီး ငါပြောတာကို သဘောတူပါတယ်၊ ငါ့ကိုတောင် မင်းက မင်း အမ်အာရ်စီပီပတ်(တ်)ဝမ်း အောင်ပြီးသားပါ ဆိုတာ မပြောလိုက်ဘူးလားလို့ စ နေသေးတယ်။

မပန်းမှုံလည်း ဒေါက်တာယဉ်သွေးနည်းတူ တော်ဝင်ကလေးအထူးကုသမားတော် အပိုင်း(က)စာမေးပွဲ အောင်မြင်ခဲ့လေပြီ။ အသက်အစိတ်ကျော်ကျော်တွင် သည်အဆင့် စာမေးပွဲအောင်မြင်ပြီးဖြစ်နေသည်ကသည်နိုင်ငံတွင်ပင်လေးစားလောက်စရာအောင်မြင်မှု တစ်ခုဖြစ်သော်ငြား အသားအရောင်ကြောင့် အမ်အာရ်စီပီ ပါလည်း သူ့စကားကို အရေးမပါ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျဆရာဝန်လူဖြူကလေးစားမည်မဟုတ်ဟုနားလည်ထားသောမပန်းမှုံကပြောမပြ လိုက်ပါ။

"နောက်တော့ ခွဲစိတ်ဆရာဝန် ခေါ်ပြပေးလိုက်ပါ ပန်းရယ်တဲ့၊ ငါလည်း ခေါ်ပြတယ်၊ ခွဲစိတ်ဆရာဝန်ကလည်း ငါ့လိုပဲ ပြောတာပဲ၊ ဘာမှမလိုဘူးလို့၊ အဲဒါလည်း သိပ်မယုံပြန်ဘူး"

"ခွဲစိတ်ဆရာဝန်က ဘယ်သူလဲ"

"မစ္စတာဆင်း"

တော်ဝင်ခွဲစိတ် အထူးကုဆရာဝန်ဘွဲ့ရပြီး ဆရာဝန်များက အမည်ရှေ့တွင် ဒေါက်တာ မတပ်ဘဲ မစ္စတာဟူ၍ တပ်လေ့ရှိပါသည်။

"ဟိုကောင် ငြိမ်သွားရောလား"

"ဘယ်ငြိမ်မလဲ၊ ဟိုက ပန်ချာပီဖောင်းထုပ်ကြီးနဲ့ လာတာဆိုတော့"

ယဉ်မေက စားလက်စ ပဲသီးများ သီးသွားအောင်ပင် ရယ်ပါသည်။

"အဲဒါနောက်ဆုံးအစာအိမ်နဲ့အူလမ်းကြောင်းအထူးကုဆရာဝန်ကိုပါအိပ်ရာကနှိုးပြီး ပြောင်းထည့်ကြည့်မလား မေး၊ ဟိုလူက ညတွင်းချင်း ဘာမှလုပ်စရာမလိုဘူး၊ စိတ်မချရင် နက်ဖြန် သူ့ရုံးခန်းကို လွှတ်လိုက်လို့ ပြောတော့မှ လက်ခံပြီး အိမ်ပြန်လွှတ်လိုက်တယ်၊ နောက်ဆုံး သူတို့ အဖြူအဖြူချင်းပြောမှ ယုံတော့တာ"

ယဉ်မေက ရယ်၍...

"ပန်းရယ်၊ နင်က အဲဒါ စိတ်တိုစရာမှ မဟုတ်တာ၊ သနားရမှာ၊ ဒီနိုင်ငံမှာကြည့် သူတို့ လူမျိုး ဆရာဝန်အများစုက သက်သက်သာသာ အထွေထွေကုပဲ လုပ်ကြတယ်၊ အထူးကုဆရာဝန်တွေထဲမှာ တစ်ဝက်လောက်က တို့လို ဖွံ့ဖြိုးဆဲနိုင်ငံကလာတဲ့ ဆရာဝန်တွေ၊ ဒီတော့ တို့ကို လူမျိုးမတူလို့ အထင်မကြီးတာကလည်းရှိ၊ သူတို့နိုင်ငံက ဖွဲ့စည်းပုံစနစ်ကလည်း လူမျိုးခြားမို့ အနိမ့်မခံရအောင် စနစ်တကျလုပ်ထားတော့ တို့တစ်တွေကိုနေရာမပေးလို့ကလည်းမရ၊ဒီကြားထဲဒေါက်တာဘာကလေလိုသမာသမတ် ကျတဲ့ ဒါရိုက်တာကြီးတွေက လူမျိုးခြားထဲက ကြိုးစားတဲ့လူတွေကို မြှောက်စား၊ ကြားထဲမှာ နေရခက်နေတဲ့ သူတို့ဘဝဟာ တကယ်တော့ သနားစရာပါဟာ"ဟု ပြောသည်။

မပန်းမှုံက ခေါင်းညိတ်၍...

"အဲဒါနဲ့ မအိပ်ရတော့တာပဲဟာ"ဟု ဖြေသည်။

ညဂျူတီကျလျှင် မြန်မာနိုင်ငံတွင် အလုပ်သင်ဆရာဝန် လုပ်ခဲ့စဉ်ကလည်း မအိပ် ရတာများပေမယ့် သည်မှာက နောက်တစ်နေ့ရော၊ ညဂျူတီမဆင်းခင် တစ်ရက်ပါ အနား မပေးတာက တစ်ကြောင်း။ လေးရက်တစ်ခါ ညဂျူတီဆင်းရသည်က တစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲများ၊ မွမ်းမံသင်တန်းများအတွက် စာဖတ်နေရသည်က တစ်ကြောင်းကြောင့် သိသိသာသာတော့ ပိုပင်ပန်းသည်။ လခကလေး မြိုးမြိုးမြက်မြက်ပေးထားသည့်အပြင် ညဂျူတီဆင်းရတိုင်းအချိန်ပိုကြေးထပ်ရသဖြင့်ညနေပိုင်းကိုယ်ပိုင်ဆေးခန်းထပ်ပြေးစရာမလိုတော့၍သာ တော်တော့သည်။

(၂)

"ပန်း၊ မင်းကိုယောက်ဖဖောင်းလ်ကအင်တာဗျူးလာဖြေဖို့ရွေးလိုက်တယ်ဆိုဟုတ်လား"

အမျိုးသမီး တာဝန်ခံ ကလေးအထူးကုဆရာဝန် ဒေါက်တာလောင်ဒန်က အခန်းဝမှာ ခေါင်းပြူမေးတော့ မပန်းမွှံ ရှိသေသမှုနှင့် မတ်တတ်ရပ်၍ "ဟုတ်ကဲ့"ဟု ဖြေရသည်။ စကားပြော၍ အသံသွင်းနေလက်စလက်ထဲက အသံသွင်းစက်ငယ်ကလေးကိုလည်း စားပွဲပေါ် ချလိုက်သည်။

ယဉ်မေကလည်း သူ့စက်ကလေးကို သူပိတ်၍ စားပွဲပေါ်ချသည်။

ဆေးရုံဆင်းမည့်လူနာများအတွက် ညွှန်ကြားချက်ကို လူနာဆောင် အတွင်းရေးမှူးမကလေးမှ ကွန်ပျူတာလက်နှိပ်စက်ရိုက်ပေးနိုင်ရန် အသံသွင်းနေကြခြင်းပါ။ ပြီးလျှင် ကက်ဆက်ခွေသေးသေးကလေးများကို သူမစားပွဲပေါ်သွားချပေးလိုက်လျှင် သူမက စာရိုက်ထုတ်၍ လက်မှတ်လာထိုးခိုင်းပေလိမ့်မည်။

"အို··· ဂုဏ်ယူပါတယ်ကွယ်၊ ယောက်ဖဖောင်းလ်မှာ အလုပ်ရဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ၊ မင်းဘဝတော့ အညွှန့်တလူလူတက်ပြီ"

"အင်တာဗျူးပြီးမှ သိရမှာပါ မေရီရယ်"

တာဝန်ခံ ဆရာဝန်ကြီးများကိုလည်း သည်နိုင်ငံမှာ တံမြက်စည်းလှည်းသမားကအစ နာမည်ကို ရင်းရင်းနှီးနှီး အဖျားဆွတ်ခေါ်နေကျဖြစ်၍ ဒေါက်တာလောင်ဒန်ကို မပန်းမွှံက မေရီဟုသာ ခေါ်ရပါသည်။

"အင်တာဗျူးခေါ်တယ်ဆိုတာ ခန့်မယ့်လူလောက်ပဲခေါ်မှာ၊ ပြီးတော့ မင်းက လုလုကလေးနဲ့ သွက်သွက်လက်လက်ကလေးဆိုတော့ ရမှာသေချာပါတယ်"

"ကျေးဇူးပဲ မေရီ"

ယောက်ဖဖောင်းလ်လိုနေရာမျိုးတွင် ဆရာဝန်တစ်နေရာလွတ်သွားလျှင် အလုပ်လျှောက်သူ ရာနှင့်ချီ၍ ရှိလေ့ရှိသည်။ အလုပ်အတွက် အင်တာဗျူးလာဖြေသူကို ခေါ်သည့် ဆေးရုံက လာစရိတ်၊ တည်းခိုစရိတ်အားလုံး ကျခံပေးရသည့်ထုံးစံရှိလေရာ စာရွက်ပေါ်တွင် လေ့လာကြည့်ပြီး တကယ်ခန့်ချင်လောက်အောင် သဘောကျသည့်သူကိုမှ အင်တာဗျူး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လေ့ရှိသည်။

"မင်း ဂလပ်စကိုကို တကယ်ပြောင်းတော့မှာပေါ့ ဟုတ်လား ပန်း"

ဒေါက်တာလောင်ဒန် ထွက်သွားတော့မှ ယဉ်မေက တိုးတိုးမေးသည်။ ဗြိတိန်နိုင်ငံတွင် တာဝန်ခံဆရာဝန်ကြီးအဆင့်အထိ မရောက်သေးခင် လူငယ်ဆရာဝန်များ အလုပ်ပြောင်းသည်မှာ အဆန်းတော့မဟုတ်၊ ဆေးရုံတစ်ရုံနှင့် ဆရာဝန်တစ်ဦး ခြောက်လသာ စာချုပ်လေ့ရှိသည်။ တစ်နှစ်တွင် ဖေဖော်ဝါရီလတွင် တစ်ခါ၊ ဩဂုတ်လတွင်တစ်ခါ၊ ဆေးရုံတစ်ခုလုံးရှိ လူငယ်ဆရာဝန်များ အပြောင်းအလဲဖြစ်လေ့ရှိသည်။ ပြောင်းရွှေ့ရာတွင်လည်း အထက်ဌာနတစ်ခုခုမှ ပြောင်းခိုင်းခြင်းမျိုးမဟုတ်ဘဲ ကိုယ်လုပ်ချင်သည့် ဆေးရုံကို ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ဦးတည်လျှောက်ကြရခြင်းမျိုး ဖြစ်သည်။ အလုပ်ရခြင်းနှင့် အလုပ်မရခြင်း နှစ်မျိုးသာရှိပြီး တခြားဆေးရုံသို့ လွှဲပြောင်းစေခြင်းမျိုး မရှိ။ ကိုယ်လက်ရှိလုပ်နေသည့် ဆေးရုံတွင်ပင် ဆက်လုပ်ချင်လျှင်လည်း လျှောက်ရသည်။ ရမရကတော့ ပြီးခဲ့သည့် ခြောက်လအတွင်း ကိုယ့်စွမ်းဆောင်ချက်အပေါ်တွင် ကိုယ့်တာဝန်ခံဆရာကြီးက ရေးထားသော လို့ဂုက်မှတ်တမ်းပေါ်တွင်သာ တည်သည်။ တခြားဆေးရုံ ပြောင်းလျှောက်လျှင်တော့ ထိုဆေးရုံက ဆရာဝန်ကြီးကို သူတို့ဘာသာသူတို့ ဆက်သွယ်၍ လို့ဂုက်မှတ်ချက် ရေးခိုင်းလေ့ရှိသည်။ ဆရာဝန်ကြီးများကလည်း ဘယ်တော့မှ သာသာထိုးထိုး ရေးပေးလေ့မရှိ၊ အရှိကို အရှိအတိုင်း တိတိကျကျသာ ရေးလေ့ရှိကြသည်။

"ငါ့စိတ်က ပြောင်းချင်သလိုလို၊ မပြောင်းချင်သလိုလိုပဲ ယဉ်မေရယ်"

မပန်းမှုံက သက်ပြင်းချ၍ ဖြေသည်။

"ယောက်ပေးလ်လိုနေရာမျိုးက ခေါ်တာမသွားရင် နင့်ကို အထူးအဆန်းဆိုဝိုင်းကြည့်ကြမှာပေါ့။ ပြီးတော့လျှောက်ထားပြီးမှအင်တာဗျူးမသွားရင်မင်းမှတ်တမ်းထဲမှာအမည်းစက်ထင်သွားမှာပေါ့။ မင်းက ဘာလို့မသွားချင်ရတာလဲ။ ဟိုမှာ မိုက်ကယ်လည်း ရှိတယ်။ ဖေဖော်ဝါရီ ၅ ရက်နေ့ ဟိုမှာ အလုပ်ဝင်၊ ဖေဖော်ဝါရီ ၁၄ ရက် ချစ်သူများနေ့ကျတော့ ဂလပ်စကိုမှာ လျှောက်လည်ကြ၊ ဘယ်လောက်ကောင်းသလဲ"

"ယဉ်မေနော်··· ငါ မိုက်ကယ့်ကို မကြိုက်ပါဘူးလို့ ဘယ်နခါ ပြောရမလဲ"

မပန်းမှုံကမျက်နှာကလေးရှုပ်၍အော်တော့ယဉ်မေကတဟားဟားအော်ရယ်သည်။ မိုက်ကယ်ဆိုတာက ဂျာမန်အမျိုးသား ဆရာဝန်တစ်ဦးပါ။ ယခင်က မပန်းမှုံနှင့် တစ်ဆေးရုံတည်း အတူတူတာဝန်ကျရာမှ ခင်ခဲ့သည်။ ခင်မင်စရာကောင်း၍ သူများအပေါ်လည်း အလွန်ကူညီတတ်သော မိုက်ကယ်နှင့် မပန်းမှုံ လွယ်လွယ်ပင် ရင်းနှီးသွားကြသည်။ အစပိုင်းကတော့ မိုက်ကယ်က မင်းမှာ သိပ်ခင်မင်စရာကောင်းတဲ့ အပြုံးကလေးရှိတယ်

www.burmeseclassic.com



ဆရာရှင်းပြတော့လည်း နည်းလမ်းကျပါတယ်။ ဆရာနဲ့ရော အပြင်မှာလာပြလို့ရမလား မသိဘူး"

ဒေါက်တာယဉ်သွေးက ရယ်သည်။

"ကျွန်တော်က အပြင်မှာဆေးခန်းဖွင့်မထားဘူး။ ဖွင့်ရင်လည်း ဆေးရုံကလူနာကိုတော့ ခေါ်သွားမှာမဟုတ်ဘူး။ ဒီမှာလည်း ကြည့်ကြပါတယ်။ မနက်က မြို့နယ်ဆရာဝန်ကြီး ကိုယ်တိုင် ကြည့်ထားတဲ့မှတ်ချက် ဒီမှာရှိပါတယ်။ အခု ဆေးရုံအတွင်း လူနာပေါင်းက တစ်ရာနှစ်ဆယ့်နှစ်ယောက်ရှိတယ်။ အပြင်လူနာတွေလည်း ဆက်တိုက်လာနေတာပဲ။ ဆရာဝန်က တာဝန်ကျတာ တစ်ယောက်တည်းဆိုတော့ ခင်ဗျားတို့နဲ့တော့ ခဏခဏ တွေ့နေမှာ မဟုတ်ဘူး။ ဆရာမတွေကတော့ အရေးကြီးရင် ကြီးသလို သတင်းပို့နေကြတာပဲ၊ ကိုယ်လည်း စိတ်ပူရင် လာပြောနိုင်တာပါပဲ၊ ပြန်တာ မပြန်တာက ခင်ဗျားတို့သဘောပါ ဒါပေမဲ့ လူနာအတွက်တော့ နစ်နာမယ်လို့ ထင်တာပဲ၊ ကဲ . . . တိုင်ပင်ကြဦးလေ ကျွန်တော်လည်း ပြင်ပလူနာဆက်ကြည့်လိုက်ဦးမယ်"

လူနာရှင်သုံးဦး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"မပြန်တော့ပါဘူး ဆရာ၊ ဆရာပြောတာ ကျွန်တော်တို့သဘောပေါက်ပါပြီ။ ကျွန်တော်တို့ ပြောမှားဆိုမှားရှိတာလည်း တောင်းပန်ပါတယ်။ အဖေ့ကိုလည်း ဆရာ့ကို အပ်ပါတယ်"

ဒေါက်တာယဉ်သွေး ပြုံး၍နေရာမှထသည်။ စားပွဲတွင်ထိုင်နေသော အထက်တန်း သူနာပြုဆရာမက "ကိုရွှေသွေးတို့ကတော့ လုပ်ချလိုက်ပြန်ပြီ"ဟု ပန်းမှုံဘက်လှည့်၍ တိုးတိုး ပြောသည်။

(၄)

"တယ်ကောင်းတဲ့ လက်ဖက်ရည်ပါလား။ ညီမလည်း သောက်လေ"

ဒေါက်တာယဉ်သွေးက လက်ဖက်ရည်ပန်းကန်ကို ပြန်ချရင်းက ပြောသည်။

"ညီမက မသောက်တတ်လို့ပါ"ဟု ပြောရသည်။

"ဆရာ ရဲတွေရောက်နေတယ်၊ ရဲအုပ်က ဆရာနဲ့တွေ့ချင်လို့တဲ့"

အလုပ်သမားတစ်ယောက် ဂျူတီအခန်းထဲဝင်လာ၍ ပြောသည်။ ဆရာမများ အံ့ဩသွားကြဟန်ရှိပေမယ့် ဒေါက်တာယဉ်သွေးက ခပ်အေးအေးပင်။ "ဝင်ပါစေကွာ"ဟု ပြောသည်။ ဒုရဲအုပ်ကလေးတစ်ဦးက ဝင်လာ၍ ဒေါက်တာယဉ်သွေးကို အလေးပြုသည်။

"ဆရာ ကျွန်တော်တို့ရောက်ပြီလို့ သတင်းပို့တာပါ"

"ရတယ်၊ ကျွန်တော့်ကို တွေ့စရာမလိုဘူး။ ဟိုကလေးဆောင်ထဲမှာ ကလေးအေး

www.burmeseclassic.com

www.burmeseclassic.com



သီလားဟု ပြောရုံမျှသာ ဖြစ်သော်လည်း နောက်ပိုင်းတွင် " ညနေပိုင်း အတူထွက်လည်ရအောင်"ဟု မိုက်ကယ်က "ဒိတ်"လုပ်ရာမှ ပြဿနာစသည်။

"မိုက်ကယ်ရယ်မင်းကိုကိုယ်ခင်ပါတယ်၊ဒါပေမဲ့ကိုယ်တို့ကဘယ်ယောက်ျားကလေးနဲ့မှ ဒိတ်မလုပ်ဘူးကွ"

"ဘာဖြစ်လို့လဲ၊ မင်းမှာ ချစ်သူရှိနေပြီးသားလား"

"မရှိပါဘူး"

"ငါ့ကို သဘောမကျလို့လား"

"အဲသလိုလည်း မဟုတ်ဘူးလေ၊ ငါတို့က ဘယ်ယောက်ျားလေးနဲ့မှ ဒိတ်လုပ်တာတို့ ဘာတို့ ဘာမှမလုပ်ကြဘူး"

"ဘုရားရေ ... မင်း မိန်းကလေးချင်း စိတ်ဝင်စားတဲ့လူမျိုးတော့ မဟုတ်ပါဘူးနော် ပန်း"

"ပေါက်တတ်ကရ မိုက်ကယ်ရယ်၊ ငါတို့ဆိုတာက ငါတို့ မြန်မာမိန်းကလေးတွေကို ပြောတာ၊ ငါတို့ဆီမှာက မိန်းကလေးတွေက ယောက်ျားလေးမိတ်ဆွေထားတာ၊ တွဲသွားတွဲလာလုပ်တာဘာမှမရှိဘူး။ချစ်သူထားတယ်ဆိုရင်လည်းလက်ထပ်ဖို့အထိရည်ရွယ်ထားပြီး မှထားကြတာ၊ ဒါတောင် ချစ်သူနဲ့လည်း လက်မထပ်ခင် မင်းတို့ဆီမှာ ယောက်ျားလေးမိတ်ဆွေ၊ မိန်းကလေးမိတ်ဆွေထားသလို ရင်းရင်းနှီးနှီးနေကြတာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင်မိန်းကလေးတွေကမင်္ဂလာဦးညအထိသူတို့ရဲ့ အပျိုစင်ဘဝကိုထိန်းသိမ်းကြတာ၊ နိုင်ငံတော်တော်များများမှာ အထူးအဆန်းဖြစ်နေပြီဆိုပေမဲ့ တို့နိုင်ငံမှာက မိန်းကလေးအများစု ကျင့်သုံးနေတုန်းပဲ"

"ပန်းရယ် မင်း ဒီနိုင်ငံမှာ နေနေပြီဥစ္စာ၊ အသက်လည်း အစိတ်ကျော်ပါပြီ၊ ဒါနဲ့တောင်"

"မိုက်ကယ် မင်း ဆက်ပြောရင် မင်း သူငယ်ချင်းတစ်ယောက် ဆုံးရှုံးတော့မှာနော်"

"အိုကေ... အိုကေ... ဆောရီး။ တို့တစ်တွေ သူငယ်ချင်းတွေလိုပဲ ခင်ကြတာပေါ့၊ ငါ့ကိုတော့ မင်းတို့ မြန်မာထုံးစံကလေးတွေ ပြောပြောပြလေ၊ ငါသဘောကျရင် ငါလည်း မြန်မာလူမျိုးတစ်ယောက်လို ကိုယ့်ကိုယ်ကိုယ် ခံယူပြီးမင်းကိုမြန်မာလို ချစ်ရေးထပ်ဆိုမယ်၊ ဟုတ်ပြီလား"

"မိုက်ကယ်"

ထိုမိုက်ကယ်က တော်ဝင်ကလေးအထူးကုဆရာဝန်ဘွဲ့ရသွားပြီး ယောက်ျားလေးကို လွှန်ခဲ့သော ခြောက်လကတည်းက ပြောင်းသွားခဲ့သည်။ ထိုဇာတ်လမ်းကို ခင်ထားသဖြင့် ယဉ်မေက စ နေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမပြောင်းချင်တာတို့ဆီကို မကြာခင်ရောက်လာမယ့်မြန်မာဆရာဝန်နှစ်ယောက်ထဲက တစ်ယောက်ကြောင့်တော့ မဟုတ်ပါဘူးနော်"

ယဉ်မေကမေးတော့ မပန်းမှုံ ထိတ်ခနဲ ဖြစ်သွားသည်။ မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ပြီး "မဟုတ်ပါဘူး"ဟု တိုးတိုးငြင်းလိုက်သည်။

"မင်း သူတို့ကို သိတော့သိတယ် မဟုတ်လား"

မပန်းမှုံက သက်ပြင်းချ၍ "သူတို့က ငါ့ဆရာတွေပါဟာ၊ ငါ့ထက်ကြီးကြပါတယ်"ဟု ဖြေသည်။

"သူတို့က ဘယ်တော့ရောက်ကြမှာလဲ"

"တစ်ယောက်က ရောက်နေပြီ ဟာလီးမှာ ခဏသွားတွဲနေတယ်။ လကုန်မှ တက်လာမယ်တဲ့။ တစ်ယောက်ကတော့ လကုန်မှ လေယာဉ်နဲ့ တန်းလာမှာ"

"ဂလပ်စကိုကိုလား"

"လန်ဒန် ဟီသရိုးအထိပါပဲ"

"ဒေါက်တာသွေးပေါ့"

မပန်းမှုံ မျက်လုံးပြူးသွားသည်။ မှန်ပါသည်။ ဆရာကျော်က လန်ဒန်အနီးရှိ ဟာလီးဆိုသော စက်မှုဇုန်မြို့ကလေးတွင် အချိန်ပိုင်း တစ်လတွဲဖက်၍ လေ့လာနေပြီး ဒေါက်တာယဉ်သွေးက လကုန်မှ မြန်မာနိုင်ငံမှလာမည်ဟု သူ စုံစမ်းသိရှိထားရပါသည်။ ယဉ်မေက ဘယ်လိုလုပ်သိပါလိမ့်။ ယဉ်မေက အံ့အားသင့်နေသော မပန်းမှုံ၏ မျက်နှာကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်သည်။

"ငါ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းဌာနမှာ ဖိုင်တွေသွားကြည့်ခဲ့ပြီးပြီ၊ ဒေါက်တာကျော်ဆိုတဲ့လူက မင်းထက် ၁၀ နှစ်တောင်ကြီးတယ်။ အိမ်ထောင်သည်တဲ့၊ ဒေါက်တာသွေးဆိုတဲ့လူက မင်းထက် ငါးနှစ်လောက်ကြီးတယ်။ လူပျိုတဲ့။ ပြီးတော့ မင်းက ငါ့ကို လကုန်ပိုင်းမှာ လန်ဒန်ဆင်းချင်လို့ဆိုပြီး စနေ၊ တနင်္ဂနွေဂျူတီကို လာလဲထားတယ်။ အားလုံး ဆက်စပ်တွေးကြည့်ရင် မင်း ဒေါက်တာသွေးကို သွားကြိုမလို့ပဲဆိုတာ ရှိပ်မိဖို့ရှားလော့ဟုမ်းလောက်တော်စရာမလိုပါဘူး ပန်းရယ်"

မပန်းမှုံ ဘာပြန်ပြောရမှန်းကို မသိပါ။

(၃)

ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ် တော်တော်ခိုင်မာသည်၊ ရပ်ဝေးမြေခြားသို့ [illegible] သွားရန် ဘာပြဿနာမှမရှိဟု ထင်ခဲ့မိသော ဒေါက်တာယဉ်သွေးသည်ပင်လျှင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟီသရိုးလေဆိပ်သို့ လေယာဉ်ဆိုက်ကပ်အပြီး လေယာဉ်ကိုယ်ထည်မှာ လာရောက်ထားသည့်သံမဏိစကြံလိုဏ်ခေါင်းအတိုင်း ကော်ဇောအပြည့်ခင်းထားသော လျှောက်လမ်းပေါ်မှ ဝင်လာရင်း အားငယ်စိတ်အနည်းငယ် ဖြစ်ပေါ်လာသည်။

ယူနီဖောင်းဝတ်ထားသော မိန်းမပျိုများက အကွေ့များ၊ ထောင့်ချိုးများတွင် ကြိုဆိုနှုတ်ဆက်၍ လက်ကလေးများ လမ်းညွှန်ပြပေးကြသည်။

လှလည်းလှကြပါပေရဲ့။ ပြုံးလည်းပြုံးထားကြပါပေရဲ့ ။ သို့သော်မြန်မာလူမျိုးတစ်ဦး၏ မျက်စိထဲတွင် သွေးမရှိဟု ထင်ရလောက်အောင် ဖြူသောအသားအရေ၊ မိမိကို အုပ်မိုးနေသော အရပ်၊ ပြာလဲ့နေသော မျက်လုံး။ ရွှေရောင်ဆံပင်၊ သွယ်လျလွန်းသော ကိုယ်ဟန်တို့ကြောင့် သည်မိန်းကလေးများကို ကြည့်ရသည်မှာ လူတွေကို ကြည့်ရတာနှင့်မတူဘဲ အဝတ်အထည်ဆိုင်ကြီးများတွင် ထောင်ထားသော အဝတ်အစားဝတ်ပေးထားသည့် အရုပ်ကြီးများနှင့် တူနေသည်။

အကောက်ခွန်ကိုပြစရာပစ္စည်းမရှိလျှင် အစိမ်းရောင်မျဉ်းအတိုင်း လျှောက်သွားဆိုပဲ။ အကောက်ခွန်စစ်ဆေးစရာ လို၊ မလိုက အကောက်ခွန်အရာရှိက ဆုံးဖြတ်စရာမလို။ ကိုယ့် ဘာသာကိုယ် ဆုံးဖြတ်ဆိုသည်ကြောင့် ဒေါက်တာယဉ်သွေး အူကြောင်ကြောင်ဖြစ်သွားသည်။

လူဝင်မှုကြီးကြပ်ရေးဌာနကိုတော့ ဝင်ရသည်။ တော်ဝင်ကောလိပ်မှ စာများထုတ်ပြတော့ "ခင်ဗျား ဘယ်လောက်နေရမှာလဲ"ဟု မေးသည်။ "နှစ်နှစ်နေဖို့ ကျွန်တော့်နိုင်ငံကတော့ ခွင့်ပြုထားပါတယ်"ဟု ဖြေတော့ ပတ်စပို့ပေါ်တွင် "နှစ်နှစ်နေခွင့်ပြုသည်" ဟုစာနှိပ်ပေးပြီး "ကျေးဇူးတင်ပါတယ် ဆရာ၊ ဟိုဘက်အပေါက်က ထွက်နိုင်ပါပြီ။ ကျေးဇူးပြုပြီး နောက်တစ်ယောက် လာခဲ့ပါ"ဟု လှမ်းခေါ်သည်။

Sir တဲ့။ ဘာဖြစ်လို့ ငါက သူ့ဆရာဖြစ်သွားရပါလိမ့်လို့ အူကြောင်ကြောင် တွေးရင်းသူပြသည့်အပေါက်မှ အပြင်သို့ထွက်ခဲ့တော့ လေဆိပ်အကြိုခန်းမကျယ်ကြီးထဲ ရောက်သွားသည်။

လူနာမည် ဆိုင်းဘုတ်ကလေးများ ကိုယ်စီထောင်ထားသော လာကြိုသည့် လူအများအပြားထဲတွင် ကိုယ့်လို အသားအရောင် တစ်ယောက်မှမတွေ့ ။ အင်းလေ ဆရာကျော်က "ဟာလီး"ကို လိုက်ခဲ့ဖို့ လမ်းညွှန်ထားတာပဲ။

အလို . . . ဟိုမိန်းကလေးက မြန်မာနဲ့တူလိုက်တာ။ ဂျပန်တို့၊ ဗီယက်နမ်တို့များလား မသိဘူး။

အဖြူတော့ စပ်မှာပဲ။ ခြေသလုံးတစ်ဝက်ထိရှည်သော လောင်းကုတ်အကျီအတွကြီးကို

www.burmeseclassic.com



ဝတ်ဆင်၍ လည်ပင်းတွင် စကော့ဒီဇိုင်း မာဖလာတစ်ခုပတ်ထားကာ သိုးမွှေးခေါင်းစွပ်စွပ်ထားသည့်မျက်မှန်နှင့် မိန်းကလေးတစ်ယောက်ကို ကြည့်ရင်း တွေးနေမိစဉ် မိန်းကလေးကလည်း ဒေါက်တာယဉ်သွေးကို မြင်သွားပြီး ပြုံးပြသည်။ သိုးမွှေးလက်အိတ်စွပ်ထားသောလက်တစ်ဖက်နှင့် မျက်မှန်ကို ဆွဲချွတ်လိုက်တော့ အလွန်လှပ၍ ရင်းနှီးဖော်ရွေသောမျက်လုံးကလေးတစ်စုံ ပေါ်လာသည်။ ဘုရားရေ… မပန်းမှုံပါလား။

(၄)

အတန်တန်တားသည့်ကြားကပင် ဘီးတပ်သေတ္တာတစ်လုံးကို မပန်းမှုံက လု၍ဆွဲပေးသည်။

"အစ်ကို့မှာ အနွေးထည်ပါသေးလား"

"အခု ဝတ်ထားတာပဲ"

ဒေါက်တာယဉ်သွေးဝတ်ထားသော အနောက်တိုင်းဝတ်စုံကိုကြည့်၍ မပန်းမှုံက သဘောကျစွာ ရယ်မောသည်။

"လေဆိပ်ထဲမှာက အပူပေးစနစ် တပ်ထားတာ၊ မြေအောက်ရထားဘူတာကလည်း ဒီထဲမှာဆိုတော့ ညီမတို့ အခု မြေအောက်ရထားစီးတဲ့အထိ သိသာဦးမှာ မဟုတ်ဘူး။ ဗစ်တိုးရီးယားဘူတာကျရင် စပြီး သိသာတော့မယ်။ အပြင်မှာ အပူချိန်က ရေခဲမှတ်အောက် တစ်ဆယ် တိတိကျနေတယ်။ လမ်းတွေပေါ်မှာ ရေခဲပြင်တွေ အလွှာလိုက် ကပ်နေတာ"

မပန်းမှုံက သူ့ခရီးဆောင်အိတ်ငယ်ကလေးကို ဇစ်ဖွင့်၍ လောင်းကုတ်အမျိုးသားဝတ်တစ်ထည်၊ လည်ပင်းပတ်သော မာဖလာတစ်ထည်၊ သိုးမွှေးခေါင်းစွပ်တစ်ထည်နှင့် လက်အိတ်တစ်စုံ ထုတ်ပေးသည်။

"အစ်ကို အဲသလို ပေါ့ပေါ့ကလေး တွေးလာမှာပဲ၊ ဟိုမှာလည်း မိသားစုက မရှိတော့ ဘယ်သူမှ ဝိုင်းအကြံပေးလိုက်ကြမှာ မဟုတ်ဘူးလို့တွေးမိလို့ညီမ လမ်းမှာ ဝင်ဝယ်လာတာ"

ယခင်က မျက်မှန်မတပ်ရသဖြင့် ယခု မျက်မှန်တပ်လိုက်သောအခါ အရုပ်ဆိုးမသွားသည့်အပြင် နှုတ်ခမ်းနှင့်ရင့်ကျက်တည်ငြိမ်မှု နှစ်ခုပေါင်းစပ်၍ ကျက်သရေရှိစွာ လှပနေသော မျက်နှာကလေးကို အားနာပါးနာ ငေးမောကြည့်နေရင်း ဒေါက်တာယဉ်သွေးရင်က နွေးထွေးစွာ ခုန်လာပြန်သည်။

"အခု စကော့တလန်အထိ တန်းသွားမလို့လား"

"ညီမကတော့ ကယ်လီဒိုးနီးယမ်း အိတ်စပရက် နှစ်စောင်ဖြတ်လာခဲ့တာပဲ။ [illegible] တခြားအစီအစဉ်ရှိရင်တော့ မသိဘူးပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာယဉ်သွေးက သက်ပြင်းချသည်။

"ဆရာကျော်ကို ဟာလိုးလိုက်ခဲ့မယ်လို့တော့ ပြောထားတယ်။ အဲဒါက ဖုန်းဆက်ပြီး ဖျက်လိုက်လို့ရပါတယ်။ ညရထား တစ်ညလုံးစီးရမှာပဲ ညီမကို အားနာတာပါ"

မပန်းမှုံကရယ်၍ "အစ်ကိုက ဟောက်တတ်လို့လား"ဟု စသည်။ "မသိဘူးလေ၊ ကိုယ်နဲ့ ဘယ်သူမှ အနားမှာ လာမအိပ်ဖူးတော့ ဟောက်တတ် မဟောက်တတ်တော့ ဘယ်သိမလဲ၊ ညီမက အပျိုကလေးမို့ ယောက်ျားတစ်ယောက်နဲ့အတူ ညရထားစီးလာရင် သူများတွေ တစ်မျိုးမြင်မှာစိုးတာပါ"ဟု ဖြေတော့ နှုတ်ခမ်းစူပြသည်။

"အစ်ကို့အကြောင်းသိလို့ အစ်ကို့စိတ်ဓာတ်ကိုယုံလို့ ဖြတ်လာတာ၊ သူများတွေတော့ ထည့်ပြောမနေနဲ့၊ ဒီနိုင်ငံမှာ ဘယ်သူ့အကြောင်းမှ ဘယ်သူကမှ စိတ်မဝင်စားဘူး။ အစ်ကို တွေ့ လာမှာပါ"

မပန်းမှုံပေးသော လောင်းကုတ်ကို ဝတ်၍ မာဖလာပတ်လိုက်တော့ မသိမသာ တုန်နေသော ခန္ဓာကိုယ်က ငြိမ်သက်နွေးထွေးသွားသည်။

အင်း . . . ဟုတ်ပါသည်။ နှလုံးသားကလည်း နွေးထွေးသွားသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ၉

## ခေါင်းခဲနေသည့် နတ်သား

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းခဲနေသည့် နတ်သား

(၁)

အိပ်ရာကနိုးတော့ ပြတင်းပေါက်မှာ ဘာအလင်းရောင်မှ မရှိတော့၊ မှောင်မည်းနေသည်။ အိပ်ရာဘေး စားပွဲပေါ်က နာရီကလေးကို လှမ်းကြည့်လိုက်တော့ ညနေ ၅ နာရီ။

ဟုတ်သားပဲ၊ ဒီမှာက ဆောင်းဆိုရင် နေ့လယ် ၃ နာရီလောက်ကတည်းက မှောင်တာပဲ။ မနက်ကိုလည်း ၁၀ နာရီလောက်မှ လင်းသည်။ နွေဆိုလျှင်တော့ မနက် ၃ နာရီလောက်ကနေ ည ၁၀ နာရီလောက်အထိ လင်းသတဲ့၊ ဒါတော့ မတွေ့ဖူးသေး။

ညက ဂျူတီတော်တော်ပင်ပန်းခဲ့သည်။ အဲဒါ မျက်နှာမှာများ တော်တော်သိသာနေသလား မသိ၊ တာဝန်ခံဆရာဝန်ကြီးက "မင်း ပြန်နားတော့"ဟု ခွင့်ပေးလိုက်သဖြင့် နေ့လယ် ၁၂ နာရီကတည်းက ပြန်နားရသည်။ ခါးချိတ်သော အရေးပေါ် အချက်ပြက်ိရိယာ (ဘလိ-ပ်)ကိုတော့ စက်မပိတ်ရဲသေး။ အဆောင်က ဆေးရုံအတွင်းတွင်ပဲဆိုတော့ ကိုယ့်နာမည်နှင့် ဖုန်းလာလျှင် အော်ပရေတာက ဘလိ-ပ်ကို ခေါ်ပေးတတ်သည်။

နီးရာထောင့်ချိုးက ဆေးရုံဖုန်းနှင့် ထူးလို့ရသည်။ မြန်မာပြည်မှ ဖုန်းက သိပ်မ[illegible] မပန်းမုံ့ကတော့ ဂလပ်စကိုမှ မှန်မှန်ဆက်လေ့ရှိသည်။ မပန်းမုံ့က လက်ကိုင်[illegible] အကြံပေးပါသည်။ သို့ရာတွင် မြန်မာပြည်က ထွက်လာသည်အထိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးခဲ့သော ဒေါက်တာယဥ်သွေးမှာ လက်ကိုင်ဖုန်းကိုင်ရန် မဝံ့မရဲဖြစ်နေသည်။

ဘလီ-ပ်ဖွင့်ထားတော့ ထင်သည့်အတိုင်းပင် သားဖွားဆောင်မှ အရေးပေါ် ကလေးဆရာဝန်ခေါ် ခေါင်းလောင်းက တစ်ချိန်လုံး မြည်နေသည်။

ပထမပိုင်းတော့ အော်ပရေတာကို "မင်း ဆရာဝန်များနေပြီ၊ ဒီနေ့ တာဝန်ကျတဲ့ နံပါတ်က ဘယ်ရွှေ့ဘယ်မျှ"ဟု ပြန်ဖြေဖြစ်သေးသည်။ ဒါလည်း ဆက်ခေါ်နေတော့ ကောင်းကောင်း မအိပ်ရတော့၊ နေ့လယ် ၂ နာရီလောက်မှာ ထ၍ ဘလီ-ပ်ကို ပိတ်ပစ်လိုက်ရသည်။

၅ နာရီမှ အိပ်ရာကနိုးလာတော့ ဗိုက်က သိသိသာသာ ဆာနေသည်။

ဟုတ်ပါရဲ့၊ ငါ နေ့လယ်စာ မစားဘဲ အိပ်လိုက်တာပဲ၊ ဒုက္ခပဲ၊ ဘာမှလည်း ချက်မထား မိဘူး။

"သူများတွေက ထမင်းချက်ဖို့ ကွတ်ကာ အမြဲယူလာတာ၊ အစ်ကိုက ဘာလို့ ယူမလာတာလဲ"

အဆောင်ကို လိုက်လာပြီး ဒေါက်တာယဥ်သွေး လိုအပ်မည့်ပစ္စည်းကလေးများ ပြေးဝယ်၊ နေရာချ လုပ်ပေးစဥ်က မျက်မှောင်ကလေးကုတ်၍ မပန်းမှုံ့ ညည်းဖူးသည်။

"ဒီကျမှ ဝယ်မလားလို့ပဲ၊ လေယာဥ်ပိတ်များမှာစိုးလို့"

"မရှိဘူး အစ်ကိုရဲ့၊ ဒီမှာ မိုက်ခရိုဝေ့ဖ်နဲ့ပဲ ချက်ကြတာများတယ်။ အစ်ကို့ အဆောင် မီးဖို မှာ မိုက်ခရိုဝေ့ဖ်တော့ ချပေးထားပါရဲ့။ သုံးနေမကျတော့ အစ်ကို သိပ်အားရမှာ မဟုတ်ဘူး။ အပြင်မှာလည်း ကွတ်ကာရောင်းတာ တစ်ခါမှ မတွေ့ဖူးဘူး။ ကဲပါလေ‥ ရေခန်းထမင်းချက်သလိုပဲ ရိုးရိုးအိုးနဲ့ချက်ပေါ့၊ အစ်ကို မချက်တတ်ရင် ညီမ ပြပေးခဲ့မယ်"

အိမ်ရှင်မကလေးတစ်ယောက်လို အသေးစိတ် စီစဥ်ပေးနေရှာသည့် မျက်နှာလှလှ ကလေးကို ပြန်မြင်ယောင်ရင်း လုပ်ခန့် ခံစားလိုက်ရသည်။

ဟုတ်ပါရဲ့၊ မပန်းမှုံ့ပါ မုန့်တစ်ထုပ် ရေခဲသေတ္တာထဲမှာ "ပိုင်တီ"ဟု နာမည်ထိုး၍ ထည့်ပေးသွားတာပဲ။ စတော်ဘယ်ရီယိုနှင့် ထောပတ်လည်း ထည့်ပေးသွားသည်။ အဲဒါ တွေပဲ ပေါင်မုန့်ကင်စက်နှင့် ကင်စားလိုက်တော့မည်။ ဆေးရုံကင်တင်းက စျေးချို၍ အစားအသောက်ကောင်းသော်လည်း ရေခဲမှတ်အောက် သုံးဒီဂရီခန့် ကျနေသေးသော ဆေးရုံတွင်းလမ်းပေါ် တစ်ခေါက်ပြန်မထွက်ချင်တော့။

(၂)

ကော်ဖီပူပူတစ်ခွက်ကို တစ်ကျိုက်ချင်းသောက်လျက်က အခန်းထဲ ပြန်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



နိုက်တွင်ပင် အိပ်ရာဘေးက တယ်လီဖုန်းမြည်သည်။ တော်ပါသေးရဲ့၊ မီးဖိုထဲရောက်နေတုန်းမှာမြည်လျှင် ကြားမည်မဟုတ်။

"ပန်းမှုံလား"

ကိုယ့်ကို ခေါ်စရာ မပန်းမှုံပဲရှိသဖြင့် တန်းထူးလိုက်တော့ တစ်ဖက်က အမျိုးသားတစ်ဦး၏ ရယ်သံကို ကြားရသည်။

"ငါ့ကိုတော့ ချမ်းသာပေးပါ မောင်ယဉ်ရယ်"

ရက်ကိုးရက်ကန်းနှင့် လိုက်ရယ်မိသည်။

"ဆရာကျော်ကလည်း ဆရာ ဘဲပေါးလ်ရောက်ကတည်းက တစ်ခါမှ ကျွန်တော့်ကို မဆက်သေးတာ၊ မပန်းမှုံကလည်း ဒီညနေ ဆက်မယ် ပြောထားလို့ပါ"

"မပန်းမှုံက နေ့တိုင်း ဆက်နေတာပဲဟာ၊ ထူးပြီး ပြောထားစရာလိုသေးလို့လား"

"ဆရာ့ကို မမသင်း ပြောလို့လား"

"မမသင်း"ဆိုသည်က ဒေါက်တာယဉ်သွေး အလုပ်လုပ်နေသည့် ဆေးရုံတွင် နှစ်အတော်ကြာနေပြီဖြစ်သည့် မြန်မာလူမျိုး ဆရာဝန်တစ်ဦးဖြစ်သည်။ ကလေးအထူးကု ဆရာဝန်ပဲမို့ ဒေါက်တာယဉ်သွေးနှင့် တစ်ဆောင်တည်း တာဝန်ကျနေပြီး အများအပေါ် ကူညီချင်စိတ်ရှိသူမို့ ဆရာကျော်ကိုလည်း အကူအညီများပေးနေသူ ဖြစ်သည်။

"မမသင်းက ဘာမှမပြောပါဘူးကွာ၊ ငါ့ဟာငါ မှန်းကြည့်ပြီး မှန်သွားတာပါ"

"ဆရာကျော် လုပ်ပြီဗျာ"

ဆရာကျော်က ဟက်ဟက်ပက်ပက် ရယ်သည်။

"မမသင်းက ဆက်တော့ ဆက်တယ်ဟ၊ နက်ဖြန် စနေနေ့ဆိုတော့ မင်းနဲ့ငါနဲ့ ဂလပ်စကိုမှာ ဈေးလေးဘာလေး သွားဝယ်ချင်ရင် သူ့ကားနဲ့ လိုက်ပို့ပေးမလို့တဲ့၊ ငါတော့ ပြောလိုက်တယ်၊ ကျွန်တော်တော့ လိုက်မယ်လို့ ဟိုကောင်တော့ မခေါ်နဲ့၊ ဂလပ်စကိုက လာခေါ်မဲ့ သူရှိတယ်လို့"

"ဆရာကျော်. . . ကျွန်တော် မမသင်းကို ဘာမှပြောမပြထားဘူးနော်"

"ငါလည်း ပြောမပြလိုက်ပါဘူး။ သူ့ဘာသာသူ ပန်းမှုံလားလို့ မေးတာ"

ဒေါက်တာယဉ်သွေး စိတ်ရှုပ်ရှုပ်နဲ့ သက်ပြင်းချမိသည်။

"ဒါတော့ ဂလပ်စကိုမှာနေတဲ့ မြန်မာမိန်းကလေးဆရာဝန် သုံး လေးယောက်ပဲရှိတာ။ မပန်းမှုံကလည်း ဒီမှာ အလုပ်လုပ်သွားတာကိုး။ ကဲပါ နက်ဖြန် ကျွန်တော်လည်း လိုက်ပါ့မယ်၊ မပန်းမှုံနဲ့ ကျွန်တော် ဘာမှချိန်းမထားပါဘူး"

"သေချာရဲ့လား ဟေ့ကောင်၊ တော်ကြာ ညကျမှ ဖုန်းလာနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မလာပါဘူးဗျာ၊ လာရင်လည်း ဆရာတို့နဲ့ လိုက်သွားမယ်လို့ ပြောလိုက်မယ်"

"ခွေးကောင်လေး . . . ဒါကြောင့် မင်းကို ငါ အမ်အာရ်စီပီအောင်မယ်လို့ ပြောတာ"

"ဘာဆိုင်လို့လဲ"

"အသည်းနှလုံးမရှိလို့လေ"

"ဟာ. . . လုပ်ပြန်ပြီ တော်. . . တော်. . . ကျွန်တော် ဖုန်းချလိုက်တော့မယ်"

"နေဦးဟ . . . မင်းဟာ ဟိုးရှေးသီချင်းထဲကလို နတ်သားငနဲတောင် အတော်ခေါင်းခဲနေပြီ"

"ဘယ်နတ်သားငနဲလဲ"

"ဖူးစာရေးနတ်လေ၊ ဒီလောက် တိုက်ဆိုင်မှုပေါင်းများစွာ ဖန်တီးပေးတာ မင်းက ခေါင်းမာနိုင်လွန်းလို့"

စိတ်ရှုပ်ရှုပ်နှင့် ဖုန်းသာ ပစ်ချလိုက်မိသည်။

ချပြီးသည်နှင့် စက္ကန့်မခြား ဖုန်းက ပြန်မြည်လာသဖြင့် အားနာနာနှင့် ဖုန်းပြန်ကောက်ကိုင်ရသည်။

"ဆောရီးပါ ဆရာရယ်၊ ဒါပေမဲ့ မစပါနဲ့တော့၊ မပန်းမှုံအကြောင်း ဆရာက အဲသလို စသလိုလို၊ ရယ်စရာလိုလိုပြောရင် ကျွန်တော် မပန်းမှုံမျက်နှာကို မြင်ယောင်ပြီး ရင်ထဲမှာ မကောင်းဘူး။ သိပ်ဖြူစင်တဲ့ ပန်းကလေးတစ်ပွင့်ကို ညှိုးမှာစိုးသလိုပါပဲ၊ သူ့ကို ကျွန်တော် သံယောဇဉ်ဘယ်လောက်ရှိရှိ၊ ကျွန်တော့်လို မျက်နှာများခဲ့တဲ့ကောင်ရဲ့ ချစ်သူဖြစ်များ ဖြစ်ခဲ့ရင် ကိုယ့်ကိုယ်ကိုယ် သူ့အစ်ကိုနေရာကိုဝင်ပြီး မင်းလိုကောင်က ငါ့ညီမနဲ့ တန်လို့လားဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဆွဲထိုးပစ်ချင်တာမျိုးပါ။ အဖေနဲ့အမေက ကျွန်တော်နဲ့ သူ့ကို မွေးခဲ့ပြီး တကယ့်ညီမလေးအရင်းဖြစ်ခဲ့ရင် တစ်သက်လုံး ရင်းရင်းနှီးနှီး ဖြူဖြူစင်စင် စောင့်ရှောက်ခွင့်ရပြီး ဘယ်သူမှလည်း စမှာမဟုတ်တော့တဲ့ ဘဝမျိုးများရခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးယဉ်နေမိတာမျိုးပါ"

တစ်ဖက်မှ ဆရာကျော် ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေသဖြင့် ဒေါက်တာယဉ်သွေးထင့်ခနဲ ဖြစ်သွားသည်။

"ဆရာကျော်"

အသက်ရှူသံသာ ဆက်ကြားနေရသည်။ ဘာမှပြန်မပြော။

ဘုရားရေ ဆရာကျော်မှ ဟုတ်ရဲ့လား။

"ဆရာကျော်"



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံလိုလို မသဲမကွဲ သဲ့သဲ့တစ်ချက်သာ ကြားရပြီး "ကလစ်" ခနဲ တစ်ချက်မြည်ကာ ဖုန်းကျသွားပါသည်။

ဟုတ်ပါရဲ့၊ မိန်းကလေးရှိုက်သံမှ မိန်းကလေးရှိုက်သံ အစစ်ပါ။

ဒေါက်တာယဉ်သွေး ဆိုဖာအပြည့်ကို ခုတင်ဖန်တီးထားသော အိပ်ရာပေါ် ခြေပစ် လက်ပစ် လှဲချလိုက်မိပါတော့သည်။

(၃)

ဂလပ်စကိုမြို့လယ်ကောင်ရှိ စိန့်အီးနော့စ့ပါမားကက်ကြီးမှာ အညာဘုရားပွဲဈေးတမျှ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ရေမွှေးဆိုင်ပေါက်ဝတွင် အရက်လုံးရုံးမှု ဒီဇိုင်းဝတ်ထားသော အရောင်းမြှင့်တင်ရေး ဝန်ထမ်းမကလေးက သူလွယ်ထားသော ကွမ်းယာဗန်းလို ဗန်းကလေး အပြည့်တင် ထားသည့် နာမည်ကျော် တန်ဖိုးကြီးရေမွှေးပုလင်းများကို ဖြတ်သွားဖြတ်လာ ဈေးဝယ် များအား မှုတ်ထုတ်ပက်ဖျန်းပေးနေသည်။

"ငါ့မောင်တွေ မျက်လုံးကျွတ်ကျမယ်နော်"

မမသင်းက ဆရာကျော်နှင့် ဒေါက်တာယဉ်သွေးကို ကျီစယ်သည်။

"မယ်နကင်အရုပ်ကြီးနဲ့ပဲ တူပါတယ် မမရာ"

ဆရာကျော်က အဝတ်အစားဆိုင်ဘက်တွင် ထောင်ထားသော ပလာစတာ အရုပ်ကြီးတစ်ရုပ်ကို လက်မနင့်ပြရင်းက ဖြေသည်။ ဒေါက်တာယဉ်သွေးကတော့ . . .

"စနေဆို ဒီလိုပဲ စည်သလား မမ" ဟု မေးသည်။

"စနေတိုင်းတော့ ဘယ်စည်မလဲဟဲ့၊ ဒီနေ့က ဖေဖော်ဝါရီ ၁၄ လေ"

"ဘာလဲ မမ၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့ဆိုတာ"

"ဟဲ့ . . . ဖေဖော်ဝါရီ ၁၄ က ချစ်သူများနေ့လေ၊ နင်တို့ဆီမှာ ချစ်သူများနေ့တွေ ဘာတွေ မရှိဘူးလား"

ဆရာကျော်က ပခုံးတွန့်ပြသည်။

"ကျွန်တော် လူပျိုတုန်းကတော့ မရှိတာ သေချာတယ်၊ အခု ရှိနေပြီလား၊ ရှိမနေပြီ လားတော့ မသိ၊ ဟိုကောင် လူပျိုသာ မေးကြည့်"

ဒေါက်တာယဉ်သွေးကလည်း ရယ်၍ ကျွန်တော်လည်း မကြားဖူးဘူးဟု ဖြေသည်။ သည်တော့မှ မမသင်းက ရုတ်တရက် သတိရဟန်ဖြင့် မေးသည်။

"ဟုတ်သားပဲ၊ ယဉ်မေဆိုတာ မမနဲ့ရော ပန်းမှုံနဲ့ပါခင်တဲ့ မလေး...က တရုတ်မ



www.burmeseclassic.com

www.burmeseclassic.com



ကလေး ရှိတယ်၊ သူပြောတော့ ယဉ်သွေးကို ပန်းမှုံက လန်ဒန်အထိ ဆင်းကြိုတာဆို၊ အခု ဘာလို့ သူနဲ့မထွက်လည်သလဲ"

ဆရာကျော်က ရယ်ကျဲကျဲဖြင့် "ငါ မပြောဘူး၊ ဟော့ကောင်··· မင်းဟာမင်းပဲ ပြောပြလိုက်"ဟု ပြောသည်။

ဒေါက်တာယဉ်သွေး သက်ပြင်းသာချမိသည်။

"ကော်ဖီဆိုင်ထိုင်ကြတာပေါ့ မမရယ်"

(၄)

ဆရာကျော်နှင့် မမသင်းတို့ချမ်းချမ်းဖြင့် ကော်ဖီကို ကုန်အောင်သောက်ပြီးသည်အထိ ဒေါက်တာယဉ်သွေး၏ ကော်ဖီခွက်က မထိရသေး။

"အဲဒါပါပဲ မမရယ်၊ ခုတော့ ကျွန်တော်လည်း ဘာပြောရမှန်းကို မသိတော့ပါဘူး"

ဆရာကျော်က ပြုံး၍ မမသင်းကို မေးဆတ်ပြသည်။

"ကောင်းတယ်နော် မမ၊ အိုကေပဲ၊ မမရော ဘယ်လိုထင်လဲ"

"ဟဲ့··· အရမ်းကို ကောင်းနေတာ"

ဒေါက်တာယဉ်သွေးကအူကြောင်ကြောင်ဖြင့်ဘာကောင်းတာလဲမမရဲ့ဟုမေးမိသည်။

"ဟဲ့··· ကောင်ကလေးရဲ့၊ တို့မိန်းကလေးတွေဆိုတာ အဲသလို ငဲ့ညာတတ်တာ၊ စိတ်ရင်းဖြူစင်တာတွေကို ကြွေတာ၊ မင်းဟာက ဖွင့်ပြောလိုက်တာထက်တောင် တာသွားသေးတယ်။ နေပါဦး··· ဒီမှာ"

ပြောပြောဆိုဆို မမသင်းက လက်ကိုင်ဖုန်းကလေးကို ထုတ်၍ ဟိုနှိပ်သည်နှိပ် ရှာနေသည်။ နောက် တွေ့သွားတော့ ဒေါက်တာယဉ်သွေးကို ကမ်းပေးလိုက်သည်။

"ရော့··· ဒါ ပန်းမှုံရဲ့ လက်ကိုင်ဖုန်းနံပါတ်၊ မင်း ဟို အစိမ်းခလုတ်ကလေးကို နှိပ်လိုက်ရင် ခေါ်လိမ့်မယ်၊ ရရင် မင်း ဂလပ်စကိုကို ရောက်နေတဲ့အကြောင်း၊ စိန့်အီးနော စင်တာထဲက ကော်ဖီဆိုင်မှာ ထိုင်နေတဲ့အကြောင်း၊ မမနဲ့ ဆရာကျော်က လွှစ်ခွဲပြီ ဈေးပတ်မလို့၊ ပြီးရင် ကိုယ့်ဟာကိုယ်ပဲ ပြန်ကြမယ်လို့ ပြောထားကြောင်း ပြော၊ ပြီးတော့ ဒီမှာ ချိန်းလိုက်၊ သူလာမယ်ဆို မင်းနေခဲ့၊ တို့ တကယ်ဈေးသွားပတ်တော့မယ်"

ဒေါက်တာယဉ်သွေး သူ့ရှေ့က လက်ကိုင်ဖုန်းကလေးကို တွေဝေစွာ ငေးကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

ဒေါက်တာယဉ်သွေးက ဖုန်းကို ပြန်မပိတ်ဘဲ ကြောင်တက်တက်နှင့် မမသင်းကို ပြန်ပေးသည်။ မမသင်းက ခလုတ်နှိပ်၍ ပြန်ပိတ်သည်။

"ဟဲ့ . . . ဘာတဲ့လဲ"

"သူလည်း ဈေးဝယ်ထွက်လာတာတဲ့၊ အခု ဂလပ်စကို ကဇာတ်ရုံရှေ့က ကော်ဖီဆိုင်မှာတဲ့"

ဆရာကျော်က အားမလိုအားမရအသံနှင့် ဒီလာဖို့ ဘာလို့လှမ်းမခေါ်လိုက်တာလဲကွ ဟု မေးသည်။ မမသင်းက လက်ကာပြပြီး ရတယ်လေ၊ အဲဒါ ဒီကအထွက်ကလေးတင်ပဲ၊ သူ အဲဒီမှာ စောင့်နေရင် မင်းသွားလိုက်ပေါ့၊ မမ လမ်းပြပေးမယ်ဟု ဆိုသည်။

"We တဲ့ မမရဲ့၊ သူတစ်ယောက်တည်း မဟုတ်ဘူး"

"ဘာရယ်"

"သူက တစ်လျှောက်လုံးပဲ အင်္ဂလိပ်လို ပြန်ပြောနေတာ၊ ပြီးတော့ We တဲ့ သူ့ဘေးမှာ အင်္ဂလိပ်တစ်ယောက်ပါလာလို့ အားနာပြီး မြန်မာလိုမပြောတာ သေချာတယ်"

မမသင်းက ရုတ်တရက် ကြောင်၍စဉ်းစားနေပြီးမှ ဟက်ဟက်ပက်ပက် ရယ်သည်။

"ယဉ်မေ နေမှာပေါ့ ငါ့မောင်ရယ်၊ သူတို့က ဒီလောက်တွဲတာ၊ အတော်ပဲ၊ လာ . . . မမတို့ပါ လိုက်ခဲ့မယ်၊ ယဉ်မေ့ကိုလည်း နှုတ်ဆက်ရအောင်"

ဆရာကျော်က ဒေါက်တာယဉ်သွေးခေါင်းကို မနာအောင် လှမ်းရိုက်တော့မှ သက်ပြင်းချ၍ ရယ်မိပါသည်။

(၆)

တိုးဝှေ့ရှုပ်ထွေးနေသည့် လူအုပ်ကြီးထဲက ထွက်သည်နှင့် ကော်ဖီဆိုင်ကလေးကို ရှင်းရှင်းလင်းလင်း လှမ်းမြင်ရသည်။ လမ်းဘေးဆိုင်ကလေးပေမဲ့ သပ်ရပ်လှပပြီး စာတ်ပုံ ပညာရှင်များ လက်စွမ်းပြ ကြော်ငြာရိုက်ကူးလေ့ရှိသော ချစ်သူစုံတွဲတို့ အတွဲထိုင်စရာ ဆိုင်ကလေးတစ်ဆိုင်နှင့်ပင် တူနေသေးတော့သည်။

ရုတ်တရက်တော့ဆိုင်ထဲမှာထိုင်နေသည့်သူများကမကွဲပြားသည်နိုင်ငံထုံးစံအတိုင်း လူတိုင်းက ငြိမ်သော၊ မှိုင်းသောအရောင်များသာ ဝတ်ဆင်ထားပြီး မိန်းကလေးတွေရော ယောကျ်ားကလေးများပါ ကုတ်အင်္ကျီရှည်ကြီးများ ဝတ်ဆင်ထားကြသည်မို့ အရောင်အသွေး အထွေးထွေး။

နောက်တော့ မျက်မှန်ကိုင်းအနက်ကလေး တပ်ဆင်ထားသည့် မိန်းမပျိုတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ထ၍ လှမ်းနှုတ်ဆက်လိုက်တော့မှ ဩော်… ပန်းမှုံဟု အသံတိတ် ရေရွတ်လိုက်မိတော့သည်။

"မမသင်းရော ဆရာကျော်ပါ ပါလာတာပါလား"

မမသင်းကို လှမ်းနှုတ်ဆက်ရင်းက မပန်းမှုံက မိမိဘက်သို့ လှည့်၍ အစ်ကိုက လာခဲ့မယ်လည်း မပြောဘူး။ ပန်းမှုံ မစောင့်ဘဲ ထသွားမိရင် ဘယ်လိုလုပ်မလဲဟု တိုးတိုး အပြစ်တင်သည်။

"ပန်းမှုံ တစ်ယောက်တည်းလား"

မမသင်းက လှမ်းမေးတော့ မပန်းမှုံ ကြောင်အအဖြစ်သွားသည်။ ထိုစဉ်မှာပင် မပန်းမှုံ ထိုင်နေခဲ့ရာ စားပွဲကလေးမှ အရပ်ရှည်ရှည်၊ ရွှေရောင်ဆံပင်တိုတို၊ မျက်လုံးအပြာရောင်နှင့် အနောက်တိုင်းသားလူရွယ်တစ်ဦး ထလာ၍ လက်မြှောက်ပြကာ"ဟိုင်း"ဟု ဆိုသည်။

"ဟိုင်း… မိုက်ကယ်"

မမသင်းက ရုတ်တရက် အံ့အားသင့်သွားသော မျက်နှာကို ကမန်းကတန်းပြင်၍ ပြန်နှုတ်ဆက်သည်။ ဒေါက်တာယဉ်သွေးကတော့ ရင်ထဲက နှလုံးသား ရုတ်တရက် ရေနစ်မွန်းကျပ်၍သွားပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ၂၀

## ပွင့်အာန်သည့်ပန်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပွင့်အန်သည့်ပန်း

(၁)

ဘယ်လိုမှ အောင်စရာအကြောင်းမရှိ၊ ကျကို ကျမည်ဟု စာမေးပွဲဖြေကတည်းက သိခဲ့ပါလျက် မနက်ဖြန် အောင်စာရင်းထွက်မည်ဆိုတာ သိထားတော့ ဒေါက်တာယဉ်သွေး ရင်တုန်ပန်းတုန် ဖြစ်နေသည်။

တော်ဝင်သမားတော်ဘွဲ့ စာမေးပွဲက သုံးလခြားတစ်ခါ ခြောက်ကြိမ်အထိ ဖြေခွင့် ရှိသည်။ သို့သော် ယူကေနိုင်ငံတွင် နေခွင့်က နှစ်နှစ်သာ ရထားသည်။

"အစ်ကိုက တတ်ပြီးသားပါ။ ဒါပေမဲ့ ဒီကာစနစ်နဲ့ အခုမှ စအလုပ်လုပ်တာဆိုတော့ ရောက်ရောက်ချင်း မဖြေသင့်သေးဘူး။ နောက်တစ်ခေါက်မှ ဖြေပါလား"

မပန်းမှုံ တားသည့်ကြားက သည်စာမေးပွဲကို သူ ယူကေနိုင်ငံရောက်ပြီး သုံး လေးလ အကြာမှာပင် ဝင်ဖြေဖြစ်ခဲ့သည်။

ရေးဖြေအောင်ပြီး လက်တွေ့ စာမေးပွဲဝင်ဖြေတော့မှပင် မပန်းမှုံပြောတာမှန်ကြောင်း ရိပ်မိရတော့သည်။

အိပ်ရာထဲ ရှုံးရှုံးပေါက်ပေါက်ချနေတဲ့ ကလေးကို ဘာလုပ်မလဲတဲ့။ မေးခွန်း မော်လီကျူးဆေးပညာတို့၊ ခြင်ဆီအစားထိုးတာတို့၊ တော်ဝင်စာမေးပွဲဆိုတာ [illegible]တွေ မေးမည် ထင်ထားသမျှ ပက်လက်လန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းပေါ့လေ၊ သေနှုန်းသည်လောက်နည်းသောနိုင်ငံတွင် သေလောက်သော ရောဂါတွေ အကြောင်းထက် နိစ္စဓူဝဘဝမှ ကသိကအောက်ဖြစ်စေတတ်သော ပြဿနာကလေးတွေကို ပိုစိတ်ဝင်စားကြပေမပေါ့။

မန္တလေးဆေးတက္ကသိုလ်တွင် တစ်တန်းတည်းသားဖြစ်ခဲ့ဖူးသူ သမားတော်ပေါက်စ ဒေါက်တာမင်းထွဋ်နှင့် လန်ဒန်တွင် ကျူရှင်သွားတက်ရင်း ဆုံစဉ်က မင်းထွဋ်ပြောသော စကားကိုပင် ပြန်သတိရသေးမိတော့သည်။

ထိုစဉ်က မင်းထွဋ် "ဟော်မုန်းများဆိုင်ရာ ဆေးပညာဌာန"တွင် အလုပ်ရသည်ကြား၍ အဆင်ပြေလားဟု မေးမိသည်။

"စိတ်ညစ်စရာပါကွာ၊ တစ်နေ့တစ်နေ့ ပြင်ပလူနာဌာနမှာ ပန်းသေတဲ့လူတွေချည်း လာပြ နေကြတာပဲ"

ရယ်မောရ၍ "သေလောက်တဲ့ရောဂါဖြစ်မှ လူနာမှမဟုတ်တာကွာ၊ သူ့မှာ ဘာပြဿနာ ရှိရှိ ရှင်းပေးရမှာ မင်းတို့ ငါတို့ တာဝန်ပဲဟာ"ဟု ပြောတော့ မင်းထွဋ်က မျက်စောင်းထိုးသည်။

"ရောဂါရှိလို့ ဖြစ်တာက ဘာဆန်းလဲကွ၊ အခုက လာပြတဲ့အထဲမှာ အသက် ၇၀ ကျော် အဘိုးကြီးတွေလည်း ပါတယ်။ အင်္ဂလိပ်တွေ ဖြစ်နေလို့ပေါ့၊ မြန်မာပြည်မှာသာဆိုရင် ငါက အဘရယ်၊ စိတ်လျှော့လိုက်ပါတော့လို့ ပြောမှာ"

တကယ်တော့ မပန်းမှုံ မှန်သည်။

စာတွေတတ်နေရုံနှင့်မပြီး။ကလေးတွေကိုလည်းလေ့လာရဦးမည်။မိဘတွေကိုလည်း လေ့လာရဦးမည်။

ဆေးရုံတွေကိုလည်း လေ့လာရဦးမည်။ ကျန်းမာရေးစနစ်ရော၊ လူနေမှုစနစ်ရော၊ နိုင်ငံကိုရော မတူတာမှန်သမျှ လေ့လာရဦးမည်။ ဒါမှ မေးခွန်းမေးနေသည့်ဆရာ လိုချင်သည့် အဖြေက ဘာဆိုတာ လေ့လာ၍ရမည်။

ပြောမှပင် မပန်းမှုံနှင့် သူ ဂလပ်စကိုမှာ ဆုံပြီးကတည်းက စာမေးပွဲဖြေပြီးသည်အထိ ဖုန်းရော၊ လူရော အဆက်အသွယ်မရသေးကြောင်း သတိထားမိလိုက်သည်။ သူလည်း ဖြေတာပဲ၊ ဖြေမှ ဖြေနိုင်ရဲ့လားမသိ၊ စဉ်းစားနေစဉ်မှာပင် ခါးတွင် ချိတ်ထားသော အရေးပေါ် ဘလိ-ပ်က တတီတီမြည်လာသည်။

ဟုတ်သားပဲ၊ ဒီည ငါတာဝန်ကျညပါလား။



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ထွက်လာတုန်းက အငေ ကာင်းပဲ ဒေါက်တာသွေးရဲ့၊ အမေကလည်း မမွေးခင် ဘာပြဿနာမှကို မရှိတာနဲ့ ကျွန်မတို့လည်း ရှင့်ကို ခေါ်မထားတာ၊ စောင့်ကြည့်နေရင်းက တဖြည်းဖြည်း ပြာလာတာ၊ ပြီးတော့ ပြာသာပြာတာ၊ ငိုနေတာကလည်း မြင်တဲ့အတိုင်းပဲ"

အနွေးဓာတ်ပေးထားသော စားပွဲငယ်ပေါ်မှာ ကလေးငယ်ကို ငုံ့ကြည့်နေရင်းက သားဖွားဆရာမပြောပြသည်တို့ကို နားထောင်ရင်း ဒေါက်တာယဉ်သွေး ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

မွေးကင်းစ ကလေးငယ်ကလေးကတော့ အာကာသယာဉ်မှူး ဆောင်းသည့်ဦးထုပ်နှင့် ဆင်ဆင်တူသော အောက်ဆီဂျင်ပေး ခေါင်းစွပ်စွပ်လျက် တဝါးဝါးအော်ငိုနေသည်။

ဘေးတွင်ထောင်ထားသော ကလေး၏ အောက်ဆီဂျင်ပြည့်နှုန်းပြကိရိယာ တွင်တော့ ၈၈ ဆိုသည့်ဂဏန်းနှင့် ၁၂၀ ဆိုသည့်ဂဏန်း နှစ်ခုပြထားသည်။

"နှလုံးပါပဲ၊ သေချာတယ်"

ဒေါက်တာယဉ်သွေးက အရေးပေါ်ရိုက်ထားသော ဓာတ်မှန်ကို ထောင်ကြည့်ရင်းက မှတ်ချက်ပြုသည်။

"ရှင် ဘာလုပ်မလဲ"

"အသက်ရှူစက်တော့ ပြင်ထားလိုက်၊ ကျွန်တော် ဗိုက်ကို ဖုန်းဆက်မယ်၊ သူ သဘောတူရင် ဂလပ်စကိုကို ဆက်သွယ်မယ်၊ ဟိုက အဖွဲ့က ကလေးကို လာခေါ်မယ်ဆိုရင် ကျွန်တော်တို့ကို "ပရော်စတာဂလင်ဒင်"ဒရစ်ပ် တင်ခိုင်းထားမှာပဲ၊ အဲဒါတင်ရင် အသက်ရှူ စက်ပေါ်လည်း တင်ခိုင်းမှာပဲ သေချာတယ်"

"ကောင်းပြီ၊ မိဘကို ရှင် အဲဒါတွေ ရှင်းပြမှာလား"

"ငါကတော့ အဆင်သင့်ပဲ"

"မိဘက အဆင်သင့်မဖြစ်သေးဘူး၊ ကျွန်မ နည်းနည်း အရင်သွားရှင်းပြနင့်မယ်၊ ပြီးမှရှင့်ကိုခေါ်မယ်၊ရှင် ကော်ဖီတစ်ခွက်လောက်သောက်ဖို့တော့ကျွန်မအချိန်ပေးနိုင်တယ်၊ မီးဖိုထဲမှာ ကိုယ့်ဟာကိုယ် သွားဖျော်သောက်နှင့်၊ ကျွန်မ ကလေးအဖေနဲ့ အမေကို ကော်ဖီဖျော်တိုက်ရင်း စကားပြောထားနှင့်မယ်"

"အိုကေ"

(၃)

ဒေါက်တာဗိုက်သည် ရှားပါးနှလုံးရောဂါတစ်ခုကို လှူငယ်ဆရာဝန်တစ်ဦးက ဓာတ်မှန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်တည်းနှင့် ဆုံးဖြတ်လိုက်သည်ကို သဘောမတူပါ။

ဂလပ်စ်ကိုရှိ ကလေးနှလုံးရောဂါ အထူးကုဌာနကို ဆက်သွယ် အကြံညာဏ်ယူသင့်သည်ကိုတော့ သဘောတူသည်။

မိုင် ၂၀ ဝေးသည့် "မောက်ကလန်"မြို့မှ ည ၁၂ နာရီအချိန်ကြီး သူကိုယ်တိုင်ကားမောင်း၍ ရောက်ရှိလာပြီး ကလေးကို ကိုယ်တိုင်စမ်းသပ်၍ ဂလပ်စကိုကို သူကိုယ်တိုင်ဆက်သွယ်သည်။

"ဒေါက်တာသွေး ငါပြောရင် မင်း ယုံမှာမဟုတ်ဘူး။ ဟိုက မင်း သုံးသပ်ချက်အတိုင်းပဲ၊ သူတို့ ထောက်ခံသတဲ့၊ သူတို့လူနှစ်ယောက် ကလေးကို လာခေါ်မယ်တဲ့၊ မင်းအစီအစဉ်အတိုင်းပဲ "ပရော်စတာဂလင်ဒင်"သွင်းပြီး အသက်ရှူစက် တပ်ထားပါတဲ့၊ ကိုင်း . . . ဆက်လုပ်ပေတော့"

ဒေါက်တာပိုက်က ရှည်လျားလှသော အရပ်ကြီးတကိုင်းကိုင်းနှင့် ကော်ရစ်ဒါ တစ်လျှောက် ကလေးရှိရာဘက် ပြန်လျှောက်သွားသည်။

သူနာပြုအုပ် စစ္စတာက ဒေါက်တာယဉ်သွေးနားကပ်၍

"ရှင် အသက်ရှူစက်တပ်ဖို့ "မွိုင်ရာ" ကူလိမ့်မယ်၊ ကျွန်မ လူနာတင်ယာဉ်ဌာနနဲ့ ရဲစခန်းကို ဖုန်းဆက်လိုက်ဦးမယ်"ဟု ပြောသည်။

ဒေါက်တာယဉ်သွေးက အူကြောင်ကြောင်ဖြင့် လူနာတင်ယာဉ်က ဟိုကပါလာမှာ မဟုတ်ဘူးလားဟု ပြန်မေးသည်။

"ဟိုကလာမှာ ကလေးအထူးကုဆရာဝန် လူငယ်နှစ်ယောက်လာမှာ၊ လူနာမပါဘဲ ဟိုဆေးရုံက ဘယ်သူက လူနာတင်ယာဉ်ကို ပေးစီးမှာလဲ၊ သူတို့ ဆေးရုံကငှားထားတဲ့ တက္ကစီနဲ့ပဲ လာမှာပေါ့၊ ပြီးမှ ဒီက လူနာတင်ယာဉ်ပေါ် ကလေးပါတင်ပြီး ပြန်ကြမှာ"

"ဪ . . . ဒီလိုကိုး"ဟု တိုးတိုးရေရွတ်မိသည်။

"ရဲစခန်းကရော ဘာလုပ်ဖို့လဲ"

"ရဲကားက လူနာတင်ယာဉ်ရှေ့က လမ်းရှင်းပေးရမယ်လေ။ သူတို့ကို ခေါ်လိုက်ရင် သူတို့ အသင့်လာစောင့်ပေးလိမ့်မယ်"

"လူနာတင်ယာဉ်မှာလည်း အချက်ပြမီးပါတာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ အရှိန်နဲ့ မောင်းကြရမှာဆိုတော့ မတော်တဆ ထိခိုက်မှုတစ်ခုခု ဖြစ်ရင် လူနာတင်ယာဉ်မထိအောင် သူတို့က ရှေ့က ခံထားပေးတဲ့သဘောပေါ့၊ ဒီလိုပဲ လုပ်ကြတာ၊ ရှင်က ဘာအထူးအဆန်းဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



(၄)

လှူနာတင်ယာဉ်အဖွဲ့ အရင်ရောက်လာသည်။

မော်တော်ကားပြင်သည့်ဝတ်စုံမျိုး အထက်အောက် အစိမ်းရောင် တစ်ဆက်တည်း ဝတ်ပြီး စစ်ဘွတ်ဖိနပ်လည်ရှည်စီးထားသည့် အရပ်ခြောက်ပေနီးနီးမြင့်မားထွားကျိုင်းသော အသက်အစိတ်ခန့်အရွယ်မိန်းကလေးနှစ်ဦးပါ။ ဟုတ်တာပေါ့၊ လှူနာတင်ယာဉ်မောင်းလည်း သူတို့ လူနာတင်လက်တွန်းလှည်း၊ အသက်ရှူစက်တို့ကို ကားပေါ် အတင်အချလုပ်လည်း သူတို့ဆိုတော့ ထွားကျိုင်းသန်မာကြရန် လိုပြီပေါ့။ သူနာပြုတွေလည်း ဖြစ်ကြသတဲ့။ အရေးပေါ်အခြေအနေကြုံလာလျှင် ကားပေါ်မှာအဆင်သင့်ပါသည့် နှလုံးနှိုးစက်တွေကအစ ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်ကြသတဲ့။

“ရဲကားရော ရောက်ပြီလား”

စန္ဒတာက လှမ်းဆက်သည်။ မိန်းကလေးနှစ်ဦး ခေါင်းညိတ်ပြ၍ မီးပြာစနစ်နဲ့ ပို့မှာလားတဲ့၊ မေးနေကြတယ်ဟု ပြောသည်။ စန္ဒတာက ဒေါက်တာကိုမေးဟု ဒေါက်တာ ယဉ်သွေးကို မေးငေါ့ပြသည်။

“မီးပြာစနစ်ဆိုတာ ဘာလဲ”

“အရှိန်နဲ့ မောင်းစေချင်သလားလို့ မေးတာ လူနာကို ဟိုကို အမြန်ရောက်မှ အသက်ရှင်မယ့် အခြေအနေမျိုးလား၊ အဲဒါဆို သူတို့အချက်ပြမီးပြာထွန်းပြီး ရှေ့ကနေ အရှိန်နဲ့ ခေါ်သွားမယ်လို့ပြောတာ”

ဒေါက်တာယဉ်သွေးအနည်းငယ်စဉ်းစားပြီးမှ “ကလေးကမွေးကင်းစကလေးဆိုတော့ ကျွန်တော် အဲသလိုမလုပ်ချင်ဘူး၊ အသက်ရှူစက်ကလည်း တစ်လမ်းလုံး ခုတ်သွားရမှာ၊ ပုံမှန်နှုန်းနဲ့ပဲ ကောင်းမယ်ထင်တယ်၊ လမ်းကတော့ ကောင်းပါတယ်နော်”ဟု ပြန်မေးသည်။

“ဘာကိုပြောတာလဲ၊ လမ်းကောင်းသလားဆိုတာ”

“ရတယ်၊ ထားလိုက်တော့”

ထိုစဉ်မှာပင် လူနာဆောင်အတွင်းသို့ တောင်တက်သမားများလို ကျောပိုးအိတ် အကြီးကြီး ကိုယ်စီလွယ်ထားသည့်လူငယ်ယောက်ျားကလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦး ဝင်လာသည်။

“ယော့ဟေး ကလား”

“ဟုတ်ပါတယ်”

စန္ဒတာကြီး မေးသည်ကို ယောက်ျားကလေးက ဖြေသည်။

ဘုရားရေ။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်နှင့် မပန်းမှုံပါလား။

(၅)

"အစ်ကို စာမေးပွဲဖြေနိုင်လား"ဟု ကိုးတိုးမေးသည်။

ဒီလိုပါပဲ၊ ပန်းမှုံရောဟု ပြန်မေးဝေ့ဘ့် ဒီလိုပါပဲဟု ဖြေသည်။ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ပြီး ကျောပိုးအိတ်ကို ဖွင့်နေသော မိုက်ကယ်ဘေးတွင် ထိုင်ချ၍ သူ့ကျောပိုးအိတ်ကို ကြမ်းပြင်ပေါ်တွင် ဖြန့်ခင်းသည်။

တစ်ယောက်နှင့်တစ်ယောက် ပါးစပ်နှင့် ဖွင့်ပြောစရာမလိုဘဲ ဘာပြီး ဘာလုပ်ရမည်ကို အကြိမ်ပေါင်းများစွာ ဇာတ်တိုက်ထားသူတွေလို ကျောပိုးအိတ်တွေထဲက ကိရိယာတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ထုတ်၍ သွက်လက်စွာ လှုပ်ရှားနေကြသော လူငယ်ဆရာဝန်ကလေးနှစ်ဦးကိုကြည့်၍ဒေါက်တာယဉ်သွေးခင်မင်လေးစားရမှာလိုလို၊ဝမ်းနည်းရမှာလိုလို ခံစားနေရသည်။

မိုက်ကယ်က ခေါင်းတစ်ချက်ဆတ်အပြတွင် မပန်းမှုံက ဖျတ်ခနဲ ထရပ်လိုက်ပြီး ကလေးရှိရာသို့ ချဉ်းကပ်သွားပါသည်။

(၆)

မနက် ၄ နာရီခန့်တွင် ထွက်ခွာသွားကြသည်။

ဒေါက်တာယဉ်သွေးက မပန်းမှုံ ထွက်ခါနီး တိုးတိုးကပ်၍ "စာမေးပွဲပြီးတော့ ဘာလို့ ဖုန်းမဆက်လဲ"ဟု မေးတော့ ယဉ်မေနဲ့ ဥရောပသွားလည်နေတာ၊ အစ်ကို့တောင်ခေါ်မလို့၊ နောက်မှ အစ်ကို့ပစ်စပို့က ယူကေတင်ပဲရတာ သတိရလို့။ ပန်းမှုံကိုပြောနေ၊ သူကျတော့ မဆက်ဘဲနဲ့"ဟု ပြုံးစုစုကလေးပြော၍ လူနာတင်ယာဉ်ပေါ် အပြေးတစ်ပိုင်း ခုန်တက်သွားပါသည်။

"မိုက်ကယ်ရော ပါသေးလား"ဆိုသည့် မေးခွန်းကိုတော့ ရင်ထဲကိုသာ မျိုချလိုက်ရသည်။

နည်းနည်းအားသွားသဖြင့် အိပ်ရာပေါ် ခဏကျောသွားဆန့်သော်လည်း အိပ်မပျော်၊ မနက်ကျလျှင် သိရမည့်၊ ကျမှာလည်း သေချာနေသည့် စာမေးပွဲအောင်စာရင်းကို စိတ်ရောက်လိုက်၊ ဖျတ်လတ်သွက်လက်သော မပန်းမှုံနှင့် မိုက်ကယ်တို့၏ စည်းချက်ညီညီ လှုပ်ရှားမှုများကိုလည်း ပြန်သတိရလိုက်နှင့် နလုံးသား အိမ်မင်းမစွမ်း ဖြစ်သွားသလို ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း… သူတို့တစ်တွေတော့ အိပ်ရဦးမှာ မဟုတ်ပါဘူး။ မိုးအလင်း အဲဒီကလေးနဲ့ပဲ နပန်းလုံးကြရဦးမှာဟုလည်းတွေးရင်း မပန်းမှုံကို သနားကြင်နာမိပြန်သည်။

မနက် ၆ နာရီကျတော့ လူနာဆောင်ထဲ ပြန်သွား၍ လူနာတွေ တစ်ခေါက်လိုက်ကြည့်သည်။ မနက်ရောင်းအတွက် ပြင်ဆင်စရာ၊ သွေးဖောက်စရာရှိတာတွေ လိုက်လုပ်သည်။

၇ နာရီထိုးတော့ ဆေးရုံစာတိုက်သို့ သွားသည်။ အောင်စာရင်းက စာတိုက်က ပို့သည်။ သည်နေ့ ရောက်မည်လေ၊ ကျလျှင် ဝမ်းနည်းကြောင်း စာအိတ်သေးသေးကလေးနှင့် စာကလေး တစ်စောင်သာ ရမည်။

အောင်လျှင်တော့ လန်ဒန်တော်ဝင်ကောလိပ်၊ အီဒင်ဗာရာ တော်ဝင်ကောလိပ်နှင့် ဂလပ်စကိုတော်ဝင်ကောလိပ်သုံးခုစလုံးမှ ချီးကျူးဂုဏ်ပြုစာတွေ၊ အဖွဲ့ဝင်ဖို့ဖိတ်ခေါ်စာတွေ၊ ကျောင်းရာဇဝင်စာအုပ်ကြီးတွေ၊ အထပ်လိုက် စာအိတ်အကြီးကြီးနှင့် ရောက်မည်ဟု ရန်ကုန်တုန်းက “ဆရာကြီး” ပြောပြထားဖူးသဖြင့် သိနေသည်။ ဆေးရုံစာပို့လုလင်က လူနာဆောင်ထဲ လာပို့ပေးမှာဖြစ်ပေမယ့် အဲသည်အချိန်အထိမှ မစောင့်နိုင်တာ။ စာတိုက်မှ ဝန်ထမ်းများကို ကိုယ်တိုင်ဝင်ရာပါရစေ ခွင့်တောင်းတော့ သူတို့ပါ ဝိုင်းကူရှာပေးကြသည်။

စာအိတ်က အရွယ်အစားနှင့် ထပ်ထားတာဆိုတော့ သေချာနေသည့် စာအိတ်အသေးပုံကို ရှာသည်။ မတွေ့။

မဖြစ်နိုင်ပါဘူးဟု စိတ်က သိနေသော်လည်း မျှော်လင့်ချက်ဖြင့် ရင်က တဒိုင်းဒိုင်း ခုန်လာသည်။ စာအိတ်အကြီးပုံကို ရှာသည်။ ဒါလည်း မတွေ့။

“ဒေါက်တာ ဒီဟာလား”

စကော့လူမျိုး စာပို့သမားကြီးက စာအိတ်အသေးတစ်ခုကို ထောင်ပြသည်။ ယူကြည့်တော့ ဒေါက်တာ“ဗိုင်” သွေး ဟုတ်ပါပြီ၊ ထင်တဲ့အတိုင်းပါပဲ၊ စားမေးပွဲကျပြီ။ ခေါင်းငိုက်စိုက်ဖြင့် လူနာဆောင်ဘက် ပြန်ခဲ့ရသည်။

(၇)

“အစ်ကိုလား”

မပန်းမှုံအသံက အက်ကွဲနေသည်။ အကြာကြီး ငိုထားသူ အသံမျိုး။ ဒါပေမဲ့ မဖြစ်နိုင်ပါဘူးလေ။ သူက အောင်သွားတာပဲ၊ နေမကောင်းဖြစ်နေတာ နေမှာပါ။

“ပန်းမှုံ ဘာကျွေးမှာလဲ”

အတော်ကြာအောင် တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲရှိက်သံလိုလို တစ်ချက်ကြားရသည်။ ပြီးမှ "ပန်းမှုံ မပျော်ပါဘူး အစ်ကိုရယ်" ဟု တိုးတိုးပြောသည်။

"မဟုတ်တာဘဲကွာ၊ စာမေးပွဲဆိုတာ အောင်တာနဲ့ကျတာ နှစ်မျိုးပဲရှိတာပဲ၊ ကျရင်ခဏ စိတ်ညစ်လိုက်၊ ပြီးရင် ပြန်ဖြေ၊ အောင်ရင် ပျော်လိုက်၊ ဒါပဲရှိတာပဲ၊ ကိုယ်အောင်ရဲ့သားနဲ့အစ်ကိုကျတာ လိုက်စိတ်ညစ်မနေနဲ့လေ၊ အစ်ကို ကျပေမဲ့ ပန်းမှုံအောင်တာအစ်ကို ဝမ်းသာပါတယ်။ ငယ်ငယ်ကလေးနဲ့ ဒီလောက်ထူးချွန်တာလည်း အစ်ကို တကယ်ဂုဏ်ယူပါတယ်"

မပန်းမှုံ သက်ပြင်းချသည်။

"ဒီလိုပြောလိမ့်မယ်လို့ ထင်သားပဲ"

"တကယ်ပြောတာပါ။ အစ်ကို့အတွက်လည်း စိတ်မပူနဲ့၊ အစ်ကိုတို့က ဒီပညာတွေကိုယ့်နိုင်ငံမှာကိုယ် နှစ်နှစ်သင်ခဲ့ပြီးသား။ ဒီကစနစ်ကို အကျွမ်းမဝင်သေးလို့ ကျတာ၊ အခုလည်း ကိုယ် ဘာတွေလိုလဲ ကိုယ်မြင်နေပြီ၊ နောက်တစ်ခေါက်ဆို အောင်မှာပါ"

မပန်းမှုံက ဖွဖွကလေး ရယ်သည်။

"အစ်ကို စိတ်ဓာတ်ခိုင်မာတာ ပန်းမှုံ သိပြီးသားပါ။ ဒီလိုပဲ တစ်ခေါက် နှစ်ခေါက်ကျတတ်ပေမဲ့ အစ်ကို အရင်တုန်းက ဘာစာမေးပွဲမှ ကျဖူးတာမဟုတ်လို့ စိတ်ညစ်နေမှာစိုးတာပါ။ ကျူရှင်တော့ တက်ဦးနော် အစ်ကို"ဟု ပြောသည်။

"တက်မယ်၊ ခုနပဲ ဆရာကျော်နဲ့ ဖုန်းဆက် တိုင်ပင်နေတယ်၊ ဒီတစ်ခေါက် လန်ဒန်က "အီးလင်း"သင်တန်း သွားကြမလားလို့"

"အီးလင်း ကောင်းပါတယ်၊ ဒါပေမဲ့ မန်ချက်စတာက အကောင်းဆုံးအစ်ကိုရဲ့၊ အောင်ချက် ၆၀ ရာခိုင်နှုန်းကျော် အမြဲရှိတယ်၊ ပန်းမှုံလည်း အဲဒီမှာတက်ခဲ့တာ"

"အစ်ကို ကြားဖူးပါတယ်၊ ဒါပေမဲ့ သူက အစောကြီး ကြိုဘွတ်ကင်လုပ်ရတာဆို၊ အစ်ကိုတို့လို တစ်ခါကျမှ တစ်ခါပြင်ဆင်တဲ့ နိုင်ငံခြားသားတွေက ဘယ်တော့မှ ဘွတ်ကင်လုပ်လို့ မမီဘူးလေ"

မပန်းမှုံက အတန်ကြာအောင် တိတ်ဆိတ်နေသည်။ ပြီးတော့မှ "ဒီတစ်ခေါက် သင်တန်းမှာ အစ်ကိုနဲ့ ဆရာကျော်အတွက် ပန်းမှုံစာရင်းပေးထားပြီးပြီ၊ အစ်ကို ဆေးရုံဂျူတီ ညှိလို့ရရင် သွားတက်ပါလား"ဟု တိုးတိုးပြောသည်။

"ဘယ်လို··· ဘယ်တုန်းက ပေးလိုက်တာလဲ"

"အစ်ကိုရယ်၊ ဆရာကျော်ရယ်၊ မမသင်းရယ်နဲ့ ဂလပ်စကိုမှာ ဆုံတဲ့နေ့ကလေ၊ ပထမ ပန်းမှုံ မစ္စစ်စတီဗင်ဆင်ကို ဖုန်းဆက်ပြီး ရီကွက်စ်လုပ် (မေတ္တာရပ်ခံ) သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆင်နေပြီ၊ မရတော့ဘူးပြောတော့ သွားသတိရတယ်။ မိုက်ကယ်က ဒေါက်တာ စတီဗင်ဆီမှာ အလုပ်လုပ်ဖူးတယ်။ တော်တော်လည်း ခင်ခဲ့တယ်။ အဲဒါနဲ့ မိုက်ကယ်ဆီ ဆက်လိုက်တော့ သူက ပြောပေးမယ်။ ဒါပေမဲ့ သူတို့က ကိုယ်တိုင်ပါပြောမှ ကြိုက်တတ်ကြတာ၊ အစ်ကို့ကိုပါ ခေါ်ပြီး အတူတူဖုန်းဆက်ကြရအောင်လို့ ပြောတာ၊ ပန်းမှုံက အစ်ကို ဒီတစ်ခေါက် စာမေးပွဲဖြေမလို့ လုပ်နေတာ နောက်တစ်ခေါက်အတွက် ကျူရှင် ပြင်ဆင်ဖို့ပြောရင်နိမိတ်ကောက်ပြီးစိတ်ညစ်နေမှာစိုးလို့အစ်ကို့ကိုတော့မပြောပြတော့ဘူး။ နင်နဲ့ ငါနဲ့ပဲဆုံပြီး ဆက်ကြရအောင်ဆိုပြီး အဲဒီကော်ဖီဆိုင်မှာဆုံပြီး ဆက်ကြတာ၊ တိုက်တိုက် ဆိုင်ဆိုင် ဖုန်းလည်းဆက်ပြီးရော အစ်ကိုတို့ ရောက်လာတာပဲ"

ဘုရားရေ• • • ဒါဆို မိုက်ကယ်နဲ့ မပန်းမှုံ ချစ်သူများနေ့မှာဆုံပြီး လျှောက်လည် နေတာ မဟုတ်ဘူးပေါ့။

ငါ အထင်မှားနေတာပါလား။ တကယ်တော့ သူ့ခမျာ ငါ့ကိစ္စကို လုပ်ပေးနေတာပါလား။

"ပြောပြရောပေါ့ ပန်းမှုံရယ်"

"မပြောပြချင်ပါဘူး။ အစ်ကို စာမေးပွဲဖြေရမှာ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ ပြီးတော့အဲဒီရေ့ ညကအစ်ကိုဖုန်းထဲမှာပန်းမှုံကိုပြောထားတာတွေကလည်းရှိသေးတယ်"

မျက်နှာတစ်ခုလုံး နွေးခနဲဖြစ်သွားပြီး ရင်က တလုပ်လုပ်ခုန်လာသည်။ ပန်းမှုံ စိတ်ဆိုး သွားတာလားဟု တိုးတိုးလေး မေးမိသည်။

"မဆိုးပါဘူး။ အစ်ကို့စိတ်နဲ့အစ်ကို ဆရာကျော်ဆိုပြီး ပြောတာပဲ၊ အစ်ကို့သဘောပေါ့။ ဒါပေမဲ့• • •"

ရုတ်တရက် အသံတိမ်ပြီး ပျောက်သွားသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ပန်းမှုံ"

"ဘာမှမဖြစ်ပါဘူး"

"ပြောပါ"

အကြာကြီး အသံတိတ်နေသည်။ ပြီးတော့မှ• • •

"အစ်ကိုတွေးတာ သိပ်အမိုက်မဲ့လွန်းတယ်၊ မင်းလိုကောင်နဲ့ ငါညီမနဲ့ တန်လို့လား ဆိုတာလေ၊ ငယ်ငယ်တုန်းက ချစ်သူများခဲ့တာတစ်ခုနဲ့တော့ ဘယ်သူမှ အစ်ကို့ကို အထင်မသေးကြပါဘူး။ အစ်ကို အခု ဘယ်လောက်တည်ကြည်တယ်ဆိုတာ အားလုံး သိတာပဲ၊ ပြီးတော့ ပန်းမှုံလည်း စဉ်းစားကြည့်ဖူးတယ်၊ သိလား။ အစ်ကိုသာ ပန်းမှုံရဲ့ တကယ့်အစ်ကိုရင်းဖြစ်ရင် သိပ်ကောင်းမှာပဲလို့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ ပန်းမှုံ အိမ်ထောင်မပြုဘဲ တစ်သက်လုံး ကိုယ့်အစ်ကိုနဲ့ကိုယ် အတူနေသွားပြီး အစ်ကို့ကို ပြုစုသွားမလို့ပေါ့။ , မြန်မာမိန်းကလေးတစ်ယောက်က ကိုယ့်ရင်ထဲမှာ ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာကို ထုတ်ဖော်ပြောခွင့်ရှိတာ အဖေ၊ အမေ၊ အစ်ကိုအရင်းနဲ့ မောင်အရင်းပဲ ရှိတာပဲဟာ"

မပန်းမှုံ စကားဆုံးသည်နှင့် ဖုန်းကို ညင်သာစွာ ချသွားပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

## ဘီလူးကမ်းခြေ

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ
# ရွှေသွေး နှင့်
# မပန်းမှုံ





www.burmeseclassic.com

www.burmeseclassic.com



# ဘီလူးကမ်းခြေ

## (၁)

"ဒေါက်တာသွေး မင်းရှာနေတာ ဒါလား"

မဂ္ဂဇင်းဆိုက်ကြီး လေး၊ ငါးအုပ်ထည့်စာမျှ ထူထဲကြီးမားသော စာအိတ်ကို စကော့လူမျိုး စာရေးမဝဝကြီးက လှမ်းပေးတော့ စာအိတ်သေးသေးတွေကို မွှေနှောက်ရှာဖွေနေရာက ဒေါက်တာယဉ်သွေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

နှလုံးခုန်ပင် ရုတ်တရက် ရပ်တန့်သွားသလိုလို။

စာအိတ်ကြီးကို ကမန်းကတန်း လှမ်းယူသည်။ သို့ ဒေါက်တာ ဝိုင်သွေး အမ်အာရ်စီပီ (ယူကေ)တဲ့။ ဘုရားရေ... အဲဒါ ငါတဲ့လား။

"ဖောက်လေ ဒေါက်တာသွေးရဲ့၊ မင်း အောင်စာရင်း မဟုတ်လား"

မျက်ရည်တွေလည်နေသောမျက်လုံးများဖြင့်စာရေးမကြီးကိုမော့ကြည့်၍ဖောက်စရာမလိုတော့ဘူး လူးဝီးစ်၊ အဖုံးမှာပါတယ်၊ ငါ အောင်ပြီဟု ဖြေလိုက်သည်။

"အိုး... ဝမ်းသာလိုက်တာ၊ ဂုဏ်ယူပါတယ် ဒေါက်တာသွေး"

လူးဝီးစ်က လှမ်းဖက်သည်။ ပေါင် ၂၀၀ ကျော် ကိုယ်လုံးကြီးနှင့် ဖက်တာ[illegible] ရုတ်တရက် ယိုင်သွားသော်လည်း ဝမ်းသာအားရ တင်းတင်းပြန်ဖက်မိသည်။

"ရော့... ဒီမှာ ငါ့ဖုန်းနဲ့ မင်း မြန်မာပြည်ကို ဆက်ပြောချေ"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့"

"အားနာမနေနဲ့၊ ငါ့ဖုန်းလည်း မင်းနာမည်ပြောရင် မင်းလစာထဲက ဖြတ်မှာပဲဥစ္စာ"

ရယ်၍ ငါ့မိဘတွေက နိုင်ငံခြားဖုန်းခေါ်လို့မရတဲ့မြို့မှာ၊ မင်း ဖုန်းနဲ့ပြောပြဆိုရင် ငါ ဂလပ်စကိုကိုပဲ ခေါ်ချင်တယ်ဟု ပြောရသည်။ လူးဝီးစ်က တယ်လီဖုန်းကို ကောက်ကိုင်၍ "ရော့၊ နံပါတ်သာပြော"ဟု ဆိုသည်။ နံပါတ်တော့ အလွတ်မရဘူး။ ငါ ယော့ပေးလ်ကို ခေါ်မှာဟု ပြောတော့ ရယ်သည်။

"ယော့ပေးလ်မှာ ဆေးရုံချင်းချိတ်ထားတဲ့ လိုင်းရှိတာပဲ၊ မင်း ပိုက်ဆံတောင် ပေးစရာ မလိုဘူး"

သူ့ စာမေးပွဲအောင်တုန်းကတောင် မိမိကျနေ၍ မပျော်နိုင်ရာသည့် မပန်းမှုံ၏ မျက်နှာကလေးကို မြင်ယောင်မိတော့ ရင်က နွေးထွေးစွာခုန်သည်။

(၂)

"လက်မောင်းကြီး"ဟုဆရာကျော်ကရယ်စရာလုပ်၍နာမည်ပေးထားသောဂလပ်စကို မြို့ရှိ "ပပ်(ဘ်)"ခေါ် ဘီယာ၊ အရက်ဆိုင်ကလေးမှာ ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ထိုစဉ်က မြန်မာပြည်တွင် ပပ်(ဘ်)တွေ မမြင်ခဲ့ရဖူးသဖြင့် ဒေါက်တာယဉ်သွေးရော ဆရာကျော်ပါ ပပ်(ဘ်)၏ သဘာဝကို မရင်းနှီးသေး။

ဒေါက်တာယဉ်သွေးက လုံးဝ အရက်မသောက်တတ်သူဖြစ်ပြီး ဆရာကျော်က အဖော် ကောင်းလျှင် တစ်ခါတလေ သွားဖြစ်၍ ပျော်တတ် ခင်တတ်သူ အိန္ဒိယလူမျိုး တာဝန်ခံဆရာ ဝန်ကြီး ဒေါက်တာမိုဟမ်။ လူငယ်ဆရာဝန် ဒေါက်တာပင်တိုတို့နှင့်တွဲ၍ ပပ်(ဘ်)တွေ ရောက်ဖူးလာကြသည်။ ဒေါက်တာယဉ်သွေးကတော့ ကိုကာကိုလာပေါ့။

ပပ်(ဘ်)တွေက များသောအားဖြင့် 'Montgomery's Arm' အစရှိသဖြင့် အားကစားသမား စသည့် ပုဂ္ဂိုလ်တွေ၏ "လက်မောင်း"ဟု အဓိပ္ပာယ်ရသော နာမည်တွေ ပေးလေ့ရှိသည်။

သည်ပပ်(ဘ်)ကတော့ စားပွဲထိုးကောင်မလေးတွေ အင်္ကျီချိုင်းပြတ် ဝတ်တတ်တာကို အစွဲပြု၍ ဆရာကျော်က "လက်မောင်းကြီးဆိုင်"ဟု နောက်ခေါ်တာပါ။

"ငါနဲ့ တွဲလုပ်ခဲ့တဲ့ မြန်မာလူငယ်တွေထဲမှာ "ပန်း"ဆိုတဲ့ မိန်းကလေးက အငယ်ဆုံး "သွေး"က အလယ်၊ "ကျော်"က အကြီး။ အားလုံး ဒီစာမေးပွဲပဲ ဖြေတာ၊ အောင်တော့ ပြောင်းပြန် အငယ်ဆုံးက စအောင်နေပါလားကွ"

ဆရာကျော်က မချိသွားဖြဲ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကျော်၊ ပြောပြစမ်းပါဦး။ မင်းက ဘယ်လိုအမှားတွေလုပ်ခဲ့လို့ စာမေးပွဲကျရတာလဲလို့"

ဆရာကျော်က နဖူးရှုံ့ စဉ်းစားပြီး တွေးတွေးဆဆ ပြောသည်။

"အဓိကကတော့ ရှားပြီးအရေးကြီးတဲ့ရောဂါတွေအကြောင်းထိပ်ကထားထားပြောပြီး အဖြစ်များတဲ့၊ နေ့တိုင်းကြုံတွေ့နေရတဲ့ ပြဿနာတွေကို အသေးစိတ် ဆွေးနွေးမပြမိတာဖြစ်မယ်၊ ကျွန်တော်လည်း တော်ဝင်ကောလိပ်ကိုတော့ ကျွန်တော့်အမှားတွေ စာရေးမေးထားတယ်။ သူတို့က ဆရာတစ်ယောက်နဲ့ ဆွေးနွေးချင်သလားလို့ မေးတယ်၊ ကျွန်တော်က စာနဲ့ပဲ အကြောင်းပြန်ပေးပါလို့ ရေးလိုက်တယ်"

ဒေါက်မိုဟမ်းက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"လူချင်းတွေ့ရတာ စိတ်ဓာတ်ကျစရာများတယ်၊ စာဆိုရင် တော်ပါပြီ၊ မင်းလုပ်တာမှန်ပါတယ်။ ဒါနဲ့ မင်း နောက်တစ်ခေါက်ဖြေရင် ကျိန်းသေအောင်တော့မယ်ဆိုတာ မင်းသိလား"

"ဘာဖြစ်လို့လဲ ဒေါက်တာမိုဟမ်း"

"ငါက သုံးခါဖြေခဲ့ရတာလေ၊ ပထမတစ်ခါတုန်းက ငါ့ဆရာက ငါ့ကို မေးတယ်။ မင်း ဘာဖြစ်လို့ ကျတာလဲဆိုတော့ ငါက ကျွန်တော်တော့ ဖြေနိုင်တာပဲ၊ ဒီကောင်တွေ ကျွန်တော့်ကို နိုင်ငံခြားသားမို့ သက်သက်နှိမ်ပြီး အအောင်မပေးတာနေမှာလို့ ဖြေတော့ ငါ့ဆရာက ဘာမှမပြောဘဲ ပြုံးနေတယ်။

နောက်တစ်ခါထပ်ကျပြန်ရော၊ အဲဒီအခါ ဆရာက ထပ်မေးပြန်ရော၊ အဲဒီအခါကျတော့ ငါက ကျွန်တော်ကျတာ ကျွန်တော်ထင်တဲ့ အကြောင်းရင်းလေးတွေ ရှိတယ်ဆိုပြီး ပြောပြတယ်။

ဆရာက ပြောတယ်၊ မိုဟမ်း၊ မင်း အောင်ပြီတဲ့၊ မင်းတို့မှာက အရည်အချင်းက ရှိပြီးသားတဲ့၊ အမှားကလေးတွေ လုပ်လုပ်နေမိလို့ ကျကျနေတာတဲ့၊ အဲဒါ ကိုယ့်အမှားကို ကိုယ်မမြင်ဘဲ စာစစ်တဲ့လူကိုပဲ မတရားမြင်နေရင် ဘယ်တော့မှ မအောင်ဘူးတဲ့။

အခု မင်း မြင်သွားပြီ၊ မင်း အောင်တော့မှာတဲ့၊ သူပြောသလိုပဲ ငါ တကယ်အောင်တာပဲ၊ မင်းက အခု တစ်ခါကျတာနဲ့ ကိုယ့်အမှားကို ကိုယ်မြင်နေပြီ၊ နောက်တစ်ခါ မလွဲမသွေ အောင်တော့မှာ"

ဒေါက်တာပင်တိုက နှုတ်ခမ်းမွေးထူထူကြီးကွေးအောင် ရယ်၍ ကဲ . . . အခုတော့ အောင်တဲ့ "သွေး" တိုက်တဲ့ အရက်ကလေး အားပေးကြဦးစို့၊ ချီးယားစ်ဟု ခွက်မြှောက်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခိုးယားစ်ဆို၍ ကိုယ့်ရှေ့ကခွက်ကို ကိုင်မြှောက်ကြသည်။ ဆရာကျော်ကတော့ အရက်ကို တစ်ကျိုက်ကျိုက်၍ စားပွဲပေါ် ပြန်ချရင်း ရယ်သည်။

"ပင်တိုရဲ့၊ ဒီကောင် ငါ့ထက်စော အောင်တာကျတော့ အကြောင်းရှိတယ်ကွ"

"ဘာလဲ"

"မင်း ဒေါက်တာမိုဟမ်းပြောတာ မမှတ်မိဘူးလား။ စိတ်လှုပ်ရှားတယ်ဆိုတာကိုသာ ဝမ်းသွားတာနဲ့ တင်စားရင် ငါတို့ အရှေ့တိုင်းသားတွေက အမြဲဝမ်းပျက်နေကြပြီး အနောက်တိုင်းသားတွေက အမြဲဝမ်းချုပ်နေကြတယ်ဆိုတာလေ"

ဒေါက်တာမိုဟမ်းက မျက်လုံးနှစ်ဖက်စလုံးပိတ်အောင် ရယ်သည်။

ဒေါက်တာယဉ်သွေးက ဆရာကျော်ဟု လှမ်းဟန့်သော်လည်း ဒေါက်တာပင်တိုက ဆက်ပြော ဆက်ပြောဟု မြှောက်ပေးသည်။

"ဆိုလိုတာက ဒီကောင်တွေက စိတ်လှုပ်ရှားမှုမရှိတဲ့ကောင်တွေဆိုတော့ သူတို့လို လူမျိုးတွေပဲ အထင်ကြီးတတ်တာ၊ "သွေး"က ကျောက်တုံးကျောက်ခဲလို နှလုံးသားနဲ့ လူဆိုတာ သူတို့ ရိပ်မိလို့ နေမှာပေါ့"

ဒေါက်တာမိုဟမ်းက ခေါင်းကလေးတခါခါနှင့် တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုခုတော့ ရှိနေပြီ၊ သွေး ပြောပြစမ်းဟု ဆိုသည်။

ဒေါက်တာယဉ်သွေးက ရယ်သည်။

"ဆရာကျော် မှားနေပြီ၊ ကျွန်တော့် ကျောက်တုံးကျောက်ခဲက ကျွန်တော်တို့ မန်ချက်စတာ မသွားခင်ကလေးကတင် အရည်ပျော်သွားတာ"

ဆရာကျော် မျက်လုံးပြူးသွားသည်။

"ခွေးကောင်ကလေး··· ကြည့်စမ်း။ ငါ့ကိုတောင် လျှို့ထားတယ်"

(၃)

ခက်တော့လည်း ခက်သည်။

မပန်းမှုံနှင့်သူ ချစ်သူတွေဖြစ်နေကြပြီလားဟု မေးလျှင် ဒေါက်တာယဉ်သွေးမှာ ဖြေစရာ အဖြေမရှိ။

တစ်ယောက်ရင်ထဲက ခံစားချက်ကို တစ်ယောက် ပွင့်ပွင့်လင်းလင်းသိပြီးကြလျှင် ချစ်သူတွေဟုဆိုလျှင်တော့ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်ကြသည်။

ချစ်သူတွေ ဖုန်းဆက်နေကျအချိန်တွေမှာ ဆက်၊ တွေ့နေကျ အချိန်တွေမှာတွေ့၊ တစ်ယောက်ကိုတစ်ယောက် ချစ်ပါသည်ဟုတော့ တိုက်ရိုက် ပွင့်ပွင့်လင်းလင်း တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်။

သည့်ထက်ပိုဆိုးသည်က လက်ရှိ ပျော်စရာ၊ ရင်ခုန်စရာ၊ ကြည်နူးစရာဘဝကလေး ကနေ နောက်ထပ်တစ်ဆင့်တိုးဖို့ ဘဝကို ဘယ်လိုပြင်ဆင်ကြမည်ဆိုသည့် စကားမျိုး တွေလည်း လုံးဝ မဆွေးနွေးဖြစ်ကြ။

ဟုတ်သည်လေ။

ပန်းမှုံ၏ဘဝတွင် ယူကေနိုင်ငံတွင် ဆက်လျှောက်ရန် ကျန်နေသေးသည့် လမ်းကြောင်းပေါ်က နှုတ်ဆက်ထွက်ခွာလာဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်စရာမရှိသလို အမိနိုင်ငံကို မပြန်ဘဲနေဖို့ဆိုတာလည်း ဒေါက်တာယဉ်သွေးအတွက် ဘယ်လိုမှ မဖြစ်နိုင်ပါ။

လက်ရှိတွင်တော့ ပစ္စုပ္ပန်တည်တည်ကလေးကြည့်၍ သူတို့ ပျော်ရွှင်ကြည်နူး နေကြခြင်း ဖြစ်ပါသည်။

(၄)

လူကြီးလက်နှစ်ဖက်စာမျှ ကျယ်ဝန်းပြီး တစ်တောင်ခန့်မြင့်သော ညီညာသည့် ကျောက်ပြားအပိုင်းများကို မရေမတွက်နိုင်အောင် ဆင့်ထားလိုက်သလို အစီအရီထပ်ပြီး ဖြစ်ပေါ်လာသည့် ကျောက်ဆောင်ကြီးများ မျက်စိတစ်ဆုံး မိုးကုပ်စက်ဝိုင်းအထိ၊ ပြီးတော့ ဟိုးပင်လယ်ထဲအထိ ကျယ်ပြန့်ပြောလှစွာ တည်ရှိနေသည်ကို ဒေါက်တာယဉ်သွေး တစ်ယောက် မှင်တက်ငေးမောနေမိသည်။

"ဒါ သဘာဝအတိုင်းဆိုတာ ဖြစ်နိုင်ပါ့မလား"

မပန်းမှုံက တိုးတိုးရယ်သည်။

"ညီညာလွန်းလို့ပြောတာ မဟုတ်လားအစ်ကို။ ဒါပေမဲ့ လူကလုပ်ထားတာဆိုရင်တော့ ဒီလောက်များပြားတဲ့ ကျောက်ပြားအပိုင်းကလေးတွေကို လူ ဘယ်နှယောက်က ဘယ်နနှစ် ဘာကိရိယာတွေသုံးပြီး လုပ်ခဲ့ရမှာလဲ စဉ်းစားကြည့်ဦး။ ဒါ အိုင်ယာလန် သမိုင်းမတင် ကတည်းက ရှိနေခဲ့တာ"

ပင်လယ်က ခုံးခုံး။

ဟုတ်ပါရဲ့။ မြောက်ဝင်ရိုးစွန်းနှင့် ကပ်နေပြီမို့လား မသိ။ ပင်လယ်က မိုးကုပ်စက်ဝိုင်း တွင် ခုံးနေသည်။

လှလိုက်တာ။

လေကလေးကလည်း အနေတော် အေးစိမ့်စိမ့်ကလေး။

နေခြည်ကလေးကလည်း အနေတော်တစေင်း နွေးနွေးကလေး ရွှင်ကာသည်



www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူတာ သရီးဒီနှင့် စိတ်ကူးယဉ်ရေးဆွဲလျှင်သော်မှ မီမည်မထင်။

ဒါတင် ဘယ်ကပါ့မလဲ။

အလွန်ယဉ်ကျေးသိမ်မွေ့ အလွန်ထက်မြက်သလောက် မိမိအပေါ်တွင် အလွန်အနွံ အတာခံရှာသော လှပသည့် ချစ်သူမိန်းကလေးကလည်း ဘေးတွင် အဆင်သင့်ပါလာ သေးသည်။

ဘုရားရေ. . . ဒါ အိပ်မက်မက်နေတာဆိုရင် ဒုက္ခပါပဲ။

ဒေါက်တာယဉ်သွေး သက်ပြင်းချမိပြန်သည်။

ဟုတ်ပါရဲ့၊ ဒါတွေဟာ တကယ်တော့ အိပ်မက်သက်သက်ပါပဲ။

ဒီလောက်လှတဲ့ရှုခင်း။ ဒီနေရောင်ခြည်ကလေး။ ဒီလေနုအေးကလေး။ ပြီးတော့ ဒီ သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး။ ဒါတွေအားလုံးကို နောက်တစ်နှစ် မပြည့်ခင်မှာပဲ ငါ အားလုံးကို ထားပစ်ခဲ့ရမှာပါလား။

မလွဲမသွေ နိုးကို နိုးရဦးမယ့် အိပ်မက်လှလှကလေးပါလား။

“ကျိုင်းယင့် ကော့စ်ဝေးဆိုတော့ ဘီလူးကမ်းခြေလို့ အဓိပ္ပာယ်ရနေတာပေါ့၊ ဒီလောက် လှတဲ့နေရာ ဘာဖြစ်လို့ ဒီနာမည်ကြမ်းကြမ်းကြီး ပေးထားရတာလဲ မသိဘူးနော်”

ဒေါက်တာရွှေသွေးက ကြက်သွေးရောင်ဖြာနေသော မိုးကုပ်စက်ဝိုင်းဆီကို ငေးကြည့်ရင်းက တိုးတိုးပြောလိုက်သည်။

“ဘီလူးဖန်တီးခဲ့တာလို့ ယူဆကြတာကိုး အစ်ကိုရဲ့၊ အိုင်းရစ်ဘီလူးက စကော့တစ်ရှ် ဘီလူးနဲ့ ရန်ဖြစ်တာလေ၊ ဒီအိုင်ယာလန်ကမ်းခြေကနေ စကော့တလန်ကမ်းခြေကို ခုန်ကူးမလို့လုပ်တော့ မမီဘူးတဲ့၊ အဲဒါနဲ့ အခုမြင်နေရတဲ့ ကျောက်ပြားကြီးတွေကို ဆင့်ဆင့် စီပြီး လမ်းဖော်တာတဲ့။

ဒါကြောင့် ကမ်းခြေတစ်ခုလုံး သောင်ပြင်မမြင်ရတဲ့ ကျောက်ပြားတွေချည်း ပြည့်နေ တာပေါ့၊ ဟောဟိုမှာ ရေထဲကို ရှူးပြီးသွယ်ပြီး ဝင်သွားတဲ့ ကျောက်ပြားလမ်းကြောင်းကြီး တွေ့တယ်မဟုတ်လား။ အဲဒါ သူသွားခဲ့တဲ့ နေရာတဲ့”

“တော်တော်ကြီးတဲ့ ဘီလူးကြီးဖြစ်မှာပေါ့နော်”

“ကြီးတာပေါ့၊ ဟိုကွေ့ကလေးတုန်းက ညီမကို အစ်ကို ဓာတ်ပုံရိုက်ပေးခဲ့တဲ့ ဖိနပ်ပုံစံ ကျောက်တုံးကြီး တွေ့တယ်မဟုတ်လား။ ပန်းမှုံ့ထက် သုံးပြန်လောက်မြင့်တာလေ၊ အဲဒါ သူ့ဖိနပ်ကဖြစ်တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတဲ့”

သူ့ပုံပြင် ဘယ်လောက်စိတ်ကူးယဉ်ဆန်ဆန်၊ စိတ်ကူးယဉ်ဆန်လွန်းသည့် နေရာ ကလေးနှင့်တော့ လိုက်ဖက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းမှုံတို့လည်းအဲဒီလိုဘီလူးမျိုးတစ်ကောင်လောက်လိုနေပြီထင်ပါရဲ့ အစ်ကိုရယ်"

ပန်းမှုံက တိုးတိုးကလေးညည်းတွားတော့ ဒေါက်တာယဉ်သွေး ရုတ်တရက် ဘာပြန်ပြောရမည်မသိ။

"နှစ်ယောက်တည်း စကားပြောလို့ မဝသေးဘူးလားဟေ့၊ လာ ··· ဓာတ်ပုံရိုက်ကြရအောင်၊ အောက်မှာ အဖွဲ့တွေကစောင့်နေပြီ"

အောက်ဘက်တစ်နေရာမှ ဆရာကျော်၏ အသံဝါကြီးက ထွက်ပေါ်လာပါတော့သည်။

(၅)

ညနေ၆နာရီသာရှိသေးပေမယ့်ဂလပ်စကိုမြို့ကပိန်းပိတ်အောင်မှောင်မည်းနေသည်။

အင်းလေ ··· နေက နေ့လယ်သုံးနာရီကတည်းက ဝင်သွားခဲ့တာပဲ၊ ဆောင်းတွင်းရောက်ပြီဆို လက်ပတ်နာရီတွေတောင် တစ်နာရီရွှေ့ခဲ့တာ ကြာပေါ့။

ဆန်းတော့လည်း ဆန်းသည်။

ကမ္ဘာပေါ်မှာ ရှိသမျှ စံတော်ချိန်တွေက အင်္ဂလန်နိုင်ငံ၏ စံတော်ချိန်ကို လိုက်၍ ရှေ့တိုးနောက်ဆုတ် ထွင်ထားခြင်းဖြစ်သော်လည်း အင်္ဂလန်နိုင်ငံ၏ စံတော်ချိန်က မငြိမ်ပါ။ နွေမှာတစ်မျိုး ဆောင်းမှာတစ်မျိုး ဖြစ်သည်။ ကျန် စံတော်ချိန်တွေက လိုက်မရွှေ့ကြပါ။ နွေမှာတစ်မျိုးပေါင်း၍ ဆောင်းမှာတစ်မျိုး ပေါင်းပါသည်။

နေ့တာ ညတာ အတိုအရှည်ကလည်း ကွာဟလွန်းသည်။ ဆောင်းဆိုလျှင် မနက် ၁၀ နာရီလောက်မှ နေထွက်ပြီး နေ့လယ် သုံးနာရီလောက်မှာ နေဝင်သွားသည်။

သည်ထက်ပို၍မြောက်ဝင်ရိုးစွန်းနှင့်နီးသောစကင်ဒီနေးဗီးယားနိုင်ငံတွေဆိုရင်တော့ တစ်နှစ်မှာ နွေခြောက်လနှင့် ဆောင်းခြောက်လက မနက်ခြောက်လနှင့် ညခြောက်လ ဖြစ်နေတော့သတဲ့။

"အစ်ကို ကော်ဖီရပြီ"

မပန်းမှုံအသံကို ကြားရသဖြင့် ပြတင်းပေါက်မှ ဂလပ်စကိုမြို့ကို ငေးမောနေရာက နောက်ပြန်လှည့်ကြည့်သည်။

မပန်းမှုံက အဝတ်အစားလဲထားပြီးပြီ။

စောစောက အီဒင်ဗရာမှာ အတူဈေးဝယ်ထွက်ကြတုန်းက စကပ်အရှည် အမည် ခေါင်း စွပ်ဆွယ်တာအမည်း။ လောင်းကုတ်အရှည် အမည်းနှင့်၊ ယခုတော့ [illegible] ဝတ်စုံလို အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်နှင့်။

ရေမချိုးဘဲ အဝတ်လဲလာတာတော့ အေးတာလည်းပါမည်။ နှစ်[illegible]

www.burmeseclassic.com



တတ်တော့သည်လည်း ပါမည်။ သူတို့အလေ့အထ ကူးစက်သွားတာလည်းပါမည်။

ကော်ဖီခွက်ကို လှမ်းယူလိုက်သည်။

ဂလပ်စကိုမြို့လယ်ကောင်မှာ မပန်းမှုံ အရစ်ကျ ငွေချေစနစ်နှင့် ဝယ်ယူလိုက်သော တိုက်ခန်းလေးမှာ ကျဉ်းသော်လည်း လျှပ်စစ်အပူပေးကိရိယာနှင့် နွေးထွေးပြီး ကိုလိုနီရယ် အငွေ့အသက်များဖြင့် မဟာဆန်နေသည်။

"ခါတိုင်းလို အစ်ကို နောက်ကျနေပြီလားလို့ မမေးတော့ဘူးလား"

မပန်းမှုံက ချစ်စဖွယ် မပွင့်တပွင့်ရယ်၍ ဆိုဖာဆက်တီပေါ် ဝင်ထိုင်ပြီး သူ့လက်က ကော်ဖီခွက်ကို စားပွဲပေါ်ချသည်။

"ခါတိုင်းက အစ်ကိုက အဆောင်ကိုလာလည်တာလေ၊ အခုက ပန်းမှုံကိုယ်ပိုင် တိုက်ခန်း။ မနက်ဖြန်လည်း တနင်္ဂနွေ၊ အစ်ကိုရော ပန်းမှုံပါ အလုပ်မဆင်းရဘူး။ အစ်ကို ပြန်ချင်တဲ့အချိန် ပြန်၊ မပြန်ချင်လည်း ရတယ်"

မျက်မှန်ကိုင်းအနက်ကလေးကို ကောက်တပ်၍ စားပွဲပေါ်တွင် တင်ထားသော တော်ဝင်ကလေးအထူးက သမားတော်များအသင်းဂျာနယ်ကို ဟိုလှန်သည်လှန် လုပ်နေရင်းက မော့မကြည့်ဘဲ ဖြေသည်။

ဒေါက်တာယဉ်သွေးက လုပ်ခန့် ရင်ခုန်သွားသည်။

"ကောင်မလေး ယောကျ်ားလေးတစ်ယောက်ကို ဒီလိုပဲ ပြောရသလား"

မပန်းမှုံက မော့ကြည့်၍ ရယ်သည်။

"ဘယောကျ်ားလေးတစ်ယောက်လဲ၊ အစ်ကိုက ပန်းမှုံရဲ့အစ်ကိုပဲ၊ အစ်ကို ဒီမှာအိပ်ချင်ရင် ဟိုဘက်ခန်း အားနေတာပဲ၊ ယဉ်မေလာရင် အိပ်နေကျ။ အစ်ကို့ကိုလည်း ပန်းမှုံ ယုံတယ်၊ ဒီမှာက ကဲ့ရဲ့ မယ့် အိမ်နီးချင်းလည်း မရှိဘူး။ မနက်ရထားနဲ့မှ ပြန်ချင်လည်း ပြန်၊ တစ်ညလုံးတောင် စကားပြောလို့ရသေးတယ်၊ ဘယ်လောက် ပျော်စရာကောင်းသလဲ"

ရုတ်တရက် ဒေါက်တာယဉ်သွေး စိတ်ထိခိုက်သွားသည်။

အပြစ်ကင်းစင်သည့် ကလေးလေးတစ်ယောက်၏ မျက်နှာနှင့်တူသော မပန်းမှုံ၏ မျက်နှာကလေးကိုငေးကြည့်ရင်းခွဲခွာရမည့်အချိန်တို့တစ်စတစ်စ နီးလာပြီဆိုတာကိုလည်း ရိပ်မိလာသည်။

"ဒီအစ်ကိုက ဘင်္ဂလားအစ်ကိုဆိုတာရော သတိရရဲ့လား"

"သိပ်ရတာပေါ့၊ ဒီအစ်ကိုက ဘင်္ဂလားအစ်ကို၊ ဒါပေမဲ့ ဒီဘင်္ဂလားညီမနဲ့ တစ်သက်လုံး နေပါဆိုလည်း မနေဘဲ ပြန်မယ့်အစ်ကို၊ တစ်သက်လုံး အတူမနေနိုင်တဲ့ ညီမလေးလည်း အသေးအဖွဲ့ကလေးကအစ ထိခိုက်နစ်နာမှာ အစိုးရိမ်ကြီးလွန်းတဲ့ အစ်ကို ကဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၊ ပန်းမှုံ ပြောတာ ဟုတ်သလား၊ မဟုတ်ဘူးလား"

ဂျာနယ်ကို မျက်နှာကမခွာဘဲ ဟန်မပျက်ပြောနေပေမယ့် အသံကလေးက မသိမသာ လှိုက်ခါတုန်ယင်နေသည်မို့ မျက်မှန်အောက်တွင် မပန်းမှုံ မျက်ရည်ဝဲနေပြီကို ရိပ်မိလိုက်သည်။

ဘာပြန်ပြောရမည်မှန်း မသိသဖြင့် တိတ်ဆိတ်စွာပင် မပန်းမှုံ၏ရှေ့ ဆက်တီတစ်လုံးတွင် ဝင်ထိုင်ရင်းက နံရံတွင် ချိတ်ဆွဲထားသော အမှတ်တရပစ္စည်းများကို ငေးကြည့်နေမိသည်။

"အဲဒီ ပုဂံပန်းချီကားက အစက ပန်းမှုံ့ကို ပေးဖို့ယူလာတာတော့ မဟုတ်ဘူး မဟုတ်လား၊ ဘယ်သူ့ကိုပေးဖို့ ယူလာခဲ့တာလဲ"

မပန်းမှုံက နံရံတွင်ချိတ်ဆွဲထားသော သူလက်ဆောင်ပေးထားသည့် ပုဂံဘုရားပန်းချီကားကို လက်ညှိုးညွှန်၍ မေးသည်။

"လူကြီးတစ်ယောက်ယောက်ပေးချင် ပေးရအောင်ဆိုပြီး သယ်လာတာပါ။ ဒီကျတော့လည်း ဒီမှာ လူကြီးတွေကို ဘယ်သူကမှ လက်ဆောင်သိပ်ပေးလေ့မရှိတာ တွေ့တာနဲ့ သိမ်းထားတာ၊ ညီမ အိမ်ဝယ်လိုက်တော့ အတော်ပေါ့၊ ပြီးတော့ ပန်းမှုံ့ကို ပုဂံဘုရားတွေ ပြချင်တာလည်း ပါတယ်။ ပန်းမှုံ့က ပုဂံမရောက်ဖူးဘူးဆို"

မပန်းမှုံ ခေါင်းညိတ်ပြသည်။

"ကျိုင်းယင့်ကော့စ်ဝေးမှာတုန်းက ပန်းမှုံ ပြောတယ်မဟုတ်လား၊ ကျောက်ပြားကြီးတွေ ထောင်နဲ့ သောင်းနဲ့ဆင့်ပြီး စီထားတာ၊ အင်္ဂတေလည်း မပါ၊ သံမှိုသံယက်လည်း မပါဘဲနဲ့ နှစ်ပေါင်းထောင်ချီ တည်မြဲနေတာ သိပ်အံ့ဩဖို့ကောင်းတယ်ဆို ပုဂံဘုရားတွေဟာလည်း အဲသလိုပဲ၊ အုတ်အကြီးကြီးတွေ စီရုံစီထားတာ၊ အင်္ဂတေ၊ သံမှိုသံယက် ဘာမှမပါဘူး။ နှစ်ပေါင်းလည်း ထောင်ချီခဲ့ပြီ။ ဒါကြောင့် အုတ်စီလက်ရာမှာ မြန်မာတွေဟာ ကမ္ဘာ့အစောဆုံးနဲ့ အတော်ဆုံးဗိသုကာတွေလို့ နိုင်ငံခြားသားတွေကတောင် ချီးကျူးခဲ့ရတာ"

မပန်းမှုံက အံကလေးကြိတ်၍ မျက်ရည်ဝဲရင်းက ပန်းမှုံ သဘောပေါက်ပြီအစ်ကိုဟု ပြောသည်။

"ဘာသဘောပေါက်တာလဲ"

"အစ်ကို ဘာပဲဖြစ်ဖြစ် မြန်မာပဲဆိုတာကို၊ အစ်ကိုက ပုဂံအရိပ်အောက်မှာ နေချင်တယ်၊ ရွှေတိဂုံကို မှန်မှန်ဖူးချင်တယ်၊ မပြည့်စုံသေးတဲ့ အခြေအနေမှာ [illegible] နေကြတဲ့ မြန်မာကလေးလေးတွေကို အစ်ကို ဒီကနေ ပြည့်စုံအောင် ဖြည့်[illegible] ပညာတွေနဲ့ရင်းပြီး ကူညီချင်တယ်၊ ပန်းမှုံ့တစ်ယောက်ကြောင့်တော့ အစ်ကို[illegible]

www.burmeseclassic.com



မြင်မှာမဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား"

ဒေါက်တာယဉ်သွေး ဘာပြန်ပြောရမှန်းမသိတော့ဘဲ ခေါင်းသာ ငုံ့နေမိသည်။

"ပန်းမှုံကရော ဘာဆက်လုပ်ရမလဲ အစ်ကို၊ ဒီကစနစ်၊ ဒီကလမ်းကြောင်းထဲမှာ အသားကျနေပြီ၊ အခု ခြောက်လ ဘာလုပ်ရမလဲ၊ ရှေ့ခြောက်လကျရင် ဘာတွေဖြစ်လာမလဲ၊ ပန်းမှုံ အားလုံးကြိုတွက်လို့ရတယ်၊ ကြိုလည်း ပြင်ဆင်ထားတယ်၊ ဒီတော့ ပန်းမှုံက ကျန်ခဲ့ရမှာ"

ဒေါက်တာယဉ်သွေး စိတ်မကောင်းစွာဖြင့် မပန်းမှုံမျက်နှာကို မော့ကြည့်သည်။

ဘုရားရေ မျက်ရည်တွေ တသွင်သွင်စီးကျနေသော မျက်နှာကလေး။

သည်မျက်နှာကလေးကို ဆက်ကြည့်နေမိရင် ငါ့ဦးတည်ချက်တွေ၊ စိတ်ဓာတ်တွေ ယိုင်နဲ့ရတော့မှာပါလား။

"ဒါပေမဲ့ အစ်ကိုရယ်၊ အစ်ကို သတိရပေးပါ။ ပန်းမှုံက ရိုးရိုးကျန်ခဲ့မှာ မဟုတ်ပါဘူး။ အိုင်ယာလန်က ဂျိုင်းယင့်ကောစ်ဝေးဆိုတဲ့ ဘီလူးကမ်းခြေမှာ ပန်းမှုံကို ကူညီနိုင်မယ့် ဘီလူးကြီးတစ်ကောင်ကောင် ပေါ်လာနိုးနိုးဆိုတဲ့ ရှုးကြောင်ကြောင်အတွေးတွေနဲ့ ကျန်ခဲ့ရမှာပါ"

စကားဆုံးသည်နှင့် မပန်းမှုံ စားပွဲပေါ်မျက်နှာအပ်၍ ငိုကြွေးနေပါတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

## တိုင်းသားများ၏ အခြားမျက်နှာစာမှာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ

# ရွှေသွေး နှင့်

တိမ်သားများ၏အခြားမျက်နှာစာမှာ



www.burmeseclassic.com

www.burmeseclassic.com



# တိမ်သားများ၏ အခြားမျက်နှာစာမှာ

(၁)

နလုံးသားအပေါ်တွင်သာမက နလုံးသားထဲ နစ်မြုပ်ရှုးဝင်နေလောက်အောင် ခိုင်မြဲစွာ တုပ်နှောင်ရစ်ပတ်ထားသည့် ကြိုးတစ်မျှင်ကို ခွာချ ဖယ်ထုတ်ပစ်ရန်ရခဲ့သောအချိန်သည် မိနစ်ပိုင်းလောက်သာ ဖြစ်နေသည့်ကတော့ ဝမ်းနည်းစရာကောင်းလှသည်။

ဒေါက်တာယဉ်သွေး ပြန်မည့်နေ့က တကယ်တော့ နေ့လယ်ပိုင်းကတည်းက မပန်းမွှ အဆောင်ရှေ့ကို ရောက်နေတာပါ။

သို့သော် ကားပေါ် ဆင်းမလာဘဲ ကားပေါ်တွင်သာ နာရီပေါင်းများစွာ ထိုင်နေသဖြင့် အဆောင်ထဲတွင် ပစ္စည်းသိမ်းနေသော ဒေါက်တာယဉ်သွေးက မသိ။

နောက်တော့ မမသင်း ရောက်လာသည်။

"ကောင်လေး... အဆင်ပြေရဲ့လား။ မမ ဘာကူသိမ်းပေးရမလဲ"

"မလိုတော့ဘူး မမ၊ မပန်းမွှ လေဆိပ်လိုက်ပို့ပေးမယ်တော့ ပြောထားတယ်၊ သူ မလာသေးလို့ စောင့်နေတာ"

မမသင်း မျက်နှာ စိတ်မကောင်းဟန် ပေါ်လာသည်။

"ရောက်နေပါပြီကွာ၊အဆောင်ရှေ့မှာကားထိုးပြီးဒီအတိုင်းထိုင်နေတာ [illegible] နှုတ်ဆက်လိုက်သေးတယ်။ မမလည်း သူ့မျက်လုံးတွေက နီရဲနေလို့ ကောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်ဆိုပြီး အားနာတာနဲ့ မခေါ်တော့ဘဲ ဝင်လာတာ"

ဒေါက်တာယဉ်သွေး နလုံးသားတို့ ခဲဆွဲ၍ ရေထဲနစ်လိုက်သလို မွန်းကျပ်၍ သွားရပါသည်။ အပြေးအလွှား ထွက်ခေါ်မည်လုပ်တော့ မျက်နှာကို တစ်ရှူးနှင့်တို့ရင်းက အဆောင်ထဲဝင်လာသော မပန်းမှုံက ယဲ့ယဲ့ပြုံးပြသည်။

"အစ်ကို အဆင်သင့်ဖြစ်ရင် သွားမယ်လေ၊ လေယာဉ်ချိန်တောင် နီးနေပြီ"

မမသင်းကို နှုတ်ဆက်စကားဆို၍ မပန်းမှုံ မောင်းသောကားနှင့် လေဆိပ်သို့ ထွက်လာကြသည်။ နှင်းမကျ၊ မိုးမကျ၊ အေးစက်သော ရေစက်ကလေးများ တဖွဲဖွဲကျနေသဖြင့် စိုစွတ်နေသောလမ်းပေါ်မှာအရှိန်နှင့်မောင်းနေရင်းကမပန်းမှုံရှေ့လမ်းကိုသာစူးစူးစိုက်စိုက်ကြည့်နေသည်။

ဘာမှ ထွေထွေထူးထူး စကားမဆို။

ကော်လာထောင်ထားသော လောင်းကုတ်အညိုရင့်ရောင်၏ အထက်စကော့အဆင်မာဖလာပတ်လည်ပင်း၏အပေါ် ကိုင်းအနက်မျက်မှန်၏အောက်က မျက်လုံးညိုညိုကလေးများကို မြင်ခွင့်ရှိသလောက်ကလေး ခိုးကြည့်မိသည်။ အဲသည် မျက်လုံးကလေးများလည်း ပတ်ဝန်းကျင်ရာသီဥတုလိုပင် စွတ်စိုထိုင်းမှိုင်းနေပါသည်။

ဂလပ်စကိုလေဆိပ် ပြည်ပထွက်ခွာဂိတ်ကိုရောက်တော့မှ မပန်းမှုံ ရုတ်တရက်အသက်ဝင်လာသလို...

"အစ်ကို့ဖို့ နားကြပ်ကလေးတစ်ချောင်း ဝယ်ထားတယ်၊ အစ်ကို တစ်ခါတည်းယူသွား။ ဟိုကျရင်လည်း ပန်းမှုံပေးတဲ့ နားကြပ်ကိုပဲ အမြဲသုံးနော်၊ ကျိုးသွားတဲ့အထိပေါ့"

လစ်တ်မင်အမျိုးအစား နားကြပ်ဘူးကလေးကို ထုတ်ပေးတော့ လက်ဆွဲပစ္စည်းထဲကမန်းကတန်း ထည့်ရသည်။ နောက်တော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြက်သေသေ၍ ရပ်ကြည့်နေမိကြသည်။

"မစ်လင်းလေကြောင်းဖြင့် လန်ဒန်မြို့သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များ လေယာဉ်ပေါ်တက်နိုင်ပါပြီရှင်"

ဘုရားရေ...

သည်အချိန်က သည်လိုပဲ ဖျတ်ခနဲ ကုန်သွားရမည့်အချိန်မျိုးတဲ့လား။

နွေးခနဲ၊

မပန်းမှုံ သူ့ရင်ခွင်ထဲသို့ ပြေးဝင်လာပြီး သူ့ကို တင်းတင်းဖက်လိုက်သည်။ ရှိက်သံသဲ့သဲ့ကိုလည်း မပီမပြင် ကြားရသည်။ ရင်နှင့်စွာဖြင့်ပင် မပန်းမှုံ၏ ပခုံးကလေးကို ကြင်နာစွာ ပွတ်သပ်ထွေးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တားခွင့်ရှိချင်လိုက်တာ အစ်ကိုရယ်"

မပန်းမှုံက ငိုသံဗလုံးဗထွေးနှင့် ပြောသည်။

"အစ်ကိုလည်း ခေါ်သွားခွင့်ရှိချင်တာပါပဲ ပန်းမှုံရယ်"

အားတင်း၍ပြောပြီး မပန်းမှုံ ပခုံးကလေးကို ညင်သာစွာ ဖွဖွဆွဲခွာလိုက်၍ လက်ကိုင်တစ် လက်ဆွဲသေတ္တာကို လှမ်းဆွဲရသည်။

ပြီးတော့ လေးကန်သော ခြေလှမ်းများက လေယာဉ်ဆီသို့။

ပြီးတော့ အမိမြန်မာနိုင်ငံဆီသို့။

(၂)

ဆရာကျော်က အရင်ရောက်နှင့်နေပြီးသားပါ။ ကလေးဆေးရုံကြီး ဆရာကြီး အဆောင်တွင်ပင် ပထမလက်ထောက်ဆရာဝန် ဖြစ်နေသတဲ့။

ကလေးဆေးရုံကြီးမှာတော့ သက်တူရွယ်တူ ဆရာဝန်တွေရော၊ အနည်းငယ်ကြီးသည့် ဆရာဝန်တွေရော သူတို့ထွက်မလာခင်က လုပ်ဖော်ကိုင်ဖက်များ တစ်ယောက်မှ မရှိကြတော့။

ဖွဲ့စည်းပုံတိုးလာသဖြင့် အားလုံး တာဝန်ခံဆရာဝန်ကြီးများအဖြစ် နယ်မြို့များတွင် တာဝန်ထမ်းဆောင်နေကြပြီတဲ့။

ဆရာကျော်နှင့် ဘွဲ့လွန်အတူတူရခဲ့သူတွေသာမက သူနှင့်အတူတူရခဲ့သူတွေပါ ဖြစ်ကုန်ကြပြီ။သူနှင့်ဆရာကျော်ကတော့နိုင်ငံခြားရောက်နေသဖြင့်လက်ထောက်ဆရာဝန် ဖြစ်နေကြဆဲ။

ဆရာကျော်ကို ကလေးဆေးရုံကြီးမှာပဲ တာဝန်ချထားသဖြင့် ဒေါက်တာယဉ်သွေးက ရှမ်းပြည်နယ်ဘက်သို့တာဝန်ချထားခြင်းခံရသည်။ ရာထူးကတော့ မတိုးသေး။ ရှမ်းပြည်နယ် မြို့ကြီးတစ်မြို့ရှိ တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီးတစ်ဦး၏ လက်ထောက် လုပ်ရမည်။

ထိုဆရာဝန်ကြီးက သူတို့ နိုင်ငံခြားမသွားခင် ခွင့်တင်တုန်းက စိတ်ကောက်သည့် အစ်မကြီးပါပဲ။

"ငါလည်း ဒီကောင်တွေ ပြန်လာတာနဲ့ ဘွဲ့လွန်သင်တန်းတွေ ပုံစံပြင်တာနဲ့ အတော်ပဲ ဒီမှာထားပေးပါလို့တော့ တင်ပြသေးတယ်။ မင်းတို့က နှစ်ယောက်ဆိုတော့ တစ်ယောက်ပဲ ရတယ်။ ယဉ်သွေးက ငယ်လည်း ငယ်သေးတာပဲ၊ သွားပေါ့ကွာ၊ နောင် တာဝန်ခံဆရာဝန်ကြီး ဖြစ်တော့ ဒီသင်ကြားရေးဘက် ပြန်လာပေါ့၊ မောင်ကျော်က အဲဒီကျ သွားရဦးမှာ"

www.burmeseclassic.com



ဆရာကြီးက ဒေါက်တာယဉ်သွေး ရှမ်းပြည်နယ်မသွားခင် သွားကန်တော့ တော့ အားပေးစကားပြောသည်။

ဒေါက်တာယဉ်သွေးကတော့ နဂိုကတည်းက တစ်ယောက်တည်းသမားကလည်းဖြစ်၊ ဆေး ခန်းထိုင်ဖို့ကိုလည်း သိပ်စိတ်မဝင်စားသေး။ ပြီးတော့ ယူကေရာသီဥတုနှင့် နှစ်နှစ် လုံးလုံး အကျွမ်းတဝင်နေလာတာဆိုတော့ ရှမ်းပြည်နယ်မှာ အေးအေးလူလူသွားနေရတာ မဆိုးပါဘူးလေဟု တွေးမိသည်။

"ကျွန်မတို့ကိုလည်း ကိုယဉ်သွေးတို့ တတ်လာတာတွေ ပြန်သင်ပေးဦးလေ၊ လူနာ ကတော့ မခွဲဘဲ ကျွန်မနဲ့ အတူတူကြည့်ပေါ့"

အစ်မကြီးကလည်း ကြိုဆိုရှာပါသည်။ ဒေါက်တာယဉ်သွေးကတော့ ဆေးရုံအုပ်ကြီး ရုံးခန်းရှေ့ မြေကွက်လပ်မှ ရှမ်းရိုးမတောင်တန်းကြီးများကို မျှော်ကြည့်လိုက်တိုင်း စကော့ တလန် မြေနိမ့်ပိုင်းမှ တောင်တန်းကြီးများကို မြင်ယောင်၍ပင် နေလေတော့သည်။

(၃)

အစ်ကို ရှေ့ကစာတွေလည်း တစ်စောင်မှမပြန်ဘူး။ ရှမ်းမချောချောကလေးတွေနဲ့ တွေ့နေပြီလားဟု အစချီသော မပန်းမွှံ၏ စာကလေး ရောက်လာသည်။ တကယ်တော့ ရှေ့ကစာတွေလည်း ဒေါက်တာယဉ်သွေး မရပါ။ သူကိုယ်တိုင်လည်း စာနှစ်စောင် ထည့်ဖူးသေးသည်။ မပန်းမွှံ ရဟန်မတူ၊ တယ်လီဖုန်းကတော့ လွယ်သည်။

သူ မြန်မာနိုင်ငံမှ မသွားခင်တုန်းက ရန်ကုန်တွင်ပင် နိုင်ငံခြားဖုန်းခေါ်ချင်ပါက ဘွတ်ကင်တင်၍ စောင့်ရသည်။ အော်ပရေတာကတစ်ဆင့် ခေါ်ပေးသည်။ ယခုတော့ သူရောက်နေသည့် မြို့တွင်ပင် မပန်းမွှံ အိမ်ဖုန်းကို တိုက်ရိုက်နှိပ်၍ ခေါ်ဆိုနိုင်လေပြီ။ တယ်လီဖုန်း ခေါ်ဆိုခန္နန်းထားကြောင့်သာ တွန့်ဆုတ်နေရခြင်းပင် ဖြစ်ပါသည်။

ကဲ··· ဖြစ်ချင်ရာဖြစ်။

"ပန်းမွှံလား"

"အစ်ကို"

မပန်းမွှံ စကားပင် ဆက်မပြောနိုင်သေးပါ။

ရှိုက်သံသဲ့သဲ့ကို ကြားနေရသဖြင့် ငိုနေတာတော့ သေချာသည်။

"စာတွေမရဘူး ပန်းမွှံ၊ အခု တစ်စောင်ရမှ ရှေ့မှာရေးထားမှန်း သိတာ၊ အစ်ကိုလည်း စာနှစ်စောင် ရေးထားသေးတယ်"

"ဖုန်းဆက်ပါလား အစ်ကိုရယ်၊ ပန်းမွှံက နံပါတ်မသိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမရှိဘူး ပန်းမှုံ၊ အခု ဆိုင်ဖုန်းက လာပြောနေတာ၊ သိပ်တော့ မနီးတော့ ခေါ်ပေးမှာမဟုတ်ဘူး"

မပန်းမှုံ အတော်ကြာအောင် အသံတိတ်နေသည်။ ပြီးမှ . . .

"အစ်ကို အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ သတိရနေတာပဲ ရှိတယ်"

"အတူတူပေါ့ အစ်ကိုရယ်"

ဆိုင်ရှင်က လက်ပတ်နာရီကို လက်ညှိုးထိုးပြသည်။

"ပန်းမှုံ နေကောင်းရဲ့လား"

"ဟုတ် . . ."

"နောက်မှ ထပ်လာခေါ်မယ်နော်"

အတော်ကြာအောင် တိတ်နေသည်။ ပြီးမှ "ဟုတ်ကဲ့ပါ အစ်ကို"ဟု ပြောသည်။

(၄)

နှစ်နှစ်သားအရွယ် ကလေးငယ်က ဒေါက်တာယဉ်သွေး စမ်းပင်မစမ်းရသေး ဒေါက်တာယဉ်သွေးကို မြင်သည်နှင့် စူးစူးဝါးဝါး အော်ဟစ်ငိုယို၍ သူ့အမေပေါ် အတင်း ဖက်တက်သည်။

"ဟဲ့ . . . ချဦးလေ"

အထက်တန်းသူနာပြုဆရာမကြီးကပြောတော့သူ့အမေကခေါင်းခါ၍ရမှာမဟုတ်ဘူး ဆရာမ၊ ကလေးကဆေးတွေ ခဏခဏထိုးခံရတော့ ဆရာဝန်ကို ကြောက်နေပြီဟု ပြောသည်။

"ဒီလည်း စမ်းတော့ စမ်းရမှာပဲ အမေ၊ ကျွန်တော် စမ်းမှ ရောဂါကိုသိမှာပေါ့"

ဒေါက်တာယဉ်သွေးက ဝင်ပြောတော့လည်း အမေက ခေါင်းခါပြနေဆဲ။

"မလိုဘူးလေ၊ မနက်က ဆရာမကြီး ကြည့်ပြီးသားပဲ"

"ဘယ်ဆရာမကြီးလဲ"

တာဝန်ခံဆရာဝန်ကြီးနာမည်ကို ရွတ်ပြတော့ ဒေါက်တာယဉ်သွေး ငေးငေး ဖြစ်သွားသည်။ အစ်မက ရောက်နေပြီမို့လားဟု ဆရာမကို လှည့်မေးတော့ ဆရာမမျက်နှာ အိုးတိုးအန်းတန်းဖြစ်၍သွားလေသည်။

"သူ့အိမ်သွားပြတာ ဆရာ၊ ကလေးက ဝမ်းလျှောလို့လာတာ၊ ညက လာတွေ့တာလည်း မမပဲ တက်ခိုင်းလိုက်တာပဲ၊ ခုမနက်တော့ သက်သာပါတယ်"

www.burmeseclassic.com



"အင်းလေ… ပြီးတာပဲ"

ပြီးတာပဲအပြင် ဘာဆက်ပြောရမှန်းလည်း မသိသဖြင့် နောက်လူနာတစ်ယောက်ဆီ ဆက်လျှောက်လာသည်။ လူနာက တိုင်းရင်းသားဘာသာဖြင့် ဆရာမကြီးကို ဆက်စကား ပြောနေသဖြင့် ဆရာမကြီးက ကျန်ခဲ့သည်။ ပြီးမှ ပြေးလိုက်လာသည်။

"ဘာတွေပြောနေတာလဲ"

"ဆင်းချင်လို့တဲ့ ဆရာ၊ အိမ်မှာ ကလေးအငယ်ရှိလို့တဲ့"

"ဆင်းပါစေလေ၊ ကလေးက ကောင်းနေတာပဲ"

ဆရာမကြီး မျက်နှာပျက်သွားပြန်သည်။

"မမက ဒီနေ့ ဒရစ်ပ်တစ်လုံး သွင်းခိုင်းထားတာ ဆရာရဲ့၊ မနက်က မမအိမ်သွားပြ တုန်းကတော့ သူတို့ ဘာမှမပြောခဲ့ဘဲ ခုတော့ ကျွန်မတို့ ဆင်းပေးလိုက်ရင် မမက ဆူမှာပေါ့"

အင်း… နောက်တစ်ခါပြီးတာပဲ ရပြန်သည်။

တာဝန်ခံဆရာဝန် အစ်မကြီးကတော့ ရောက်ရောက်ချင်းပင် ဆရာမတစ်ယောက် ဆီက သတင်းရပြီးဟန်တူသည်။ အကြောဆေးလေး တစ်လုံးလောက်မှ သွင်းမပေးလိုက်ရင် လူနာတွေက ဆေးရုံက ဘာမှလည်းလုပ်မပေးဘူးလို့ အတင်းတုတ်တုတ်ကြတာ မောင်လေးရဲ့။ ယူတို့ အင်္ဂလန်မှာလို လုပ်လို့မရဘူးဟု ပြောသည်။

နားမလည်ကြလို့ပါ မမရယ်၊ နားလည်အောင် ကျွန်တော်တို့ ရှင်းပြကြရမှာပေါ့ ဟုသာ ခပ်ညည်းညည်း ပြန်ပြောမိသည်။

(၅)

ရန်ကုန်ဆင်းဖို့ ကိစ္စပေါ်လာသည်။

ဆေးပညာမဟာသိပ္ပံတွဲ့လွှန်သင်တန်းများကို နှစ်နှစ်သင်တန်းမှ သုံးနှစ်သင်တန်းသို့ ပြင်ဆင်တိုးချဲ့လိုက်လေသည်။ပထမနှစ်စာမေးပွဲများပေါ်လာသည်။ထိုပထမနှစ်စာမေးပွဲကို တော်ဝင်ကလေးအထူးကုသမားတော် အပိုင်း(က) စာမေးပွဲပုံစံအတိုင်း စစ်မည်တဲ့၊ သည်တော့ ထိုကျောင်းသားတွေကို တော်ဝင်ကလေးအထူးကုသမားတော်တွဲ့ ရထား သူများက ဝိုင်း သင်ပေးရမည်ဆိုပဲ၊ တောင်ငူမှာတစ်ဦး၊ ပုသိမ်မှာ တစ်ဦး၊ ရှမ်းပြည်နယ်မှာက ဒေါက်တာယဉ်သွေး၊ဆရာကျော်နှင့်ဆရာတစ်ဦး၊နှစ်ဦးတော့ရန်ကုန်မှာရှိသည်။ဒေါက်တာ ယဉ်သွေးလည်း တစ်ပတ်တာဝန်ဖြင့် သွားသင်ရမည်။ ဆရာကျော်နှင့်တွေ့ စကားလေး ဘာလေး ပြောရတာ ပေါ့လေဟု သဘောထား၍ ဆင်းခဲ့သည်။ မိဘဆွေမျိုးတွေကတော့

www.burmeseclassic.com



ရန်ကုန်တွင်မရှိသဖြင့် ဒေါက်တာယဉ်သွေးအတွက် သိပ်မက်စရာတော့ မရှိ၊ ဆရာကြီး ကတော့ မင်းကို ပြန်ခေါ်ဖို့ လုပ်နေပြီဟု အားပေးသည်။ ဆရာကျော်ကတော့ မပန်းမွှံနဲ့ အဆက်အသွယ်ရရဲ့လားဟု တိုးတိုးလေး မေးသည်။

"စာတွေက ပျောက်တယ် ဆရာကျော်ရဲ့၊ နောက်ဆုံး ဖုန်းဆက်တာတော့ တစ်လ လောက်ရှိပြီ"

ဆရာကျော်က သူ့နဖူးသူ လက်ဝါးနှင့်ရိုက်သည်။

"သေပါတော့ကွာ၊ ဘယ်လိုစုံတွဲလဲကွ၊ ကောင်မလေးက ဒီလထဲလာဖို့ ရှိတယ် ပြောတယ်။ ရောက်တောင် ရောက်နေသလား မသိဘူး။ သူ့မိဘအိမ် ဖုန်းဆက်ကြည့်ဦး"

ခြေဖျားလက်ဖျားတို့ အေးစက်သွားသည်။ ရင်က တလှပ်လှပ်ခုန်သည်။

(၆)

ဖုန်းဆက်တော့ မပန်းမွှံ မေမေနှင့် တွေ့တော့သည်။ မပန်းမွှံ မေမေကတော့ ပွင့်ပွင့် လင်းလင်းပင်။

"မောင်ယဉ်သွေးက ဘယ်လိုလုပ် ရန်ကုန်ရောက်နေတာလဲ၊ သမီးက၊ မောင်ယဉ်သွေးကရှမ်းပြည်နယ်မှာ၊ ဖုန်းဆက်လို့လည်း ခက်တယ်၊ လေယာဉ်လက်မှတ် လုပ်ပေးမယ့်လူလည်း ရှိတယ်ဆိုပြီး သူငယ်ချင်းတစ်ယောက်နဲ့ လိုက်သွားတာ သုံးရက် တောင်ရှိနေပြီ။ သူ အမှန်က သန်ဘက်ခါကို ပြန်ရတော့မှာ၊ အန်တီတို့တောင် အပြန် လေယာဉ်လက်မှတ်မရရင် ဒုက္ခပဲလို့ စိတ်ပူနေကြတာ"

ရင်ထဲတွင် ဟာခနဲ။

"သူတည်းမယ့် ဖုန်းနံပါတ်များ ရနိုင်မလား အန်တီ"

"ဖုန်းမရှိဘူးတဲ့ကွယ်၊ မနေ့ကတော့ဆိုင်ဖုန်းနဲ့အိမ်ကိုဆက်တယ်၊ လေယာဉ်လက်မှတ် ကြိုးစားနေတယ်၊ မရသေးဘူးပဲ ပြောတယ်။ မောင်ယဉ်သွေးနဲ့ လွဲသွားတာတော့ မပြောဘူး။ အန်တီလည်း မမေးမိဘူး။ ဒီနေ့ထပ်ဆက်ရင် ပြောပြမယ်လေ။ သူ ပြန်ရောက် လာရင်လည်း မောင်ယဉ်သွေးကို ဆက်ခိုင်းလိုက်မယ်။ ဘယ်နံပါတ်ကို ဆက်ရမလဲသာ ပြောခဲ့ပါ"

ဆရာကျော်က သူ့အိမ်တွင်လာတည်းရန် မှာထားသဖြင့် ဆရာကျော် ဖုန်းနံပါတ်သာ ပေးခဲ့ရသည်။ ဆရာကျော်က ဘွဲ့လွန်သင်တန်း စတက်ကတည်းက ရှစ်နှစ်လုံးလုံး [illegible] ထားခဲ့ရသော ဇနီး သားနှင့် သမီးတို့ကို ရန်ကုန်ခေါ်ပြီး စမ်းချောင်းထဲတွင် [illegible] တိုက်ခန်းကလေးဝယ်၍ နေနေသည်။ အဲသည်ညတွင်ပင် မပန်းမွှံက [illegible]

www.burmeseclassic.com



"ပန်းမှုံ့ရယ် ကြိုပြောရရောပေါ့ အစ်ကို လာစောင့်နေမှာပေါ့"

"ဘယ်လိုလုပ်ပြောမလဲ အစ်ကို့၊ အခုက ဖေဖေ၊ မေမေတို့ အလှူလုပ်လို့ မိသားစု ဆုံရအောင်ဆို လှမ်းခေါ်တာ၊ ဒီကြားထဲလည်း အစ်ကိုက ဖုန်းမဆက်၊ အဲဒါနဲ့ အလှူပြီးတော့ အစ်ကို့ကို အရမ်းတွေ့ချင်လာတာနဲ့ လိုက်လာတာ"

သက်ပြင်းသာ ချမိသည်။ အရမ်းစိတ်ညစ်သွားလားဟု တိုးတိုးမေးတော့ မပန်းမှုံ့က သွေ့ခြောက်စွာရယ်သည်။

"ဘုရားတွေ လိုက်ဖူးနေရတာပေါ့ အစ်ကိုရယ်"

"ဘယ်တော့ပြန်လာမှာလဲ"

"လေယာဉ်လက်မှတ်တော့ ရပြီ၊ ရမယ်ပေါ့လေ၊ ဒါပေမဲ့ သန်ဘက်ခါ ဖြစ်နေတယ်၊ အဲဒီညပဲ ပန်းမှုံ့က ပြန်ရမှာ၊ အစ်ကို အိမ်လာခဲ့လေ၊ နေ့လယ် ၁၂ နာရီလောက်"

ဒုက္ခပါပဲ။ နယ်လှည့်ကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့်လိုက်ရန်ရှိ၍သန်ဘက်ခါမနက် လေယာဉ်နှင့်ပြန်လာရန် တာဝန်ခံဆရာဝန်မကြီးက အထပ်ထပ် မှာထားလေသည်။ သူ ပြန်မရောက်လျှင် အစ်မကြီးကိုယ်တိုင် လိုက်သွားရမည်။ လိုက်ရလျှင် ဒေါက်တာ ယဉ်သွေးကို ပြုစုဦးမည်။

သူပြုစုတာက အရေးမကြီး။ ဆေးရုံတွင် နှစ်ယောက်စလုံးမရှိလျှင်လည်း ကလေးတွေက စိတ်မချစရာ၊ အကျိုးအကြောင်း ရှင်းပြတော့လည်း သဘောထားကြီးသူ မိန်းကလေးက ညှိုးငယ်သောလေသံနှင့် ခွင့်လွှတ်ရှာပါသည်။

"ရတယ်လေ၊ အစ်ကိုပါလာတဲ့ လေယာဉ်နဲ့ပဲ ပန်းမှုံ့ ပြန်ရမှာပဲ၊ လေဆိပ်မှာ ခဏတော့ ဆုံကြရမှာပေါ့"

ဖုန်းချပြီး အကျိုးအကြောင်းသိရတော့ ဆရာကျော် ဒေါ်ပွသည်။

"အားနာသင့်တဲ့လူတွေစာရင်းထဲမှာကိုယ့်ချစ်သူကိုထည့်တတ်ဖို့လည်းသတိထားဦး။ အသည်းနှလုံးမရှိတဲ့ ကောင်ရဲ့"

ဘာမှပြန်မပြောသာပါ။

(၇)

တွေ့ ခွင့်ရသမျှသောမိနစ်အနည်းငယ်ကိုလေဆိပ်ထဲကသစ်သားခုံတန်းကလေးတွင် ဘေးချင်းယှဉ်ထိုင်လျက်က တစ်ယောက်လက်ကို တစ်ယောက် တင်းကျပ်စွာ ဆုပ်ထား ကြရင်း တိတ်ဆိတ်စွာ ကုန်ဆုံးခဲ့ရ၏။

မျက်မှန်အနက်ကလေးအောက်က မျက်လုံးကလေးတွေကို မကြည့်ရဲပေ။ အဲသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းကလေးတွေထဲမှာ မျက်ရည်စတို့ကို တွေ့ရလျှင် မပြန်ရဘူး ပန်းမှုံဟု သွေးရှူး သွေးတန်းတား၍ မပန်းမှုံကို တင်းကျပ်စွာ ဖက်ထားမိလိမ့်မည်ဟု ထင်သည်။ လေဆိပ်ထဲမှ လူတွေ လှုပ်ရှလှုပ်ရှဖြစ်သွားသည်။ လေယာဉ်ပေါ်တက်ဖို့ ခေါ်နေပြီပေါ့။

"ဝိန်သွားတယ် ပန်းမှုံရယ်"

မပန်းမှုံက မျက်မှန်ကိုချွတ်၍ မျက်လုံးတို့ကို တစ်ရှူးစတို့နှင့် တို့သုတ်သည်။

အတူပါလာသော သူငယ်ချင်းမကလေး ရောက်လာ၍ မပန်းမှုံပခုံးကို မသိမသာ ဖွဖွဖေးမသည်။ မပန်းမှုံက ခေါင်းမော့၍ အားပျော့စွာ ပြုံးပြပြီး "သွားမယ်နော်၊ အစ်ကိုလည်း ကျန်းမာရေးကို ဂရုစိုက်"ဟု ဆိုလေသည်။

"ဒီတစ်ခါလာရင် အစ်ကို ရန်ကုန်၊ မန္တလေး တစ်နေရာရာမှာပဲ ရှိမှာပါ။ ဒီလောက် အဆက်အသွယ် မခက်တော့ပါဘူး"

မပန်းမှုံက ခေါင်းကလေးညိတ်ပြသည်။

"တစ်နှစ်လောက်တော့ ကြာဦးမှာ အစ်ကို"ဟုလည်း တိုးတိုးပြောသည်။

မပန်းမှုံတို့လိုက်ပါသွားသော မြန်မာ့လေကြောင်းမှ ဖော်ကာလေယာဉ် တိမ်တိုက်ထဲ ဝင်သွားတော့ ဒေါက်တာယဉ်သွေး ခြေလှမ်းများ စတင်လှုပ်ရှား၍ ရုတ်တရက် မရ။

ခြေနှစ်ချောင်းက ကျောက်သားဖြစ်၍ အောက်က သမံတလင်းနှင့် ပျော်ဝင်ပေါင်းစပ် သွားသလို ခံစားနေရသည်။

□

www.burmeseclassic.com

www.burmeseclassic.com




# ၁၃

## နေညိုလမ်း

www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာ ရွှေသွေး နှင့် မပန်းမှုံ

ပန်းချီ၊ သိန်း၊ ရွှေကြည် 2012

www.burmeseclassic.com

www.burmeseclassic.com



# နေညိုလမ်း

(၁)

ဒေါက်တာဘာကလေက ခန်းလုံးပြည့်လျှံအောင် ထိုင်နေကြသော မြန်မာကလေးအထူးကုဆရာဝန်များကို မော့ကြည့်ပြီး ပြုံးသည်။ ရှေ့ဆုံးတန်း ဘယ်ဘက်အစွန်တွင် ထိုင်နေသော ဒေါက်တာယဉ်သွေးနှင့် ဆရာကျော်တို့ဘက်ကို လှည့်၍လည်း ကြက်သီးထဟန် လုပ်ပြသဖြင့် ဒေါက်တာယဉ်သွေးတို့ ရယ်ကြရသည်။

မြန်မာလူငယ်ဆရာဝန် နှစ်ဆယ်ကျော်ကို တော်ဝင်ကလေးအထူးကုသမားတော်ဘွဲ့ ရသည်အထိ လေ့ကျင့်သင်ကြားပေးခဲ့သော မြန်မာလူမျိုးကို ထူးထူးခြားခြား ချစ်တတ်သည့် စကော့လူမျိုး ကလေးအထူးကုဆရာဝန်ကြီး၏ ပထမဦးဆုံး မြန်မာပြည်ခရီး။

အသက် ၅၈ နှစ်ဆိုသည့်အရွယ်နှင့် မလိုက်အောင် နုပျိုချောမောလွန်းနေသည်ကို အံ့အားသင့်ကြသလို မကြာသေးခင်ကမှ ပေါင်ရိုးတစ်ခု ခွဲစိတ်အစားထိုး လဲလှယ်ခဲ့သဖြင့် ယခု ပုံမှန်နီးနီး လမ်းလျှောက်နေနိုင်ပြီ ဖြစ်သော်လည်း လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်လုံးလုံး တုတ်တစ်ချောင်းနှင့် ထော့ကျိုးလမ်းလျှောက်နေရင်းကပင် ဆရာဝန် ဖြစ်အောင် ကြိုးစား၊ ထိုမှ တော်ဝင်သမားတော်ကြီးဖြစ်အောင် ကြိုးစား၊ နောက်ဆုံး တော်ဝင်ကောလိပ်၏ဂုဏ်ထူးဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်အထိ အဆင့်ဆင့်တက်လှမ်း နိုင်ခဲ့ပုံတို့မှာ ဒဏ္ဍာရီဆန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဒဏ္ဍာရီထဲက သူ့ရဲကောင်းက မြန်မာကလေးအထူးကုဆရာဝန်များ အားလုံးနှင့် ရင်းနှီးစွာ တွေ့ဆုံခွင့်ရခဲ့လေပြီ။

"လူငယ်ကလေးအထူးကု ဆရာဝန်ကလေးတွေက ထင်နေကြတယ်၊ မြန်မာဆရာဝန် ကလေးတွေ ယူကေကိုလာရင် ဒေါက်တာဘာကလေနဲ့ နေရရင် အမ်အာရ်စီပီရမယ်လို့၊ မဟုတ်ပါဘူး။ခင်ဗျားတို့မှာအမ်အာရ်စီပီရလောက်တဲ့အရည်အချင်းလုတိုင်းမှာရှိပြီးသားပါ။ ဒီကဆရာတွေက သင်ကြားလေ့ကျင့်ပေးလိုက်တာ လုံလောက်ပြီးသားပါ။ ဒါပေမဲ့ ခင်ဗျား တို့က သိပ်အားနာတတ်၊ ရှက်တတ်၊ ကြောက်တတ်ကြတယ်၊ ရဲရဲရင့်ရင့် ကိုယ်ထင်တာကို ထင်တဲ့အတိုင်း ထမပြောရဲကြဘူး။ အဲဒါ ဟိုမှာ ကျွန်တော်နဲ့နေတဲ့ လူငယ်ကလေးတွေကို ပြောရဲလာအောင် ကျွန်တော်က အားပေးတာပါ။ ဒီလောက်ပါပဲ"

ဒေါက်တာဘာကလေ စကားအဆုံးတွင် လူ့အုပ်ထဲမှ လက်တစ်ချောင်း ထောင်လာသည်။

ဆရာစော။

ဆရာစောဆိုသည်က ဒေါက်တာယဉ်သွေးတို့ထက် တစ်နှစ်၊ နှစ်နှစ်စော၍ ဒေါက်တာ ဘာကလေထံတွင် အလုပ်လုပ်သွားသည့် ဒေါက်တာဘာကလေ၏ တပည့်ရင်းတစ်ဦး ဖြစ်သည်။ ယခုတော့ သူလည်း ရောဝတီတိုင်းသို့ ရောက်နေသည်။

"ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ စာမေးပွဲအောင်အောင် ဒေါက်တာ ဘာကလေ လုပ်ပေးလိုက်တယ်လို့ပဲ ယုံကြည်တာပဲ၊ အခု ဒီအခန်းထဲမှာ ရောက်နေတဲ့ စာမေးပွဲအောင်ပြီး ပြန်ရောက်တဲ့ လူတွေအားလုံးဟာ ဒေါက်တာဘာကလေရဲ့ တပည့်တွေ ချည်းပဲ၊ အခု မအောင်သေးလို့ ကျန်ခဲ့တဲ့လူတွေက"

"စော မင်းထိုင်စမ်း၊ ခုထိုင်၊ မင်း ဆက်ပြောလို့ ဒီအခန်းထဲက လူငယ်တွေအားလုံး ငါ့ ဆီလာချင်သွားလည်း၊ ငါ တစ်ယောက်ပဲ လက်ခံနိုင်မှာ၊ မင်း ငါ့ကို ပြဿနာမရှာနဲ့"

ဒေါက်တာဘာကလေက ရယ်ကျဲကျဲနှင့်ပင် အသံမြှင့်၍ အော်တော့ ဆရာစော ရယ်၍ ထိုင်သွားသည်။ ဒေါက်တာဘာကလေက ရယ်နေရင်းက "ဘာပဲဖြစ်ဖြစ် မင်းတို့ အဲသလို ငါ့ကိုချစ်ကြတာတော့ ငါ ဝမ်းသာပါတယ်၊ ဒါပေမဲ့ မင်းဖြေစမ်း၊ စာမေးပွဲက မင်းဖြေတာလား၊ ငါဖြေတာလား"ဟု မေးသည်။ ဆရာစောက "ကျွန်တော်ဖြေတာပါ"ဟု ဖြေတော့ "အဲဒါဆို မင်းတော်လို့ မင်းအောင်တာ"ဟု ဆိုသည်။

"မင်းတို့က တော်ပြီးသား၊ မပြောရဲကြတာ၊ ငါက မင်းတို့ကို ပြောရဲအောင် သင်ပေးတာ၊ အခု ငါသင်ပေးတာ အောင်မြင်လို့ မင်းတို့ပြောရဲပြီး စာမေးပွဲအောင်သွားတဲ့အတွက် ငါ့ကို တောင် လူလယ်ကောင်မှာ ထငြင်းရဲနေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာစောက ဘာပြန်ပြောရမည် မသိတော့ဘဲ ရယ်နေသည်။ ပရိသတ်များမှာ မြန်မာဆရာဝန်များနှင့် စကောဲလူမျိုး ဆရာဝန်ကြီးတို့၏ ကြီးမားသော သံယောဇဉ်နှင့် ရင်းရင်းနှီးနှီး ပြောဆို နောက်ပြောင်နေကြပုံတို့ကို အံ့ဩမဆုံး ဖြစ်နေကြသည်။

"ဟောဟိုနားမှာ ခေါင်းတဆတ်ဆတ်ညိတ်နေတဲ့ ကောင်ရော၊ ဟိုရှေ့တန်းက ရယ်နေတဲ့ ကောင်မလေးရော၊ ငါ စကားပြောရဲအောင် လုပ်ခဲ့တာပဲ၊ ငါလုပ်လို့မရတာ သွေး မင်းတစ်ကောင်ပဲ ရှိတယ်"

ဒေါက်တာယဉ်သွေးကို လက်ညှိုးထိုး၍ ဒေါက်တာဘာကလေက ကျီစယ်တော့ လူတွေက ဘုမသိ ဘမသိ လိုက်ရယ်ကြသည်။ ဒေါက်တာယဉ်သွေးသာ ရယ်ရမလို မရယ်ရမလို။

(၂)

ဒေါက်တာဘာကလေဆရာကြီးနှင့်အတူ ဆေးကုသဆောင်ထဲ ဝင်သွားတော့ လိုက်သွားဟန်ပြင်နေသည့်ဆရာကျော့်လက်ကိုဖမ်းဆွဲ၍ဒေါက်တာယဉ်သွေးကမေးသည်။

"ဆရာကျော် ဒေါက်တာဘာကလေက ကျွန်တော့်ကို ဘာလို့ စကားမပြောရဲဘူးလို့ ပြောသွားတာလဲ၊ ကျွန်တော်တို့အကြောင်းတွေ သိနေလို့လား"

ဆရာကျော်က မျက်စောင်းထိုးသည်။

"မင်းအကြောင်းက လန်နပ်ရှိုင်းယားတစ်ခုလုံး သိတယ်ဟေ့ကောင်၊ အားလုံးက ကောင်မလေးကိုသနားပြီး မင်းကို ဝိုင်းကျိန်ဆဲနေကြတာ၊ ကောင်မလေးစေ့စပ်ပွဲမှာ လူကြီး လုပ်ပေးဖို့ သွားခေါ်တုန်းကတောင် ဒေါက်တာဘာကလေက ဘာလို့အမျိုးသားက သွေး မဟုတ်တာလဲလို့ ပြောင်မေးထည့်လိုက်သေးတာ"

ဘုရားရေ၊ စေ့စပ်ပွဲ။

"ဆရာကျော် ဘာပြောတာလဲ၊ မပန်းမွှုံ စေ့စပ်တော့မယ် ဟုတ်လား"

"ဘာစေ့စပ်တော့မယ်လဲကွ၊ ပြီးတောင် ပြီးလောက်ပြီ၊ မင်းကို ပြောမသွားဘူးလား ဟိုတစ်ခေါက် မြန်မာပြည်ပြန်လာတာ မင်းတားချင်တားလို့ရအောင် အခွင့်အရေးတော့ ပေးတာ၊ မင်းက မတားတဲ့အပြင် တွေ့ဖို့တောင် အလုပ်တွေ ရှုပ်ပြနေတော့ ကောင်မလေး လက်လျှော့ပြီး ပြန်သွားတာ၊ မင်းကို ဆက်မျှော်လင့်နေလို့ မဖြစ်နိုင်တော့ဘူးဆိုတာလည်း သဘောပေါက်သွားတာ၊ အခုက သူ့တစ်တန်းတည်းသား သူငယ်ချင်း [illegible] ကင်ဆာပါရဂူတောင် ဖြစ်နေပြီတဲ့၊ သတိုးဆိုလားပဲ၊ မင်းနဲ့တောင် မြစ်ဝကျွန်း[illegible] ဆုံဖူးတယ်ဆို"

www.burmeseclassic.com



သတိုး . . . ။ ဟုတ်တာပေါ့။ ကောင်ကလေးက အဲသည်ကတည်းက မပန်းမွှံကို မြတ်မြတ်နိုးနိုး စွဲလမ်းနေရှာတာပဲ။

"မိဘချင်း စကားကမ်းလှမ်းထားတာ ကြာပြီတဲ့၊ မပန်းမွှံက စာမေးပွဲကို အကြောင်းပြပြီး ငြင်းထားတာတဲ့၊ အမှန်တော့ မင်းကြောင့် ဖြစ်မှာပေါ့။ အခုတော့ မင်းကိုမှ ယုံကြည်မျှော်လင့်လို့က မရတော့တာ၊ စေ့စပ်မယ်ဆိုတာ လက်ခံလိုက်ပြီးတဲ့ ညကဆို မမသင်း အိပ်မှာ တစ်ညလုံး လာငိုနေတာဆိုပဲ"

တစ်စစီ ကြေကျနေသည့်နှလုံးသားနှင့် ဆရာကျော်ပြောစကားတို့ကို ဆက်နားထောင်နိုင်စွမ်း မရှိတော့ပါ။

ထိုအချိန်တွင်ပင် ဒေါက်တာဘာကလေတို့အဖွဲ့ ပြန်ထွက်လာသဖြင့် ဆရာကျော် အပြေး အလွှားလိုက်သွားရပါသည်။

(၃)

ဒေါက်တာဘာကလေတို့ မပြန်မချင်း ဆက်သွယ်ရေးအရာရှိအဖြစ် လိုက်ပါဆောင်ရွက်နေရသော ဆရာကျော် မအားလပ်သဖြင့် နောက်ထပ် စကားစခွင့်မကြုံပါ။

သည်ကြားထဲမှာ ရှမ်းပြည်နယ်က ပြန်ခေါ်သဖြင့် ဒေါက်တာယဉ်သွေး ပြန်ရသည်။ မပန်းမွှံ၏ လက်ကိုင်ဖုန်းကို ခေါ်ကြည့်ရန် အကြိမ်ကြိမ် အားမွေးသော်လည်း မအောင်မြင်ပါ။

ဆိုင်ကယ်တစ်စီးနှင့် ရောက်တတ်ရာရာလျှောက်စီး။ နောက်ဆုံး ခြေကုန်လက်ပန်းကျလာလျှင် နောင်တုံကန်ကြီး ဘေးသွားထိုင် လှုက သိသိသာသာ ယောင်ချာချာဖြစ်နေသည်။

အရေးထဲမှာ နောင်တုံကန်ကြီးက မားသားဝဲလ်ရေကန်ကြီးနှင့် သွားဆင်နေသေးသဖြင့် မားသားဝဲလ်ဥယျာဉ်အတွင်း မပန်းမွှံနှင့် လျှောက်လည်ကြတာ သွားသတိရနေမိပြန်သည်။

အိပ်ဆေးသောက်အိပ်သော်လည်း အိပ်မပျော်၊ တစ်ညလုံး လူးလိမ့်ရင်းက မိုးလင်းရသည်က များသည်။ မနက်ကျတော့လည်း ဆေးရုံက မသွားလို့မဖြစ်ပြန်၊ တစ်နေ့လုံး ခေါင်းတွေ အုံနေရင်းက အလုပ်လုပ်ရသည်။

ကိုယ့်ရှေ့က ကြည့်လက်စလူနာ၊ လက်ထဲက လုပ်လက်စ အလုပ်တွေအားလုံး ဝုန်းခနဲပစ်ချ၍ ဖြစ်ချင်ရာဖြစ်၊ မပန်းမွှံရှိရာသို့ လိုက်သွားတော့မည်ဟု ဆုံးဖြတ်ချက်မှုလုနီးပါး ဖြစ်ရသည့် အကြိမ်ပေါင်းလည်း များစွာပေါ်ခဲ့သည်။

မိမိယူထားသော တာဝန်၊ စောင့်သိရမည့်ကတိတို့ကို လေးစားတတ်သော စိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မပန်းမှုံကို အဆုံးရှုံးမခံလိုသော စိတ်တို့၏ ပြင်းထန်စွာ လွန်ဆွဲမှုကြောင့် ဦးနှောက်ရော နှလုံးသားပါ ပြတ်ထွက် ပေါက်ကွဲမတတ် ဆောက်တည်ရာမရ၊ ချောက်ချားနေချိန်တွင် ဒေါက်တာယဉ်သွေး အလုပ်လုပ်နေရာဆေးရုံသို့ လက်ထောက်ဆရာဝန်မကလေး ဒေါက်တာနှယ်နီ ပြောင်းရွှေ့ ရောက်ရှိလာသည်။

(၄)

"နှယ်နီကို မမှတ်မိဘူး မဟုတ်လားဆရာ"

"မပန်းမှုံ သူငယ်ချင်းမဟုတ်လား။ ကျွန်တော် မှတ်မိပါတယ်"

နှယ်နီက ပါးချိုင့်ကလေးခွက်ဝင်ရုံမျှ ရယ်သည်။

"တော်သေးတာပေါ့၊ ဒါဆို ဆရာ့ကို ခေါ်လိုက်တော့မယ်"

"ဘယ်လို"

"နှယ်နီက ဒီရောက်ရင် ဆရာ့ကိုမခေါ်ဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒါပေမဲ့ ကလေးဘွဲ့ လွန်ဖြေမယ် စိတ်ကူးထားတော့၊ ဆရာကလည်း ဒီမှာ စာမေးပွဲဖြေချင်တဲ့ ဆရာဝန်ကလေး တွေကို စာသင်ပေးတာ သိပ်ကောင်းတာပဲလို့ နာမည်ကြီးနေတော့ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတာ၊ အခုတော့ နှယ်နီ့ကို ဆရာမှတ်မိတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆရာ့ကို ခေါ်လိုက်တော့မယ်။ ဆရာ စာသင်ပေးနော်"

အသက်မပါစွာ ရယ်ရင်းက နှယ်နီက ကျွန်တော့်ကို ဘာလို့ မခေါ်ချင်ရတာလဲဟု မေးမိသည်။

"နှယ်နီက ပန်းမှုံကို သိပ်ချစ်တာလေ၊ ဆရာ့ကြောင့် ပန်းမှုံ ဘယ်လောက်ခံစားခဲ့ရ သလဲ၊ နှယ်နီသိနေတာပဲ ဥစ္စာ၊ ဆရာ့ကို ဘယ်ခေါ်ချင်ပါ့မလဲ"

သက်ပြင်းချမိသည်။

"နှယ်နီ ပန်းမှုံနဲ့တွေ့သေးလို့လား"

နှယ်နီက ပခုံးတွန့်ပြသည်။

"နောက်ဆုံးတွေ့တာတော့ ဆရာနဲ့ဒီမှာ မိနစ်ပိုင်းကလေးပဲ ဆုံခွင့်ရလိုက်တဲ့ အခေါက် ကပေါ့၊ အဲဒီတစ်ခေါက်က မင်္ဂလာဒုံလေယာဉ်ကွင်းမှာ ပန်းမှုံ နှယ်နီ့ကိုဖက်ပြီး ငိုသွား သေးတာပဲ"

ရင်ထဲမှာ ခံဆွဲသလို လေးလံသွားရပြန်သည်။ နှယ်နီ့မျက်နှာကလေးက [illegible] ကလေး တင်းသွားသည်။

"ဆရာ တော်တော်အသည်းမာတယ်နော်၊ ပန်းမှုံ ဆရာ့ကို ဒီလောက်ချစ်တာ ဆရာ

www.burmeseclassic.com



ဘယ်လိုမှ မခံစားရဘူးလားဟင်"

ဒေါက်တာယဉ်သွေး နွယ်နီ့မျက်နှာကို လှည့်ကြည့်သည်။

"ခံစားရတာများလို့ ရူးသွားမလားလို့ တောင် ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ် တွေးမိနေတာပါ နွယ်နီရယ်"

နွယ်နီ ပါးစပ်ကလေး ဝိုင်းသွားပါသည်။

(၅)

"ဒီမှာလည်း မဟာမြတ်မုနိ ရှိတယ်နော်"

နွယ်နီက ရုပ်ရှင်တော်ဆင်းတုတော်မြတ်ကြီးကို လက်အုပ်ချီ ဖူးမြော်ရင်းက အံ့ဩစွာ ပြောသည်။

"သူတို့လည်း ထုံးစံအတိုင်းပေါ့နွယ်နီရယ်၊ ဒီဒေသက လူတွေကတော့ ဒီဆင်းတုတော်က အစစ်ပေါ့၊ ပြီးတော့ ဒီဆင်းတုတော် ဖူးမျှော်ပြီးရင် ဒီဒေသကို အကြိမ်ကြိမ်ရောက်တတ်တယ်ပေါ့"

ဒေါက်တာယဉ်သွေးက စကော့တလန်ပြည်နယ်မှာ တိုက်သည့်လေလို အေးစက်နေသော တောင်ပေါ်လေကို ရင်နှင့်အပြည့် ရှိုက်သွင်းရင်းက ပြောသည်။ ဝတ်ပြုနေကြသော အခြား ဆရာဝန်၊ ဆရာမများက မထကြသေး။

နွယ်နီက ပြုံး၍ "ဆရာက ယုံလား"ဟု မေးသည်။

"ယုံလား မယုံလား ဘာအရေးကြီးလို့လဲ နွယ်နီရယ်၊ ဆင်းတုတော်မှန်သမျှဟာ ဗုဒ္ဓရဲ့ ကိုယ်ပွားတွေပါပဲ၊ ဗုဒ္ဓကို ကြည်ညိုဖူးမျှော်လိုစိတ်နဲ့ ဝတ်ပြုရတာချည်းပါပဲ"

နွယ်နီက မဲ့ပြုံးပြုံးသည်။

"ဆရာက ကလေးအထူးကုဆရာဝန်ပဲ၊ ဒီစိတ်ဓာတ်မျိုးကို လူနာတွေအပေါ်မှာပါ ထားလိုက်ရင် ဆရာတို့ဇာတ်လမ်း ဒီလိုဇာတ်မသိမ်းရဘူး"

"နွယ်နီက ဘာကိုဆိုလိုတာလဲ"

"လူနာတွေကို မခွဲခြားဖို့ ပြောတာလေ၊ သူများလူမျိုးကလေးပဲဖြစ်ဖြစ်၊ ကိုယ့်လူမျိုးကလေးပဲဖြစ်ဖြစ် ဆရာဝန်ဆိုတာ လူနာကို လူနာလို့ပဲ မြင်သင့်တာပဲ မဟုတ်လား။ ဒါဆိုဆရာ ဟိုမှာနေဖြစ်သွားရော၊ ဒါဆို ပန်းမှုလည်း ရင်မကွဲရတော့ဘူး"

သည်ဘုတာဆိုက်မြန်ပြီကိုးဟု တွေး၍ သက်ပြင်းချမိသည်။

"ဟိုမှာက ကိုယ့်လို လုပ်ပေးနိုင်တဲ့ လူတွေအများကြီး နွယ်နီရဲ့၊ ဟိုနေ့ဆုံခဲ့တဲ့ မိတ်ဆွေ စကော့လူမျိုး ဆရာဝန်တစ်ယောက်က ယူဂန်ဒါကိုသွားတယ်၊ ဆရာလည်း

www.burmeseclassic.com

www.burmeseclassic.com



အဲ့ညြလို့၊ မင်းဆီမှာ မင်းဒီလောက်အဆင်ပြေတာ၊ ဘာလို့ ဒီလောက်ဒုက္ခတွေကြားထဲကို သွားရတာလဲလို့မေးတော့ ဒီမှာ ငါက အားလုံးထဲက တစ်ယောက်ပဲတဲ့၊ ဟိုကျရင် ငါက သိပ်အသုံးဝင်တဲ့ တစ်ယောက်ဖြစ်မှာတဲ့၊ လူမျိုးခြားကတောင် မတိုးတက်တဲ့ ဒေသတွေ အပေါ် အဲ့သလို သဘောထားတာ။ ဆရာတို့က ပိုသဘောထားနိုင်ရမှာပေါ့"

"နွယ်နီမှတ်မိပါတယ်၊လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်တုန်းကလည်းစကော့တလန်က ဆရာဝန်ကလေးတစ်ယောက် ယူဂန်ဒါမှာ အဲ့သလို သွားအလုပ်လုပ်တာလေ၊ အဲဒီတုန်းက အယ်ဒီအာမင်သတ်လို့ သေမလိုတောင် ဖြစ်သေးတာပဲ"

ရယ်၍ နွယ်နီက ဆရာ့ကို ဂျစ်တိုက်ချင်နေတာကိုဟုသာ ဖြေလိုက်ရသည်။

"ဂျစ်တာမဟုတ်ပါဘူး ဆရာ၊ နွယ်နီလည်း ဆရာ့လိုပဲ မြန်မာပြည်မှာပဲ တစ်သက်လုံး နေပြီး မြန်မာကလေးလေးတွေကိုပဲ ဆေးကုပေးမယ် စိတ်ကူးထားတာပါ။ ဒါပေမဲ့ နွယ်နီ့မှာက ဆရာ့လို ဟိုကမျှော်နေတဲ့ လူမရှိဘူးလေ"

သက်ပြင်းချ၍ မပန်းမှုံ့ကိုကျတော့ ပြန်လာဖို့ မစည်းရုံးတော့ဘူးလား နွယ်နီရယ်ဟု ပြန်မေးမိသည်။

နွယ်နီက ခေါင်းခါသည်။

"ဘယ်လိုလုပ်ပြောမလဲ ဆရာ၊ လခတွေအများကြီးရရှိသက်သက်နဲ့ ပန်းမှုံ ဟိုမှာ နေနေတာဆိုရင် ပန်းမှုံ့ကို နွယ်နီကိုယ်တိုင် စိတ်ဆိုးမှာပဲ၊ ဒါပေမဲ့ သူရွေးထားတဲ့ သုတေသနလမ်းကြောင်းမှာ သူရနေတာက ပညာရယ်၊ ရပြီးသမျှပညာကို အသိအမှတ်ပြုတဲ့ အခွင့်အလမ်းတွေရယ်၊ ပညာကို အသုံးချခွင့်တွေရယ်၊ ဒါတွေက သာမန်လူတစ်ယောက်အတွက် သိပ်အရေးကြီးချင်မှ ကြီးမှာဖြစ်ပေမယ့် ဆရာတို့၊ ပန်းမှုံတို့၊ နွယ်နီတို့လို ပညာရှင်ဘဝနဲ့ အသက်ရှင်ရပ်တည်နေတဲ့ လူတွေအတွက်ကျတော့ စွန့်လွှတ်နိုင်ဖို့ ခက်တယ်ဆရာ"

ဒေါက်တာယဉ်သွေး သက်ပြင်း ချရပြန်သည်။

"ဆရာ့ဘက်မှာလည်း နှုတ်က ထုတ်မပြော၊ လက်က ချမရေးပေမဲ့ အသွေးထဲ အသားထဲကနေ လိုက်နာရမယ့် ကတိကဝတ်တွေ၊ မချိုးဖောက်ကောင်းတဲ့ ယုံကြည်မှုတွေ ရှိတယ် နွယ်နီ၊ ပြီးတော့ ပညာဆိုတာလည်း ဥစ္စာလေးပါးထဲက တစ်ပါးပါပဲ၊ ကျန်တဲ့သုံးပါး ထဲက နှစ်ပါးနဲ့အတူတူပဲ၊ တစ်သက်လုံး ကြိုးစားစုဆောင်းပြီး သက်တမ်းကုန်တော့ အားလုံး ရတာမျိုးပါ။ ကိုယ်ရပ်ချင်တဲ့အချိန်မှာ ရပ်လို့ရတာပါပဲ၊ ဆရာဝန်ဆိုတာ ဘယ်လောက် ပညာရှာမရပ်ရဘူးဆိုပေမဲ့ ရှာနိုင်တဲ့ပမာဏက အကန့်အသတ်တွေ ဖြစ်လာတဲ့အခါ ဖြစ်လာတဲ့ အကန့်အသတ်ကို လက်ခံရမှာပါပဲ"

နွယ်နီက ခေါင်းခါ၍ ဆရာ့ကိုတော့ နွယ်နီ တကယ်လက်မြှောက်ပါပြီ [illegible]



www.burmeseclassic.com

www.burmeseclassic.com



(၆)

“ကလေးက ဘယ်တုန်းကစပြီး အခုလို အမောဖောက်လာတာလဲ”

“အမောဖောက်တာတော့လည်း မဟုတ်ဘူးရှင့်၊ အမေတို့ပြောတော့ သူငယ်နာ မစင်တာတဲ့”

“သေတော့မှာပဲ၊ မင်းကလေးက အမောဖောက်တာမှ ပြာနှမ်းနေပြီ၊ အမေတို့ ပြောတာတော့ လုပ်နေတုန်းရှိသေးတယ်။ ဆရာမတစ်ယောက် မြန်မြန် ဘီဝမ်းယူခဲ့စမ်း။ မင်းကလေး နို့တိုက်ပြီး အစားတွေ ရှောင်တယ်မဟုတ်လား”

“မတည့်တာဆိုလို့ ဘာမှမစားပါဘူးရှင်၊ ငါးခြောက်ဖုတ်နဲ့ ထမင်းဆီဆမ်းပဲ စားတာပါ”

“အဲဒါမစားလို့ ဖြစ်တာ၊ မတည့်တာမရှိဘူးဟ၊ အကုန်တည့်တယ်၊ အခုက မင်းအသီး အရွက်မစားလို့ ကလေးက အသီးအရွက်ဓာတ်ငတ်ပြီး နှလုံးအမောဖောက်နေတာ၊ မင်းနှုတ်ခမ်းထောင့်တွေ ကွဲနေကတည်းက ငါထင်သားပဲ”

ဒေါက်တာယဉ်သွေးစိတ်တိုတိုနှင့် အမေကိုမြည်တွန်တောက်တီးရင်း ဆရာမကလေး တစ်ဦး လှမ်းပေးသော ထိုးဆေးကိုယူ၍ အသက်ငင်နေသော သုံးလသားကလေးကို ကိုယ်တိုင်ထိုးပေးသည်။

“ကလေးက သိပ်မစိုးရိမ်ရပါဘူးနော်”

အမေက အခုမှ မျက်လုံးကလေး ပေကလပ် ပေကလပ်လုပ်၍ မေးသည်။ ဒေါက်တာ ယဉ်သွေးက သက်ပြင်းချ၍ “မပြောနိုင်သေးဘူး။ နာရီဝက် တစ်နာရီ စောင့်ကြည့်ရဦးမယ်၊ ဆေးကမိရင် နာရီဝက် တစ်နာရီဆိုရင် အကောင်းပကတိ ဖြစ်မှာပဲ၊ မမိရင်လည်း နာရီဝက် တစ်နာရီတောင် မခံဘူးဖြစ်မှာ”ဟု ပြောသည်။

“နည်းနည်းပိုဂရုစိုက်ပေးပါ ဆရာရယ်”

“ငါက ဂရုမစိုက်လို့၊ တယ်လေ”

ဆရာမများက စိတ်ပျက်လက်ပျက် ရယ်ကြသည်။ ကလေးအမေက ခေါင်းကလေးငုံ့၍

“ရှေးလူကြီးတွေဆိုတော့ သူတို့ပြောတာ မှန်မှာပဲဆိုပြီးတော့”ဟု တိုးတိုးပြောသည်။

လက်ထောက်ဆရာဝန်အခန်းထဲဝင်၍လက်ဆေးတော့ရာဇဝတ်မှုမှတ်တမ်းထိုင်ရေး နေသည့် နွယ်နီနှင့် တွေ့သည်။

“ဆရာ ဘာလုပ်နေတာလဲ”

“ဘယ်ရီဘယ်ရီကလေးတစ်ယောက် ရောက်လို့ သွားကြည့်ပေးနေတာလေ၊ နွယ်နီ လည်း အိုဂျီဘက်သွားတယ်ဆိုလို့ မခေါ်တော့တာ”

“အလုပ်လုပ်နေတာပေါ့ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



နှယ်နီ့မျက်နှာထားက ထူးဆန်းနေသဖြင့် ဒေါက်တာယဉ်သွေး ကြောင်တက်တက်ဖြစ်သွားသည်။

"အလုပ်မရှ'လို့ ဆရာက ဘာလုပ်ရမှာလဲ"

နှယ်နီက မဲ့ပြုံးပြုံးသည်။

"ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုဆိုရင် ဆရာ နောင်တရကန်ဘောသွားပြီး ထိုင်ငိုနေသင့်တာပေါ့"

"ဘာပြောတယ် နှယ်နီ"

"ဆရာ တကယ်မသိတာလား"

"ဘာကိုသိရမှာလဲ"

"နက်ဖြန် ပန်းမှုံနဲ့သတိုး လက်ထပ်တော့မယ်ဆိုတာလေ၊ လန်ဒန်က မြန်မာသံအမတ်ကြီး ရှေ့မှာ လက်ထပ်ကြမှာ"

မျက်စိရှေ့က နှယ်နီ၏ပုံရိပ်မှာ မှန်ပြောင်းပါဝါကို လျှော့ချလိုက်သလို အဝေးကြီးသို့ ရွေ့မျောထွက်သွားပြီး သေးသေးကလေးဖြစ်သွားသည်။

ပြီးတော့ မျက်ရည်များဖြင့် ဝါးသွားပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com




# ၁၄

## ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ

(၁)

လန်ဒန်မြို့ ဂရင်းနစ်စံတော်ချိန် ညနေ ၆ နာရီတိတိ။

တာဗစ်စကော့စကွဲယားရှိ တာဗစ်စကော့ဟိုတယ်အတွင်း အခန်းတစ်ခန်းတွင် သတိုးတစ်ယောက် ခုတင်ပေါ်တွင် ဖြန့်ချထားသော မြန်မာ့ရိုးရာ ရင်ဖုံးအင်္ကျီစတစ်ကော်လာ ရှပ်အင်္ကျီ ပိုးပုဆိုးတို့ကိုကြည့်ရင်း စိတ်လှုပ်ရှားနေသည်။

သည်ဟိုတယ်မှ မနက်ဖြန် မနက်ဆိုလျှင် အပြီးထွက်ရမည်။

မနက်ဖြန်မနက် ၁၀ နာရီတွင် မြန်မာသံရုံးမှ သံအမတ်ကြီးရှေ့တွင် သူတစ်သက်လုံး မြတ်မြတ်နိုးနိုး တစ်ဖက်သတ်ချစ်ခဲ့ရသည့် မိန်းကလေးနှင့် လက်ထပ်ရတော့မည်။ ပြီးတော့ ပရဲဗီးဒင့်ဟိုတယ်တွင် အသင့်ဘွတ်ကင်လုပ်ထားသော စတာလင်ပေါင် ရာကျော်တန် တန်ဖိုးကြီးအခန်းတွင် မင်္ဂလာဦးညကို ရင်ဆိုင်ရတော့မည်။

မပန်းမှုံတော့ ဘယ်လိုခံစားရမည် မသိ။ သူကတော့ လှိုင်းစီးနေရသည့်သူလို သူ့အပျော်ထဲမှာ သူ ပြန်၍ မူးဝေနေသည်။

ဒါ တကယ်ဖြစ်လာတော့မှာတဲ့လား။

ညအိပ်ရာဝင်တိုင်း မျက်စိနှစ်ဖက်ပိတ်ပြီး အိပ်မပျော်ခင် မက်တတ်တဲ့ ညဦး[illegible] လှလှကလေးတွေကို တစ်သက်လုံး စိတ်ကူးယဉ်မက်ခဲ့မိတာ ဖျတ်ခနဲ[illegible] တကယ်

www.burmeseclassic.com



မဟုတ်မှန်းသိရတိုင်း ကြေကွဲနေခဲ့ရတာ နှစ်ပေါင်းဘယ်လောက်တောင် ကြာနေပါပြီလဲ။ အခု လန်မှန်းတော့ဘဲ တကယ်တစ်သက်လုံး မက်ခွင့်ရတော့မှာတဲ့လား။

မပန်းမှုံကတော့ ဆရာ့ကို သတိရနေမှာ သေချာသည်။

ဒါလည်း ခဏပေါ့။

ပန်းမှုံကို သူ အရိပ်ကြည့်နေမည်။ ဘာဆိုဘာမှ မငြိုငြင်ရအောင် လိုလေသေးမရှိ အကုန် ဖြည့်စွမ်းမည်။ သူ့အချစ်ကို တကယ်ခံစားမိလျှင် ပန်းမှုံလည်း ပျော်လာမည်မှာမလွဲ၊ ဆရာ့ကိုလည်း မေ့နိုင်သွားမှာပါ။

ဒါ ဘာမှစိတ်မကောင်းစရာမရှိ။

သူရွေးသောလမ်းလည်း မဟုတ်၊ ပန်းမှုံရွေးသောလမ်းလည်း မဟုတ်၊

ဆရာရွေးသောလမ်းသာ ဖြစ်သည်။

ဆရာဦးယဉ်သွေး။ ချစ်တယ်ဆိုတာ ဘာလဲ၊ ခင်ဗျား နားရောနားလည်ရဲ့လား။ ခင်ဗျား တကယ်မချစ်တတ်ရင် ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းကလေးရဲ့ နှလုံးသားထဲမှာ နေမနေပါနဲ့တော့လား။ ထွက်သွားစမ်းပါ။

အချစ်ဆိုတာ ကြည်နူးစရာကိုပဲ ဖန်တီးပေးနိုင်စွမ်းရှိရမယ်။ ကိုယ့်ကို ချစ်မိလို့ မိန်းကလေးတစ်ယောက် ကြေကွဲနေရတယ်ဆိုရင် ဒီအချစ်ဟာအစကတည်းက မချစ်သင့်တဲ့ အချစ်ပဲ ဖြစ်ရမှာပေါ့။

ကျွန်တော် ချစ်ပြမယ်၊ ကြင်နာပြမယ်၊ ယုယပြမယ်၊ ကြည့်။

တစ်နှစ်မပြည့်ခင် ခင်ဗျားကို ပန်းမှုံ မေ့သွားစေရမယ်။

သတိုး ပခုံးတစ်ဖက်ကို တွန့်၍ လောင်းကုတ်အင်္ကျီကို ဝတ်သည်။ မပန်းမှုံနှင့် မပန်းမှုံ၏ မိဘများကို သူတို့တည်းခိုနေရာ မပန်းမှုံ၏အဒေါ်အိမ်မှ သွားခေါ်ရမည်။ ပရဲဒီးဒင့် ဟိုတယ်တွင် စောင့်နေမည့် သူ့မိဘများနှင့်အတူ ညစာစားရင်း မနက်ဖြန်ကိစ္စ အသေးစိတ် ထပ်ညှိရမည်။ ပြီးတော့ နားကြမည်။

မပန်းမှုံကို သူရှိရာ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းလာခဲ့ဖို့ကိစ္စတော့ ထည့်မပြော သေးဟု ဆုံးဖြတ်လိုက်သည်။ လက်ထပ်ပြီး တစ်လ ဟန်းနီးမွန်းပြီး၍ သူ အမေရိကန် ပြည်ထောင်စု ပြန်ရောက်ပြီးမှ မပန်းမှုံအတွက်လည်း အလုပ်ရှာ၊ မပန်းမှုံကိုလည်း ဖုန်းနှင့် တဖြည်းဖြည်း ဖျောင်းဖျယူမည်။ ယခုနေ ဆွေးနွေးပါက ဗိုင်စိုးဗိုင်နှင်း သိပ်နိုင်သည့် မပန်းမှုံ အထင်မခံနိုင်သေး။

တော်သေးတာပေါ့။

ဘက်ချ်လာနိုက်ဆိုပြီး အရက်တိုက်ခိုင်းမယ့်ကောင်တွေ လန်ဒန်မှာ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေလို့။

လန်ဒန်မြို့ ဂရင်းနစ်စံတော်ချိန် ညနေ ၆ နာရီတိတိ။

ဖိုးဖိုးပေါက်ပေါက်ကျနေသော မျက်ရည်များကို တစ်ရှူးစက္ကူစနှင့်သုတ်၍ မပန်းမှုံ အံကြိတ်ပြီး ခေါင်းမော့လိုက်သည်။

မငိုဘူး။

မငိုရဘူးလေ။

ငါဆရာဝန်တစ်ယောက်မဟုတ်ဘူးလား။သိပ္ပံပညာရှင်လက်တွေ့ သမားတစ်ယောက် မဟုတ်ဘူးလား။ ဒီမျက်ရည်တွေက အစ်ကိုဆုံးဖြတ်ချက်တွေကိုလည်း ပြင်နိုင်စရာ အကြောင်းမရှိ၊ ငါ့ဆုံးဖြတ်ချက်ကိုရော ပြင်စရာတဲ့လား။

မော့ထားသည့် ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းများ တွေတွေကျလာပြန်သည်။

မထူးတော့ပါဘူးလေ၊ ငို ငို၊ ဒီနေ့တစ်ရက်ပဲ ငိုရတော့မှာ၊ ရေ့မှာလည်း ညပေါင်း များစွာ ငိုခဲ့ရပြီးပြီ။ ဒီနေ့ဆက် ငို၊ ဒီမျက်ရည်တွေ အကုန်ခန်းသွားတဲ့အထိ ငိုပစ်စမ်း။

ရှေ့က စားပွဲလေးပေါ် မျက်နှာမှောက်ချ၍ ရှိုက်ကြီးတငင် ငိုမိသည်။ ငိုသာ ငိုရသည်။ အသံကလည်း သိပ်မထွက်ရဲ။ ဒါတောင် ရှိုက်သံတစ်ချက်က နည်းနည်းကျယ်သွားသလား မသိ။

အခန်းတံခါးကို ဖွဖွခေါက်သံ ပေါ်လာသည်။

"ပန်းမှုံရေ သမီးလေး သတိုး ဆက်နေတယ်၊ လာခေါ်ရတော့မလားတဲ့"

ဒေါ်လေးအသံက ခပ်တိုးတိုး။

မပန်းမှုံ အသံမတုန်အောင် ကြိုးစားထိန်း၍ "ဟိုတယ်ပဲ သွားနှင့်၊ သမီးတို့ ကိုယ့်ဟာကိုယ်လာခဲ့မယ်လို့ ပြောလိုက်လေ ဒေါ်လေး"ဟု ဖြေလိုက်သည်။

ဒေါ်လေးက ခဏတော့ တိတ်ဆိတ်နေသည်၊ ပြီးမှ အေးအေး သမီးဟုဆိုကာ ခြေသံဖွဖွဖြင့် ထွက်ခွာသွားသည်။

ရက်စက်လိုက်တာ အစ်ကိုရယ်

ပန်းမှုံရင်ထဲမှာ တစ်ချက်လောက်ကလေးဖြစ်ဖြစ် ဝင်ကြည့်ပေးပါဦး။

မျက်ရည်တို့က တသွင်သွင် စီးဆင်းကျလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ် မြန်မာစံတော်ချိန် သန်းခေါင်ကျော် ၁၂ နာရီခွဲ။

ရက်တော်တော်ကြာ မထိမတို့ဖြစ်ခဲ့သည့် ကိုယ့်အိပ်ရာကိုကိုယ် သူစိမ်းတစ်ယောက်လို ဒေါက်တာယဉ်သွေး ငေးကြည့်နေမိသည်။

မျက်လုံးတွေက ဖန်တွတ်တွတ်။

အာခေါင်တွေက ခန်းတိခန်းခြောက်၊ ရင်က တလှပ်လှပ်၊ နောက်ထပ် ၁၁ နာရီတိတိ အကြာတွင် မပန်းမှုံ လက်ထပ်တော့မည်။

သူ့ဘဝမှာ သူ နှစ်နှစ်ကာကာ တကယ့်ကို ချစ်မိပါပြီဟု အသေချာဆုံးသော ထို့ထက်ပို၍ကား သူ့ကိုလည်း နှစ်နှစ်ကာကာ ချစ်မြတ်နိုးရှာသော တစ်ဦးတည်းသော မိန်းကလေးကို သူအပြီးအပိုင် ဆုံးရှုံးရတော့မည်။

သဲကန္တာရကြီးအလယ်တွင် ပေါက်နေသည့် တစ်ပွင့်တည်းသော ပန်းကလေး၊ နက်ဖြန်ကတည်းက အမြစ်မီးရပ်ဝန်းဒေသမှာနေပြီးသား လူကလာ၍ လုယူခူးဆွတ်သွားတော့မည်။ ဟုတ်ရဲ့လား ယဉ်သွေးရယ်။

မင်း ယုံကြည်ချက်၊ မင်းခံယူချက်၊ မင်းဆုပ်ကိုင်ထားတဲ့ ကျေးဇူးသိတတ်မှု၊ မင်းဆက်လျှောက်ချင်တဲ့ ပေးဆပ်သူတွေ လျှောက်တဲ့လမ်းကြောင်း ဒါတွေက အခု မင်းရင်ဆိုင်နေရတဲ့ ဆုံးရှုံးမှုတွေနဲ့စာရင် တန်ရောတန်လို့လား၊ မှန်ရော မှန်လို့လား။

အကြိမ် ဘယ်လောက်မြောက်မှန်း မသိသော သက်ပြင်းကိုချ၍ ခေါင်းကိုခါမိစဉ် တံခါးခေါက်သံ တဒေါက်ဒေါက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

ကိုယ့်အသံပင်ကိုယ်မမှတ်မိမွဲခြောက်အက်ကွဲနေသောအသံကသူစိမ်းတစ်ယောက်၏ အသံနှင့်တူနေသည်။

"ဆောရီးပါ ဆရာ၊ လူနာတစ်ယောက် အရေးကြီးလို့ ဆရာ့ကို ပြချင်လို့တဲ့ လက်ထောက်ဆရာဝန်က ခေါ်ခိုင်းတာပါ"

ယောက်ျားသူနာပြု၏ အသံ။

"ဘယ်သူလဲ၊ လက်ထောက်ဆရာဝန်က"

"ဒေါက်တာနွယ်နီပါ"

နွယ်နီ ဒါဆိုလျှင် တကယ်အရေးကြီးတာ သေချာပြီ၊ နွယ်နီသည် သည်ညအဖို့ သူ ဘယ်လိုခံစားနေရမည်ကို သိသည့် တစ်ဦးတည်းသောသူ၊ တကယ်မလိုအပ်ဘဲ သူ့ကို ခေါ်ခိုင်းမည်မဟုတ်။

"အေး··· အေး··· လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



(၂)

ရှမ်းပြည်နယ်၊ မြန်မာစံတော်ချိန် သန်းခေါင်ကျော် တစ်နာရီ။

ဆေးရုံမီးပျက်နေခိုက်မို့ ယောက်ျားသူနာပြုက အရေးပေါ် ဘက်ထရီမီးအိမ်ငယ်ကို လူနာပေါ်မှ မြှောက်ပြထားသည်။ လေးနှစ်သား မျက်တွင်းဟောက်ပက် ချိုင့်နေသည့် ယောက်ျားကလေးက အသက်ကို ဖုတ်လိုက်ဖုတ်လိုက် ရှူနေသည်။

"နွယ်နီက ဂျီအီးလို့ ပြောတာ၊ ဝမ်းပါလျှောလို့လား၊ အန်တာတင်ပဲလား"

နွယ်နီက ခေါင်းစုတ်ဖွားနှင့် မျက်ခွံတွေအစ်နေသော ဒေါက်တာယဉ်သွေးမျက်နှာကို အားနာကရုဏာသက်စွာ ငေးကြည့်နေရင်းက အန်တာချည်းပဲ ဆရာ၊ ဆရာသင်ဖူးတာပဲ၊ တစ်ရက်လောက်အန်ပြီးမှ ဝမ်း စသွားတာလည်း ရှိတယ်ဆိုဟု ဖြေသည်။

ဒေါက်တာယဉ်သွေးက ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။

"ပြဿနာက သွေးပေါင်ကျတော့ အကြောဆေးကလည်း ထည့်ချင်၊ ထည့်ရမှာကလည်း ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတော့ မခံနိုင်မှာ ကြောက်နေတာ ဆရာ၊ ထည့်တော့လည်း ထည့်ထားပြီးပြီ၊ ဘာဆက်လုပ်ရမှန်းမသိလို့"

နွယ်နီက အားတုံ့အားနာပာန်ဖြင့် ဆက်ပြောသည်။

"ဟိုဘက်လူကြီးဆောင်မှာ ဂလူးကိုမီတာ (ဆီးချိုစစ်ဆေးစက်)ရှိတယ်၊ သွားငှားခဲ့ အဲဒါ တိုင်းပြီး ဆုံးဖြတ်တာပေါ့"

နွယ်နီ ပါးစပ်ကလေး အပေါင်းသားဖြစ်သွားသည်၊ ပြီးမှ ဟုတ်ကဲ့ဆရာဟုပြော၍ အပြေးတစ်ပိုင်း ထွက်ခွာသွားသည်။

(၃)

ရှမ်းပြည်နယ်၊ မြန်မာစံတော်ချိန် သန်းခေါင်ကျော် တစ်နာရီခွဲ။

၃၂ ဆရာဟု နွယ်နီက အံ့ဩမပြေသော မျက်နှာနှင့် ပြောသည်။ ဒေါက်တာယဉ်သွေးက မျှော်လင့်ပြီးသားမို့ ထူးခြားတုန်လှုပ်ခြင်းမရှိသော မျက်နှာနှင့် အင်ဆူလင်ရမလားဟု ပြန်မေးသည်။ သူတို့ဘက်မှာရှိတယ် ဆရာ၊ တစ်ခါတည်း ယူလာခဲ့ပြီဟု နွယ်နီက ဖြေသည်။

"ထိုး၊ အကြောဆေးသာထိုး၊ ဆရာ ဇယားဆွဲပေးမယ်"

ဒေါက်တာယဉ်သွေးက စားပွဲပေါ်တွင် စာရွက်အဖြူတစ်ရွက်ချ၍ အကြောဆေးထိုးရမည့်အား၊ ပမာဏနှင့် အင်ဆူလင်တို့ကို ထိုင်တွက်ချက်ပေးသည်။

နွယ်နီက အံ့ဩမပြေသေးသော မျက်နှာဖြင့် ဘေးတွင် ဝင်ထိုင်သည်။

"တကယ့်ကိုပဲ ဒီကေအေ (ဆီးချိုသွေးဆိပ်တက်ခြင်း)ပေါ့နော် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လုပ် ချက်ချင်းသိလိုက်တာလဲ၊ ကလေးတွေမှာ ဒီလောက်ရှားပါးတဲ့ရောဂါကို"

ဒေါက်တာယဉ်သွေးက ယဲ့ယဲ့ပြုံးသည်။

"မြန်မာကလေးတွေမှာ သိပ်ရှားတာ အမှန်ပဲ၊ ဆရာတို့လည်း ရန်ကုန်ကလေးဆေးရုံကြီးမှာတောင် နှစ်ယောက်လောက်ပဲ တွေ့ခဲ့ဖူးတယ်၊ဟိုမှာရောက်တော့ အများကြီးပဲ၊ တစ်ပတ် နှစ်ယောက်လောက်လာတာ။ ပညာတော်သင်သွားထားတဲ့ ကျေးဇူးပေါ့လေ၊ အမြင်နည်းနည်း စုံသွားတာပေါ့။ အင်္ဂလိပ်ဆရာဝန်တွေ တီဘီ သိပ်မသိကြသလိုပါပဲ၊ မြန်မာဆရာဝန်တွေလည်း ကလေးမှာ ဒီကေအေ သိပ်မထင်ကြဘူး"

နွယ်နီက ဒေါက်တာယဉ်သွေး ကမ်းပေးသောစာရွက်ကို ယူ၍ ဖတ်ကြည့်နေသည်။

"သွား... နွယ်နီ၊ အဲဒါတွေ စထားလိုက်၊ ဆရာ ဒီမှာပဲ ထိုင်စောင့်နေမယ်၊ နောက်တစ်ခါ သွေးဖောက်ပြီးရင် ဆရာ့ကို လာပြော"

"အို... မဟုတ်တာ၊ ဆရာ ပြန်နားပါ၊ နွယ်နီ ဒီအတိုင်း ဆက်လုပ်လိုက်ပါ့မယ်"

ဒေါက်တာယဉ်သွေးက မပီမသ ပြုံးပြန်သည်။

"လုပ်ပါ ကလေးမရယ်၊ ဒီကေအေ တစ်ခါမှ ကိုယ်တိုင်မကုဖူးဘူး မဟုတ်လား၊ ဆရာ သိပါတယ်၊ ဆရာ ထိုင်စောင့်ပါ့မယ်၊ ဒါက တစ်နာရီချင်း ချိန်ရ ညှိရတဲ့ကိစ္စ ဥစ္စာ"

နွယ်နီ တွန့်ဆုတ်ဆုတ်နှင့်ပင် ကျေးဇူးဆရာဟု ဆိုသည်။

ဒေါက်တာယဉ်သွေးက စာရွက်ပေါ်မှာ ဂဏန်းများချရေး၍ ဆက်လက် တွက်ချက်နေသည်။ တွက်လိုက်မှားလိုက် ပြန်ဖျက်လိုက် ပြန်ပြင်လိုက်လည်း ဖြစ်နေသည်။

ဘုရားရေ။

ဒါ ကလေးတစ်ယောက်ရဲ့ အသက်တစ်ချောင်းကိစ္စမဟုတ်ဘူးလား ယဉ်သွေး။

မနက်ဖြန်မနက် မင်းချစ်သူ လက်ထပ်မှာမို့ဆိုပြီး မင်းကယ်မှရှင်မယ့် အသက်တစ်ချောင်းကို ပေးသေလိုက်လို့မရဘူးလေ။

ကြိုးစား၍ တွက်ချက်သော်လည်း ဂဏန်းများက မျက်စိထဲတွင် ဝါးနေသည်။

(၄)

လပ်ဒန်မြို့၊ ဂရင်းနစ်စံတော်ချိန် ည ၁၀ နာရီတိတိ။

ဖေဖေ၊ မေမေနှင့် ဒေါ်လေးတို့ မိသားစုဝင်အားလုံး အိပ်ပျော်နေလောက်ပြီ ထင်သည်။ လူးရင်းလိမ့်ရင်း မျက်ရည်ကျရင်းက ဘယ်လိုမှ အိပ်ရာထဲတွင် ဆက်မနေတတ်တော့သဖြင့် မပန်းမှုံ လူးလဲထ၍ အောက်ထပ်သို့ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ခန်းဆီးများကို ဖွင့်လိုက်တော့ နှင်းတွေတဖွဲဖွဲကျနေတာ မြင်ရသည်။ ဟုတ်မှာပေါ့။ အနုတ် လေးဒီဂရီစင်တီဂရိတ်ပဲရှိသည်ဟု ရုပ်မြင်သံကြားသတင်းက တစ်ချိန်လုံး ကြေညာနေတာပဲ။

အစ်ကိုတို့ ရှမ်းပြည်နယ်မှာရော အဲသလောက် အေးနေသလားဟင်၊ ဒီလောက်တော့ မရှိလောက်ဘူးထင်သည်။ သို့သော် သူက မနက်ဖြန်မှာ သူ့ကို မြတ်မြတ်နိုးနိုး တစ်ဖက်သတ် ချစ်ရှာသူ သတိုး၏ ရင်ခွင်ငွေ့မှာ ခိုလှုံတော့မည်။ အစ်ကိုကတော့ တစ်ယောက်တည်း။

ဘုရားရေ ငါ မှားပြီနဲ့တူတယ်။

ဒီလောက် ငါ ခံစားနေရရင် နောင် အစ်ကို့ကို ငါမေ့သွားလိမ့်မယ်လို့ ထင်ခဲ့တာ ဖြစ်နိုင်ပါ့မလား။ တို့နှစ်ယောက်စလုံး တစ်သက်လုံး ကြေကွဲနေရမယ့်အပြင် သတိုးပါ စိတ်ညစ်ရတော့မယ်နဲ့ တူတယ်။

ငါ အစ်ကို့ဆီပဲ သွားသင့်ပြီထင်တယ်။

ဘယ်လိုပဲနေရနေရ၊ ဘာမျှော်လင့်ချက်တွေပဲ စွန့်လွှတ်ရ၊ စွန့်လွှတ်ရ၊ အစ်ကို့ကို စွန့်လွှတ်ရတာလောက်တော့ မဆိုးနိုင်ဘူးထင်တယ်။

မပန်းမှုံ အပေါ်ထပ်သို့ ယောင်အအနှင့် ပြန်ရောက်လာသည်။ ခရက်ဒစ်ကတ်ပြား ပတ်စပို့ စသည့် အရေးကြီးပစ္စည်းများပါသော အိတ်ငယ်ကလေးကို ကောက်ယူသည်။ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်တော့ အနွေးဘောင်းဘီရှည်အနက်၊ အနွေးဆွယ်တာအနက်။ လောင်းကုတ်တစ်ထည်ထပ်ဝတ်လိုက်တော့ အဆင်ပြေသွားသည်။

ဟုတ်ပြီ၊ သည်အချိန်ထွက်လျှင် ဗစ်တိုးရီးယား အဝေးပြေးကားဂိတ်မှ ၁၁ နာရီ ထွက်မည့် ဂလပ်စကိုကား မီသည်။ မနက်ခြောက်နာရီဆိုလျှင် ဂလပ်စကို ဘူခါနန် အဝေးပြေးကားဂိတ်ကို ရောက်မည်။ မမသင်းကို လာကြိုခိုင်းမည်။ ဂလပ်စကို လေဆိပ်မှ တစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်မည်။

ဘာကိုမှ ရှင်းလည်းမပြချင်တော့၊ တောင်းပန်စရာစကားလုံး ဘယ်လိုမှ ရှာတွေ့မှာ မဟုတ်တော့သည့်အတူတူ သတိုးနှင့် သူ့မိဘများကိုလည်း မတောင်းပန်ချင်တော့၊ အားလုံး ရုတ်တရက်သာ ဖြုတ်ခွာချခဲ့တော့မည်။

အောက်ထပ်သို့ ကမန်းကတန်း ပြန်ဆင်းလာသည်။

အိမ်တံခါးမကြီး မောင်းနှစ်ခုပေါ် ပြိုင်တူလက်တင်လိုက်ချိန်တွင်ပင် အောက်ထပ် မီးများ လင်းလာသည်။

လှည့်ကြည့်လိုက်တော့ ဒေါ်လေးနှင့် မေမေ။

မေမေက မျက်ရည်ဝိုင်းလျက်က အံကြိတ်ထားသည်။ ဒေါ်လေးလည်း မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com


မကောင်း။

ဒေါ်လေးက သူ့အနားသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာ၍ သူ့ပခုံးကို ကြင်နာစွာ ပွေ့ဖက် လိုက်သည်။

"မလုပ်ပါနဲ့ သမီးလေးရယ်၊ ဒါ လူကြီးတွေစီစဉ်တာ မဟုတ်ဘူး၊ သမီးလေးကိုယ်တိုင် ဆုံးဖြတ်ချက်ချခဲ့တဲ့ကိစ္စ၊ သမီး တာဝန်ယူရမယ်လေ။ ပညာတတ်မိန်းမတစ်ယောက်ရဲ့ ဦးနှောက်က နှလုံးသားထက်ကြီးရမယ်၊ ဆင်ခြင်တုံတရားထားပါ သမီးရယ်"

မပန်းမွှံ ဒေါ်လေးပခုံးကို ခေါင်းမှီ၍ ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့သည်။

(၅)

လန်ဒန်မြို့၊ ဂရင်းနစ်စံတော်ချိန် ည ၁၁ နာရီ။

သတိုး ဖျတ်ခနဲ အိပ်ရာလန့်နိုးလာသည်။

ဘယ်လိုဖြစ်ရတာလဲ၊ ညက ဘာကြောင့် ငါ ၁၀ နာရီကတည်းက အိပ်ပျော်သွားခဲ့ ရတာလဲ။ မပန်းမွှံ မပန်းမွှံ၏ မိဘများ၊ သူ့မိဘများတို့နှင့် ညစာစားပြီး ဟိုတယ်ပြန်ရောက် အဝတ်အစားပင် မလဲဘဲ အိပ်ရာပေါ် ခဏကျောချလိုက်တာ တစ်ခါတည်း အိပ်ပျော်သွား သည်။

ရှေ့ပိုင်းညတွေက အပျော်လွန်ပြီး အိပ်မပျော်ဖြစ်ခဲ့လို့လား။

ညစာစားနေစဉ်က ပန်းမွှံမျက်နှာကလေးကို ငေးကြည့်နေရတာ ရင်ထဲမှာ နွေးထွေး လုံခြုံလွန်းလို့လား။

သိပ်ချစ်ရသည့် ချစ်သူကို ပိုင်ဆိုင်ခွင့်ရသည့် ခံစားချက်သည် အင်ဒေါဖင်ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးကို ထွက်စေသတဲ့၊ အဲသည့်ဟော်မုန်းက စိတ်ကို ငြိမ်းချမ်းစေသတဲ့။

မပန်းမွှံ မျက်နှာကလေးက သိပ်မရွှင်ပျ၊ ရှက်နေတာလား၊ စိတ်ပူနေတာလား၊ ဒါမှ မဟုတ် ဆရာ့ကို သတိရနေတာလား၊ ဘာပဲဖြစ်ဖြစ် သည်မျက်နှာကလေးက သူ့ကိုတော့ ရင်ငြိမ်းစေသည်။ ဒါကြောင့်လည်း ထူးထူးဆန်းဆန်း ည ၁၀ နာရီကတည်းက အိပ်ပျော်သွား သလားမသိ။

ပို၍ ထူးဆန်းတာက အိပ်ပျော်ပြီးပြီးချင်း မက်သည့်အိပ်မက်ပါ။

မပန်းမွှံကို အဝေးပြေးကားကြီးတစ်စီးပေါ်တွင် မြင်သည်။ သူ့ကိုယ်သူတော့ သတို့သား ဝတ်စုံဖြင့် သည်ခုတင်ပေါ်မှာတင် ထိုင်နေတာ မြင်သည်။

"ပန်းမွှံ မလုပ်ပါနဲ့၊ မသွားပါနဲ့"

အော်ဟစ်ခေါ်ဖို့ ကြိုးစားသော်လည်း ဘီလူးစီးခံရသူလိုပင် အသံကမထွက်။ ချွေးစေး

www.burmeseclassic.com

www.burmeseclassic.com


များပြန်၍ အိပ်ရာမှသာ လန့်နိုးလာသည်။

ဘုရား··· ဘုရား··· အိပ်မက်အတိုင်း တကယ်ဖြစ်နေရင် ဒုက္ခ။

မပန်းမှုံ အိမ်ကို ဖုန်းဆက်ကြည့်ချင်စိတ် ပေါ်လာသည်။ လူကြီးတွေ အိပ်နေပြီ ဆိုရင်လည်း ဒုက္ခ၊ အားနာပါတယ်လေ။

စိတ်လျှော့၍ အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။ မင်္ဂလာဆောင်ခါနီး သတို့သားတွေ အားလုံးပဲ သည်လိုရူးကြောင်ကြောင် ဖြစ်တတ်သလားမသိဟု တွေး၍ ပြုံးမိပြန်သည်။

ရှမ်းပြည်နယ်၊ မြန်မာစံတော်ချိန် မနက် ၅ နာရီခွဲ။

ကလေးကို သွေးပေါင်ချိန်နေသော အလုပ်သင်ဆရာဝန်ကလေးက နားမှ နားကြပ်ကို ဖြုတ်၍ နွယ်နီဘက်လှည့်ပြုံးပြရင်း ၉၀၊ ၆၀ မမ၊ အိုကေဟုဆိုကာ လက်မထောင်ပြသည်။

နွယ်နီသည် ခုမှ သက်ပြင်းချနိုင်တော့သည်။

ဟုတ်ပါရဲ့၊ ကလေးက အသက်ရှူတာလည်း ပုံမှန်ပြန်ဖြစ်နေပြီ၊ သွေးပေါင်ချိန်လည်း ပုံမှန်၊ မျက်တွင်းများ ချိုင့်နေတာလည်း ပြန်ပြည့်နေပြီ၊ သွေးတွင်း သကြားဓာတ် တိုင်းတာလည်း ပုံမှန်ဖြစ်နေသည်။

"ဆရာက တော်လိုက်တာနော် မမ၊ မျက်လှည့်ပြလိုက်သလိုပဲ ကောင်းသွားတာ"

"တော်လိုက်တာ လုပ်မနေနဲ့၊ ဒီလိုလူနာမျိုး သူ့ရှိလို့ ရှင်တာ၊ ဒီလောက်ရှားတဲ့ရောဂါ ငါလည်း သိမှာမဟုတ်ဘူး။ နင်လည်း သိမှာမဟုတ်ဘူး။ ဒီတစ်ဆေးရုံလုံးလည်း သိမှာမဟုတ်ဘူး"

နွယ်နီက အလုပ်သင်ဆရာဝန်ကလေးကို အားရပါးရ ပြောနေရင်း သူ သူနာပြုဆရာမ တွေစားပွဲမှာ ချထားခဲ့သည့် ဖျော်ပြီးခါစ ကော်ဖီခွက်ကို သတိရသွားသည်။

ဆရာ့ကို သွားပေးမှ၊ ဆရာ တစ်ရေးမှ မအိပ်ရသေး၊ တာဝန်ကျဆရာဝန်ရုံးခန်းထဲက စားပွဲမှာပဲ တိတ်ဆိတ်စွာ ထိုင်နေရင်းက သွေးအဖြေတစ်ခါရတိုင်း ဂဏန်းတွေ တင်ခါထိုင် တွက်ပြီး သူတို့ကို ဆက်လုပ်ရန်ကိစ္စများ ညွှန်ကြားနေသည်။

ကော်ဖီခွက်ကိုယူ၍ တာဝန်ကျ ဆရာဝန်ရုံးခန်းထဲဝင်လာတော့ ဆရာ့ကို မတွေ့ရ မပြောဘဲ ပြန်သွားမည်ဟု မထင်။

ဩော်··· ။

ပြတင်းပေါက်က လှမ်းမြင်ရသည်။

ဆရာက ဆေးရုံရှေ့ မြက်ခင်းပြင်တွင် ချထားသော ခုံတန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည်။ ရှမ်းတောင်တန်းကြီးပေါ်က အမှောင်အနက်ပိန်းပိန်းကို စိမ့်ဝင်ထိုးခွဲ၍ ပြူထွက်လာခါစ နီစွေးစွေးအလင်းရောင်ကို ငေးကြည့်နေသည်။

နွယ်နီ ဆေးရုံဝင်ပေါက်မှ ကွေ့ထွက်၍ ဆရာရှိရာ ခုံတန်းဆီသို့ လျှောက်လာခဲ့သည်။

"ဆရာ ကော်ဖီ"

ဆရာက မော့ကြည့်၍ ကျေးဇူးပဲဆိုကာ ခွက်ကို လှမ်းယူသည်။

"ကလေးလည်း အားလုံးကောင်းတယ်ဆရာ၊ ဆရာပြောတဲ့အတိုင်း အင်ဆူလင်ရော၊ ဆလိုင်းပါ လျှော့လိုက်ပြီ၊ ဆရာ ခဏပြန်နားချင်နားပါလား"

ဆရာ ငြိမ်သက်စွာ စဉ်းစားနေသည်။

ခဏနေမှ ယဲ့ယဲ့ပြုံး၍ မော့ကြည့်ကာ ဆရာ ဒီမှာခဏထိုင်လိုက်ဦးမယ်ဟု ဆိုသည်။

အို . . . ဟုတ်တာပေါ့၊ မကြာခင် မပန်းမှုံလက်ထပ်တော့မည်။ ဆရာ ငြိမ်ငြိမ် ကလေးထိုင်တွေးနေ၊ ဆွေးနေချင်ရှာမှာပေါ့။

ဟုတ်ကဲ့ ဆရာဟု ပြော၍ နွယ်နီ သိတတ်စွာ ပြန်လှည့်လာခဲ့သည်။ နောက်မှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရ၍ ရပ်လိုက်မိသည်။

ငါ ဒီအချိန်မှာ ဒါမျိုးပြောလို့ ကောင်းမှ ကောင်းပါ့မလား။

အို . . . ဘာပဲဖြစ်ဖြစ် ပြောမယ်။

ဒီစကား ဆရာ့ကိုမပြောလိုက်ရရင် ငါ ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူးဟု တွေး၍ ဆရာ့ဘက်ပြန်လှည့်ပြီး ဆရာဟု ခေါ်လိုက်သည်။

ဒေါက်တာယဉ်သွေးက လှည့်ကြည့်ပြီး ပြုံးပြသည်။

"ဘာလဲ နွယ်နီ"

"နွယ်နီ ဆရာ့ကို တောင်းပန်ချင်လို့"

ဒေါက်တာယဉ်သွေးက မျက်မှောင်ကြုတ်၍ တောင်းပန်စရာ ဘာမှမှမရှိတာ နွယ်နီရယ်ဟု ခပ်ညည်းညည်း ပြောသည်။ နွယ်နီက လက်အုပ်ကလေး ချီပြသည်။

"ရှိတယ် ဆရာ၊ သိပ်ရှိတာပေါ့၊ နွယ်နီ့သူငယ်ချင်း ပန်းမှုံနဲ့ပတ်သက်ပြီး ဆရာ့ကို နွယ်နီ ပြောခဲ့ဆိုခဲ့မိတာတွေ အများကြီး၊ ဒီနေ့ နွယ်နီ သဘောပေါက်သွားပြီ၊ ဆရာ ရက်စက်တာမဟုတ်ဘူး။ အသည်းနှလုံးမရှိတာလည်း မဟုတ်ဘူး။ ဆရာ ဘာကြောင့် ဒီလိုဆုံးဖြတ်ခဲ့ရသလဲဆိုတာ ဒီတစ်ညလုံး နွယ်နီ့ကို အလုပ်နဲ့ပြောပြသွားတာ၊ အခု နွယ်နီ့ရင်ထဲမှာ နင့်နေအောင် သဘောပေါက်သွားပြီ၊ ဆရာ့ကို ကန်တော့ပါတယ် ဆရာရယ်၊ နွယ်နီပြောခဲ့မိတာတွေ ခွင့်လွှတ်ပါ"

နွယ်နီက ပြောပြောဆိုဆို ထိုင်ကန်တော့ဟန်ပြင်တော့ ဒေါက်တာယဉ်သွေးက



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲထ၍ ထူပေးပြီး . . .

"တော်ပါတော့ နွယ်နီရယ်၊ ကန်တော့ပြီးပြီ သဘောထားပါ။ ဆရာ အစကတည်းကလည်း နွယ်နီ့ကို အပြစ်မမြင်ပါဘူး။ ဒီလိုအချိန်မှာ ဒီလိုစကားပြောတာ ခံစားနေရတဲ့ ဆရာ့အပေါ် ဖေးမရာကျရဲ့ ကျေးဇူးတောင် တင်ပါတယ်"ဟု ဆိုသည်။

နွယ်နီက စို့ဝဲလာသော မျက်ရည်တို့ကို လက်ဖျံနှင့်ပွတ်သုတ်ရင်း ကြိုးစားပြုံးသည်။ ပြီးတော့ ဆရာ ကော်ဖီသောက်ဦးလေ၊ နွယ်နီတို့အခန်းထဲမှာ ဆရာပေးထားတဲ့ မုန့်ပုံးလည်း ရှိတယ်၊ နွယ်နီ သွားဖောက်ပြီး ပန်းကန်နဲ့ထည့်ခဲ့မယ်ဟု ဆိုသည်။

ဒေါက်တာယဉ်သွေးက ပြုံး၍ ခေါင်းညိတ်ပြပြီး အရှေ့မှာ တဖြည်းဖြည်း ထွက်ပေါ်လာနေသည့် နေမင်းကြီးကို ပြန်၍ တိတ်ဆိတ်စွာ ငေးမောနေပါသည်။

ပြီးပါပြီ။

❐

ဆန္ဒမွန်ဖြင့် . . .
လက်ရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com



# ကြိုးကြာတောင်ပံခတ်သံ၏ဟိုဘက်မှာ
## (အမှာစာမဟုတ်၊ ဝတ္ထုကို ခံစားခြင်း)

(၁)

လက်ာရည်ကျော်ကို စတွေ့ကတည်းက ဆရာဝန်ရုပ်ရည်ရှိသော ဆရာဝန်တစ်ဦးဟု စိတ်ထဲမှတ်လိုက်သည်။ ဆရာဝန်က ဆရာဝန်ရုပ်ထွက်တာ ဘာဆန်းသလဲ မေးစရာရှိပါသည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စု မန္တလေး ခုတင်(၃၀၀)ဆံ့ ဆေးရုံမှာ တာဝန်ထမ်းဆောင်တုန်းက အဖြစ်အပျက်တစ်ခုကို သတိရမိသည်။ ဆေးကျောင်းက သူငယ်ချင်းတစ်ဦး၏သားငယ် ဆေးရုံကို အကြောင်းကိစ္စတစ်ခုနှင့် လာတုန်းကပါ။ ကျွန်တော်တို့နှင့် ဆုံတွေ့ပြီး အိမ်အပြန် သူ့အမေကို ပြောသည်တဲ့။ “ဆေးရုံအုပ်ကြီးကြည့်ရတာ ပွဲစားကြီးနဲ့ တူလိုက်တာ။ အရိုးအထူးကုဆရာဝန်ကြီးက ပုဆိုးခါးပုံစချထားတော့ ကျောင်းဆရာနဲ့ တူတယ်။ သမားတော်ကတော့ စာရေးဆရာပုံ ပေါက်နေတယ်”တဲ့။ အဲဒီတုန်းက ကျွန်တော်က ဘာစာမှ ဖြစ်ဖြစ်မြောက်မြောက် မရေးရသေးချိန်။ သူငယ်ချင်းတစ်ဦး နစဉ်ကာလ နယ်မှာ ဆေးခန်းစဖွင့်တုန်း ကြုံရတာလည်း ပြုံးချင်စရာ။ သူတို့ နယ်ကို ရုပ်ရှင်လာရိုက်တာ ဆရာဝန်သရုပ်ဆောင်ဖို့ လူလိုနေတာနဲ့ ဒါရိုက်တာက သူ့ကို ဆရာဝန်အဖြစ် နစ်ခန်း။ သုံးခန်း သရုပ်ဆောင်ပေးဖို့ကမ်းလှမ်းသတဲ့။ သူက စိတ်အားတက်ကြွစွာနဲ့ သရုပ်ဆောင်ပေးလိုက်ရသတဲ့။ တတ်သည့် ပညာ မနေသာဆိုသကိုး။ အနီရုပ်ရှင်ကားရုံတင်တော့ဆရာစိန်ခင်မောင်ရီက “ဒါကိုဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါခင်ဗျား”မှာ အနီဆရာဝန်လူချောလေးကို သို့ကလို ရေရေလည်လည် တွယ်ပါလေသည်။ “ဆရာဝန်အဖြစ် သရုပ်ဆောင်တဲ့လူက မသားနားလိုက်တာ။ သနရုပ်ပ မရှိလိုက်တာ။ ဒီထက် ဆရာဝန်ရုပ်ပေါက်တဲ့သူကို ထည့်သုံးရောပေါ့”တဲ့။ “မယ်လမင်း”မရောတဲ့ ဆရာဝန်အစစ်ကြီး အငြင်း ခံလိုက်ရပုံ။သို့မို့ကြောင့်လက်ာရည်ကျော်ဆရာဝန်ရုပ်ပေါက်တာကိုကျွန်တော်တခါတရ ပြောရတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကြိုးကြာတွေ မြန်မာပြည်အနှံ့ အသီးသီး အသက အသက တာဝန်ထမ်းဖို့ အဝေးကို ပျံကြပြီ။ အဝေးဟိုဘက်မှာ ဘာရှိသလဲ။ တချို့က တစ်ချိန်မှာ မြို့ပြန်ခို။ ဘွဲ့လွန်တက်။ ယခု ဝတ္ထုရှည်က မြို့မှာ ဆောင်းပြန်ခိုသော ကြိုးကြာတစ်ကောင်အကြောင်း၊ သူရေးနေကျ အလှ သမုဒယနှောင်ကြိုး ရစ်ပတ်ချည်တုပ်ခံရသူတို့အကြောင်း။ အလွမ်းဖွဲ့၊ မျက်ရည်ဖွဲ့၊ တြိဂံအချစ်၊ ဇာတ်ကောင်တွေက စံပြလူသားတွေ။ ချော၊ တော်၊ ထက်မြက်၊ အများအတွက် ဘဝကိုစတေး။ စွန့်လွှတ်စွန့်စား၊ မတာစ်ထောင် တစ်ကောင်ဖွား။ တည်ငြိမ်လှပသော အရေးအဖွဲ့ကြောင့် ဇာတ်လမ်းက မဆန်းလှသော်လည်း လက်ကမချနိုင်အောင် သင့်ကို သွေးဆောင်လိမ့်မည်။ ဇာတ်လိုက်က ဒေါက်တာယဉ်သွေး။

"သူ့နာမည်က ဒေါက်တာယဉ်သွေးပါ။ ကလေးအထူးကု ဘွဲ့လွန်ဝင်ဖြေမယ်ဆိုပြီး ကလေးဆောင်မှာပဲအမြဲနေ၊ ကလေးတွေကိုခင်မင်နေ၊ကလေးတွေကသူ့ကိုချစ်ကြလွန်းလို့ "ဒေါက်တာရွှေသွေး"လို့ တစ်ဆေးရုံလုံးက ခေါ်ကြတာ"

"ရုပ်ရည်သည်မျှသန့်ပြန့်ချောမောပြီး အလွန်နွေးထွေးသော အပြုံးပိုင်ရှင်" "ဘုရားရေ ··· အလွန်နူးညံ့သိမ်မွေ့ဟန်ပေါက်နေသည့်ဆရာဝန်သည်စည်းကမ်းနှင့်ပတ်သက်လာသော အခါသည်မျှပင်ပြတ်သားနိုင်သတဲ့လား" သူ့ဇာတ်လိုက်က အပြစ်ပြောစရာ တစ်ခုပဲရှိသည်။ မျက်နှာများတတ်ခြင်း။ လမ်းခွဲသွားခဲ့ကြသည့် ချစ်သူတွေအားလုံးကလည်း သူ့ကို အခင် အမင်မပျက် သူငယ်ချင်းလိုပဲ ဆက်လက်ဆက်ဆံနေကြသည်တဲ့။

ဇာတ်လိုက်ကျော် မောင်ယဉ်သွေးတစ်ယောက် ဘွဲ့လွန်သင်တန်းတက်စဉ် ကြုံရတဲ့ ဝေဒနာတွေ အတွေ့အကြုံစေ့စုံတွေကလည်း စိတ်ဝင်စားစရာ။ ကျွန်တော်ပင်လျှင် ဘွဲ့လွန် သင်တန်းသားဘဝ (၁၉၇၃-၇၅)ကို ပြန်လည်အောက်မေ့ သတိရမိ။ လူနာနှင့် ဆရာဝန် ဆက်ဆံရေး။ လူနာနှင့် လူနာရှင် ဆက်ဆံရေး အဖုအထစ်များ။ ဆရာဝန်အချင်းချင်း ဆက်ဆံရေး ကြိုးထုံးများ။ ဆရာဝန်နှင့် အုပ်ချုပ်ရေးကဏ္ဍ တိုးတိုက်မှုများ။ တစ်ဖက်က ဘွဲ့လွန်တက်ရင်း တစ်ဖက်က ဆေးကုတဲ့အလုပ် မလစ်ဟင်းရအောင် ဂရုစိုက်ရ။ သင်ကြား ရေးဌာနက ဆရာတွေ မအားလပ်ရင် ကိုယ်ပွား "အလုပ်သင်ဆရာ" ဝင်လုပ်ပေးရ။ ဆေးကျောင်းသား/သူတွေကို စာကူသင်ပေးရ။ မိမိအထူးပြု လေ့လာနေသော ကလေး ကျန်းမာရေးပြဿနာကို ကျမ်းကြီးတင်ဖို့လုံးပန်းရ။ တွေ့ရတဲ့ ရောဂါတွေက စုံမှစုံအောင်ဘာ ချို့တဲ့မှု၊ ဘယ်ရီဘယ်ရီရောဂါ။ ကျောက်ကပ်ရောဂါ/သွေးတိုး။ နှလုံးအမြှေးရောင် ပြည့်တည် ရောဂါ။ အစာအဆိပ်သင့်။ တစ်ခါတစ်ရံ စိတ်ဓာတ်ပြိုကွဲချင်စရာ။ မနိုင်ဝန် ထမ်းခြင်း လုပ်ဖော်ကိုင်ဖက် ဆရာကျော်ကတော့ ခပ်အေးအေးပဲ။ "ငါ့စိတ်ဓာတ်ကလည်း ကျောက်မကျ

www.burmeseclassic.com



တတ်တာကွ"လို့ ပြောနိုင်သေးသတဲ့။ ဒီကြားထဲ ဒေါက်တာရွှေသွေးက နှမငယ်နှင့် ကြည်လိုက်နိုင်သေးသည်။ သို့သော်လည်း နစဉ်ကလို တွေ့သမျှ ချောချောလှလှ မိန်းမပျိုတွေကို "ငါ့ဥစ္စာ" "ငါ့ဥစ္စာ"လို့မအော်တော့ဘဲ စာအုပ်ပုံထဲ စိတ်ကိုနှစ်ဖို့ ကြိုးစား နေရသတဲ့။

မပန်းမှုံလေးက စာလည်းတော်၊ ထက်မြက်၊ လှပသိမ်မွေ့။ မိသားစုကလည်း ပြည့်စုံ ကုံလုံ။ ဒေါက်တာယဉ်သွေးကိုစတွေ့ကတည်းက ချစ်ကြင်နာလိုသူ။ သူငယ်ချင်းတွေတားတဲ့ ဆီးတဲ့ကြားက ဆရာယဉ်သွေးကို စွန့်စွန့်စားစားချစ်မယ့်သူ။ တစ်ရက်မှာ ဆရာယဉ်သွေး သူ့ကို စွန့်ပစ်သွားသည့်တိုင် ဆရာနဲ့ချစ်ခဲ့ဖူးတာကို ဂုဏ်ယူဝင့်ကြွားမယ့်သူ။ ဆရာယဉ်သွေး ကလည်း မပန်းမှုံကို သူရင်ခုန်မိသတဲ့။ သို့ပေတဲ့ "ဒီရင်က ငယ်ငယ်ကတည်းက ခဏခဏ ခုန်တတ်တော့ ကိုယ့်ရင်ခုန်သံလည်း ကိုယ်မယုံတော့ဘူး။ သူများသားသမီး အညွန့် တလူလူနဲ့ ဥစ္စာကို ဒုက္ခပေးမိသလိုမျိုးလည်း အဖြစ်မခံတော့ဘူးလို့ ဆုံးဖြတ်ချက် ချထား ပြီးသားပါ" လို့ ခံယူမိပါသတဲ့။ သူ စဉ်းစားတုံ့ဆိုင်းနေရတဲ့ အကြောင်းက မပန်းမှုံ အစ်ကို၊ အစ်မတွေက ယူကေမှာ အခြေကျနေပြီ။ သူကလေးက ကျောင်းပြီးရင် ဟိုကို လိုက်သွားမှာ။ သူကတော့ အမိမြေမှာပဲ တစ်သက်တာနေမည့်သူ။ ရေကြည်ရာ မြက်နုစိမ်းရာမှာ အခြေ မချဘဲ မိခင်ရင်ငွေ့မှာ ထင်းပုံခေါင်းချနေမည့်သူ။ သူ့ကြောင့် သူမြတ်နိုးလှတဲ့ မိန်းကလေးရဲ့ ဘဝလမ်းကြောင်း ပြောင်းသွားမှာ၊ စောင်းသွားမှာ မလိုလားတဲ့သူ။

ကလေးဆေးပညာမဟာသိပ္ပံဘွဲ့ရ။ ကလေးအထူးကုဆရာဝန် ဖြစ်လာပြီ။ သို့ပေတဲ့ ပွဲက မပြီးသေး။ တော်ဝင်သမားတော်ဘွဲ့အတွက် နေ့မီးညမီးနှင့် စာကျက်ရပြန်သည်။ ခက်ခဲပင်ပန်းလှတဲ့ပွဲ။ ဒီစာမေးပွဲအောင်တော့ နောက်စာမေးပွဲတစ်ခုက စောင့်လို့ကြို။ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုစစ်ဆေးတဲ့ စာမေးပွဲ။ စာမေးပွဲတွေ လုံးချာပတ်လည် ကြားထဲမှာပဲ ချစ်သူမပန်းမှုံကယူကေထွက်သွား။ သူတားဆီးဖို့မကြိုးစားခဲ့။ ချစ်လျက်ကယ်နဲ့ မတားရက် မဆီးရက်ပြန်။ အင်္ဂလိပ်ဘာသာစာမေးပွဲအောင်။ သူငယ်ချင်းဆရာဝန်က "အောင်မှာပေါ့ မင်းက အသည်းနှလုံးမှမရှိတာ၊ အင်္ဂလိပ်က အသည်းနှလုံးမရှိတဲ့ ဆရာဝန် တွေမှ သဘောကျတာကွ"ဟု အလှောင်ခံရသေးသည်။

အင်္ဂလန်ပညာတော်သင်ဘဝ၊ တစ်ဖက်ကအလုပ်လုပ်ရင်း တစ်ဖက်က စာမေးပွဲ ဖြေရင်း ယူကေကျန်းမာရေးစနစ်နဲ့ စာမေးပွဲစနစ်နဲ့ပွတ်တိုက်တွေ့ထိရမှာ၊ ဒဏ်ရာရ တချို့သော စနစ်တွေ၊ ဓလေ့တွေက အတုယူချင်စရာ။ တချို့က ကိုယ့်ရေကိုယ့်မြေ ကိုယ့်အခြေနှင့် အံမဝင်လှ။ လူနာ-ဆရာဝန် ဆက်ဆံရေး၊ အသားအရောင်၊ အရှေ့ပိုင်းသား အနောက်တိုင်းသား ခွဲခြားဆက်ဆံမှု၊ အင်္ဂလန်ရောက် မြန်မာအမျိုးသမီးတချို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ပေါက် ဆရာဝန်တွေရဲ့ ယဉ်ကျေးမှုချင်း တိုးတိုက်မိခြင်း။ အင်္ဂလန်ရောက် မပန်းမှုံက ရင့်ကျက်တည်ကြည်မှု ထပ်ဆောင်းလာတာတွေ့ရ။ လှမြဲ၊ သူ့ကို နူးညံ့စွာချစ်မြဲ၊ မြတ်နိုး တိမ်းမူးဆဲ။

ဆရာယဉ်သွေးတစ်ယောက် ချစ်သူအတွက် ခံစားမှုတွေကို ရင်ထဲထိုးသိပ် သော့ခတ်ဖို့ ကြိုးစားဆဲ။ တော်ဝင်ကောလိပ်စာမေးပွဲမှာ ပထမအကြိမ် ကျရှုံး။ မပန်းမှုံက တစ်ကြိမ်တည်း နှင့်အောင်သွားခဲ့။ ကျရတဲ့အကြောင်းက ဆရာတွေမေးတာ နိစ္စဓူဝ တွေ့ကြုံဆုံရတဲ့ ကလေးကျန်းမာရေးပြဿနာတွေ။ နိုက်နိုက်ချွတ်ချွတ် စေ့စေ့စပ်စပ်မေးတာ။ သူဖြေဖို့ ပြင်ဆင်ထားတာက ကြီးကြီးကျယ်ကျယ် ရှားရှားပါးပါးရောဂါတွေ။ နောက်ဆုံးပေါ် လေ့လာ တွေ့ရှိချက်တွေ၊ မေးခွန်းနှင့် အဖြေမတည့်လေ။ သူတို့ရဲ့ ကျန်းမာရေးစနစ်နှင့် စိမ်းနေတာ လည်းပါသည်။ နောက်တစ်ကြိမ်ဖြေတော့ ရောရောရှုရှုအောင်သည်။ တော်ဝင်ကလေး သမားတော်ဘွဲ့ရပြီ။ သူ ဘာဆက်လုပ်မလဲ။ ချစ်သူနဲ့လက်တွဲပြီး အနာဂတ်ဘဝအတွက် ပြင်ဆင်ရမလား။ ကြိုးကြာတစ်ကောင်လို နေမြဲဒေသ ပြန်ခေါင်းလှည့်ရတော့မလား။

အင်္ဂလန်မှာ ချစ်သူနှစ်ဦး အတူတူလျှောက်လည်ပတ်ကြ။ အိုင်ယာလန်အလှက သူတို့ကို ဖမ်းစား။ ဘီလူးကမ်းခြေ။ သို့သော်လည်း ဒေါက်တာယဉ်သွေးက ပုဂံအရိပ်ကို မမေ့သေး။ ရွှေတိဂုံဘုရားကို မှန်မှန်ဖူးချင်သေး။ မပြည့်စုံတဲ့အခြေအနေမှာ နာမကျန်းနေတဲ့ မြန်မာကလေးငယ်တွေကို ကုသချင်သေး။ ချစ်သူကို မျက်ရည်မှုန်မှုန်ကြားမှာ စွန့်ထားခဲ့။ ကြိုးကြာနီတစ်ကောင် စိမ်းတဲ့မြေသို့ ပြန်လာပြီ။ ရင်ထဲကြေကွဲဆွတ်ကျင် မြန်မာပြည် ပြန်ရောက်။ တာဝန်ကျရာ ရှမ်းပြည်နယ်တစ်နေရာဆီ ခရီးဆက်ချီတက်။ အသိပညာ ဗဟုသုတ ဆင်းရဲတဲ့ တိုင်းရင်းသားညီနောင်တွေအလယ် အလုပ်ထဲမှာ ဘဝကိုနှစ်မြှုပ်ပြီး အချစ်ကိုမေ့ပစ်ဖို့ကြိုးစား။ မြန်မာပြည် ခေတ္တအလည်ပြန်တဲ့ ချစ်သူခေါ်သံနဲ့ တာဝန် ခေါ်သံကြား လွန်ဆွဲရပြန်။ တာဝန်ခေါ်သံက ချစ်သူခေါ်သံကို လွှမ်းမိုးကြီးစိုးခဲ့။

BURMESE CLASSIC

နောက်ဆုံး မပန်းမှုံ စေ့စပ်တော့မတဲ့။ မပန်းမှုံ လက်ထပ်တော့မတဲ့။ ရင်ထဲမှာ မှုတယ် လေဆယ်နေကဲ။ ကြိုးကြာတစ်ကောင်ဖြစ်ပေမယ့် ချစ်သူဆီအရောက် မပျံသန်းနိုင်။ ကျင့်ဝတ်၊ တာဝန်၊ ကရုဏာကြိုးတွေက တုပ်နှောင်လို့နေ။ မပန်းမှုံသူငယ်ချင်း နွယ်နီက ဒေါက်တာယဉ်သွေးကို စွဲချက်တွေတင်တော့ ဒေါက်တာယဉ်သွေးက သို့ကလို တုံ့ပြန်ခဲ့။

""ဟိုမှာက ကိုယ့်လိုလုပ်ပေးနိုင်တဲ့ လူတွေအများကြီး နွယ်နီရဲ့၊ ဟိုမှာဆိုရင် စကော့လူမျိုး ဆရာဝန်တစ်ယောက်က ယူဂန်ဒါကို သွားတယ်။ ဆရာလည်း ... မင်းဆီမှာ မင်းဒီလောက်အခဆင်ပြေတာ ဘာလို့ဒီလောက်ဒုက္ခတွေကြားထဲကို ... လို့မေးတော့ ဒီမှာ ငါကအားလုံးထဲက တစ်ယောက်ပဲတဲ့။ ဟိုကျရင် ငါက ...

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်မှာတဲ့။ လူမျိုးခြားကတောင် မတိုးတက်တဲ့ ဒေသတွေအပေါ် အဲ့သလို သဘောထားတာ ဆရာတို့က ပိုသဘောထားနိုင်မှာပေါ့""

ပညာရှင်ဘဝနဲ့အသက်ရှင်ရပ်တည်နေတဲ့ လူတွေအတွက် ဆက်လက်ပညာဆည်းပူးခွင့်၊ ရပြီးသမျှပညာကို အသိအမှတ်ပြုခံရပြီး အစွမ်းကုန်အသုံးချခွင့်။ ဒါတွေကြောင့် ဟိုမှာဆက် နေကြတာပေါ့လို့ နွယ်နီက သူသူငယ်ချင်းဘက်က လျှောက်လဲတော့ ဒေါက်တာယဉ်သွေးက သူ့ရဲ့ဘဝအဘိဓမ္မာကို သို့ကလိုဖွင့်သည်။

""ဆရာ့ဘက်မှာလည်း နှုတ်ကထုတ်မပြော၊ လက်ကချမရေးပေမဲ့ အသွေးထဲ အသားထဲကနေ လိုက်နာရမဲ့ ကတိကဝတ်တွေ၊ မချိုးဖောက်ကောင်းတဲ့ ယုံကြည်မှုတွေရှိတယ် နွယ်နီ။ ပြီးတော့ ပညာဆိုတာလည်း ဥစ္စာလေးပါးထဲက တစ်ပါးပါ။ ကျန်တဲ့ သုံးပါးထဲက နှစ်ပါးနဲ့ အတူတူပဲ၊ တစ်သက်လုံး ကြိုးစားစုဆောင်းပြီး သက်တမ်းကုန်တော့ ထားခဲ့ရတာမျိုးပါ။ ကိုယ်ရပ်ချင်တဲ့အချိန် ရပ်လို့ရတာပါပဲ။ ဆရာဝန်ဆိုတာ ဘယ်တော့မှ ပညာရှာမရပ်ဘူး ဆိုပေမဲ့ ရှာနိုင်တဲ့ပမာဏကို အကန့်အသတ်ဖြစ်လာရင်တော့ ဖြစ်လာတဲ့ အကန့်အသတ်ကို လက်ခံရမှာပါပဲ""

BURMESE CLASSIC

မိမိကိုယ်ကို ဆုံးမကွပ်ညှပ်နေတဲ့ကြားက ဒေါက်တာယဉ်သွေးခမျာ သူချစ်သူ မပန်းမွှံ ယူကေမှာ လက်ထပ်တော့မယ့်နေ့က နေမထိ ထိုင်မသာ။ ဒီအချိန်မှာ တိုက်ဆိုင်လှစွာ ကလေး လူနာတစ်ဦး ပေါက်ချလာ။ ရောဂါက ဆီးချိုဆိပ်တက်ခြင်း (DIABETIC KETOACIDOSIS)။ ဒါမျိုးရောဂါက မြန်မာပြည်မှာ ရှားမှရှား။ ယူကေပညာသင်ဘဝက ရခဲ့တဲ့ပညာနဲ့ သမ္မာနဲ့က လိုက်တော့ ကလေးသေတွင်းမှလွတ်မြောက်။ ကိုယ်ရေးကိုယ်တာ ဝေဒနာတွေ ခေတ္တမေ့ထားပြီး ကလေးအသက်ကို သေမင်းလက်မှ အတင်းလုယူခဲ့ရ။ ငါ မြန်မာပြည်မှာ ရှိနေမှဖြစ်မယ်။ ငါ ဒီမှာရှိနေတာ အရာထင်တယ်။ မိုးခေါင်တဲ့ကန္တာရမှာ ငါဟာ ရေကြည်တစ်ပေါက်ပဲ။

(၃)

ကြိုးကြာတွေ ပျံကြပြန်ပြီ။ မပြည့်စုံတဲ့ဘဝကို စွန့်ခွာ ကိုယ်လွတ်ရုန်းပြေးလို့ ပျံကြတာလား။ ဘယ်ကိုပျံကြမှာလဲ။ ဘာအတွက်ပျံကြမှာလဲ။ လောကကြီးမှာ အမေ့ခေါ်သံလောက် အားကြီးတဲ့အသံရှိလေမလား။ အမေ့ရင်ခွင်ထက်နွေးထွေးတဲ့ရပ်ဝန်းရှိလေမလား။ ပျံသန်းခြင်းရဲ့ ဟိုဘက်မှာဘာရှိလဲ။ ပေးဆပ်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်း၊ စွမ်းသူက မစွမ်းသူကို ဖေးကူခြင်း။

မျက်ရည်ဖွဲ့၊ အလွမ်းဖွဲ့ မည်ကာမတ္တ မဟုတ်။ မျက်ရည်ကြား အလွမ်းကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကိုရှိသေခြင်း မိမိကိုစောင့်ရှောက်သော လောကကို ပြန်လည်ကျေးဇူးတုံ့ခြင်း၊ တည်ကြည် ဖြောင့်မတ်ခြင်း၊ စွန့်လွှတ်ခြင်းတို့က ထိုးထွက်နေလေသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၏ ကျန်းမာရေးစနစ်ကို ခြိမ်းခြောက်နေသော ဦးနှောက်ယိုစီးမှုပြဿနာကို လှပကျွမ်းကျင်စွာ တွယ်ထားလေသေးသည်။ ကျက်သရေရှိစွာ လှပနေသော အဖြူရောင်ဆရာဝန်တစ်ဦး။ ချစ်၍စွန့်သွားသောချစ်သူကို စွန့်၍ချစ်ခဲ့လေသူတစ်ဦး။ ဆရာ လက်ရာရည်ကျော်ဝတ္ထုရှည်ကြီးတွေ ဆက်လက်ဖန်တီး ရေးဖွဲ့နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဒေါက်တာအောင်ကြီး
၆-၂-၂၀၀၉

BURMESE CLASSIC

www.burmeseclassic.com